www.burmeseclassic.com

သိန်းမင်းစာပေ

လုံးချင်းဝတ္ထုရှည်

# ချိုနယ်

(ရူပဗေဒ)

မင်္ဂလာပါ----အချစ်



ပန်းချီ သိန်းရွှေကြည်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"မမ"

"ဟင်"

"ဈေးပြန်လား မမ"

"အေးကွယ်"

"ဈေးခြင်းကအလေးကြီး မမရာ ပေးပါ၊ ကျွန်တော် ကူဆွဲခဲ့ပါ့မယ်"

"ရပါတယ်"

"ပေးပါ မမ"

"နေပါစေကွယ်"

"မမကလဲ အားမနာစရာမရှိ ကြိမ်ဖန်အားနာနေပြန်ပါပြီ၊ အိမ်နီးချင်းတွေပဲ"

"မသင့်တော်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပေး ... ပေး ... ပေး"

"အိုကွယ် ... ဘယ့်နှယ် လမ်းမကြီးမှာ"

"မမဈေးပြန်ကို စောင့်နေတာ ဒီနေ့တစ်ရက်တည်းမှ မဟုတ်တာ"

"သိပါတယ်"

"ဒါဖြင့် ပေးပါဗျာ၊ အဲဒီလို နေ့တိုင်းဈေးဝယ် ဝယ်နေရတဲ့ ဆွဲခြင်းကိုလဲ ပြန်ငုံ့ကြည့်ပါဦး၊ မမလက်နုနုလေးတွေနဲ့တောင်မှ မထိုက်တန်တော့ဘူး၊ သေရချည်ရဲ့၊ အိမ်ရောက်တော့လဲ မမပဲ ဒီတစ်ခြင်းလုံးထဲက ပစ္စည်းတွေ ချက်ရတာမဟုတ်လား"

"အိမ်ထောင်သည် မိန်းမတစ်ယောက်က မီးဖိုချောင်ဝင်တာ မဆန်းပါဘူးကွယ်"

"မမလောက် မိန်းမပီသတဲ့ မိန်းမမျိုးလဲ ကျွန်တော့်တစ်သက် ဒီတစ်ကြိမ်ပဲ တွေ့ဖူးတယ်"

"ကဲ ... ရှေ့ကဖယ်တော့"

"မမဆွဲခြင်းပေးကိုင်ရင် ဖယ်မယ်"

"ခက်တာပဲနော်၊ နေ့တိုင်း မင်း ဒီလိုပဲလုပ်နေတယ်"

"မမပေးပေါ့၊ ပေးလိုက်ရင် ဘာမှ မဖြစ်ဘူး"

"မောင်လေးရယ်၊ အိမ်မှာ အေးဆေးဆေးဆေးနေလဲ ရရက်နဲ့များ"

"မမကိုမှ ကျွန်တော်က ခင်မင်နေတော့လဲ မခက်ဘူးလား ကဲ ... ပေးပါ မမရာ"





"ရော့"

မိုသန့်ဇင်လက်ထဲမှ ဆွဲခြင်းကို တစ်ဖက်ခြံရှိ သားဘိုဘိုက အတင်း မရမချင်း တောင်းနေသောကြောင့် ပေးလိုက်ရသည်။

ဖြစ်ချင်တော့ မိုက အပေး ဘိုဘိုကလည်း ဆွဲခြင်းလှမ်းအယူနှင့် မိုတို့ ခြံထိပ်ဘက်သို့ ရောက်လာသည်။

ခြံထိပ်ရောက်သည်နှင့် ခြံထဲမှ ထွက်လာသော မိုသန့်ဇင်၏ ခင်ပွန်း ဦးထိုက်တန်၏ ကားနှင့် ပက်ပင်းတိုးတော့သည်။

ဦးထိုက်တန်သည် မိုနှင့် ဘိုဘိုကို လှမ်းတွေ့တာတောင်မှ တစ်ချက်လှမ်းမကြည့်၊ စကားတစ်ခွန်း လှမ်းမပြောဘဲ ကားကို အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သွားတော့သည်။

"အား ... ကြည့်စမ်း မမ၊ မမယောကျ်ားလုပ်သွားတဲ့ပုံစံကို ကျွန်တော့်ပုဆိုးကို ရွှံ့ဗွက်တွေ ပေကျံကုန်ပြီ"

"အို ... ဟုတ်ပါရဲ့ကွယ်"

"ဘယ်လိုလူမှန်းကိုမသိတာ၊ အိမ်နီးနားချင်းဖြစ်ပြီး ဒီလိုပဲ ဆက်ဆံရတယ်လို့ လူကြီးလူကောင်းမဆန်လိုက်တဲ့လူ"

"မမက ဦးထိုက်တန်ရဲ့ဇနီးဖြစ်နေတာကိုး၊ သူ့ဇနီးက အခုလို ယောကျ်ားလေးလူပျိုတစ်ယောက်နဲ့ ပြောဆိုဆက်ဆံနေတာတွေ့တော့လဲ သူဒေါသဖြစ်ရှာမပေါ့နော်။ ဒါကြောင့်ပေါ့ ဘိုဘိုရယ်"

"ဘာဆိုင်လဲ၊ သူမကျေနပ်ရင် မကျေနပ်တဲ့ အကြောင်းလာ ပြောပေါ့၊ ဘယ့်နှယ် မမရာ၊ ကျွန်တော်တို့ မိသားစု မမတို့ခြံအေး ကို ပြောင်းလာတာ သုံးလကျော်ပြီ၊ ဦးထိုက်တန်ကြီးက ကျွန်တော့်

www.burmeseclassic.com



ကို တစ်ချက်မှ အရေးမလုပ်ဘူး။ စကားလဲ တစ်ခါမှမပြောဘူး။ တွေ့တိုင်း ဒီလိုပဲ တစ်ခုမဟုတ်တစ်ခု လုပ်လုပ်သွားတာယ်၊ တောက် အရေးမပါဘူး"

"ကဲ ... ဒေါသတွေလျှော့တော့၊ မမ အိမ်ထဲဝင်တော့မယ်"

"ရော့ ... မမ ဆွဲခြင်း၊ မမ အဲဒီလူကြီးကို ဘယ်အချိန်ကာလ အထိ သည်းခံနိုင်မလဲဆိုတာ စောင့်ကြည့်လိုက်ဦးမယ်"

ဘိုဘိုက ဒေါသစကားပြောရင်း မှို့အနားက ချာခနဲ လှည့်ထွက်သွားသည်။

မှိုကတော့ ထိုစကားကို သဘောကျစွာဖြင့် ပြုံး၍ ကျန်ရစ်ခဲ့သည်။

မှို၏ သည်းခံနိုင်မှု အတိုင်းအတာတော့ မှိုတစ်ဦး၊တည်းမှလွဲ၍ မည်သူမှ မသိနိုင်ခဲ့ပါ။

* * *





## အခန်း (၂)

"မေမေ"

"ရှင်... သမီးလေး"

"မီးမီးအိပ်ချင်ပြီ"

"စာကျက်ဦးလေသမီးရဲ့"

"ဟင့်အင်း... ကျက်တော့ဘူး"

"ဘာလို့... "

"ပျင်းလို့"

"ကြည့်... လုပ်ပြီ မေမေရိုက်မှာနော်"

"ရိုက်ပေါ့ ငိုမှာပဲ၊ ပြီးရင်ဟိုဘက်ခြံက ဘွားဘွားကြီးဆီကို ပြေးသွားမယ်၊ မေမေက ရိုက်တယ်လို့တိုင်ပြောမယ်"

"သမီးရယ် တစ်နေ့တစ်နေ့ အဲဒီခြံမသွားရရင်ကိုမနေနိုင်ဘူး ဘာဖြစ်လို့ ဒီလောက်တောင် တွယ်တာနေရကာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သဘောကောင်းလို့၊ မုန့်တွေအများကြီးဝယ်ကျွေးလို့၊ ပြီးတော့ မီးမီးကိုလဲ ဂရုစိုက်တယ်၊ ကြင်နာတယ်၊ ချစ်လဲအရမ်းချစ်ကြတာ ဦးဦးဘိုဆို မီးမီးကို ချစ်တာမှတအား၊ ဒီညလဲ မီးမီးစားဖို့ မုန့်တွေလဲ ဝယ်ထားမယ်တဲ့ မီးမီးကစားဖို့ သံပတ်ပေးတဲ့ မီးရထားကြီးလဲ ဝယ်ပေးထားမယ်တဲ့ မီးမီးကဒီညသွားယူမှာပြီးရင် အိပ်မယ်တော်ပြီ"

"စာကျက်ပြီးရင် သွားရမယ် ဒါပဲ"

မိုတစ်ချက် ဖိအော်လိုက်တော့မှ သမီးက အနည်းငယ်လန့်သွားပြီး

"တကယ်နော်... မေမေ"ဟု လက်ညှိုးကလေးထောင်ပြပြီး ချစ်စဖွယ် အမူအရာလုပ်ပြသည်။

မို့သမီးလေးသည် မိုရော ဦးထိုက်တန်နှင့်ပါ တူသူမို့ အလွန်ချစ်စရာကောင်းပြီး အပြစ်ကင်းစင်သူ ဖြစ်သည်။

ယခုဆို မို့သမီးလေး "နှစ်သက်မို"က ငါးတန်းရောက်ခဲ့ပြီ။

ငါးတန်းကျောင်းသူကလေးမို့လည်း စကားတွေက အင်မတန်ကြွယ်ဝကာ ချစ်စရာကောင်းလာသည်။

ပြီးတော့သမီးက မိုလိုပိန်ပိန်သွယ်သွယ်လေးမဟုတ်ဘဲ ဝဝတစ်တစ်ကလေးမို့ အစားကလည်းအလွန်ပုတ်သည်။

တစ်နေကုန်အစားနှင့် ပါးစပ်မပြတ်စားရမှ ကျေနပ်သူဖြစ်ပြီး စာကျက်ရာတွင်လည်း အလွန်ပျင်းလွန်းသဖြင့် သမီးကို မိုစာသင်ပေးရသည်မှာ တော်တော်ကလေး စိတ်ညစ်ညူးရသည်။





သမီးကအချော့သာကြိုက်ပြီး ဆူပူကြိမ်းမောင်းလိုက်ပြီဆိုတာနှင့် အိမ်မှာမနေဘဲ တစ်ဖက်ခြံကို ထွက်ပြေးတော့သည်။

မို့မှာ အိမ်အလုပ်တွေကတစ်ဖက်၊ သမီးအတွက်ကျောင်းပို့ကျောင်းကြို တာဝန်ယူရတာကတစ်ဖက် ခင်ပွန်းဖြစ်သူစားရေးသောက်ရေးအတွက် လိုလေသေးမရှိ လုပ်ပေးရတာတစ်ဖက်ရယ်ကြောင့် တစ်နေ့လုံး အားလပ်ရသည့်အချိန်ဆို၍မရှိခဲ့ပါ။

သည်ကြားထဲ ခင်ပွန်းဖြစ်သူ ဦးထိုက်တန်ကြောင့် စိတ်ညစ်ညူးခဲ့ရ၊ စိတ်ထိခိုက်ခဲ့ရ၊ စိတ်ဒုက္ခများစွာ ခံစားခဲ့သွားခဲ့ရတာလည်း အကြိမ်ကြိမ်ဖြစ်ခဲ့သည်။

"မေမေ"

"ဟင်... သမီး"

"မေမေကလဲ ဘာတွေ တွေးနေမှန်းမသိဘူး၊ မေမေပဲ မီးမီးကို စာသင်မလို့ဆို"

"အင်း... ဟုတ်... ဟုတ်တယ်သမီးရယ်၊ မေမေလဲ ဘာလုပ်ရမှန်း မသိဖြစ်နေတာနဲ့"

"ပြီးရင် ဦးဘိုဆီသွားမယ်နော် မေမေ"

"သမီးဖေဖေ ပြန်လာတော့မှာလေ"

"လာပေါ့၊ လာတော့ရောဖေဖေက မီးမီးကို အရေးလုပ်လို့လား၊ ဂရုစိုက်လို့လား၊ မီးမီးကို အချိန်ပေးပြီး စကားပြောလို့လား၊ ဦးဘိုလို ရုပ်ရုပ်တွေလဲ တစ်ခါမှဝယ်မပေးဘူး၊ စားစရာမုန့်တွေလဲ ဝယ်မလာပေးဘူး၊ ဘာဖေဖေလဲ၊ လုံးဝမချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို... သမီးရယ်"

သမီးစကားကြောင့် မို့ရင်ထဲမှာ တော်တော်လေး ထိခိုက်နွမ်းနယ်သွားခဲ့ရသည်။

သမီးလေးပြောတာလည်း တစ်ခုမကျန်မှန်တော့ မို့မှာ ပြန်ဖြေရန် စကားပင်မရှိတော့ပါ။

သမီးလေးသည် ဘဝတစ်လျှောက်လုံးအတွက် ဖခင်ကံအင်မတန်ဆိုးလွန်းသော ကလေးငယ်တစ်ယောက်ဖြစ်ပါသည်။

ဒါကြောင့်လည်း တစ်ဦးမေတ္တာတစ်ဦးဆိုသည့်အတိုင်း သမီးသည် သူ့ဖခင်ဦးထိုက်တန်ကို လုံးဝမချစ်သူဖြစ်သည်။

ဦးထိုက်တန်ကိုယ်တိုင်က သမီးဖြစ်သူအပေါ်မှာ လုံးဝအကြင်နာမပေးသူတစ်ဦးဖြစ်သလို ဂရုစိုက်ခြင်းလည်း အလျဉ်းမရှိခဲ့ပါ။

ညဘက်အိမ်ပြန်ရောက်သည့်အချိန်ကလည်း သူ ပိုင်ဆိုင်သည့် ဟိုတယ်တွေကို အကြောင်းပြပြီး မိုးစုံးစုံးချုပ်မှ ပြန်ရောက်လာသည်။

ဦးထိုက်တန်ပြန်ရောက်လာသည့် အချိန်ဆိုလျှင် သမီးလေးအိပ်နေပြီ။ မနက်စောစောဆိုလည်း သူကသမီးလေးမနိုးခင် ထွက်သွားတတ်တော့ သမီးနှင့် ဖခင်၏ဆက်ဆံရေးသည် ကျဲသထက်ကျဲလာသည်။

တစ်ခါတလေ သမီးကျောင်းပိတ်သည့်နေ့ရက်တွေမှာတော့ သမီးနှင့် တစ်နာရီလောက် ဆုံတတ်သည်။

ထိုအခါမျိုးမှာတော့ သမီးက ကလေးပီပီလိုချင်တာမှန်သမျှ သူ့ဖအေကို ချွဲပြီး ပူဆာချင်သည်။ သူ့အနားကို အတင်းတိုးကပ်ပြီး ပြောစရာရှိတာကို ပြောသည်။





"ဖေဖေ မီးမီးကို အရုပ်လေယာဉ်ပျံအကြီးကြီးတစ်စီးလောက် ဝယ်ပေးပါလား"

"မေမေ့ကို သွားပြောလေ သမီးရဲ့ သွား ... သွား"

ဆိုပြီး ကလေးကို အတင်းတွန်းတိုးကာ ပြောတော့သည်။

သမီးလေးက မျက်လုံးလေးကလယ်ကလယ်ဖြင့် မို့နားကိုပြေးလာပြီးပူစာတော့၏။

"ဖေဖေပြောတာ ကြားလားဟင် မေမေ၊ မေမေ့ကို မီးမီးလိုချင်တာသွားပြောတဲ့"

"နောက်လမှ ယူပါလား သမီးရယ်၊ ဒီလဆို သမီးတစ်ယောက်ရဲ့ စရိတ်က နည်းမှာမဟုတ်ဘူး၊ သမီးဆရာမတွေ ကန်တော့ဖို့နဲ့ သမီးသူငယ်ချင်းတွေမွေးနေ့ကပဲ တစ်လတည်းမှာ ငါးယောက်တောင်လာဆုံနေတာ၊ အနည်းဆုံး လေးငါးထောင်ဖိုးမှ မပေးလဲ ကောင်းတာမဟုတ်ဘူး၊ ငါးယောက်ဆိုရင်လဲ သုံးသောင်းနီးပါး ကပ်နေပြီ၊ သမီးလဲ နားလည်တဲ့ အရွယ်ရောက်နေပြီပဲ၊ မေမေ့ကို သနားဦး"

"မီးသန့်စင် ဝယ်ပေးလိုက်၊ ကလေးလိုချင်တာ ပိုက်ဆံကုန်ရင်ပြောလို့ ပြောထားတာမဟုတ်လား လာယူ ... လာယူ"

"ဟေး... တွေလား၊ ဖေဖေ့က ပိုက်ဆံလာယူတဲ့ သွားယူလေမေမေရဲ့ သွားယူလိုက်နော်၊ ပိုက်ဆံတွေ အများကြီးယူလာခဲ့မေမေ၊ ဒါမှ မီးမီးလိုချင်တဲ့ ရုပ်ရုပ်တွေ အများကြီး ဝယ်လို့ရမှာ"

မို့လက်ထဲမှာလည်း ငွေနည်းနေသောကြောင့် ဦးထိုက်တန်ဆီမှာ သွားတောင်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးတော့ သူက စေးကပ်သူ မဟုတ်ပါ။

ငွေနှင့်ပတ်သက်လာလျှင်တော့ သူကိုယ်တိုင်ကလည်း စီးပွားရေးလုပ်ငန်းကြီး လုပ်ကိုင်သူမိုပီ အလွန်ရက်ရောသည်။

စာရင်းအင်းမရှိဘဲ မေးမြန်းခြင်းမရှိဘဲ စေတနာရှိရှိ ပေးသူဖြစ်သည်။

မှီသွားယူတော့ မှီ့ကို တစ်ချက်လှမ်းမကြည့်ဘဲ အရက်ခွက်ငုံကာ လှမ်းမေးသည်။

"ဘယ်လောက်ယူမလဲ"

"ဦးထိုက် ကြည့်ပေးပါ"

မှီက စကားတိုတိုသာ ပြောလိုက်သည်။

"တစ်သိန်းယူသွားလေ၊ ရော့... သော့ဖွင့်ပြီး တစ်သိန်းအုပ်ထုပ်လိုက်၊ ပိုလဲ မင်းလိုတာ သုံးပေါ့၊ မနက်က မင်းကား ပျက်လို့ဆို"

"ဟုတ်ကဲ့"

"ဘာဖြစ်တာတဲ့လဲ"

"ဝပ်ရှော့ပို့လိုက်တာပဲ၊ အင်ဂျင်ချဖို့တော့ လိုပြီထင်တယ်"

"ချလေ၊ လိုအပ်တာအားလုံး လုပ်လိုက်၊ ငွေလိုတာသာ မင်းပြော"

"အခုရက်ထဲ သမီးကျောင်းသွားဖို့ ကားအပို့အကြိုကိစ္စရော ဘယ်လိုလုပ်ရမလဲ ဦးထိုက်"

"တက္ကစီနဲ့သွားပေါ့"





"ရှင်..."

မှီတကယ်အံ့သြရသည်။

တကယ်ဆို သမီး နှစ်သက်မှီက မှီနဲ့ ဦးထိုက်တန်ရဲ့ သမီးပဲ။ သမီးကို သူ့ကားနှင့် ပို့မယ်လို့ တစ်ခွန်းမပြောတာ အံ့သြတုန်လှုပ်ရသည်။

သည်နေ့အထိ သမီးရော မှီပါ ဦးထိုက်တန်ရဲ့ ပရာဒိုကားကြီးကို တစ်ခါမှ စီးခွင့်မရသေးပါဘူးလို့ ပြောရင် ဘယ်သူမှ ယုံကြမှာမဟုတ်ပါ။

ဘာကြောင့်များ မှီတို့သားအမိကို ရက်ရက်စက်စက် သွေးခွဲရက်ရတာလဲ။

ပစ်ပစ်ခါခါလုပ်ရက်ရတာလဲ။

သိသိသာသာကြီး ဥပေက္ခာပြုလိုက်ရတာလဲ။

"တစ်သိန်းယူသွားလေ မှီသန့်စင်၊ ဘာလုပ်နေတာလဲ"

"ဟို ... သမီး ... သမီးကို ဦးထိုက်တန်ရဲ့ကားနဲ့ ပို့ပေးလို့များ ရမလားလို့ပါ"

"မရဘူးလေ၊ ကိုယ့်မှာ အလုပ်တွေနဲ့ဥစ္စာ၊ ဒီကားက ကလေးကျောင်းပို့ကျောင်းကြိုလုပ်တဲ့ကားမှ မဟုတ်ဘဲ၊ အလုပ်လုပ်ဖို့ ဝယ်ထားတဲ့ကားက အလုပ်ထဲမှာပဲ အချိန်ကုန်စေရမယ်၊ တခြားအပိုအလုပ်တွေ ဘာလုပ်ဖို့လဲ၊ ကိုယ် တက္ကစီဖိုး ထပ်ပေးမယ်၊ မင်းသမီးကို မင်းတာဝန်ယူနေတာပဲ၊ ပြီးပြီပေါ့"

မှီ ဆက်ပြောရန် အားအင်မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးထိုက်တန်မှာ မိတို့သားအမိအပေါ်တွင် တာဝန်ကျေတာဆိုလို့ ငွေတစ်ခုတည်းပဲ ရှိသည်။

ထိုငွေကိစ္စအတွက်ကတော့ လုံးဝမပူပင်ရပါ။

အချိန်မရွေး တောင်းသလောက် ရနေ၍လည်း မိကျေနပ်ရသည်။

သို့သော် ဦးထိုက်တန်နှင့် လက်ထပ်ပြီးချိန်။ မေတ္တာ၊ အကြင်နာနှင့် သံယောဇဉ်တွေကိုလည်း လုံးဝ မရခဲ့တာကစပြီး ယနေ့အထိဖြစ်သည်။ ထိုကိစ္စကလည်း တခြားတော့ မဟုတ်ပါ။

ဦးထိုက်တန်၏ ချစ်သူနှင့် သူတို့အိမ်က သဘောမတူဘဲ မိနှင့်သာ သဘောတူ၍ လက်ထပ်ပေးစားပြီးသည့် အချိန်မှစ၍ တိုသိုနေသွားခြင်း ဖြစ်သည်။

ကိုယ်ဝန်ရှိတော့လည်း ဦးထိုက်တန်က သားမွေးစေချင်သူ၊ မိက သမီးမွေးလာတော့ ထိုသမီးကို လုံးဝမချစ်ခဲ့ခြင်း ဖြစ်သည်။

သမီး၏ ကုသိုလ်ဟုသာ ဆိုရတော့မည်။

* * *





## အခန်း (၃)

"ဟင် ... သမီး ဒီနေ့ ကျောင်းသွားတာ တက္ကစီနဲ့၊ ကားရော"

"ပျက်လို့ ဦးဘိုရဲ့၊ ကားပြင်တဲ့ဆိုင်ကြီးကို ပို့လိုက်ရပြီ"

"သမီးမေမေလဲ ဦးဘိုကို မပြောပါလား"

"သားရေ မြေးကျောင်းသွားရတာ ဒုက္ခရောက်ပြီပေါ့၊ မနက်ဖြန်ကစပြီး သားပဲ ကျောင်းပို့ ကျောင်းကြို ခဏလုပ်ပေးလိုက်ပါဦး"

"ဟုတ် မေမေ၊ သားလဲ အဲဒါပဲ တွေးနေတာ၊ သမီးလေးနစ်သက်"

"ရှင် ဦးဘို"

"မနက်ဖြန်ကစပြီး ဦးဘိုကျောင်းလိုက်ပို့မယ်၊ ကျောင်းပြန်ကြိုမယ် ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ဒါမှ မီးမီးရဲ့ ဦးဘိုကွ၊ မီးမီးတို့ကျောင်းထိပ်က ဆိုင်မှာလေ အရုပ်အသစ်တွေ အများကြီးရောက်နေပြီ သိလား ဦးဘို၊ အပြန်ကျရင် ရုပ်ရုပ်တွေ ဦးဘို ဝယ်ပေးဦးနော်"

"ဝယ်ပေးမှာပေါ့ သမီးရယ်၊ မီးမီးလိုချင်တာ အားလုံး ဦးဘို ဝယ်ပေးမယ်၊ အခုရော ကျောင်းကပြန်လာတာ ဘာတွေစားပြီးပြီလဲ၊ စာကျက်ရမယ်နော်၊ သိပ်မကစားနဲ့တော့၊ စာမေးပွဲကြီးက ရှေ့အပတ်မဟုတ်လား"

"ဟုတ် ... မီးမီး စာလဲကျက်မယ်၊ မုန့်တွေလဲ စားမယ်၊ ရုပ်ရုပ်တွေနဲ့လဲ ဆော့မယ်"

"ဟုတ်ပါပြီဗျာ၊ ဒါက မီးမီးစားဖို့ ဦးဘို ဒီနေ့ မြို့ထဲက ဝယ်လာတဲ့ ချောကလက်ဝေဖာ၊ ဒါက နို့ကွတ်ကီး၊ ဒါက ချိုချဉ်သုံးလုံးပဲ ယူနော်၊ ဦးဘိုက အထုတ်လိုက်ကြီး ဝယ်လာခဲ့တာ၊ မီးမီးကို အကုန်ပေးလိုက်ရင် မီးမီးက အစားပုတ်မလေးဆိုတော့ အကုန်စားချင်မှာ သေချာတယ်။ တော်ကြာ ချောင်းတွေ တအားဆိုးလာရင် မမက ဦးဘိုကို လာရိုက်ရင် ဘယ်လိုလုပ်မလဲ"

"အံမယ် ... ရိုက်ပါဘူးနော်၊ မီးမီးမေမေက အရမ်းသဘောကောင်းတာ၊ မီးမီးကိုတောင် မရိုက်တဲ့ဥစ္စာ၊ ဦးဘိုကို ရိုက်ပါ့မလားလို့၊ နောက်တစ်ခါ မေမေ ရိုက်မယ်လို့ ဦးဘို ပြောကြည့်"

"အား ... ကြည့်စမ်း၊ ဦးဘို မီးမီးက စွာနေပြီ"

"မီးမီးက ဟောဒီရုပ်ရုပ်ကြီးနဲ့ ဦးဘိုကို လိုက်ရိုက်မှာ၊ ကဲ ရိုက်ပြီ၊ ရိုက်ပြီ၊ ဦးဘို ပြေးတော့ ပြေး ... ပြေး"





"ဟော့ ... မီးမီး မပြေးနဲ့၊ ဦးဘိုလဲ မပြေးဘူး၊ ဦးဘိုကို ရိုက်ချင်ရိုက်ပါဗျာ၊ သမီးလျှောက်ပြေးပြီး လိုက်ရိုက်လို့ တော်ကြာ ချော်လဲနေမှဖြင့် ..."

"ပြေးချင်လို့ပါ ဦးဘိုရာ၊ ခဏလေးတော့ပြေး၊ မီးမီးအရုပ်နဲ့ လိုက်ရိုက်ချင်လို့"

"မီးမီး လိမ့်ကျမှာစိုးလို့ပါ"

"ကျဘူး၊ ပြေး ဒီတိုင်ကြီးကို ပတ်ပြေး၊ ပြေးနော် ဦးဘို ပြေး၊ မီးမီးရိုက်ပြီ ဟေး ... ဟေး"

ဦးဘိုရော မီးမီးပါ ဧည့်ခန်းတွင်းရှိ ကျွန်းလုံးပတ်လည်တိုင်ကြီးကို ပတ်ပြေးကြသည်မှာ အလွန်ပျော်စရာကောင်းလှသည်။

ဦးဘိုက ပတ်ပြေးလိုက်၊ မီးမီးက အရုပ်နှင့် လိုက်ရိုက်လိုက်လုပ်သည်မှာ ချွေးတွေပျံ၊ မောလည်းမော၊ ပျော်လည်းပျော်မို့ မီးမီး တအားပျော်နေမိသည်။

"ကဲ ... သားရေ တော်တော့ ... တော်တော့၊ လာ ဘွားဘွားဆီ လာ၊ ဒေါ်ကြီးမေက ဘွားဘွားမြေးအတွက် လမ်းထိပ်က ခေါက်မုန့်ဝယ်လာခဲ့တယ်။ ပူပူလေးစားရအောင် တော်တော့"

"ဟေး ... ခေါက်မုန့်စားမယ်၊ ပျော်လိုက်တာ ဘွားဘွား၊ မေမေ့အတွက်လဲ ထည့်ပေးလိုက်နော်၊ မီးမီး ယူသွားမယ်"

"အေးပါ၊ ယူသွား မမေရေ၊ သူ့အမေအတွက် နှစ်ခုဖယ်ထားလိုက်ဟော့၊ ကလေးအတွက် တစ်ခုယူလာခဲ့"

ဦးဘို၏မေမေ ဘွားဘွား ဒေါ်သီရိကြွေက အိမ်ထဲမှ အိမ်ဖော်မိန်းမကြီး ဒေါ်ကြီးမေကို လှမ်းအော်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးမေက မေမေ့အတွက် မုန့်နှစ်ခုကို စက္ကူနှင့် ထုတ်၍ ယူလာပေးသည်။

မီးမီးစားရန်အတွက် တစ်ခုကို ပန်းကန်ဖြင့် ထည့်လာပေးသည်။

"ဘွားဘွား ခွံ့ကျွေးတာစားနော်မြေး၊ အုန်းသီးဖတ်တွေ ဖယ်လိုက်မယ်၊ မြေး ချောင်းဆိုးမှာစိုးလို့ ဒီပဲဖတ်လေးတွေ စားကြည့်"

"ဟုတ်ကဲ့ ဘွားဘွား၊ ပဲဖတ်လေးတွေက ချိုတယ်နော်၊ မီးမီး ကြိုက်လိုက်တာ"

"ဘွားဘွားမြေးကြိုက်မှန်း သိလို့ ဝယ်ကျွေးတာပေါ့"

"အဲဒါကြောင့် မီးမီးက ဘွားဘွားတို့ကို ချစ်တာ"

"မီးသမီးက ဘယ်သူတွေကို ချစ်တာလဲ၊ နံပါတ်တစ် ဘယ်သူတုန်း ဘွားဘွားကို ပြောပြ"

"မီးမီးမေမေပေါ့ ဘွားဘွားရဲ့"

"ဟုတ်ပြီ နံပါတ်နှစ်"

"ဦးဘို"

"အာ ... ငါ့မြေးတော့လုပ်ပြီ၊ သားရေ ကြားလားဟော့"

"ကြားတယ် မေမေရေ၊ အလကား အိပုတ်မလေး၊ စားကောင်းအောင် ချွဲပြနေတာပဲ ဖြစ်ရမယ်"

"ဦးဘိုနော် တကယ်ဟုတ်ပါတယ်ဆို၊ မေမေပြီးရင် ဦးဘိုပဲ"

"မြေး ဒီဘွားဘွားကြီးကိုရော"

"ဟုတ် ... ချစ်တယ်လေ၊ ဘွားဘွားက နံပါတ်သုံး၊ ဒါပဲ မီးမီး နောက် ဘယ်သူ့မှ မချစ်တော့ဘူး"





"မြေး ဖေဖေကိုရော"

"မချစ်ဘူး"

"ဘာလို့"

"သူမှ မီးမီးကို မချစ်တာ"

"ဖခင်ပဲ သမီးရယ် ကိုယ့်သားသမီးကို မချစ်ဘဲ ရှိမလား"

"မချစ်ပါဘူးဆို ဘွားဘွားကလဲ မီးမီး သိတာပေါ့၊ ဘွားဘွားနဲ့ ဦးဘိုကမှ မီးမီးကို ချစ်သေးတယ်။ ဂရုစိုက်ဖော်ရတယ်၊ မုန့်တွေလဲ ဝယ်ကျွေးတယ်၊ ရုပ်ရုပ်တွေလဲ ဝယ်ပေးတယ်၊ ဖေဖေဆို ဘာမှလဲ မကျွေးဘူး၊ ရုပ်ရုပ်တွေလဲ ဝယ်မပေးဘူး၊ အဲဒါ ဘာလို့လဲဟင် ဘွားဘွား"

မီးမီးစကားကြောင့် ဘွားဘွားရော ဦးဘိုပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။

ထိုအချိန်မှာ မီးမီး၏မေမေ ဒေါ်မှီသန့်စင်က အိမ်ပေါက်ဝသို့ ရောက်လာသည်။

"သမီးရေ... လာတော့လေ။ စာကျက်ရဦးမယ်... အဲဒါပဲ ကြည့်တော့ အန်တီသိရိရယ်၊ မအေကို ပြောတုန်းကဖြင့် ခဏလေးသွားမှာပါတဲ့၊ ဆယ့်ငါးမိနစ်ထဲပါတဲ့၊ ခုကြည့် နာရီဝက်ကျော်နေပြီ ပြန်မလာတော့လဲ အိမ်က အလုပ်တွေ ပစ်ပြီး လာကြိုရပြန်ရော..."

"မမကလဲ ကျွန်တော်ရှိနေတာပဲ၊ ခါတိုင်းလဲ မီးမီးကို အိမ်ပြန်ပို့ပေးနေကျပဲ ပို့ပေးမှာပေါ့"

"အားနာလှပါပြီ ဘိုဘိုရယ်... သမီးကလေ နေ့တိုင်း သူကြီးတွေကို လာလာပြီး ဒုက္ခပေးနေတာ၊ တွေ့လား စားထားတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲမလဲ တိုးလို့ တွဲလောင်း၊ လာလေသမီး ဘွားဘွားပေါ်က ဆင်းတော့"

"ဘွားဘွားက ခေါက်မုန့်ဝယ်ကျွေးတယ် မေမေရဲ့၊ တအား စားလို့ကောင်းတာ၊ ဒါက မေမေ့အတွက် ဘွားဘွားနဲ့ ဦးဘိုပေးတာ"

"ထားလိုက်ပါ သမီးရယ်၊ အားနာစရာ မေမေမစားပါဘူး"

"သမီး ယူသွား... ယူသွား၊ မမလမ်းထိပ်သွားလို့ ကြုံတာနဲ့ မှာလိုက်တာ၊ ဒါ သမီးအတွက် မထားခဲ့နဲ့"

"အန်တီသီရိရယ်... မှီ အားနာလှပါပြီ၊ အန်တီသီရိတို့ပဲ နေ့တိုင်းကျွေးနေ ပေးနေရတယ်"

"ဘာဖြစ်တုန်းကွယ်၊ အန်တီသီရိတို့မလဲ ရှိတာမှ သားအမိနှစ် ယောက်တည်းရယ်၊ သမီးတို့သားအမိကို အန်တီတို့သားအမိက ချစ်နေ၊ သံယောဇဉ်ဖြစ်နေတော့လဲ နေ့ဗဉ်ကုသိုလ်ပြုနေရတော့တာ ပေါ့"

"သမီးရေ၊ ဘွားဘွားကြီးနဲ့ ဦးဘိုတို့ကို နှုတ်ဆက်တော့... မေမေတို့ ပြန်ကြမယ်"

"ဟုတ်... လာပြီ မေမေ... ဘွားဘွားရေ... တာ့တာ... "

"အေးကွယ်... တာ့တာ ... တာ့တာ မြေးလေး အိမ်ရောက်ရင် စာကျက်နော်"

"ဟုတ်... ကျက်မယ် ဘွားဘွား၊ ဦးဘိုရေ... တာ့တာ... တာ့တာ... "

"လာဦး... သမီးပါးကို နမ်းဦးမယ်... သိပ်ချစ်ဖို့ကောင်းတဲ့ မီးဂိုး... "





ဦးဘိုက သမီး၏ပါးပြင်နှစ်ဖက်စလုံးကို အားပါးတရ ဖက် နမ်းလိုက်သည်။

မှီက သမီးရှင်ဆိုတော့လည်း ထိုအမူအရာကြောင့် စိတ်ထဲ ထင့်ခနဲတော့ ဖြစ်သွားသလို ခံစားလိုက်ရသည်။

သို့သော်... ဘိုဘိုတို့သားအမိ သမီးကို အင်မတန်ချစ်ခင် တွယ်တာသူတွေဆိုတော့လည်း ပြောရခက်သားပေါ့။

အန်တီသီရိ လှမ်းပေးသည့် စက္ကူနှင့်ပတ်ထားသော ခေါက်မုန့် ကို လှမ်းယူ၍ သမီးလက်ကို ဆွဲကာ မှီပြန်လာခဲ့သည်။

ဖြစ်ချင်တော့ မှီတို့သားအမိ ဘိုဘိုတို့ ခြံထဲမှ အထွက်တွင် ဦးထိုက်တန်၏ ပရာဒိုကားကြီးနှင့် တန်းတိုးတော့သည်။

မှီတို့သားအမိကို ကားပေါ်ကနေ လှမ်းကြည့်သွားသည့် ဦးထိုက်တန်၏ မျက်လုံးတွေက လက်ခနဲ ဖြစ်သွားသည်။

ဦးထိုက်တန်၏ မျက်နှာကပါ ချက်ချင်းမာကျောသွားသည့် ပုံစံမျိုးဖြစ်သွားသည်။

သို့သော်... ဦးထိုက်တန်အကြောင်းကို မှီအသိဆုံးမို့ အိမ် ရောက်သည်အထိ မှီတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်စွာနေလိုက် သည်။

ဦးထိုက်တန်ကလည်း မှီတို့သားအမိပေါ်မှာ တစ်ဖက်စောင်းနှင်း ဆက်ဆံရာတွင် သူမတူအောင် ကျွမ်းကျင်သူဖြစ်သောကြောင့် ရေငုံနှုတ် ပိတ်၍ နေသည်။

မှီ၏ခံစားမှုအားလုံး လျစ်လျူရှုတတ်သူပီပီ မှီလုပ်ချင်ရာ လုပ်နေပါစေ။ လုံးဝဂရုမစိုက်သည့် ပုံစံမျိုးနေပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမှုအရာ အပြုအမူတွေကြောင့် မီ၏ခံစားမှုတွေက တစ်နေ့ထက်တစ်နေ့၊ တစ်ရက်ထက်တစ်ရက်ပါ ပိုပြီး တိုးလာခဲ့ရသည်ဆိုတာ ဦးထိုက်တန် သိမယ်မထင်ပါ။

အခုချိန်မှာတော့ ဦးထိုက်တန်နှင့် ပတ်သက်ပြီး မီဘယ်သူ့ကိုမှ အပြစ်တင် မပြောလိုတော့ပါ။

အဓိက ကတော့ ဦးထိုက်တန်နှင့်မှ သဘောတူကြည်ဖြူခဲ့သည့် မီ့ဖေဖေနှင့် မေမေကိုသာ အပြစ်တင်ရတော့မည်။

ဖေဖေနှင့် မေမေရှိစဉ်ခါတုန်းကတော့ နေ့တိုင်း ဖေဖေနှင့် မေမေ၏ ရင်ခွင်ထဲ တိုးဝှေ့ပြီး ဦးထိုက်တန်၏ အကျင့်စရိုက်နှင့် အမူအရာ လှုပ်ရှားမှုတွေအားလုံးကို ရင်ဖွင့်ပြောပြခဲ့ရသည်မှာ အကြိမ်ကြိမ်။

ခုတော့ မီအနားမှာ မီ့အတွက် တီးတိုးတိုင်ပင်ဖော်ရယ်လို့ မိဘတွေလည်း မရှိကြတော့။

မီ့မှာ မောင်နှမသားချင်းရယ်လို့လည်း မီတစ်ယောက်တည်းရှိသူမို့ တိုင်ပင်စရာ ဆွေးနွေးစရာရယ်လို့ တစ်ယောက်မှမရှိ။

အခုအချိန်မှာ... မီ့အတွက် အနီးစပ်ဆုံး သံယောဇဉ်ဖြစ်နေရတဲ့သူဆိုလို့ ဘိုဘိုတို့သားအမိပဲ ရှိခဲ့သည်။

"မေမေ... မီးမီးကို စာသင်ပေးမယ်ဆို... "

"ဟင် ... အေး... "

မီ့အနားသို့ သမီးလေးရောက်လာတော့မှ အတွေးတွေက လွင့်စဉ်သွားခဲ့ရသည်။





"နေဦး သမီး... မေမေ... သမီးဖေဖေစားဖို့ အရင်လုပ်ပေးလိုက်မယ်နော်... ဦးထိုက်တန် ထမင်းစားမလားဟင်... "

မီလှမ်းမေးတာကို ဦးထိုက်တန်ကြားသော်လည်း ဦးထိုက်တန်က မသိချင်ယောင်ဆောင်နေလိုက်သဖြင့် မီ ထပ်ပြီး မေးလိုက်သည်။

"ထမင်းစားမလား ဦးထိုက်တန်... မီ ခူးပေးမလို့ပါ"

"မစားဘူး... မစားဘူး... အရက်ပဲ သောက်မယ်၊ အမြည်းလုပ်လိုက်၊ ကြက်အူချောင်းကြော်၊ သီဟိုဠ်စေ့ကြော်၊ လက်ဖက်သုပ်နည်းနည်းနဲ့ အရွက်စိမ်းတစ်ခုခုကြော်လေ... "

"သမီး ခဏလေးစောင့်နော်... နာရီဝက်လောက်ဆိုရင် ဒမေမေပြီးပြီ... သမီးကို စာသင်ပေးမယ်နော်၊ ခဏသွားဆော့နေလိုက် သမီး... "

"ဟုတ်"

သမီးက မီ့အနားမှ လှစ်ခနဲပြေးသွားတော့ မီသည် ဦးထိုက်တန် အရက်သောက်ရန်အတွက် အမြည်းလုပ်ပေးရန် မီးဖိုခန်းထဲ ဝင်ခဲ့ရသည်။

မီသည် တစ်ခါတစ်ရံမှာ ဦးထိုက်တန်နှင့်တကွ လောကကြီးတစ်ခုလုံးကိုပင် ရင်မဆိုင်လိုသူတစ်ယောက်ဖြစ်ချင်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ပိန်သွားလိုက်တာ ဘောဘီရယ်... ဘောဘ် ဒီလောက်အထိ ပိန်ကျသွားမယ်လို့တောင် ကိုယ် မထင်မိဘူး"

"ဩော်... ထိုက်ရယ်... စိတ်တွေပေါ့... လူတိုင်းအတွက် စိတ်က အဓိကအကျဆုံးမဟုတ်လား၊ စိတ်ခံစားရဲ့ဖိစီးညှင်းဆဲမှုဒဏ်ကို ဘယ်သူမှ ခံနိုင်စွမ်းမရှိကြပါဘူး၊ ဘောဘီ တကယ်ပဲ ပိန်သွားသလား ထိုက်ရယ်... ဟင်"

"ပိန်တာပေါ့ ဘောဘီရဲ့၊ အနည်းဆုံးတော့ အင်း... ကိုယ့်အထင်ပြောရရင် .ဘောဘီ ပေါင်ချိန်ဆယ်ပေါင်လောက်တောင် ကျသွားမလားပဲ"

"ထိုက်က ဘောဘီ့ဆို သိပ်ဂရုစိုက်တာနော်၊ ကြည့်ဦး အခုချိန်ထိ ဂရုစိုက်တုန်း၊ ဘောဘီ့ကိုယ် ဘောဘီလဲ သိတာပေါ့၊ ထိုက် ဂရုစိုက်သေးသလား ၊ မစိုက်သေးလားဆိုတာ သိချင်လို့ မေးလိုက်တာ"

"လုပ်ပြီ... "





"ကျေးဇူးတင်ပါတယ် ထိုက်ရယ်... "

ဘောဘီက ထိုက်ကို ကျေးဇူးတင် နားလည်သော မျက်လုံးသက်လက်ကလေးမျိုးဖြင့် မော့ကြည့်၍ နှစ်လိုစွာ ပြုံးပြလိုက်သည်။

ထိုက်ကလည်း အနှစ်နှစ်အလလက ခင်တွယ်ပြီး သံယောဇဉ်ဖြစ်ခဲ့ရသည့် ထိုက်၏အချစ်ခဲ့ရဆုံး မိန်းမတစ်ယောက်၏ မျက်နှာကိုဆေး၍ ကြည့်နေမိသည်။

အခုချိန်မှာ ထိုက်နှင့်ဘောဘီတို့နှစ်ဦး တွေ့ကြရုံကလွဲ၍ ဘာမှရှိတော့မှာမဟုတ်ပါ။

ဦးထိုက်တန်မှာလဲ ဇနီးနှင့် သမီးတစ်ယောက် ရှိနေသလိုဘောဘီ့မှာလည်း ခင်ပွန်းနှင့် သားတစ်ယောက်ရှိနေခဲ့ပြီ။

သို့သော် ဘောဘီက အိမ်ထောင်ကျကံဆိုးပါသည်။

ဘောဘီ့ခင်ပွန်းနှင့် ဘောဘီကလေးနှစ်ယောက်သာ ပေါင်းစည်းလိုက်ရသည်။

ဘောဘီ့ခင်ပွန်းသည် ဝယ်ဝယ်ရွယ်ရွယ်နှင့် အဆုတ်ဗာင်ဆာဖြစ်၍ ဆုံးသွားခဲ့၏။

တစ်နေ့တော့ ဘောဘီက သားလေးမိုးယံနှင့် နှစ်ယောက်တည်းကျန်ရစ်ခဲ့သည်။

"ဘောဘီ့သားလေးရော... အခုဆိုကြီးရော့ပေါ့နော်... "

"စင်ကာပူမှာ ခဏထားခဲ့တယ် ထိုက်... သူ့ဦးလေးတွေပဲကျောင်းထားပေးတယ်လေ... သားမိုးယံက ဒီနှစ် ကိုးတန်းအောင်တယ် ထိုက်ရဲ့... စာသိပ်တော်တဲ့ ကလေး"

"ဘောဘီနဲ့ တူတာပေါ့"

www.burmeseclassic.com



"အင်း... အဲဒါတော့ ဟုတ်တယ်... သားက စာသိပ်လိုချင်တာ... သူစာတွေ မပြီးလို့များ အိပ်ခိုင်းလို့မရဘူး... သားမိုးယံလေးကြီးမှ ထိုက်တစ်ခါမှ မတွေ့ဖူးသေးဘူးနော်"

"ဘောဘီကမှ ခေါ်မလာဘဲ... စင်ကာပူမှာပဲ ကလေးကို ထားထားခဲ့တာကိုး"

"သားမိုးယံက သူ့ကျောင်းတစ်ဖက်နဲ့ ဘယ်မှ ခေါ်လို့မလိုက်ဘူးထိုက်... အဲဒါတော့ ထိုက် တကယ်ယုံပါ... သားစာမေးပွဲပြီးတဲ့အခါကျရင် သားနဲ့ထိုက် တွေ့ရအောင် ခေါ်ခဲ့ပါ့မယ်... "

"ခေါ်ခဲ့လေ... ထိုက်က သားယောကျ်ားလေးကိုပဲ ချစ်ချင်တဲ့သူပါ... သားမိုးယံကို တွေ့ရင်လဲ ကိုယ်ဘယ်လောက် ချစ်လိမ့်မယ်မသိဘူး"

"ထိုက် သမီးလေးကိုရော"

ဦးထိုက်တန် ချက်ချင်းငြိမ်ကျသွားသည်။

"ကိုယ့်သမီးပဲ... မချစ်ဘူးရယ်တော့ မဟုတ်လှပါဘူး"

ဒါပေမယ့် ဦးထိုက်တန်ကိုယ်တိုင်က အနေစိမ်းသလို၊ သံယောဇဉ်လည်း သိပ်မထားသောကြောင့် ယခုချိန်ထိ မိသားစုသံယောဇဉ်က နည်းပါးသလို ဖြစ်နေသည်။

ပြီးတော့ သမီးကိုယ်တိုင်ကအစ သူ့နား လုံးဝမကပ်သလို သူ့ကိုလည်း သံယောဇဉ်ထားသူ မဟုတ်ပါ။

သမီးသည် မိသန့်ဇင်ကိုသာ ခင်တွယ်မြတ်နိုးသူ ဖြစ်သည်။

"ထိုက် သမီးလေးနဲ့ ဘောဘီတွေ့ချင်လိုက်တာကွယ်... အခုရော သမီးက ဘယ်နှစ်တန်းရောက်ပြီလဲ"





"ဒီနှစ်အောင်ရင် ခြောက်တန်းတက်ပြီ ဘောဘီ"

"ဟုတ်တာပေါ့... ဘောဘီက ထိုက်ထက် လေးနှစ်လောက်စောပြီး အိမ်ထောင်ကျခဲ့တာကိုး"

"မပြောပါနဲ့တော့ ဘောဘီရယ်"

"ထိုက်ကလဲ.... "

"ဘောဘီ ဘယ်နေ့လောက် ပြန်မလဲဟင်"

"တစ်ပတ်လောက်တော့ နေဦးမယ်ထိုက်... စိန်ထည်ပစ္စည်းတွေ နည်းနည်း ထပ်ဝယ်လိုက်ဦးမယ်... ပြီးတော့ ရှေ့အပတ်ထဲမှာ ဘောဘီ့သူဌေးရဲ့ သားနဲ့ ဒီမြန်မာပြည်က သူဌေးသမီးတစ်ယောက်နဲ့ Sedona မှာ ညှိခံပွဲရှိတယ် ထိုက်... အဲဒီညမှာပဲ dinner ရှိသေးတယ်၊ dinner ကျတော့ Summit park view မှာ လုပ်လိမ့်မယ်... အဲဒီပွဲကို ဘောဘီမတက်လို့ မဖြစ်ဘူးလေ... သူတို့ဧည့်ခံပွဲကျရင်လဲ အနည်းဆုံး သုံးသိန်းတန်တဲ့ စိန်လက်စွပ်တစ်ကွင်းတော့ လက်ဖွဲ့မှဖြစ်မယ် ထိုက်... "

"စိန်တွေများ ဘောဘီရယ်... ကိုယ့်မာမီထားခဲ့တဲ့ ပစ္စည်းတွေနည်းတာမဟုတ်ဘူး၊ အိမ်မှာလဲ ဘယ်သူမှဝတ်မယ့်သူရှိတာ မဟုတ်ဘူး... နေဦး...ကိုယ်အိမ်ရောက်တော့ ပြန်ရှာကြည့်ဦးမယ်... ဘောဘီပေးချင်တာ စိန်တစ်ပွင့်တည်းလား... လက်စွပ်လုပ်ပေးချင်တာလား"

"ပေးချင်တာတော့ လက်စွပ်ပဲထိုက်ရဲ့ ... စိန်ရတော့လဲ စိန်ပွင့်ချည်းပဲ သီးသန့်ပေးလိုက်လဲရတာပဲနော်... သူတို့လို လူမျိုးတွေတော့ စိန်လက်ဖွဲ့မှ၊ လက်မဖွဲ့ရင်လဲ ဘောဘီ့အတွက် မျက်နှာရှိမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး... ပြီးတော့ သားမိုးယံရဲ့ ကျောင်းစရိတ်ကိုလဲ အဲဒီသူဌေးက အပြည့်တာဝန်ယူထားဟာ ထိုက်ရဲ့"

"ဟာ... ဘာလို့လဲ ဘေဘီ ... ဘေဘီနဲ့ ဘယ်လောက်အထိ ရင်းနှီးနေလို့လဲ... "

ဦးထိုက်၏ မျက်နှာတစ်ပြင်လုံး ရဲတွတ်နီမြန်းသွားသည် အထိ ဒေါသစကားက ထွက်သွားခဲ့သည်။

"ထိုက်ကလဲကွယ်... ဘေဘီ Boss ပါဆိုမှ... သားကို သူက သိပ်ချစ်တာကိုး... ဘယ်လိုမှ ပြောမရဘူး... သားကျောင်းပြီးရင်လဲ သူ့ကုမ္ပဏီမှာပဲ သူ့ရဲ့ လက်ထောက်နေရာမှာ ထားမှာတဲ့ ထိုက်ရဲ့၊ တစ်ခါတည်း ပြောပြီးသား"

"မဖြစ်ပါဘူး... ဘေဘီနဲ့ အဲ့ဒီ Boss က ဘယ်လောက် အတိုင်းအတာအထိ ရင်းနှီးသလဲဆိုတာ ကိုယ်ရောက်အောင် လာကြည့်ဦးမယ်... ကိုယ်လဲ စင်ကာပူရောက်ဖို့ ရှိပါသေးတယ်... ဘယ်နေ့ရောက်မယ်ဆိုတာ ဘေဘီ့ကို ကြိုမပြောဘူး... ကိုယ်လိုက်လာလို့ စုံစမ်းကြည့်တဲ့အခါ ဘေဘီနဲ့ ဘာညာဘာညာ သဟင်းကြားပြီဆိုတာနဲ့ ကိုယ်နဲ့ ဘေဘီ တစ်သက်လုံး ပြတ်ပြီမှတ်... "

"ထိုက် ကကွာ... ရန်ဖြစ်ရမယ့် အချိန်လဲ မဟုတ်ဘဲနဲ့"

"ကိုယ်ပြောပြီးပြီပဲ ဘေဘီ... ကိုယ့်မှာလဲ ကိုယ့်အိမ်ထောင်နဲ့ ကိုယ်ရှိပြီးသား၊ ဘေဘီလဲ အိမ်ထောင်သည်တစ်ယောက်ပဲ၊ ဘေဘီ့ သားရဲ့မျက်နှာကို ထောက်ထားငဲ့ညှာတဲ့အနေနဲ့ ဘေဘီ့အတွက် နောက်အိမ်ထောင်ဆိုတာ ဘယ်တော့မှ မဖြစ်ပါစေနဲ့... ဘေဘီ့မှာ





အခုချိန်ထိ အပျိုစင်တစ်ယောက်နဲ့ မလဲနိုင်တဲ့ ရုပ်ရည်မျိုးရှိသေးတယ်။ ပြီးတော့ ဘေဘီ့အသက်က ကိုယ့်ထက် ငါးနှစ်ငယ်တဲ့သူဆိုတော့ ဘေဘီအသက်အရွယ်နဲ့ အိမ်ထောင်ဘက်ပြုလို့ အများကြီးရတယ်။ ကိုယ့်ကို ဒီကတိတစ်ခုတော့ ပေးပါ ဘေဘီရယ်"

"ဘာလဲ ထိုက်ရဲ့... ဘေဘီနောက်အိမ်ထောင်မပြုပါဘူးဆိုတဲ့ ကတိလား"

"အင်း... "

"ပေးတယ်... ပေးတယ်... ကဲ ထိုက်ကျေနပ်တော့ကွာ"

"ကိုယ့် တစ်ချိန်က သိပ်ချစ်ခဲ့ရသောဘေဘီကို ဒီဘဝမှာ ဒီလိုပဲ မြင်နေရရုံနဲ့ ကိုယ်ကျေနပ်လိုက်ပြီ ဘေဘီရယ်..."

"ထိုက်ကလေး... အသက်တွေသာရသွားတယ်... အခုချိန်ထိ ထိုက်အတွေးတွေက နုနယ်တုန်းပဲနော်၊ ဘေဘီတို့ကအိမ်ထောင်သည်တွေပါ ထိုက်ရယ်... အခိုကက ငွေရှိဖို့နဲ့ ကျန်းမာရေးကောင်းဖို့ ပြီးတော့ ဘေဘီရဲ့သားလေးဘဝ တိုးတက်မြင့်မားဖို့၊ ကြိုးစားပေးဖို့ပဲလိုတယ်"

"အပြောကတော့ ရုပ်ရည်အတိုင်းပဲ နုဖတ်ချိုပစ်နေတာပဲ... ထိုက်ကွယ်ရာမှာပါ ဘေဘီ ဘာမှမလုပ်မိပါစေနဲ့"

"စိတ်ချပါထိုက်ရဲ့... ဩော်... ထိုက်... မေ့လို့... ဘေဘီညှို ခံပွဲ သွားတဲ့နေ့ကျရင် ထိုက်လိုက်ပို့ပေးပါနော်... ထိုက်ကားနဲ့ဘေဘီ သွားချင်လို့... ထိုက်ပါလိုက်ခဲ့ရမယ်နော်... အပျံစားဝတ်ခဲ့သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ... လိုက်ပို့ပေးမှာပေါ့"

"ဝမ်းသာလိုက်တာ ထိုက်ရယ်...ဘောဘီတို့သွားတာ ထိုက်အိမ်ကချား သိရင်... "

"ကိုယ်ဘာလုပ်လုပ်သူ စိတ်မဝင်စားဘူး ဘောဘီ၊ ကိုယ်လည်း သူ့ကို အိမ်ရောက်တဲ့အခါ ဘယ်သွားတယ်... ဘယ်လာတယ်... ဘာလုပ်တယ်လို့တစ်ခွန်းမှ ပြန်ပြောတဲ့သူမဟုတ်ဘူး၊ ကိုယ် ဂရုမစိုက်ဘူး "

"ဟွန်း ... ထိုက်တို့အိမ်ထောင်ရေးကြီးကလဲ"

"ကြာပြီပဲ ဘောဘီရယ်... ဒီလိုပဲနေလာခဲ့တာ၊ သမီးပဲ ဆယ်နှစ်ကျော်ပြီ"

"နောက်ထပ်သားလေးတစ်ယောက်လောက် ထပ်မွေးပါဦးလားထိုက်ရယ်... ဟင်"

"ကိုယ်... သူနဲ့အတူတူမနေတော့တာ သမီးမွေးပြီးကတည်းကပဲဘောဘီ"

"ဟင်.. ထိုက် အခုမှ ဒီစကားပြောတယ်နော်... ဘောဘီမသိဘူး... ဘာဖြစ်လို့လဲ... ဘာလို့လဲ ထိုက်ရယ်..."

"သူ့ကိုယ် မချစ်လို့ပေါ့ ဘောဘီရယ်"

"ရှင်... "

မိန်းမတစ်ယောက်၏ ကြေကွဲထိခိုက်သွားသော မျက်လုံးအစုံကို ဦးထိုက်တန် ငေး၍ ကြည့်နေလိုက်သည်။

* * *





## အခန်း (၅)

"ဘာတဲ့လဲသား... သားသင်္ဘောပြန်တက်ဖို့နီးပြီလား"

"မပြောတတ်သေးပါဘူး မေမေရာ... သားနေရာဝင်သွားတဲ့ကိုထူးကြီးကမှခုထက်ထိ ပြန်ဆင်းမလာသေးတာ... သူဆင်းမှသူ့နေရာ သားပြန်ဝင်လို့ရမှာပေါ့... သူကလဲ ကလေးသုံးယောက် အဖေဆိုတော့ ကလေးစရိတ်ရအောင် အနည်းဆုံး နှစ်နှစ်တော့ နေမှာပဲမေမေ... အလုပ်သိပ်ကြိုးစားတဲ့လူ...သင်္ဘောပေါ်မှာလဲ ဘာပြဿနာမှာမရှိဘူး... ဘယ်သူဘာပြောပြောငုံခံတာပဲ... နိုင်ငံခြားသားကသူ့ကို လက်သီးနဲ့ထိုးရင်တောင် တစ်ချက်ပြန်မလုပ်တဲ့လူ ဒါကြောင့်ပဲ သင်္ဘောကုမ္ပဏီသူဌေးက ကိုထူးကြီးကို လုံးဝလက်လွှတ်မခံဘူးမေမေ"

"အေးပေါ့သားရယ်... ဒီလိုယောကျ်ားမျိုးနဲ့ရတဲ့မိန်းမတော့လဲ ကံကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မိန်းမက ကံကောင်းသလောက် သူကတော့ မိန်းမရ ကံဆိုးတယ်မေမေ"

"ဟင်... ဘာလို့တုန်း"

"အလကားမိန်းမမေမေရဲ့၊ ယောကျ်ားပါသမျှပိုက်ဆံထိုင်ဖြုန်းနေတာ၊ ယောကျ်ားကွယ်တာနဲ့ တွဲချင်တဲ့လူနဲ့တွဲ... သွားချင်ရာသွား လုပ်ချင်တာ လျှောက်လုပ်တာ... ကိုထူးကြီးလဲ ဒါကြောင့် တော်တော်နဲ့ မြန်မာပြည်ကို ပြန်မလာတာဖြစ်မယ်၊ သူ့မိန်းမကြောင့် စိတ်ဆင်းရဲလို့"

"အိုကွယ်... သနားစရာ... ဟိုဘက်ခြံက မိလေးကြတော့လဲ ပိုက်ဆံရှိတဲ့ သူဌေးတော့ရပါရဲ့... ယောကျ်ားက မိန်းမကို ကြင်နာဂရုစိုက်၊ သံယောဇဉ်လဲမထား... ဒီကြားထဲ ကိုယ်မွေးထားတဲ့ သမီးကလေးတောင်မှ အခုချိန်ထိ တစ်ခေါက်မှ ကျောင်းပို့ကျောင်းကြို လုပ်မပေးတာ အံ့လို့ မဆုံးဘူး... သူ့သမီးအရင်းမဟုတ်သလိုပဲ ဒါကြောင့်လဲ သူတို့သားအမိက မေမေတို့ သားအမိကို ဆွေမျိုးအရင်းတွေကို ခင်တွယ်သံယောဇဉ်ဖြစ်နေရှာတာ သနားစရာ တော်တော်ကောင်းတဲ့သားအမိ"

"ဟုတ်ပါတယ် မေမေရယ်... မမက တော်တော်ကျက်သရေရှိတဲ့ မိန်းမမျိုး... မမရုပ်ရည်လေးကို မေမေကြည့်ပါလား၊ အင်မတန်အေးဆေးသိမ်မွေ့တာ၊ စကားပြောလဲ နူးညံ့အေးချမ်းလိုက်တာ၊ ဆံပင်ကြီးကလဲ အရှည်ကြီးနဲ့ မြန်မာဆန်တာလေ မေမေ"





"ဟုတ်ပါ့... ဒီမျက်နှာလေးအေးချမ်းတည်ငြိမ်တာကတော့ ဘာနဲ့မှကိုမတူတာ... မေမေဖြင့်မေမေ့မှာ သမီးမရှိလို့လားမသိဘူး မိုကို သိပ်ချစ်တာသားရယ် မနက်ကဆို မေမေ့မှာ နေပြင်းတော့ အစားပျက်နေတာ ဘာမှစားမရဘူး၊ မိုလာပို့လိုက်တဲ့ကြက်ပေါင်ဟင်းကြောင့် ထမင်းစားမြိန်သွားလိုက်တာလေ၊ မို့ကိုကျေးဇူးတင်လို့မဆုံးဘူး"

"မမက ဟင်းချက်တာကောင်တာနေမှာပေါ့ မေမေ... "

"ဟုတ်တယ်သားရဲ့၊ ဒီလိုမိန်းကလေးမျိုး မေမေ့ အိမ်မှာရှိလိုက်ရင် ဘယ်လောက်ကောင်းမလဲ"

"မမလဲနေတိုင်းလာနေတာပဲ မေမေရယ်၊ မေမေစားချင်တာကို အားမနာပါနဲ့ပြောပါလို့ မမကပြောတာပဲ၊ မေမေစားချင်တာ ချက်ခိုင်းလို့ရတာပဲ"

"မို့မှာသာ အိမ်ထောင်မရှိလို့ကတော့...မေမေသားနဲ့ ချက်ချက်ကိုပေးစားမိမှာ..."

"ဟာ ... မေမေလုပ်လိုက်ပြီ၊ တော်ကြာ မမကြားသွားရင် စိတ်ဆိုးပြီး မလာဘဲ နေဦးမယ်နော် မေမေ"

"မှန်တာပြောတာပဲ သားရယ်၊ မိလေးရဲ့ အိမ်ထောင်ရေးကိုကြည့်ပြီး မေမေဖြင့် သနားလို့ တကယ်မဆုံးတာပါ၊ သူ့ယောကျ်ားကြီးကို ကြည့်လေ၊ မေမေတို့နဲ့များ အခုထက်ထိ တစ်ခါမှစကားမပြောဖူးသေးဘူး။ သူကလဲ မာနကြီးတာပဲလား၊ လူတွေကို အထက်မတန်လို့ အရေးမလုပ်တာပဲလားတော့ မသိဘူး၊ ပတ်ဝန်းကျင်ရယ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ တစ်ချက်မှ လှည့်ကြည့်ဖော်မရဘူး။ အခုကြည့်လေ၊ သူ့သမီးကို သားရဲ့ ကားနဲ့ နေ့တိုင်းကျောင်းအပို့ ကျောင်းအကြိုလုပ်ပေးနေတာ၊ သူမသိဘူးလား၊ သူ့အိမ်က သူ့သမီးက၊ ခနီးကတော့ ပြန်မပြောဘဲ မနေဘူး သား၊ ပြောမှာပဲ၊ သိသိကြီးနဲ့ကို ဘယ်လိုမှ နားလည်ပေးလို့လဲမရ၊ ခင်ချင်စိတ်လဲမရှိ၊ စကားပြောဖို့ဆိုတာများ ဝေးရောပဲကွယ်"

"တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတာ အဲဒီသဘောတွေပါပဲ မေမေရယ်၊ သားလဲ မမနဲ့ တစ်ရက်တော့ အေးအေးဆေးဆေးစကားပြောကြည့်ပါဦးမယ်"

"ဘာကိုလဲသား"

"ဪ ... မမနဲ့ ဦးထိုက်တန်ကြီးရဲ့ အိမ်ထောင်ရေးသဘောလက္ခဏာတွေအကြောင်းပါ မေမေ"

"အင်း ... မေမေ မေးတိုင်းလဲ မို့ဘက်က သနားစရာကောင်းလောက်အောင် သည်းခံတာတွေပဲ တွေ့ရတယ်"

"ဖြစ်ရလေ မေမေရယ်"

ထိုစကားကို ဘိုဘို့ရင်ထဲမှာ တီးတိုးစွာ ပြောဖြစ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဘိုဘို့ဘဝမှာ ယခုအချိန်ထိ ခင်မင်တွယ်တာရဆုံး မိန်းမသားတစ်ယောက်ကို ပြပါဆိုလျှင် မမတစ်ယောက်တည်းကိုသာ ပြရလိမ့်မည်။

မမကို ဘိုဘို စသိခဲ့ချိန်ကတည်းက မမသည် ကလေးတစ်ယောက်အမေ အိမ်ထောင်သည်မိန်းမတစ်ယောက် ဖြစ်သည်။





ထိုအချိန်ကတည်းက မမမှ မမဖြစ်ပြီး ဘိုဘို ခင်တွယ်ခဲ့ရသလို မမ၏သမီးလေးဖြစ်သည့် နှစ်သက်မှီကိုပါ ဘိုဘို့မှာ သံယောဇဉ်ထားခဲ့သူ ဖြစ်သည်။

မမ၏ ကားက အင်ဂျင်ချထားသောကြောင့် ကလေး၏ကျောင်းပို့ကျောင်းကြိုကို ဘိုဘို တာဝန်ယူထားလိုက်သည်။

မမက ခွင့်ပြုသော်လည်း ဘိုဘို့ကားနှင့်တော့ မလိုက်ခဲ့ပါ။

အိမ်မှာသာနေခဲ့သည်။

အခုလည်း ဘိုဘိုသည် မမနှင့် သမီးအကြောင်းတွေကို တွေးနေစဉ် ခါတိုင်း ညနေဘက်လာနေကျ သမီးလေး နှစ်သက်မှီ မလာသေးသောကြောင့် သမီးလေးအား သွားခေါ်ရန် တစ်ဖက်ခြံသို့ ကူးလာခဲ့သည်။

မသွားခင်တော့ မေမေ့ကို အိမ်ပေါက်ဝမှာ လှမ်းအော်ပြီး ပြောခဲ့၏။

"မေမေရေ ဟိုဘက်ခြံ ခဏ..."

* * *

၅



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သည်နေ့ ဦးထိုက်တန်အိမ်သို့ အစောကြီးပြန်ရောက်သည်။

အိမ်ရောက်ရောက်ချင်း လက်ထဲမှ အတက်ချီကေ့(စ်)နှင့် ပါလာသည့် စာရွက်စာတမ်းတွေထည့်ထားသည့် ဖိုင်တွဲကို စားပွဲပေါ်သို့ချသည်။

သမီးက ဦးထိုက်တန်နှင့် မလှမ်းမကမ်းမှာ ထိုင်ဆော့နေသည်။

သမီးလေးသည် သူ့ဖခင် အိမ်ထဲဝင်လာတာတောင်မှ တစ်ချက်လှမ်းမခေါ်သလို ဦးထိုက်တန်ကလည်း သမီးကို လျစ်လျူရှုထားလိုက်သည်။

မိုဖြင့် အံ့ဩလို့ပင်မဆုံးပါ။

မို့ကိုလည်း လှမ်းမခေါ်။

ဦးထိုက်တန်သည် နေရာတကာမှာ မိမိ၏ တစ်ကိုယ်ကောင်းအတွက်သာ ရှေ့တန်းတင် ဦးစားပေးသူပီပီ သူလုပ်ချင်ရာကိုသာ တစ်ထစ်ချ လုပ်တတ်သူဖြစ်သည်။





ခဏနေတော့ ဦးထိုက်တန်က အခန်းထဲသို့ တန်းဝင်သွားသည်။

ချက်ချင်းတော့ ဦးထိုက်တန်နောက်ကနေ မို လိုက်မသွားခဲ့ပါ။

ဘာကြောင့်လဲဆိုတော့ ဦးထိုက်တန်နှင့် မိုသည် အခန်းခွဲ၍ နေခဲ့ကြတာ နှစ်ပေါင်းဆယ်နှစ်တိတိ ရှိခဲ့ပါပြီ။

ဦးထိုက်တန်၏ အခန်းတွင်းကို သူ့ရဲ့ခွင့်ပြုချက်မရဘဲ မို ဝင်ခွင့်မရှိပါ။

ပြီးတော့ သူ့အခန်းတွင်းမှာ မည်သည့်ပစ္စည်းပစ္စယတွေ ဘယ်လောက်ရှိမှန်းလည်း မို မသိသလို ဦးထိုက်တန်၏ ငွေကြေးဥစ္စာကအစ မည်သည့် အတိုင်းအတာရှိမှန်း မို မသိခဲ့ပါ။

မို သိအောင်လည်း ဦးထိုက်တန် မပြောပြသလို မိုကလည်း သိခွင့်ရအောင် မကြိုးစားခဲ့သူဖြစ်သည်။

သည်နေ့မှ ဦးထိုက်တန်၏ လှုပ်ရှားမှုက ပျာပျာသလဲဖြစ်နေ၍ မို အံ့ဩနေမိကာ ဦးထိုက်တန် အပေါ်ထပ်တက်သွားပြီး မကြာခင်မှာ မို အသာလေး လိုက်သွားခဲ့သည်။

ထိုအချိန်မှာ အောက်ထပ်တွင် ဘိုစိုရောက်လာပြီး သမီးနှင့် စကားပြောသံကို မို ကြားလိုက်ရသည်။

ခဏနေတော့ ဘိုဘိုက မိုကြားအောင် လှမ်းအော်ပြောလိုက်သည်။

“မမရေ မီးမီးကို သားခေါ်သွားမယ်၊ ပြီးမှ လာပြန်ပို့မယ်၊ စိတ်မပူနဲ့တော့”



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘို့ကို ပြန်ပြီး စကားပြောလျှင် ဦးထိုက်တန် ကြားသွားမှာစိုးသောကြောင့် မိုပြန်မပြောခဲ့တော့ပါ။

ဦးထိုက်တန်၏ နောက်ကိုသာ မိုလိုက်လာခဲ့လိုက်သည်။

ဦးထိုက်တန်သည် သူ့အခန်းတံခါးသော့ကို ဖွင့်ပြီး အထဲသို့ ကမန်းမတန်း လှမ်းဝင်သွားသည်။

ဦးထိုက်တန်၏ စိတ်က ဘယ်လောက်အထိ ဗျာများပြီး ယောက်ယက်ခတ်နေသလဲဆိုလျှင် မိုက သူ့အခန်းဝမှာ ရောက်နေတာတောင်မှ သူရိပ်မိပုံမရပါ။

ပြီးတော့ ဦးထိုက်တန်သည် အခန်းတံခါးကိုလည်း မပိတ်ပါ။

ဇော့ရုံဇော့တားတာမျိုးလည်း မဟုတ်ဘဲ၊ တံခါးက သိသိသာသာကြီး ပွင့်ထွက်နေသည်။

မို့အတွက်တော့ ဦးထိုက်တန် ဘာလုပ်သည်ဆိုတာ ထင်ထင်ရှားရှား မြ[illegible]ိုင်သော်လည်း ဦးထိုက်တန် မမြင်အောင်တော့ မို ကွယ်နေမှ ဖြစ်မည်။

"ဟင်..."

ဦးထိုက်တန်သည် အလူမီနီယံမီးခံသေတ္တာကို သော့ဖွင့်ပြီး အထဲမှ ယွန်းဘူးနှင့်ထည့်ထားသည့် ပစ္စည်းတွေကို မွှေနှောက်၍ ရှာနေခဲ့သည်။

သူ ဘာရှာတာပါလိမ့်။

မို အလွန်သိချင်သွားသည်။





သိချင်လွန်းသည့်စိတ်တွေက မို့ရင်ထဲသို့ ပြင်းထန်စွာ ဝင်ရောက်နှောင့်ယှက်လာသည်။

ဟော ... သူ့လက်ထဲကို ပစ္စည်းတစ်ခုရောက်သွားပြီ။

ဘာပါလိမ့်။

ဦးထိုက်တန်၏ မျက်နှာကို မို လုံးဝမတွေ့ခဲ့ပါ။

မို့ဘက်သို့ ကျောပေးထားသဖြင့် မို မတွေ့ရသော်လည်း ဦးထိုက်တန်၏ လက်ထဲသို့ ပစ္စည်းတစ်ခုရောက်သွားမှန်း မိုသိလိုက်သည်။

ဘယ်လိုပစ္စည်းဆိုတာသာ မိုမသိလိုက်ပါ။

ဦးထိုက်တန်သည် သူ့လက်တွင်းသို့ ထိုပစ္စည်းရောက်သွားသည်နှင့် သူ့ဟန်းဖုန်းဖြင့် ချက်ချင်းဖုန်းဆက်လိုက်သည်။

ဘုရား ... ဘုရား...။

သူ ဘယ်သူ့ကို ဆက်တာပါလိမ့်။

"ဘောဘီ ကိုယ်ပါ၊ တွေ့ပြီ သိလား၊ ဘောဘီဝမ်းသာရအောင်လို့ လှမ်းဆက်လိုက်တာ"

"ကြည့်စမ်း ထိုက်က သိပ်တော်တာပဲ၊ ထိုက်ပဲ ယူထားလေ၊ ဘောဘီတို့ မနက်ဖြန်တွေ့ဦးမှာပဲဥစ္စာ"

"ဘောဘီကြည့်ချင်နေမလားလို့ ကိုယ်လာပြရမလား"

"နေပါစေ ထိုက်ရယ်၊ ပင်ပန်းပါတယ်၊ မနက်ဖြန် ထိုက်လာတော့ ယူလာခဲ့လေ၊ ပစ္စည်းတန်ဖိုးရော ထိုက် မှန်းလို့ရမလား"

"အဲဒါပေါ့ ဘောဘီရဲ့၊ ကိုယ်မှန်းလို့တော့ မတတ်ဘူးလေ၊ ဒီပစ္စည်းတွေက မာမီ့ရှေးဟောင်းပစ္စည်းတွေဆိုတော့ အခုခေါက်ဈေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဆို တော်တော့်ကို တန်နေမလားပဲ၊ ဒီလိုလုပ်လေ မနက်ဖြန်ကျရင် ကိုယ့်မိတ်ဆွေ စိန်ကေရာဇ်မှာရှိတယ်၊ သူ့ဆီယူသွားပြီး ပြကြည့်မလား၊ ဈေးသိရတာပေါ့"

"ထိုက်သဘောလေ၊ တော်ကြာ စိန်ဈေးက ဆယ်သိန်းအထက် တန်နေရင် ဘယ်လိုလုပ်မလဲ"

"ဘေဘီပေးချင်ရင်တော့ ယူပေါ့ကွာ၊ ဘာဖြစ်လဲ ဆယ်သိန်းများ စကားထဲ ထည့်ပြောလို့"

"ထိုက်ရယ် ထိုက်လေ ဘေဘီနဲ့ ပတ်သက်လာရင် ခုထက်ထိ စေတနာမေတ္တာတွေ လုံးဝမပျက်သေးဘူးနော်"

"ကိုယ် ခဏနေရင် အရက်တွေ မူးအောင်သောက်ပြီး အိပ်လိုက်ဘာ့မယ် ဘေဘီရယ်"

"မလုပ်ပါနဲ့ ထိုက်ရယ်၊ ထိုက် တအားမူးနေမှာပေါ့"

"မူးပါစေ၊ ကိုယ့်ဘဝက တစ်ဘဝလုံးမူးနေတော့မယ့်သူပဲ ဘေဘီရယ်၊ မထူးတော့ပါဘူး"

"ထိုက် ဘေဘီ့စကား နားထောင်ပါကွယ်၊ နားမထောင်ရင် ဘေဘီ အခုလိုက်လာမှာနော်"

"တကယ်လား ဘေဘီ၊ ဘေဘီတကယ်လာမှာလား"

"ထိုက်ခေါ်ရင် လာမယ်လေ၊ ထိုက် အရက်တွေ တအားသောက်နေမှာစိုးလို့ပါ၊ ဘေဘီလာရင် ထိုက် အရက်မသောက်တော့ဘူးမဟုတ်လား ပြော"

"အင်း ... မသောက်တော့ဘူး၊ ဘေဘီသာ လာခဲ့"





"အိုကေ ... ဘေဘီလာခဲ့မယ်၊ ထိုက် စောင့်နေနော်၊ ဘေဘီလာမှ ဘေဘီနဲ့ အတူတူ ဘီယာသောက်ပြီး စကားပြောမယ်၊ ဟုတ်ပြီလား"

"အခုလာပါ ဘေဘီရယ်၊ ကိုယ်စောင့်နေမယ်နော်"

ဦးထိုက်တန် ဖုန်းပိတ်လိုက်ရင်းက တစ်ချက်ငိုင်တွေနေမိသည်။

စိတ်ထဲမှာ ဘေဘီရောက်လာတော့မည်ဆိုတာ သိလို့ အလိုလို ပျော်ရွှင်နေမိသလို ခံစားလိုက်ရသည်။

ဘာကြောင့်များ ဘေဘီ့အပေါ်မှာ ခုချိန်ထိ သူ့ဘက်က သံယောဇဉ်တွေ မကုန်နိုင်ရသေးမှန်း မသိပါ။

တွေးလို့လည်းမရ။

ဘေဘီနှင့် ပတ်သက်လာသရွေ့ သူ ဘာပဲလုပ်ပေးရလုပ်ပေးရ လုပ်ပေးချင်နေမိတာ ယခုချိန်ထိ ဖြစ်သည်။

ရုတ်တရက် သူ့ဆီ ဘေဘီရောက်လာလို့ မှီမေးခဲ့လျှင်လည်း မှီ့ကို သူပိုင်သူမို့ ရိုးသားစွာ ပြောလိုက်ဖို့ပဲ သူဆုံးဖြတ်လိုက်သည်။

စိတ်ထဲမှာတော့ မှီ့ကို ခွင့်လွှတ်ပါဟု သူကိုးတိုးစွာ ပြောလိုက်မိသည်။

မှီသည် ဦးထိုက်တန်ပြောလိုက်သော စကားတွေကို အားလုံးကြားလိုက်ရသောကြောင့် ရင်ထဲမှာ အတိုင်းအဆမရှိ ခံစားသွားလိုက်ရသည်။

မှီ့အဖြစ်ကိုလည်း မှီရှက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုလို မိန်းမတစ်ယောက်မှာ သည်လိုဒုက္ခမျိုးတွေနှင့် ရင်ဆိုင်တွေ့ကြုံစရာမလိုဟု မိုထင်ပါသည်။

သို့သော် မိုသည် အလွန်ကံဆိုးသော မိန်းမတစ်ယောက်ဖြစ်ပါသည်။ ဦးထိုက်တန်နှင့် စကားပြောသည့် ဘောဘီဆိုတာ ဘယ်သူလဲ။

မိုသိချင်လိုက်တာ။

မို တကယ်သိချင်လှပါပြီ။

မကြာခင်မှာ မိုတို့အိမ်ရောက်လာတော့မယ့်သူပဲ။

မိုနှင့် ဘောဘီဆိုသော မိန်းမတစ်ယောက် ဘယ်လိုလုပ်ရင်ဆိုင်တွေ့ကြမလဲ။ မိုသည် အလိုလိုနေရင်း တစ်ကိုယ်လုံး ချမ်းလာသလိုလို ခံစားလိုက်ရသောကြောင့် ဦးထိုက်တန်၏ [illegible]ခန်းဝကနေ မနည်းခွာခဲ့လိုက်ရသည်။ မို အောက်ထပ်ရောက်ပြီး မကြာခင်မှာ 'ဘောဘီ' ဆိုသော မိန်းမတစ်ယောက် ရောက်လာခဲ့သည်။ ထိုအဖြစ်ကတော့ မို့တစ်သက်မှာ မမေ့နိုင်စရာ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။

* * *





## အခန်း (၇)

"မိုသန့်ဇင် ခဏ"

ကြည့်စမ်း။

ဦးထိုက်တန်က သိသိကြီးနဲ့ ထိုမိန်းမရှေ့မှာ မိုကို ပေါ်ပေါ်ထင်ထင်ကြီး လှမ်းခေါ်လိုက်သည်။

မိုသည် မိုနှင့် ဘယ်လိုမှ ယှဉ်၍မရဘဲ အင်မတန် ချောလွန်းလှသည့် ဘောဘီဆိုသည့် မိန်းမကိုသာ ငေး၍ ကြည့်လိုက်မိသည်။

သူမသည် အနက်ရောင်ဝမ်းဆက်ကို စတိုင်ကျကျ ဝတ်ထားသည်။

အင်္ကျီကလည်း စပို့ရှပ်အနက်ရောင်ဖျော့ဖျော့အိအိအသား၊ ပြီးတော့ လည်ဟိုက်၊ လက်ပြတ်မို့ သူမ၏ အသားဝင်းဖတ်ဖတ်နှင့်မို့ အင်မတန်လှသည့် မိန်းမတစ်ယောက်ဖြစ်သည်။

အသက်အားဖြင့်လည်း မို့လောက်ပဲရှိသည်ဟု ခန့်မှန်းရသည်။

မို့စိတ်ထဲတော့ သူ့ကို အိမ်ထောင်သည် မိန်းမဟု လုံးဝခထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အပျိုတစ်ယောက်ဖြစ်သည်ဟုပဲ ထင်လိုက်မိ၊ ကောက်ချက်ချမိသည်။

ညကြီးမိုးချုပ်မှာ ဘာကြောင့်များ တက္ကစီတစ်စီးနှင့် မိန်းမလှတစ်ယောက်က မို့ယောကျ်ားရှေ့ကို ရောက်လာရတာလဲ။

မို မတွေးတတ်တော့ပါ။

သူနှင့် ဦးထိုက်တန်က ဘယ်လိုအကြောင်းတွေနဲ့ ပတ်သက်ဆက်နွယ်ခဲ့ရတာလဲ။

"ကိုယ့်မိတ်ဆွေပါ မိုသန့်ဇင်၊ ဘောဘီထွဋ်တဲ့ စင်ကာပူမှာနေတယ်၊ ဒီကို ခဏလာလို့ ကိုယ်တို့တွေ့ကြတာ please"

မိုမပြောတတ်ပါ။

ဘာပြောရမှန်းလည်း မို မသိပါ။

ဟစ်ခွန်းမှ မို ပြန်မပြောဘဲ ဘောဘီထွဋ်၏အလှမှာသာ နစ်မျောနေခဲ့သလို ညလေညင်းကြောင့် ဘောဘီထွဋ်၏ ကိုယ်မှ လွင့်ပျံလာသည့် ရေမွှေးနုနုလေး၏ အနံ့ကို မို ရှိုက်မိသွားသည်။

ထိုအလှနှင့် အနံ့ကပဲ ဦးထိုက်တန်၏ စိတ်တွေကို ယိမ်းယိုင်နေစေပြီလား။

ဦးထိုက်တန်၏ မျက်လုံးအစုံကတော့ လူပျိုတစ်ယောက်နှင့်မလဲနိုင်လောက်အောင် ဘောဘီထွဋ်၏ တစ်ကိုယ်လုံးမှာ စုပုံကျရောက်နေသည်။

ထိုအကြည့်ကို မိုကိုယ်တိုင် လှမ်းတွေ့လိုက်ရမှတော့ မို့ကိုယ်မိုလည်း ရှက်လှပါပြီ။





"ကိုယ်တို့ ဘီယာသောက်ရင်း စကားပြောကြမလို့၊ မိုသန့်ဇင်ရော"

ထိုစကားက မို့ကို နှင်လိုက်သည့်စကားပေါ့နော်။

မိုသွားမှာပါ ဦးထိုက်တန်ရယ်။

စိတ်ချပါ။

"ထိုက်ဇနီးက ကျက်သရေရှိလိုက်တာနော်၊ မျက်နှာလေးကတကယ့်အပြစ်ကင်းတဲ့ မျက်နှာမျိုးလေး၊ ညီမရယ် ခွင့်ပြုနော်၊ တို့တွေက တွေ့တုန်းခဏ စကားပြောကြမလို့"

မို့အတွက် သည်အချိန်က ဘုရားခန်းထဲ ဝင်ပြီး မေတ္တာသုတ်နှင့် ပဋ္ဌာန်းကို ရွတ်ဖတ်ရသည့်အချိန်ပါ။

ကိုယ့်ဘာသာရေးအလုပ်လောက် မို့ဘဝအတွက်၊ မို့ရှေ့ရေးအတွက် ကောင်းမွန်တာ မရှိပါ။ မို ဘာမှပြောမနေတော့ဘဲ ဦးထိုက်တန်နှင့် ဘောဘီထွဋ်၏ရှေ့မှာပင် အသာကလေး လှည့်ထွက်လာခဲ့သည်။

မို့စိတ်တွေ ဘယ်လောက်အထိ ယောက်ယက်ခတ် လှုပ်ရှားသွားရသလဲဆိုလျှင် မို သိပ်ချစ်သည့် သမီးလေးကိုတောင်မှ တစ်ဖက်ခြမ်မှာ သွားခေါ်ရန် မေ့လျော့သွားခဲ့သည်။

ဘုရားခန်းထဲရောက်မှ သတိရသွားတော့လည်း ဘိုဘို ပြန်လာပို့မှာဟု ပြောခဲ့တာမို့လည်း စိတ်အေးလက်အေးနှင့် ဘုရားရှိခိုးလို့ရသွားခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"မေမေ့ဆံပင်တွေက မွှေးလိုက်တာ"

"ခေါင်းလျှော်ထားလို့ပါသမီးရယ်"

"ဒီနေ့ ကျစ်ဆံမြီးမကျစ်နဲ့နော် မေမေ"

"ဘာလို့"

"အခုလိုပဲ ဆံပင်ဖားလျားချထားတာ မေမေနဲ့ အရမ်းလှလို့"

"ဟုတ်လား၊ အင်း မေမေ့သမီးတော့ မုန့်စားချင်ပြီ ထင်တယ်၊ အမေကို ချွဲပြီ"

"ဟုတ်ဘူး၊ တကယ်ပြောတာ-မေမေနဲ့ ဆံပင်ဖားလျားချတာ ကြီးက ပိုလိုက်တယ်၊ ဦးဘိုတောင် ပြောတယ် သိလား"

"ဟင်..."

ဘာရယ်မဟုတ်ပါ။

မို့စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။





မိုသည် ဘိုဘို့အပေါ်မှာ ခုချိန်ထိ မောင်လေးအရင်းကဲ့သို့သာ ခင်တွယ်သံယောဇဉ်ဖြစ်နေမိသူ ဖြစ်သည်။

"ဦးဘိုက ပြောတယ်မေမေရဲ့"

"........"

မို ပြန်မပြောဘဲ သမီးစကားကို ငြိမ်သက်စွာ နားထောင်နေ ဆိုက်သည်။

"မေမေ့ကို အရမ်းကျက်သရေရှိတဲ့အမျိုးသမီးတဲ့၊ မီးမီးလဲ ကြီးလာရင် မေမေ့လိုပဲ ဆံပင်အရှည်ကြီးထားရမယ်တဲ့၊ မေမေ့လို ဲ သနပ်ခါးပါးပါးလေးလိမ်းတဲ့၊ ပြီးတော့လေ အဝတ်အစားဝတ် ရင်လဲ ခေတ်ဆန်တာတွေ မဝတ်ရဘူးတဲ့၊ ရိုးရိုးလေးပဲ ဝတ်တဲ့၊ အဲဒါဆို မီးမီးက မေမေဖြစ်သွားမှာတဲ့"

"အင်းပေါ့သမီးရဲ့၊ သမီးက မေမေရဲ့သမီးပဲ ဥစ္စာ၊ တူရမှာ ပေါ့"

"နောက် ဦးဘိုက ပြောသေးတယ် မေမေ"

"ဘာတုန်းသမီးရဲ့"

"မေမေက အိမ်မှာ အိမ်အလုပ်တွေ လုပ်ရတာ အရမ်းပင်ပန်း တာတဲ့၊ ဒီကြားထဲ မီးမီးကိုပါ စာသင်ရသေးတယ်ဆိုတော့ မေမေ ပင်ပန်းလှပါတယ်တဲ့"

"အဲဒီတော့..."

"မီးမီးကို ဦးဘိုက စာသင်ပေးမလို့တဲ့ မေမေ"

"ဟုတ်လား၊ နေပါစေကွယ်၊ မေမေ့သမီးကို မေမေပဲ သင်ပေး ချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဦးဘိုနဲ့ပဲ သင်မယ်၊ မရဘူး"

"သမီး"

မို့အသံက အနည်းငယ် မာကျောပြတ်တောက်သွားသလို မျက်နှာထားကပါ တင်းသွားတော့ သမီးနှုတ်ခမ်းက ချက်ချင်းစူ သွားသည်။

"ဘာမှန်းလဲ မသိဘူး၊ ဦးဘိုက စာသင်ပေးမလို့ပါဆို"

"တော်တော့သမီး ဆက်မပြောနဲ့"

"ဘာလို့လဲမေမေ၊ အခုလဲ ဦးဘိုနဲ့ နေ့တိုင်းကျောင်းသွားနေ ရတဲ့ဥစ္စာ"

"မနက်ဖြန်ကစပြီး သွားစရာမလိုတော့ဘူး၊ ကားရ[illegible]"

"ဦးဘိုနဲ့ပဲ သွားမယ်"

"သမီး ထပ်မပြောနဲ့"

"မသိဘူး ... မသိဘူး ဦးဘိုနဲ့ပဲသွားမယ်၊ မသွားရရင် ကျောင်းမတက်ဘူး ဒါပဲ"

သမီး၏ ဒေါသတကြီး ဖြစ်သွားသည့်ပုံစံက အလွန်ပင် ကြောက်စရာကောင်းသွားခဲ့သည်။ သမီးထံမှ မို ဘယ်လိုမှ မထင် မှတ်သော အမူအရာမျိုးနှင့် မို့နားနှင့် မဆံ့နိုင်သည့်စကားမျိုးကို မို ကြားခွင့်ရလိုက်ပြီ။

ဘုရား ... ဘုရား။

သမီးက ကလေးပီပီ ဘိုဘို့ကို အင်မတန် ခင်တွယ်နေသော ကြောင့် သူတို့နှစ်ယောက်၏ သံယောဇဉ်ကို မို ဘယ်လိုအရာနှင့်မှ တားလို့ရမည် မဟုတ်တော့ပါ။





ထိုအကြောင်းတရားကတော့ သမီးသည် ဖခင်အရင်းဖြစ်သူ ထံမှ မည်သည့်အကြင်နာတရားမျိုးကိုမှ မရရှိသူမို့ သူစိမ်းယောကျ်ား တစ်ယောက်၏ ကြင်နာယုယသည့် မေတ္တာဓာတ်တွေကိုပါ လိုချင် တက်မောနေသူတစ်ယောက် ဖြစ်သွားပါတော့သည်။

မို ဘာလုပ်ရတော့မလဲ။

သမီးသည် ထိုစိတ်ဖြင့် မို့ကို တစ်ညလုံး စကားမပြောဘဲ အိပ်ရာစောစောဝင်သွားခဲ့သည်။

မို စာသင်ပေးလို့လည်း မရတော့ပါ။

မို့ကို စိတ်ဆိုးဆိုးဖြင့် စောစောဝင်သွားတော့ သမီးအိပ်ပျော် သွားပြီလားဟု မို သွားအကြည့်မှာ သမီးသည် ကလေးပီသစွာ ဘကယ်ပင် အိပ်မောကျသွားခဲ့သည်။

"သမီးလေးရယ်"

အလွန်ချစ်စဖွယ်ကောင်းသည့် သမီးလေး၏ ဝင်းပရွှန်းလက် နေသည့် မျက်နှာလေးကို မို ငုံ့နမ်းလိုက်သည်။

ခဏနေတော့ သမီးကို ဖက်၍ မိုပါ အိပ်ရာထဲဝင်အိပ်လိုက် တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဟဲလို"

"မှိုသန့်ဇင်လား"

"ရှင်"

"တို့ပါ ဘောဘီထွင့်၊ ထိုက်များ ရှိသလားလို့"

"ဟင်"

မှို့စိတ်ထဲ ဒေါသကြောင့် ထောင်းခနဲ ဖြစ်သွားတာပဲလား။

ချက်ချင်း စိတ်ထိခိုက်ကြေကွဲသွားရတာလားတော့ မသိပါ။ ရုတ်တရက်မှို့ ဘာပြောရမှန်း မသိဖြစ်သွားသည်။

တကယ်ဆို ဦးထိုက်တန်မှာ ဟန်းဖုန်းရှိနေပါလျက်နှင့် မှို့ဆီကိုမှ ဘာကြောင့် တမင်ရွေးဆက်ခဲ့ရတာလဲ။

တောက်...။

တော်ပေါ်ရဲတင်းတဲ့မိန်းမ။





"ဟန်းဖုန်းပိတ်ထားတယ် မှိုသန့်ဇင်၊ တို့မှာစရာရှိတာ မှာခဲ့မယ်နော်၊ ထိုက် အိမ်ရောက်ရင် ကျေးဇူးပြုပြီး ပြောပေးပါလား"

"ကိစ္စက"

မှို ခပ်တိုတိုသာ မေးလိုက်သည်။

"ရတယ် မှိုသန့်ဇင်၊ တို့ ဖုန်းဆက်လို့ ချက်ချင်းပြန်ဆက်ဖို့ပဲ ပြောပေးပါ၊ အိုကေ ဘိုင်တိုင့်"

မှို့အပြောကို မစောင့်ဘဲ ချက်ချင်း ဖုန်းချသွားသည်။

မှိုသည် ဖုန်းခွက်ကို ကိုင်၍ ငိုင်တွေနေမိသည်။

မှို့ခင်ပွန်းနှင့် ဘောဘီထွင့်ဆိုသော အမျိုးသမီးက တော်ရုံရင်းနှီးခဲ့တာမျိုးတော့ မဖြစ်နိုင်ပါ။ တော်တော့်ကို တရင်းတနှီးနေခဲ့ဖူးတာပဲ ဖြစ်ရမည်။

ဒါကြောင့်လဲ သည်လောက်အထိ ဒီအမျိုးသမီးက ရဲရဲတင်းတင်းဆက်ဆံနေတာ ဖြစ်မှာပေါ့။

"မမ"

"ဟင်..."

မှိုသည် ဖုန်းခွက်ကိုင်ပြီး ငိုင်နေသည်။ အိမ်ပေါက်ဝသို့ မမျှော်လင့်ဘဲရောက်လာသော ဘိုဘို့ကို တွေ့လိုက်ရသည်။

ဘိုဘို့လက်ထဲတွင် ကျွတ်ကျွတ်အိပ်နှင့် ထည့်ထားသော အထုပ်တစ်ထုပ် တွေ့ရသည်။

"မမတို့စားဖို့ ခေါက်ဆွဲကြော်နဲ့ ဖာလူဒါ လာပို့တာ၊ သမီးကျောင်းပြန်ရင် ကျွေးလိုက်နော် မမ ... ရော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုဘိုကလဲကွယ်၊ ဘာလို့ ဝယ်လာရတာလဲ"

"မမတို့သားအမိကို စားစေချင်လို့ပါ၊ ဒီနေ့ မြို့ထဲဘက် ခဏသွားရင်း ကြုံတာနဲ့ ဝယ်လာတာ၊ ဖုန်းလာလို့လား မမ"

"အင်း"

"ဦးထိုက်တန်ဆီကလား မမ"

"မဟုတ်ဘူး"

မို့အရှက်ရမည့်စကားမျိုးဆိုလျှင် တစ်ခွန်းမှ မိုမပြောပြချင်ပါ။

ဦးထိုက်တန်နှင့် ဒေါ်ဘီထွင်၏ ကိစ္စကိုလည်း ဘိုဘို သိသွားလျှင် အလွန်ရှက်စရာကောင်းသွားလိမ့်မည်။

နေပါစေတော့လေ။

ငါ့ဘဝနဲ့ငါ၊ ငါ့ကုသိုလ်နဲ့ ငါပဲ ရှိပါစေတော့။

"မမ နေမကောင်းဘူးလားဟင်"

ဘိုဘိုက မို့အနားကပ်လာပြီး ဂရုတစိုက်မေးလိုက်သောကြောင့် မို့ခြေထောက်လေးကို အနည်းငယ် နောက်သို့ရွှေ့လိုက်သည်။

ဘိုဘိုကလည်း ရိပ်မိပုံရပါသည်။

"နေမကောင်းဘူးဆိုလဲ ပြောနော် မမ၊ သမီးကျောင်းသွားကြိုလို့ရော ဖြစ်ပါ့မလား၊ ကျွန်တော် အားပါပြီ၊ ကျွန်တော် သွားကြိုပေးမယ်လေ"

"ရတယ် ဘိုဘို၊ မမပဲ သွားကြိုလိုက်ပါ့မယ်၊ ဘိုဘိုလဲ အိမ်ပြန်တော့နော်"

"ခဏလေး မမ၊ မမကို ကျွန်တော် ပြောစရာရှိလို့"





မို လှမ်းအကြည့်မှာ ဘိုဘို့မျက်နှာပေါ်မှ စိတ်ထိခိုက်ကြေကွဲနေရသော မျက်လုံးအစုံကို မိုလှမ်းတွေ့လိုက်ရသည်။

"ဒီကိစ္စကို သမီးသာသိရင်တော့ တော်တော်လေး စိတ်မကောင်းဖြစ်သွားရှာမှာပဲ မမရယ်"

"ဟင် ... ဘာလဲ ဘိုဘို"

မို လန့်သွားသည်။

"ကျွန်တော် ရှေ့အပတ်ထဲမှာ သင်္ဘောတက်ရတော့မယ်"

"ဟင်..."

အမှန်ဝန်ခံရရင် မိုစိတ်ထိခိုက်သလို ခံစားသွားရသည်။

ဘာကြောင့်လဲဆိုတော့...

မိုတို့သားအမိက ဘိုဘို့ကို ဆွေမျိုးအရင်းအချာတစ်ယောက်လို ခင်တွယ်သံယောဇဉ်ဖြစ်နေမိတာမဟုတ်လား။

ဘိုဘို့ကိုသာ ရက်တရက် မတွေ့ရင်တော့ မို့သမီးလေး ဘာတွေ ဖြစ်သွားမည်မသိပါ။

မို လုံးဝ မတွေးရဲလောက်အောင် ဖြစ်သွားတော့သည်။

"သမီး ... သမီးကို သွားမပြောပါနဲ့ မမရယ် ... နော်၊ သမီးသာ ကျွန်တော် နိုင်ငံခြားသွားမယ်မှန်းသိရင် တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ"

မိုကိုယ်တိုင်ပင် ဘာပြောရမှန်းမသိတော့။

ဘိုဘို့မျက်နှာလေးက သိသိသာသာကြီး ညှိုးကျနွမ်းလျနေတာတော့ မို သတိထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မို့စိတ်ထဲတော့ ထိခိုက်ဝမ်းနည်းသွားခဲ့မိတာ အမှန်ပါ။

"ကျွန်တော် ပြန်လာတဲ့အချိန်ဆို သမီးလေး ရှစ်တန်းရောက်ပြီနော်"

"ဟင် ... ဘိုဘိုက နှစ်နှစ်တောင် နေမှာလား"

"ဟုတ်ကဲ့ မမ၊ ကျွန်တော် ဒီမှာ နားတာပဲ တစ်နှစ်ကျော်သွားပြီ၊ သွားမယ့်သွားတော့လဲ နှစ်နှစ်လောက်နေရင် ပိုပြီး အဆင်ပြေတာပေါ့ မမရယ်၊ မေမေ့ကိုတော့ မမရှိနေလို့ လုံးဝ စိတ်ချတယ် မမ မေမေ့ကို စောင့်ရှောက်လိုက်ပါနော်၊ ကျွန်တော့်မရှိလို့လဲ ပိုပြီး ဂရုစိုက်ပေးပါ မမရယ်"

"စိတ်ချ ဘိုဘို၊ ဒီအတွက်ကတော့ ဘိုဘို့မေမေကို မမရဲ့ မိခင်အရင်းတစ်ယောက်လို သဘောထားပြီး စောင့်ရှောက်မှာပါကွယ်၊ ဘိုဘိုသွားမယ့်နေ့ကို အတိအကျပြောနော်၊ ငါးပိကြော်တို့ ငါးခြောက်ထောင်းကြော်တို့၊ ပုစွန်ခြောက်ကြော်တို့ မမအားလုံး လုပ်ပေးလိုက်မယ်"

"ဟာ ... မမ ဘာမှမလုပ်နဲ့၊ မမပင်ပန်းတယ်၊ ကျွန်တော်က ကြိုရာစားတဲ့လူ ဘာမှယူမသွားတော့ဘူး"

"ကိုယ့်အစ်မက စေတနာနဲ့ လုပ်ပေးမယ့်ဟာပါကွယ်၊ ယူသွားပါ၊ မမလုပ်ပေးမှာပေါ့၊ ဘိုဘို မမသမီးကျောင်းကြိုဖို့ နောက်ကျနေပြီ၊ အဝတ်အစားလဲရဦးမှာ"

"ဟုတ်ကဲ့ မမ၊ ဒါဖြင့် ကျွန်တော် သွားတော့မယ်နော် သမီးလာရင် ဆက်ဆက်ကျွေးလိုက်နော် မမ"





"စိတ်ချ"

ဘိုဘို ပြန်သွားသည်နှင့် မို့လည်း အိမ်နေ အဝတ်အစားလဲရန် အိမ်ထဲသို့ ဝင်လာခဲ့လိုက်၏။ အဝတ်အစား ကပျာကယာလဲပြီး သမီးကျောင်းသို့ မို့ကားဖြင့် မောင်း၍ ထွက်လာခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"လှလိုက်တာ ဘောဘီရယ်၊ ဘောဘီ ဒီနေ့ အရမ်းလှမယ်ဆိုတာ ကိုယ် သိတယ်၊ ဒါကြောင့် ဒီမှာကြည့်စမ်း ကိုယ် ဘာယူလာသလဲ ဆိုတာ"

"လုပ်ပြီ ထိုက်ကတော့"

"အမှတ်တရပါ ဘောဘီရယ်၊ မနက်ဖြန်ညနေဆို ဘောဘီ မြန်မာပြည်မှာ ရှိမှာမဟုတ်တော့ဘူးနော်"

"ထိုက်ကလဲကွယ် ခဏပါ၊ ဘောဘီလာခဲ့ဦးမှာပေါ့"

"ကိုယ်လဲ လကုန်ရက်ထဲမှာတော့ ရောက်ဖြစ်မယ် ထင်တယ်"

"လာပေါ့ ထိုက်ရဲ့၊ သားမိုးယံနဲ့ တွေ့ရတာပေါ့"

"တွေ့ပြီးလို့ ကိုယ်က ဘောဘီ့သားကို ချစ်သွားရင်ရော"

"ချစ်ပေါ့၊ ချစ်လို့ရတဲ့ဥစ္စာ၊ ထိုက်သမီးကိုရော ထိုက်မချစ်ဘူးလား၊ ဘောဘီနဲ့လဲ တွေ့ခွင့်မရလိုက်ဘူးနော်"





"သမီးက ဝတုတ်လေး အစားပုတ်တယ်၊ အဆော့မက်တယ်၊ စာဆို သိပ်မလုပ်ချင်ဘူး၊ ကိုယ်နဲ့ တော်တော်လေး အနေစိမ်းတယ်၊ အင်းပေါ့လေ ဒါကလဲ ကိုယ်ကိုယ်တိုင်က သူစိမ်းဆန်ဆန် ဒီလိုပဲ နေခဲ့တာကိုး၊ သမီးကလဲ ကိုယ့်ကို ဖခင်ရယ်လို့ သိပ်မခင်တွယ်ဘူး၊ ပြောရင် ဘယ်သူမှ ယုံမှာတောင် မဟုတ်ဘူး၊ ကိုယ့်ဘဝက အထီးကျန် သိပ်ဆန်လွန်းပါတယ် ဘောဘီရယ်"

"မှီသန့်ဇင်ကရော ထိုက်ကို"

"မသိဘူး၊ မပြောတတ်ဘူး၊ သူ့စိတ်ထဲနဲ့ သူ့ရင်ထဲမှာ သူ့သမီးတစ်ယောက်ပဲ ရှိတယ်လို့ ကိုယ်ထင်တယ်၊ ကိုယ်ကပဲ စိမ်းစိမ်းကားကားနေလို့လား၊ ခနီးတစ်ယောက်အပေါ်မှာလဲ အရောတဝင်နဲ့ ဂရုတစိုက်ကြင်နာမှုတွေ မပြလို့ဘဲလားတော့ မသိဘူး၊ မှီသန့်ဇင်က တော်တော့်ကို အေးစက်လွန်းတယ်၊ ကိုယ့်ကမှ စမပေးရင် ဘာတစ်ခုမှ တောင်းဆိုတဲ့မိန်းမတစ်ယောက် မဟုတ်ဘူး၊ ကိုယ်တို့အိမ်ထောင်သက်ဆယ်နှစ်အတွင်းမှာ မှီသန့်ဇင်ဆီက တောင်းဆိုတာ ဘာတစ်ခုမှ မတွေ့ခဲ့ရဘူး။ ဥပမာ အင်္ကျီတစ်ထည်ဝယ်ပေးဖို့မပြောနဲ့ ဘာစားချင်လို့တောင်မှ သူမပြောခဲ့ဖူးဘူး"

"ဟုတ်လား ထိုက်ရယ်၊ အံ့သြစရာနော်"

"ကိုယ် ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘယ်အချိန် အိမ်ပြန်လာလာ သူ့နှုတ်က တစ်ခွန်းမမေးဘူး၊ မဝေဖန်ဘူး၊ လုပ်စရာရှိတာ သူ့ဘက်က တာဝန်ကျေအောင် အကုန်လုပ်ပေးတယ်၊ ပြီးတော့ ကိုယ်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးထူးခြားချက်က နှုတ်ထိ တစ်ခါမှ ရန်မဖြစ်ခဲ့ဖူးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုးမိုင်ဂေါ့(တ်)"

"ဟုတ်တယ် ဘေဘီရဲ့၊ သိပ်အံ့ဩစရာကောင်းတာ၊ ကိုယ်ကလဲ သူ့ကို ဒေါသနဲ့ ဘာမှ မပြောခဲ့ဖူးဘူး၊ ပြောစရာလဲ မလိုအပ်ဘူးလို့ ကိုယ်ထင်လို့ပါ။ ကိုယ့်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက ဒီလိုနဲ့ပဲ အဆုံးသတ်သွားကြမှာပဲလေ၊ ကိုယ့်ခံစားချက်တွေ သူခံစားလို့မရဘူး၊ ကိုယ့်သဘောထားကို သူနားလည်အောင် မကြိုးစားဘူး။ ကိုယ်ဥပေက္ခာပြုလေ သူက လှည့်မကြည့်လေ၊ ကိုယ်က ဂရုမစိုက်လေ သူက မသိချင်ယောင်ဆောင်လိုက်တဲ့သူမျိုး၊ အင်း ဒါပေမယ့် ကိုယ့်ဇနီးနဲ့ သမီးအတွက်တော့ ကိုယ့်ဘက်က တာဝန်ကျေအောင် ကိုယ်လုပ်ပေးတယ်"

ဘေဘီက စိတ်ဝင်စားစွာ နားထောင်နေသည်။

"မိုသန့်ဇင်ကို ကားမောင်းသင်ပေးခဲ့တယ်၊ သူကားမောင်းတတ်ကတည်းက ကားတစ်စီး ကိုယ်ဝယ်ပေးလိုက်တယ်၊ သမီးကျောင်းပို့ကျောင်းကြိုနဲ့ အိမ်တွင်း လိုအပ်သမျှ ဟာဟီရအားလုံး သူပဲ တာဝန်ယူ စီစဉ်တယ်၊ အိမ်ကိစ္စနဲ့ ပတ်သက်သရွေ့ သူကြိုက်သရွေ့ သုံးလို့ရအောင် တစ်လကို တစ်သိန်းခွဲ ကိုယ်ပေးခဲ့တယ်၊ ပိုတဲ့ပိုက်ဆံ သူ့စိတ်ကြိုက်သုံးခွင့် ကိုယ်ပေးခဲ့တယ်"

"တစ်သိန်းခွဲ"

ဘေဘီ့ကိုယ်ခန္ဓာသည် ဆတ်ခနဲ ဖြစ်သွားတာကို သူ ရိပ်ခနဲ မြင်လိုက်သည်။

"များလို့လား ဘေဘီ"





"များတာပေါ့ ထိုက်ရဲ့၊ ငွေတစ်သိန်းခွဲဆိုဘာ နည်းတဲ့ငွေမှ မဟုတ်တာ၊ အလွန်ဆုံး ခြောက်သောင်း၊ ခုနစ်သောင်းပေးရင် တော်ရောပေါ့"

"ဘာလဲ ဘေဘီက နှမြောနေတာလား"

"အင်းပေါ့၊ ကိုယ်ရှာရတာ ပင်ပန်းတာကိုး ထိုက်ရဲ့၊ မိန်းမတစ်ယောက်ကို အဲဒီလောက်ငွေတွေ အများကြီးပေးစရာမလိုဘူး ထိုက်၊ ပြီးတော့ ထိုက်တို့က အတူတူလဲ နေကြတာ မဟုတ်တော့ အိမ်တွင်းမှာ မကုန်တဲ့ ပိုက်ဆံတွေ အပြင်မှာ ဖြုန်းပစ် သုံးပစ်လိုက်ရင်ရော ထိုက် တွေ့ရတာမှတ်လို့"

"မိုသန့်ဇင်က ရိုးသားပါတယ်"

"သွားစမ်းပါ၊ လောကမှာ လူရိုးဆိုတာ ဘယ်မှာရှိတာမှတ်လို့၊ ယုံမနေနဲ့၊ ရှာတော့ ထိုက်က ဖတ်ဖတ်မောပြီး ရှာရတာ၊ သုံးတဲ့လူက ရင်ကော့ပြီး အခန့်သားသုံးရုံပဲ။ ထိုက်အခုလို ပေးပေးနေပြီး တစ်နေ့မပေးနိုင်တော့ ဘယ်လိုလုပ်မလဲ။ ထိုက်ဇနီးက ကြည့်တော့ ရိုးပုံရိုးအလေးပါ။ ဒါပေမယ့် လောကမှာ မယုံကြည်ရဆုံးလူတွေထဲမှာ မိန်းမတွေက နံပါတ်တစ် ထိုက်ရဲ့"

"ဘေဘီ့ကိုရော ထိုက် မယုံရတော့ဘူးပေါ့"

"အင်း၊ ယုံသင့်သလောက်ပဲယုံ၊ သိပ်မများစေနဲ့ပေါ့၊ အန္တရာယ်များလို့"

"ဘေဘီရယ် ကိုယ့်ဘဝမှာ ကိုယ့်လောက် သံယောဇဉ်ထားတဲ့သူမျိုး ရှိမယ်တောင် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မင်္ဂလာမောင်နဲ့ ဝင်လာတော့မယ် ထိုက်၊ ကြေညာနေပြီ၊ နောက်မှ စကားဆက်ကြတာပေါ့နော်"

ဘောဘီဘက်က စကားစဖြတ်လိုက်မှ ဦးထိုက်တန်စကားစက ပြတ်တောက်သွားခဲ့သည်။

ဦးထိုက်တန်သည် (sedona) မင်္ဂလာခန်းမတွင်းသို့ ဝင်လာသည့် မင်္ဂလာမောင်နှံကို စိတ်မဝင်စားနိုင်ပါ။

လှည့်ပင်မကြည့်ခဲ့ပါ။

ဦးထိုက်တန်၏ ရှေ့တည့်တည့်မှာ ထိုင်နေသော ဆွစ်ဇာလန်က အဖြူရောင်ဝမ်းဆက်ကို သတို့သမီးအလှနှင့် ပြိုင်၍ရသည်အထိ ယှနေသည့် ဘောဘီကို ငေးကြည့်နေမိသည်။ ဟိုတုန်းက ထိုက်ရဲ့ဘောဘီသည် ယခုအချိန်အထိ အလှမပျက်သေးဘဲ လှနေတာကို တွေးမိပြီး သက်ပြင်းမောတွေသာ အကြိမ်ကြိမ်ချနေမိသည်။

ပြီးတော့ ဘောဘီနှင့် မမျှော်လင့်ဘဲ ခွဲခွာရဦးမည့်အဖြစ်ကလည်း ဦးထိုက်တန်၏ ရင်ထဲဟှာ တသသဖြင့် ရင်နင့်စွာ ကျန်ရစ်ခဲ့ရဦးမည်။

ထိုအချိန် သည်အရွယ်ကြီးတွေရောက်နေမှတော့ ထိုစိတ်မျိုးတွေလည်း မရှိချင်တော့ပါ။ သို့ပေမယ့် ရင်တွင်းမှ လက်ကျန်သံယောဇဉ်တွေကို ဖြတ်တောက်ပစ်နိုင်သည့် ဆေးစွမ်းကောင်းတစ်လက်၊ လက်နက်ကောင်းတစ်ခု၊ ဦးထိုက်တန်မှာ မရှိနိုင်တော့ပါ။

"ထိုက် စားတော့လေ၊ ဘောဘီ juice ပဲ သောက်တော့မယ်"

ဘောဘီအသိပေးတာတောင်မှ ဦးထိုက်တန်သည် စားပွဲရှေ့သို့ ရောက်နေသည့် ထောပတ်ထမင်းကို စားရန် မေ့လျော့နေခဲ့သည်။





"စားလေ ထိုက်ရဲ့"

"နေပါစေတော့ ဘောဘီ၊ ကိုယ် မစားချင်တော့ဘူး"

"ဟင် ... ဘာလို့"

"ကိုယ့်ကို ခွဲပြီး ဘောဘီပြန်တော့မှာမဟုတ်လား"

"ထိုက်ရယ်"

နှစ်ဦးစလုံး၏ ရင်တွင်းမှ ခံစားချက်တွေကို မိမိတို့ကိုယ်တိုင်ပဲ သိနေကြသည်။

ဒါကြောင့်လည်း မျက်လုံးများဖြင့်သာ စကားလုံးပေါင်းများစွာကို အဓိပ္ပာယ်ရှိစွာ ပြောနေမိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မေမေ့ဆံပင်တွေ နမ်းပြီးတာနဲ့ မီးမီးအိပ်တော့မယ်နော်"

"ဘုရားရှိခိုးဦးလေ သမီးရဲ့"

"ဟုတ် ... ခဏလေးပဲ ရှိခိုးမယ်နော် မေမေ၊ ရလား"

"ရပါတယ်ရှင်၊ ပြီးရင် သမီးဖေဖေကို ကန်တော့ဦးနော်"

"ဟင့်အင်း"

"ကွယ် သမီးကလဲ"

"ဒီနားကပဲ ကန်တော့လိုက်မယ်၊ သူ့နားမသွားချင်ဘူး၊ အရက်တွေသောက်နေတော့"

"သောက်ပါစေပေါ့ သမီးရယ်၊ သူကြိုက်လို့သူသောက်တာပဲ၊ သူ့အရက်က မေမေတို့ကိုမှ ဒုက္ခမပေးတာ၊ ညတိုင်း သမီးဖေဖေနဲ့ မေမေကို ကန်တော့ပြီး အိပ်တတ်တဲ့အကျင့်ဖြစ်အောင် မေမေက လုပ်ပေးထားတာ"





"ဖေဖေ့နေရာမှာ ဖေဖေ့အစား ဦးဘိုကို ကန်တော့မယ် ရလား မေမေ"

"အို ... သမီး မဟုတ်တာ"

"ရပါတယ်... ဘာလို့မရရမှာလဲ၊ မေမေကလဲ၊ ဖေဖေကမီးမီးကိုမှမချစ်တော့ ဘာမုန့်မှလဲဝယ်မကျွေးဘူး၊ တစ်ခါမှလဲမချီဘူး။ မီးမီးပါးကို နမ်းဖို့များတော့ ဝေးဝေးပဲ၊ သိလား ဦးဘိုကဆို မီးမီးအတွက် အကုန်လုပ်ပေးတာ၊ မီးမီးကိုချီတယ်၊ မီးမီးလိုချင်တဲ့မုန့်တွေလဲ ဝယ်ကျွေးတယ်၊ မီးမီးကစားဖို့ ရုပ်ရုပ်တွေလဲ အများကြီးဝယ်ပေးတယ်၊ မီးမီးပါးကိုလဲ မေမေ့လိုပဲ နမ်းတယ်၊ အဲဒီတော့ ဖေဖေကိုမကန်တော့ဘူး၊ ဦးဘိုကိုပဲ ကန်တော့မယ်"

"သမီးရယ်"

သမီးလေး၏အပြောနှင့် လုပ်ရပ်ကြောင့် မို့ရင်ထဲမှာ တကယ်ပင် စိတ်ထိခိုက်နှမ်းနယ်သွားခဲ့ရသည်။

သမီးက ကလေးအရွယ်ဆိုတော့ ဘာမှနားမလည်နိုင်သေးပါ။

သူ့အရွယ် သူ့အသိလေးနှင့် သူပြောချင်ရာပြောပြီး ကျေနပ်သွားပုံရသည်။

သိပ်မကြာပါ.... ခဏနေတော့ မို့ကို ဖက်ပြီး အိပ်ပျော်သွားရှာသည်။

မို့ကိုယ်တိုင်ကလည်း သမီးနှင့်ဖခင်ဖြစ်သည့် ဦးထိုက်တန်ကို အရင်းတနှီးနေစေချင်သည့်ဆန္ဒက အမြဲလိုလိုရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးထိုက်တန်ကိုယ်တိုင်က မှိုတို့သားအမိနှင့် စိမ်းစိမ်းကားကားနေတတ်သူဆိုတော့လည်း ဒါတွေအားလုံးဟာ ဦးထိုက်တန်ရဲ့ ရက်စက်တတ်သည့် အတ္တတွေပါပဲဟု မှိ စွပ်စွဲပြောဆိုလိုက်ချင်ပါသည်။

သို့သော်... မှီးကိုယ်တိုင်က ယခုချိန်ထိ ဦးထိုက်တန်ဘက်မှ စမလာလျှင် ဘာမှ မလုပ်တတ်အောင် နေတတ်သူပီပီ ဦးထိုက်တန် ထားခဲ့သည့် ဘဝထဲမှာ စုံးစုံးနှစ်မြုပ်အောင် နေခဲ့လိုက်တော့သည်။

"မှို့သ ... ဇင်"

"ဟင်..."

ရုပ်တရက် ဦးထိုက်တန်၏ အော်သံအကျယ်ကြီးကိုကြားလိုက်ရသောကြောင့် သမီးကိုယ်ပေါ်သို့ စောင်တစ်ထည် ခြုံပေးလိုက်ပြီး အပြင်သို့ထွက်လာခဲ့သည်။

"ဟင်... ဦးထိုက်တန်... "

မှိုပြေးသွားလိုက်ရသည်။

မြင်ကွင်းက လုံးဝမလှပ။

ဦးထိုက်တန်သည် သည်ညမှာ အရက်တွေ ဘယ်လောက်အထိ သောက်လိုက်သည်မသိပါ။

စားပွဲပေါ်တင်ထားသည့် အရက်နှစ်ပုလင်းလုံးလည်း ကုန်နေသလို အရက်ခွက်တွေပါ အောက်သို့လွင့်ကျနေသည်။

လူလည်း အရက်ရှိန်ကြောင့် မဟန်နိုင်တော့ဘဲ ကုလားထိုင်ပေါ်မှ ယိုင်ထိုး၍ ပြုတ်ကျကာ ကြမ်းပြင်ပေါ်မှ လွင့်လျက်သား ဖြစ်နေတော့သည်။





မှိ ဘာလုပ်ရမှန်းမသိဖြစ်သည့်အချိန်မှာ ဦးထိုက်တန်က မှို့ကို ခေါ်နိုင်သရွေ့ အားယူ၍ခေါ်လိုက်ပြီး ဝေါခနဲ ထိုးအန်ချလိုက်တော့သည်။

မှို့လက်တွေပေါ်မှာရော၊ မှို့ထဘီမှာပါ အန်ဖတ်တွေပေကျံနံစော်ကုန်တော့၏။

"ဦးထိုက်တန် လာ ... လာ၊ မှိ တွဲမယ် အခန်းထဲ ဝင်လိုက်တော့နော်"

မှိသည် ဦးထိုက်တန်၏ ကိုယ်ကြီးကို မနိုင့်တနိုင်ဆွဲမလိုက်သည်။

မှို့ခန္ဓာကိုယ်က တစ်ချက်ယိုင်ထိုးသွားသည်။

ယိုင်ထိုးယိုင်ကားနှင့်ပင် ဦးထိုက်တန်၏ကိုယ်ကြီးကို အတင်းအားယူဆွဲပြီး အခန်းထဲ့သို့ ဆွဲခေါ်လာခဲ့လိုက်သည်။

အခန်းထဲရောက်တော့ ဦးထိုက်တန် ဘာမှမသိတော့။

အရက်ရှိန်ကြောင့် ဘာအသိတရားမှ မရှိသည့်လူတစ်ယောက်လို အသိတရားကင်းမဲ့နေတော့သည်။

အဲဒီထဲမှာ မှိသည် အန်ဖတ်ကြောင့် ပေကျံနေသည့် ဦးထိုက်တန်၏ အင်္ကျီနှင့် ဘောင်းဘီအရှည်ကို လဲပေးခဲ့သည်။

ဦးထိုက်တန်က ဘာမှသိပုံမရ။

သို့သော် ... သူ့နှုတ်ခမ်းမှ စူးစူးဝါးဝါး ထွက်လာသည့် အမည်တစ်ခုကိုတော့ ပီသစွာ မှိကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘေ ... ဘီ... ဘေ... ဘီ ကိုယ်တို့ခွဲရပြန်ပြီ၊ ဘေဘီ ကိုယ့်ကိုမခွဲပါနဲ့၊ ကိုယ်ကိုမထားခဲ့ပါနဲ့"

"ဟင်"

မှိုဦးခေါင်းတစ်ခုလုံး ကြေမွသွားသလို ခံစားလိုက်ရသည်။

နှလုံးခုန်သံသည်လည်း ပေါက်ကွဲထွက်တော့မလား၊ ကျယ်လောင်မြန်ဆန်လာတော့သည်။

ဘုရား... ဘုရား...

ဦးထိုက်တန်နဲ့ ဒေါ်ဘေဘီထွင်း။

ဒေါ်ဘေဘီထွင်းနဲ့ ဦးထိုက်တန်။

မှို့ရင်ထဲမှာ ထိုနာမည်နှစ်ခုကိုသာ အပြန်ပြန်အလှန်လှန် ရေရွတ်နေရင်းက မှို့သွေးတွေက ပွက်ပွက်ဆူလာသလို ခံစားနေရသည်။

ဦးထိုက်တန်နှင့် ပတ်သက်ပြီး တစ်သက်လုံးက မှိုမဖြစ်ခဲ့ဖူးသော ဒေါသသည် ယခုတော့ မှိုဖြစ်ခဲ့ပြီ။

ဒါကြောင့် မှို တက်တစ်ချက်ကို ပြင်းပြင်းခေါက်လိုက်မိသည်။

"တောက်"

* * *





## အခန်း (၁၂)

"မမ... မမရေ... မမရေ... "

မမအိမ်သို့... ဘိုဘိုရောက်သွားပြီး အိမ်ပေါက်ဝတွင် ရပ်လျက် တကြော်ကြော်အော်ခေါ်မိသည်။

အခုလေးတင်ပဲ မမခင်ပွန်း ဦးထိုက်တန်၏ ကားထွက်သွားတာကို ဘိုဘိုတွေ့လိုက်ရ၍ ဝင်ခဲ့ခြင်းဖြစ်သည်။

သို့သော်... မမက အိမ်အဝင်ဝတံခါးကို သော့ခတ်၍ ပိတ်ထား၍ ဘိုဘို အော်ခေါ်မိသည်။

"မမရေ ဘိုဘို လာတယ်၊ တံခါးဖွင့်ပါဦး"

ဘိုဘိုက ဘဲလ်(တီး)ပြီး အော်ခေါ်လိုက်သောကြောင့် အထဲမှ မမက အပြေးအလွှားထွက်လာသည်။

"ကိစ္စရှိလို့လား ဘိုဘို၊ မမ ဟင်းချက်နေလို့"

မမမျက်နှာက အနည်းငယ်တည်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုကို တံခါးမဖွင့်ပေးသောကြောင့်လည်း ဘိုဘိုရှက်သွားမိ၏။

သို့သော် မမ၏တည်ကြည်သော ဂုဏ်သိက္ခာကို ဘိုဘိုက လေးစားမြတ်နိုးသူဖြစ်သည်။

မမကို ဘိုဘိုနှင့် ပတ်သက်ပြီး ဘယ်လိုအကြောင်းမျိုးနှင့်မှ စိတ်မဆင်းရဲစေချင်ပါ။

"တံခါးမဖွင့်ပေးတော့ဘူးလား မမရယ်၊ ခဏပါ၊ ပြောစရာရှိလို့"

"ကဲ ... ဒါဖြင့်လဲ ဝင်"

မမအသံက စိတ်မရှည်သောအသံ။

ပြီးတော့ မမမျက်နှာလည်း မကောင်းပါ။

ဦးထိုက်တန်နှင့် တစ်ခုခုတော့ဖြစ်ပြီဆိုတာ ဘိုဘို သဘောပေါက်လိုက်သည်။

"နေကောင်းရဲ့လား မမရယ်"

ဘိုဘိုက အထဲလှမ်းဝင်ပြီး မမမျက်နှာကို လှည့်၍ ကြည့်ကာမေးလိုက်၏။

"ဘိုဘို ဘာပြောချင်လို့လဲ အရင်ပြောလေ၊ မမဟင်းတွေတန်းလန်းကြီး"

"ဟင်းတူးနံ့တောင် ရနေပြီ၊ နေဦး ဘိုဘို ခဏ ... ခဏ"

"မမ ကျွန်တော် ဝင်လာခဲ့မယ်နော်"

မှီက ဆိတ်သားဟင်းအိုးတူးနံ့ရသောကြောင့် အိမ်ထဲသို့ပြေးအဝင်မှာ ဘိုဘိုက နောက်က ပြေးလိုက်လာသည်။





ထိုအဖြစ်ကတော့ မှီ့အတွက် ရိုးနေပြီဖြစ်သော်လည်း ထိုကဲ့သို့ တစ်အိမ်တည်းမှာ အိမ်ထောင်သည်မိန်းမတစ်ယောက်နှင့် သူစိမ်းယောကျ်ားပျိုတစ်ယောက်နှင့် နှစ်ယောက်တည်း မနေသင့်တော့တာအမှန်ပါ။

မှီသည် ဘိုဘို့အပေါ်မှာ တကယ့်မောင်လေးအရင်းအချာကဲ့သို့ ခင်တွယ်သံယောဇဉ်ဖြစ်ရသူ ဖြစ်သလို ဘိုဘို့ဘက်ကလည်း မှီ့အပေါ်မှာ ရိုးသားသည်ဟု မှီ ထင်သည်။

ထိုသို့ တွေးလိုက်ရလျှင် မှီ့စိတ်တွေက ပေါ့သွား၏။

"ဟင်းတူးသွားလား မမ"

"အင်း ... နည်းနည်းပါ၊ ဦးထိုက်တန်က ဆိတ်သားနှပ်ကြိုက်တယ် ဘိုဘို၊ တစ်ပတ် သုံးခါလောက်တော့ မမချက်ပေးရတယ်၊ သမီးကတော့ လုံးဝကျွေးလို့ မရဘူး၊ ကြိုက်လဲမကြိုက်ဘူး"

"မမဟင်းက မွှေးအီနေတာပဲ၊ ကျွန်တော်တောင် ဗိုက်ဆာလာပြီ"

"ခဏနေ ရပြီ ဘိုဘိုရဲ့၊ စားချင်စားလေ၊ မမကျွေးပါတယ်၊ အန်တီသီရိအတွက်လဲ ဟင်းထည့်ပေးလိုက်ဦးမယ်"

"မမက သိပ်စေတနာကောင်းတာပဲ၊ ဒါကြောင့် မေမေကနေ့တိုင်း မမချက်တဲ့ဟင်း မစားရရင် မနေနိုင်ဘူး ဖြစ်နေတာ"

"ကျွေးပါတယ် ဘိုဘိုရယ်၊ ကိုယ့်မိဘအရွယ်ကို ကျွေးရတာမအတွက် နည်းတဲ့ကုသိုလ်မှ မဟုတ်ပဲ၊ ဒါနဲ့ ဘိုဘိုရော သွားဖို့ပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအကြောင်းကို ပြောတောင်မပြောချင်ပါဘူး မမရာ"

"ဘာဖြစ်လို့"

"အခုမှ မသွားချင်တော့တဲ့စိတ်ကြီးက ဖြစ်ဖြစ်နေလို့"

"ဟယ် ... ဒီကောင်လေးကလဲ ကိုယ့်အလုပ်တော့ ကိုယ် လုပ်ရမှာပေါ့"

"မမ ... ပေး၊ ကျွန်တော် ဝိုင်းခွာပေးမယ်၊ ဒီအာလူးက ဆော ဆိတ်သားနှပ်ထဲထည့်မလို့လား"

"မဟုတ်ဘူး၊ သမီးအတွက် အာလူးထောင်းကြော်လုပ်ပေး မလို့"

"ကျွန်တော် လုပ်ပေးရမလား မမ၊ ကျွန်တော်ချက်တာ မ တစ်ခါလောက် စားကြည့်လေ"

"နေပါစေ ဘိုဘိုရယ်၊ မဟုတ်တာ မမပဲ ချက်ပါ့မယ်၊ ဘို ခွာပေးချင်ရင်တော့ ခွာပေးလေ၊ ပျင်းနေတယ်မို့လား၊ ဒီအာလူး ခွာရင်း ဘိုဘို ပြောစရာရှိတာပြော၊ မမ အဝတ်လျှော်ထားလို့ လျှော် စက်ကရပ်နေပြီ၊ မီးလုတ်သွားပိတ်လိုက်ဦးမယ်"

ဘိုဘိုက မမထိုင်သည့် ခွေးခြေကုလားထိုင်အပုလေးမှာ ထိုင် ရင်း အာလူးတွေ ဝိုင်းခွာပေးသည်။

မမကို တစ်ချက် ဘိုဘို လှမ်းအကြည့်မှာ အိမ်ထောင်သည် မိန်းမတစ်ယောက်ပီသလှသော မမ၏ လှုပ်ရှားမှုတွေကို တွေ့ရသည်။

မမတစ်ယောက်တည်း အိမ်အလုပ်တွေနှင့် ရှုပ်နေသည်။

တစ်ချက်မှ အားရတယ်မရှိ။





မမသည် အိမ်ဖော်လည်း လုံးဝမထားဘဲ တစ်ယောက်တည်း တစ်နေ့လုံး သိမ်းကျုံးချက်ပြုတ်သူ။

မမကို ကြည့်လျှင် အိမ်အလုပ်တွေနှင့်သာ အချိန်ပြည့် ရှုပ် နေသူဖြစ်သည်။

"ဘာပြော့မလို့လဲ ဘိုဘို၊ ပြောဆို"

"မမ ဒီလောက်ဆို ဖြစ်လား၊ ဖြစ်ရင်ဆက်ခွာပေးမယ်"

မိုက ဘိုဘို လှမ်းပြသည့် အာလူးကို ဟင်းအိုးမွှေနေရာမှ လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ရပြီ ဘိုဘို အဆင်ပြေတယ်"

"အိုကေ ... ကျွန်တော် ဆက်ခွာပေးမယ်၊ ပြီးရင် မမ ရေ ချိုးတော့မှာမဟုတ်လား"

"ရေချိုးပြီးနေပြီ"

"ဒါဆို အတော်ပဲ ဟင်းချက်ပြီးရင် ကျွန်တော်နဲ့ မမ မြို့ထဲ ခဏသွားရအောင်နော်"

"ဟင် ... ဘာလို့"

"မမ၊ သန်ဘက်ခါဆို ကျွန်တော် သင်္ဘောထွက်တော့မှာလေ မမရယ်၊ အဲဒါကြောင့် မမနဲ့အတူတူ တစ်ရက်လောက် မုန့်တစ်ခုခု သွားစားချင်လို့၊ မမကြိုက်တာစားလေ၊ ဘိုဘိုလိုက်ကျွေးပါ့မယ်"

"မဟုတ်တာ ဘိုဘိုရယ်၊ မမနဲ့ မင်းနဲ့ ဘယ်တုန်းကမှ အတူ တူသွားခဲ့ဖူးလို့လဲ"

မမစကားကြောင့် ဘိုဘို့မျက်နှာတစ်ပြင်လုံး ရဲတွတ်နီမြန်း သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုရှက်လည်းရှက်သွားသည်။

မမစကားက မှန်နေသော်လည်း ယခုအချိန်မှာတော့ မမ၏ ခွင့်ပြုချက်ကို ဘိုဘိုရမည်ထင်၍ ပြောခြင်းဖြစ်သည်။

ကြည့်စမ်း...

မမဟာ ဘယ်လောက်အထိ သိက္ခာသမာဓိကြီးမားတဲ့သူလဲ ဆိုတာ။

ဘိုဘို ဘယ်လိုခေါ်ခေါ် ရမည်မထင်တော့။

"မှိုသန့်ဇင်"

"ဟင် ... ဦးထိုက်တန်"

"ဟာ ..."

ရုတ်တရက် မီးဖိုချောင်အဝင်ဝမှာ ရပ်၍ မှို့ကို အော်ခေါ်လိုက်သည့် ဦးထိုက်တန်ကို တွေ့လိုက်ရသည်။

ဦးထိုက်တန် ဘယ်လိုလုပ်ပြီး သည်အချိန်ကြီး အိမ်ပြန်လာမှန်း မသိပါ။

ခြံတံခါးဖွင့်ထားလို့ပဲလား...။

အိမ်ဝင်းတံခါးကို ဘိုဘို ပြန်မပိတ်ခဲ့၍လား...။

မှို့ခေါင်းထဲသို့ အတွေးမျိုးစုံဝင်လာကာ မီးဖိုချောင်ထဲမှာ မှိုနှင့်အတူ ဘိုဘိုပါ ရှိနေသောကြောင့် မှို ပို၍ ခေါင်းနားသန်းကြီးသွားခဲ့သည်။

ဦးထိုက်တန် မှို့ကို ဘယ်လိုဆက်ဆံလိုက်လေမလဲ။





ထိုကဲ့သို့သော အဖြစ်မျိုးကို အိမ်ထောင်သက်တစ်ဘဝမှာ တစ်ခါမှ မကြုံခဲ့ရဖူးသေးသောကြောင့် မှို နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ကိုယ့်ဖိုင်တွဲ ကျန်ခဲ့လို့ လာယူတာ မှိုသန့်ဇင်"

"ဟုတ်ကဲ့ မှိုယူပေးရမလား"

"ရတယ် ကိုယ်ယူပြီးဆင်းလာတာ၊ ဘာကြောင့်များ ခြံတံခါးရော အိမ်တံခါးဝပါ ဖွင့်ထားရတာလဲ မှိုသန့်ဇင်၊ ပိတ်ဖို့များ မေ့လျော့သွားလို့လား"

"ဟို ... မဟုတ် ... မဟုတ်ပါဘူး"

"မဟုတ်လဲ အမြဲပိတ်လိုက်ပါ၊ တံခါးတွေ အကုန်ဖွင့်ထားတော့ လုံးဝမကောင်းပါဘူး၊ ညီလေးရော ပြန်မှာလား၊ နေဦးမှာလား"

"ဟင်..."

ဦးထိုက်တန်၏ တည်ငြိမ်အေးဆေးသော မေးခွန်းကို ရုတ်တရက် ဘိုဘို ပြန်မဖြေနိုင်ခဲ့ပါ။

မှိုကိုယ်တိုင်ပင် ဘာပြောရမှန်း မသိတော့။

"ညီလေးလက်ရာတော့ ကိုယ်တစ်ခါလောက် စားဖူးတယ် ရှိအောင် စားဦးမှ၊ ဘယ့်နှယ့်လဲ"

"ဟုတ်ကဲ့၊ ဖြစ်ပါတယ်ဦး"

"ကဲ ... ဖြစ်ရင် ချက်ကွာ၊ ကိုယ် ထိုင်စောင့်မယ်၊ ဒီနေ့က ကိုယ်နဲ့ ညီလေးနဲ့ ပထမဦးဆုံး စကားပြောခွင့်ရတဲ့နေ့၊ တွေ့ဆုံရတဲ့နေ့၊ မှိုသန့်ဇင် ခဏလေး အပြင်ထွက်နေပါလား၊ ဘိုဘိုချက်တာ ကိုယ်စားချင်လို့ ဘိုဘို ချက်ပေးမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



မီသည် ဘိုဘို့ကို အားနာလှသည့် မျက်ဝန်းမျိုးဖြင့်သာ ငေး၍ ကြည့်နေမိသည်။

မီ ဘာမှမတတ်နိုင်ခဲ့ပါ။

ဝင်ပြောလို့လည်း ရမည်မထင်ပါ။

ဦးထိုက်တန်က ပညာတတ်တစ်ယောက်ပီသစွာ ပညာရှိပီပီ ထိုအကွက်ကို တစ်နေ့မှာ ရအောင် ဖန်တီးလိုက်သည်ဆိုတာ မီ သဘောပေါက်သွားခဲ့၏။

ဘယ်တုန်းကမှ မထင်ခဲ့သော အဖြစ်အပျက်တစ်ခုကို ဦးထိုက်တန် ဖန်တီးဖြစ်လိုက်သည်။

ဘိုဘို သနားပါတယ်။

ဦးထိုက်တန် နှိပ်စက်သမျှ ခံရတော့မှာပဲ။

"မီသန့်ဇင် သွားလေ၊ သမီးကျောင်းကြိုဖို့ အချိန်ကပ်နေပြီ၊ သွားကြိုတော့၊ ကိုယ်တော့ ဘိုဘိုနဲ့ လေပစ်လိုက်ဦးမယ်"

ကြည့်စမ်း...။

မီ့ကို အပြတ်နှင်ထုတ်ပြီး ဦးထိုက်တန် ဘာတွေလုပ်ဦးမည် မသိ။

မီ ဘာမှ လှည့်ပြောမနေတော့ဘဲ သူတို့ရှေ့က မီလှည့်ထွက်လာခဲ့သည်။

ဘိုဘိုကတော့ သူ့ကို မမ၏ ယောကျ်ား အပြတ်နွှာပြီဆိုတာ သိလိုက်ပြီ။

ဒီလူကြီး ငါ့ကို ကျောတော့မယ်။





ငါ သတိထားရမယ်။

သူမေးတဲ့စကားတိုင်းကို အလောတကြီး ငါဖြေစရာ မလိုဘူး။

သေသေချာချာ စဉ်းစားတွေးတောပြီးမှ ခေါင်းအေးအေးနဲ့ ဖြေရမယ်။

မီကတော့ ဘိုဘိုနှင့် ဘာတွေဖြစ်နေကြပြီလဲဆိုတာ သိချင်စိတ်က များနေသည်။ တော်ရုံနှင့် မီးဖိုခန်းဝကနေ မခွာနိုင်။

သူတို့နှစ်ယောက် မတွေ့အောင် တံခါးအကွယ်ကနေရပ်၍ ချောင်းကာ အထဲကို လှမ်းကြည့်ရင်း ရင်တထိတ်ထိတ် ဖြစ်နေသည်။

"ကိုယ်တစ်ခုမေးမယ် ဘိုဘို"

"ဟုတ်ကဲ့၊ မေးပါဦး"

"မင်းရဲ့ ရည်ရွယ်ချက် ပြောပါဦး"

"ဗျာ..."

ထိုအမေးသည် ဘိုဘိုအရိုက်တည့်တည့်သို့ လုံးဝဆောင့်ကန်ထည့်လိုက်သည့် မေးခွန်းမျိုး။

ဘိုဘို ရှုက်သွားပြီ။

ဘိုဘိုမှာ ဦးထိုက်တန်ပြောသလို ဘာရည်ရွယ်ချက်မှ မရှိဘူး။

ဘိုဘိုသိတာတစ်ခုပဲ။

မမနှင့် သမီးကို ဘိုဘို သံယောဇဉ်ရှိသည်။ ခင်တွယ်သည်။ မြတ်နိုးသည်။

ဒါပဲ ဘိုဘို နားလည်သည်။

"ကောင်းပြီ၊ မင်းမပြောတတ်လို့ မပြောဘူးလို့ပဲ ကိုယ်ယူဆလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘို့ပါးစပ်က အဟောင်းသား။

"မင်းပြောစရာမရှိဘူးဆိုရင် ကိုယ်စပြောမယ် ဟုတ်လား"

"ကျွန်တော် ပြောစရာတစ်ခုပဲ ရှိပါတယ် ဦး"

"ဟုတ်ပြီ ပြော"

"ကျွန်တော့်ဘက်က လုံးပဖြူစင်တယ်၊ ရိုးသားတယ်၊ ဘာ ရည်ရွယ်ချက်မှမရှိဘူး၊ ရှိစရာလဲ မလိုအပ်ပါဘူး"

ဦးထိုက်တန်က ပခုံးတစ်ချက်တွန့်၍ ပြုံးသည်။

"ထားပါ ... ထားပါ၊ ကိုယ်က ဒီအိမ်မှာ အိမ်ထောင်ဦးစီး တစ်ယောက်၊ အိမ်ထောင်ဦးစီးဆိုတာ ကိုယ့်အိမ်ထောင်တစ်ခုကို ချုပ်ကိုင်ထားနိုင်တဲ့ အရည်အချင်းမျိုး ရှိရတယ်၊ ကိုယ့်အိမ်ထဲ ဝင်ထွက်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့တောင်မှ တစ်ခါမှ စကား ပြောခွင့် မကြုံဘူးဆိုရင် အဲဒီလူဟာ ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲ ကောင်းတော့မယ်။ မဟုတ်ဘူးလား ညီလေး"

ဘိုဘို လုံးဝ ပြန်မပြောတတ်လောက်အောင် ဖြစ်နေသည်။

"ကောင်းပြီ၊ ကိုယ်ဆက်ပြောမယ်၊ မင်းနဲ့သာ ကိုယ်စကား ပြောခွင့်မကြုံလို့ မပြောရသေးတာပဲရှိတယ်၊ မင်း ဘယ်လိုလူစားလဲ ဆိုတာ ကိုယ် သိတယ်။ ကိုယ် နားလည်တယ်၊ မင်းမှာ ဘာရည် ရွယ်ချက်နဲ့ ကိုယ်တို့အိမ်ကို ဝင်ထွက်သွားလာနေရတယ်ဆိုတာလဲ ကိုယ်သိရက်နဲ့ မသိချင်ယောင်ဆောင်နေခဲ့တယ်၊ ကိုယ် နားလည်ရက်နဲ့ ကျောခိုင်းနေခဲ့တယ်၊ အဲဒီတော့ မင်းကို စကားတစ်ခွန်းပဲ ကိုယ် ပြောတော့မယ်"





"နေဦး ခဏ၊ ကျွန်တော် အရင်ပြောပါရစေဦး"

"အိုကေ ... ပြော"

"ကျွန်တော့်မှာ ဘာရည်ရွယ်ချက်မှ မရှိဘူး၊ မမတို့သားအမိ ကို ကျွန်တော်ရဲ့ ဆွေမျိုးသားချင်းတစ်ယောက်လို ခင်တွယ်တာပဲ ရှိတယ်၊ ဒါကြောင့် ကျွန်တော့်ဘက်က ကျွန်တော် လုပ်ပေးခဲ့သမျှ အားလုံးဟာ စေတနာတွေချည်းသက်သက်ပါပဲ"

"ဖျောက်"

ဦးထိုက်တန်က လက်ဖျောက်တစ်ချက်ကို သဘောကျစွာ တီးလိုက်ပြီး မျက်နှာမော့၍ တစ်ချက်ရယ်လိုက်သည်။

"စေတနာတွေ ဟုတ်သလား ညီလေး၊ ကောင်းတာပေါ့ကွာ၊ အဲသလို စေတနာတွေထားတော့၊ ကိုယ့်သမီးကို မင်းကားနဲ့ ကျောင်း ပို့ကျောင်းကြိုလုပ်တာ၊ မင်းအိမ်မှာ နေ့စဉ် စားသောက်လိုက် ဆော့ လိုက်၊ မင်းက စာသင်ပေးလိုက်နဲ့ အဲဒါတွေအားလုံး ကိုယ် မသိ ဘူးလို့ မင်းထင်နေသလား"

"သိတော့ရော၊ ကျွန်တော်က မှန်ကန်ရိုးသားတဲ့သူပဲ၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"ကောင်းပြီ ... ကောင်းပြီ၊ ကိုယ်လဲ စကားတွေ အများ ကြီး မပြောချင်ဘူး ညီလေးရာ၊ ခပ်တိုတိုပဲ ဖြတ်လိုက်ကြပါစို့"

ဘိုဘို့စိတ်ထဲ တော်တော့်ကို ထိခိုက်နေမိသည်။

ဘာကြောင့်များ ဒီနေ့မှ ကံဆိုးမိုးမှောင်ကျပြီး ဦးထိုက်တန် နှင့် လာဆုံနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောတကျတော့မှာမဟုတ်လား၊ အေးအေးဆေးဆေး ဖြောင့်ဖြောင့်တန်းတန်းသွား၊ ကိုယ့်အလုပ်ကို ဆက်လုပ်၊ တခြားဘာမှ နောက်ဆံမတင်းနဲ့ ကိုယ့်ကြောင့် သူတစ်ပါးအိမ်ထောင်ရေးအထိ ခိုက်မခံစေနဲ့၊ အဆုံးအရှုံးတွေ မဖြစ်စေနဲ့၊ ဟုတ်ပြီလား၊ ကဲ ... ကဲ ပြန်တော့ ညီလေး၊ မင်း ပြန်လို့ရပြီ"

ထိုစကားသည် သွေးအေးမှင်သေသောစကားဖြစ်သော်လည်း ဘိုဘို့အတွက်တော့ အလွန်အရှက်ရစေသော စကားဖြစ်သည်။

ဦးထိုက်တန်ပြောသွားသော စကားကို ဘိုဘို တစ်သက်လုံး မေ့လို့ရမှာမဟုတ်တော့။

ဘိုဘို့ရင်ထဲမှာ တစ်သက်လုံး သံမှိုနှင့် ရိုက်နှက်ထားသည့်အလား စွဲမက်နေစေတော့သည့် စကားမျိုး ဖြစ်သည်။

ဘိုဘိုသည် ရှက်ရှက်နှင့် လှည့်ပြန်လာခဲ့ရသောကြောင့် ဦးထိုက်တန်ကိုပင် တစ်လုံးမှ လှည့်မပြောခဲ့တော့။

* * *





## အခန်း (၁၃)

ဘိုဘိုသည် အိမ်ပြန်ရောက်သည်နှင့် ဘိုဘိုကိုယ်တိုင်ပင် ဘာကို ဒေါသထွက်ရမှန်း မည်မည်ရရ စဉ်းစားလို့ မရဘဲ ရုတ်တရက် ဆောက်ကွဲတော့သည်။

စာကြည့်စားပွဲပေါ်က စားပွဲတင်ပန်းအလှအိုးကို လက်ဖြင့် ရိုက်ချလိုက်၊ တွေ့သမျှစားပွဲ၊ ကုလားထိုင်၊ ဧည့်ခန်းအတွင်းရှိ တိုင်ထုံးဘေ့မှန်သမျှ ခြေထောက်ဖြင့် ပြေးပြေးကန်လိုက် လုပ်နေတော့သည်။

"ဟဲ့ ... ဟဲ့ ... သား၊ ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

မေမေက ပြေးပြီး ဘိုဘို့ကို ဆွဲသည်။

မေမေဆွဲလို့မနိုင်။

ဘိုဘိုက တစ်ခွန်းမှ ပြန်မဖြေဘဲ မျက်လုံးထဲ မြင်သမျှအားလုံး အကုန်ဆွဲယူလွှင့်ပစ်လိုက်၊ ခြေဖြင့် ကန်ထည့်လိုက်လုပ်တော့ မေမေက ဒေါ်ကြီးကြွေကို လှမ်းခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြွေ ... မကြွေ မြန်မြန်လာပါဦး၊ ဒီမှာ သားဘာဖြစ်မှန်း မသိဘူး၊ လာဆွဲဦး"

"ဘိုဘို သားသား ဘာဖြစ်လို့လဲသားရယ်၊ မကြွေဆွဲပါဦး"

"တော်တော့ တော်တော့"

ဘိုဘို့ကို မေမေရော၊ ဒေါ်ကြီးကြွေပါ နှစ်ယောက်စလုံး ဝိုင်းဆွဲတော့မှ ဘိုဘို့လက်တွေ၊ ခြေထောက်တွေက ရပ်သွားတော့သည်။

"ဘာဖြစ်လို့လဲ သားရယ်၊ သား ဘာဖြစ်သွားတာလဲ ဟင်၊ ဘုရား ... ဘုရား လက်မှာလဲ သွေးတွေ၊ မကြွေ လုပ်ပါဦး၊ ဆေးယူ ဆေးမြန်မြန်ယူ"

မေမေပြောမှ ဘိုဘို့လက်ခုံပေါ်မှ သွေးတွေ စီးကျလာတာ တွေ့ရသည်။

ဘိုဘိုသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ချလိုက်တော့ သွေးက မထိန်းနိုင်ဘဲ ပို၍ပို၍ ထွက်လာသည်။

ကြမ်းပြင်ပေါ်မှာလည်း ဘိုဘိုပစ်ချကိုင်ပေါက်ထားသည့် ပန်းကန်ပြားပစ္စည်းတွေက ဖရိုဖရဲ ပြန့်ကျဲနေသည်။

ထိုပစ္စည်းတွေ ငုံကြည့်ရင်းက ဘိုဘို့ရင်ထဲမှာ တစ်ခါမှ မဖြစ်ပေါ်ဖူးသေးသည့် ခံစားမှုက ဝုန်းခနဲ ဝင်ရောက်လာခဲ့သည်။

ဒါကြောင့်လည်း ဘိုဘိုသည် မေမေ့ရင်ခွင်ထဲ တိုးဝင်ပြီး အသည်းခိုက်စွာ ငိုကြွေးပစ်လိုက်သည်။

မေမေက ဘိုဘို့အဖြစ်ကို လုံးဝနားလည်လို့မရနိုင်တော့သည့် မျက်ဝန်းမျိုးဖြင့်သာ ငေး၍ ကြည့်နေမိတော့သည်။

* * *





## အခန်း (၁၄)

"မှီသန့်ဇင်"

"ရှင် ... ဦးထိုက်တန်"

"သမီးအိပ်ရင် ကိုယ့်ဆီ ခဏလာပါဦး"

"ဟုတ်ကဲ့"

"ကိုယ့်အတွက် သံပရာရည်အေးအေးလေးတစ်ခွက်လောက် ဖျော်ပေးပါလား"

"ဟုတ်ကဲ့၊ ဖျော်ပေးမယ် ဦးထိုက်တန်၊ အခုလား၊ သမီး အိပ်မှလား"

"နိုး ... အခုမဟုတ်ဘူး၊ သမီးအိပ်မှ၊ မှီသန့်ဇင် ကိုယ့်ဆီလာတဲ့ အချိန်ကျမှ ယူလာလို့ ပြောတာ"

"ဒါဖြင့် မှီ သမီးကို မှီသွားသိပ်လိုက်ဦးမယ်နော်"

"ကောင်းပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အနားမှ မိုထွက်သွားတော့ ဦးထိုက်တန်သည် မို့ကို ပြောရသည့်စကားတွေ အကြောင်းကို တွေးတောစဉ်းစား နေမိသည်။

ဒီနေ့တစ်နေ့လုံးလည်း သူ တော်တော်ပင်ပန်းသွားသည်။

သူ့ဟိုတယ်သို့ စီးပွားရေးလုပ်ငန်းရှင် နိုင်ငံခြားသားဧည့်သည်တွေ ငါးယောက်တောင် ရောက်လာသဖြင့် သူတို့တာဝန်မှန်သမျှအားလုံး တာဝန်ယူ ဆောင်ရွက်ရသည်။

မနက်ဖြန်ဆို သူ လုံးဝ မအားတော့။

တစ်နေ့တည်း အစည်းအဝေးသုံးခု တက်ရမည်။

မို့ကို ဦးထိုက်တန် ပြောပြချင်ခဲ့သည့်ကိစ္စကိုသာ ဦးထိုက်တန် စဉ်းစားနေလိုက်သည်။

ဒီည သူ့အရက်တွေ သောက်တာ များသွားသည်။

သူ့အတွက်တော့လည်း အရက်ဆိုတာ များလည်းမဆန်း။

နည်းလည်းမဆန်း။

အရေးကြီးတာ နေ့စဉ်သောက်ဖို့ပဲ။

ထိုအရက်ကိုပဲ သူ့ရဲ့မိတ်ဆွေရင်းချာလို စွဲလမ်းနေခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ။

မိုသန့်ဇင်နှင့် လက်မထပ်ခင်ကတည်းက၊ သူ့မိဘတွေ ရှိနေကတည်းက သူကျောင်းပြီး၍ စီးပွားရေးထဲ ဖောက်ချလုပ်ကိုင်သည့် အချိန်ကတည်းက နည်းနည်းပါးပါးစသောက်ရင်း စွဲခဲ့တာ ဖြစ်သည်။

ယခုအချိန်မှာတော့ ဖြတ်လို့မရတော့ပါ။





ဒီကြားထဲ စီးကရက်ကပါ တစ်နေ့တစ်ဘူးနီးပါးကုန်အောင် သောက်ဖြစ်သူ။

အခုလည်း စီးကရက်ဘူးထဲကနေ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်ရင်း အတွေးတွေက ဟိုရောက်ဒီရောက်ဖြစ်နေစဉ် သူ့ဟန်းဖုန်းက မမျှော်လင့်ဘဲ မြည်လာသည်။

ဖုန်းခွက်ထဲရှိ မှန်ထဲမှ ပေါ်နေသော နံပါတ်ကို ကြည့်လိုက်ရဖြင့် သူ့စိတ်ထဲ ဘယ်လိုပျော်သွားမှန်းမသိပါ။

ဘောဘီထွန်းဆီက ဖုန်းဖြစ်သည်။

"ဘောဘီ ကိုယ်ပါ၊ နေကောင်းလား၊ ညက ဘောဘီဆီ ကိုယ်လာခေါ်သေးတယ်၊ ဘယ်လိုမှ ခေါ်မရဘူး၊ ဖုန်းပိတ်ထားလို့လား ဘောဘီ" .

သူသည် တစ်ဖက်မှအသံကို လုံးဝနားမထောင်ဘဲ သူပြောချင်ရာကို မိမိသိက္ခာမထိန်းနိုင်အောင်ပင် ပြောချလိုက်သည်။

"မာမီ မဟုတ်ပါဘူး အန်ကယ်(လ်)၊ မာမီ့သား မိုးယံထွန်းပါ"

"ဟင်..."

အဲဒီတော့မှ သူ့အရှက်ရစွာ ငြိမ်သွားသည်။

ဘောဘီ့သားဆိုပါလား။

ဒါဖြင့် ဘောဘီရော။ ဘောဘီကိုယ်တိုင် ဘာကြောင့် မဆက်နိုင်ရတာလဲ။

"ဘောဘီထွန်းရောသား၊ သူဘာဖြစ်လို့..."

"ဟုတ် အခုပဲ ပြောမလို့ပါ အန်ကယ်(လ်)၊ မာမီ ညကတစ်ညလုံး ဝမ်းတွေပျက်လို့ ဆေးရုံပို့လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘောဘီဆေးရုံမှာ အခု ဘယ့်နှယ်နေလဲ၊ သက်သာရဲ့လား သားရယ်၊ ဘာတွေများ သွားစားလို့လဲ၊ စိုးရိမ်ရလား"

"အန်ကယ့်မေးခွန်းတွေကလဲ များလိုက်တာ၊ ကျွန်တော် ဘယ်ကစဖြေရမှာလဲ အန်ကယ်"

ဘောဘီသားအသံက လုံးဝပကတိ တည်ငြိမ်သူ။

အရယ်အမောနှင့် ပျက်ရယ်ပြုသောအသံမျိုး လုံးဝမပါ။

သူရှက်သွားသည်။

ဒါကြောင့် ငြိမ်သက်စွာ နေလိုက်ရင်း မိုးယံထွင်၏ တည်ကြည်လေးနက်လှသည့် အသံကိုသာ ရင်ထိတ်စွာ နားစွင့်လိုက်သည်။

"မာမီဖြစ်တာလဲ Sea food ကြောင့်ပါ အန်ကယ်၊ မနေ့မနက်က မာမ့် Boss နဲ့ ဟိုတယ်မှာ Sea food သွားစားကြတယ်"

"ဟင်..."

သူအံ့သြဖို့မကောင်းပေမယ့်လည်း ထူးထူးခြားခြား အံ့သြရပြန်ပြီ။ အဲဒီ Boss နဲ့ ဘောဘီထွင်တို့ အခြေအနေက ရိုးသားမှုရှိပါတော့မလား။

ဘာတွေလဲ။

ဘာတွေဖြစ်ကုန်ပြီလဲ။

အခြေအနေကရော ဘယ်ကာလအထိ ရောက်နေကြပြီလဲ။

"အစားအသောက်ကြောင့် ဖြစ်ရတယ်ဆိုတော့လဲ ဆေးကုရတာ လွယ်ပါတယ် အန်ကယ်၊ ဆေးရုံလဲ ကောင်းသားပဲ၊ တက်နေတယ်။ ဘာမှ ပူပင်စရာ မရှိပါဘူး အန်ကယ်၊ မာမီက ဒီည





အန်ကယ့်ဆီ ဖုန်းဆက်ရမှာမို့တဲ့ မာမီမဆက်နိုင်လို့ ကျွန်တော့်ကို ဆက်ခိုင်းတာပါ အန်ကယ်၊ အန်ကယ် ဘာများမှာချင်ပါသေးလဲ"

"ရပြီသား၊ သားအခုလို အန်ကယ့်ဆီ ဖုန်းဆက်ပေးတာ ကျေးဇူးတင်တယ်၊ အန်ကယ့်ကို သားမာမီရဲ့ဆေးရုံ ဖုန်းနံပါတ်နဲ့ အခန်းနံပါတ်ပေးပါလားကွာ please"

"ဆောရီးအန်ကယ်၊ မာမီက အန်ကယ်ကို ရိုးရိုးပဲ ဖုန်းဆက်ပြောခိုင်းတာပါ၊ မာမီတက်နေတဲ့ ဆေးရုံဖုန်းနံပါတ်နဲ့ အခန်းနံပါတ်ကို ပေးဖို့ မမှာလိုက်ဘူး အန်ကယ်"

ဟာ ... သေရော။

ဒီစကားက သူ့နဖူးသူရိုက်ချပြီး လဲသေဖို့ကောင်းတဲ့စကား။

ကြည့်စမ်း ... ။

ဘောဘီထွင်ရဲ့သားက စကားပြော ဘယ်လောက်ပြေပြစ်ထိရောက်တယ်ဆိုတာ သူ့မာမီရဲ့စကားကို တစ်သဝေမတိမ်း လိုက်နာတဲ့သားဆိုတာ သူကြည့်ဖို့မလို။ အသံကြားရုံဖြင့် သိသွားပြီ။

ဘောဘီသားက လူတော်တစ်ယောက်ပဲဟု သူကောက်ချက်ချလို့ ရသွားသည်။

"အန်ကယ် ဘာများပြောစရာရှိပါသေးလဲ၊ ကျွန်တော် သွားစရာရှိလို့ ခွင့်ပြုပါဦး"

"မရှိဘူး သား၊ မရှိတော့ပါဘူးကွာ၊ သားမာမီဆေးရုံက ဆင်းရင်သာ ဆင်းတဲ့နေ့ပဲ အန်ကယ့်ဆီ ဖုန်းဆက်ဖို့ ပြောပေးပါ"

"ကောင်းပါပြီ အန်ကယ်"

www.burmeseclassic.com



ဖုန်းချသွားပြီ။

ဖုန်းခွက်ကိုင်ပြီး ဘေဘီ့ကို စိုးရိမ်ပူပန်သွားသည့်စိတ်ကြောင့် မျက်စိမျက်နှာတွေ ပျက်ကာ ငိုင်သွားမိသည်။

"ဦးထိုက်တန် သံပရာရည်ရပါပြီ"

ထိုအချိန်မှာ မှီ ရောက်လာသည်။

မှီသည် သံပရာရည်ခွက် လှမ်းပေးပြီး နာမည်ခေါ်လိုက်တာတောင်မှ ဦးထိုက်တန်က လုံးဝမလှုပ်မယှက်ဖြင့် ပြန်မပြောပါ။

လှမ်းလည်းမယူသောကြောင့် မှီ့စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။

ဦးထိုက်တန် ဘာများဖြစ်နေပါလိမ့်။

တစ်ခုခုပဲ။

"ဦးထိုက်တန် မှီရောက်ပါပြီ"

"ဟင်..."

မှီ့အသံကို မြင့်ပြီး ပြောလိုက်တော့မှ မလှုပ်မယှက် ဖြစ်နေသည့် ဦးထိုက်တန်ကြီးက လှုပ်လာသည်။

"သံပရာရည်ပါ"

"အင်း ... သောက်မယ်"

ဦးထိုက်တန်က ချက်ချင်း မော့၍ သောက်ချလိုက်သည်။

သူ့ရင်တွေ ဘယ်လောက်ပူနေသည်မသိပါ။

ရေခဲရေအေးအေးနှင့် ဖျော်ထားသည့် သံပရာရည်သည် တော်တော့်ကို အေးလွန်းလှသည်။





အအေးကြောက်သည့် ဦးထိုက်တန်က အအေးတောင် ဂရုမစိုက်နိုင်။

တရှိန်ထိုး မော့၍သောက်ချလိုက်သောကြောင့် မှီ အံ့သြစွာ ကြည့်နေခဲ့သည်။

"ရော့ မှီသန့်ဇင်၊ ယူသွားတော့ ကုန်ပြီ"

"ရှင်"

"ကိုယ် စိတ်ပင်ပန်းလို့ အနားယူချင်ပြီ၊ ပြောစရာရှိတာ မနက်မှ ပြောတော့မယ်၊ သွားအိပ်တော့ မှီသန့်ဇင် ဂွတ်နိုက်"

"ဟင်..."

မှီ တစ်ခွန်းမှ ပြန်မပြောနိုင်တော့ပါ။

ဦးထိုက်တန်သည် ချက်ချင်းပင် အိပ်ရာထဲ ထိုးလှဲချလိုက်ပြီး စောင်ခေါင်းမြီးခြုံ၍ အိပ်ချလိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"မီးမီးက သိပ်တော်တာပဲကွာ၊ စာတွေအားလုံး ရသွားပြီ၊ အဲဒီတော့ ဦးဘိုက မီးမီးကို ဆုချတဲ့အနေနဲ့ ချောကလက်တစ်ပြား ပေးမယ် ရော့"

"ဟေး ... ဒါမှ ဦးဘိုကွ"

မီးမီးလေးက ချောကလက်ပြားကြီးကို ကိုင်၍ ထခုန်၍ အော်လိုက်သည်။

ဦးဘိုက မီးမီးကို ပွေ့ချီထားသည်။

ဒီကလေးလေးကို မမနှင့် ပတ်သက်ပြီး ဘယ်လိုသံယောဇဉ် ဖြစ်ရမှန်းမသိပါ။

တစ်နေ့မတွေ့ရလျှင်ဘဲ လုံးဝမနေနိုင်။

ဖြစ်သည့်နည်းနှင့် ရအောင်သွားတွေ့ရ၊ ကြည့်ရ၊ ချီရမှ ဘိုဘိုနေနိုင်သည်။





မီးမီး၏ ဖခင် ဦးထိုက်တန်သာသိလျှင်တော့ ဘာတွေ ဆက်ဖြစ်ဦးမည်မသိ။

ဘိုဘို မတွေးချင်တော့ပါ။

ဒီရက်ပိုင်းမှာကလည်း တကယ်ဆို ဘိုဘို သင်္ဘောတက်ဖို့ ရက်ရောက်နေပြီ။

ကုမ္ပဏီက ဖုန်းလှမ်းဆက်သည်။

ဘိုဘိုတို့တက်ရမည့် သင်္ဘောက ကမ်းမကပ်သောကြောင့် ရှေ့အပတ်ထဲမှ သွားရန် ရက်ရွှေ့လိုက်သည်။

ရက်ရွှေ့လိုက်သည့်သတင်းကိုလည်း မမသိရအောင် ဘိုဘို လှမ်းပြောခဲ့သည်။

မမကတော့ ထုံးစံအတိုင်း ပုံမှန်အေးဆေးစွာ ဆက်ဆံသည်။

ဘိုဘိုနှင့် ပတ်သက်ပြီး မည်သည့်ခံစားမှုမှ ရှိပုံမပေါ်ပါ။

"ဦးဘို မီးမီးတစ်ခုပြောဦးမယ် သိလား"

"ပြောစေဗျာ"

"ဒီမနက်ကျောင်းသွားခါနီး ဖေဖေ မီးမီးကို ခေါ်ပြောတယ်"

"ဘာလဲ မီးမီး"

"ဦးဘိုတို့အိမ်ကို မသွားရတော့ဘူးတဲ့"

"ဟင်..."

"တကယ် မီးမီး မညာဘူး၊ ဖေဖေက မသွားနဲ့ဆိုလဲ မီးမီးက သွားမှာပဲ၊ ဦးဘိုနဲ့လဲ နေ့တိုင်းတွေ့နေမှာပဲ၊ ဦးဘိုက မီးမီး အတွက်ဆို ရုပ်ရုပ်တွေလဲ အများကြီးဝယ်ပေးတယ်၊ စားစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



လဲ တစ်ပုံကြီး ဝယ်ကျွေးတယ်၊ ပြီးတော့ အဝတ်အစားလှလှလေး တွေလဲ ဦးဘိုဝယ်ပေးတာပဲ၊ မီးမီးကျောင်းကို ဦးဘိုလိုက်ပို့ပေးတယ်၊ ပြန်ကြိုပေးတယ်၊ အဲဒီလိုမျိုး ဖေဖေက ဘယ်နှစ်ခါလုပ်ပေးဖူးလို့လဲ၊ သူဖြင့် လုပ်မပေးဖူးဘဲနဲ့ လုပ်ပေးတဲ့လူနဲ့ မပေါင်းရဘူးဆိုတော့ ဖေဖေ သိပ်လွန်တယ်၊ လုံးဝမတရားဘူး၊ သိလား ဦးဘို"

"မီးမီးရယ်"

အလွန် ချစ်စရာကောင်းလွန်းလှသည့် မီးမီးက သူ့ဖခင်ကို မကျေနပ်ကြောင်း ပြောနေသည်။ တကယ့်လူကြီးတစ်ယောက်လို ပြောနေသည်။

ကလေးမှာလည်း ကလေးပီပီ သူ့ခံစားချက်နဲ့သူ ရှိတာပါပဲ။

သူသာ ယခုနေမှာ ဦးဘို သင်္ဘောတက်တော့မယ်လို့ ပြောလိုက်ရင် မီးမီးလေး ဘယ်လောက်ဝမ်းနည်းသွားရှာမလဲ။

အရွယ်နှင့်မမျှတတဲ့ ခံစားမှုကို မီးမီးလေးခမျာ ခံစားရတော့မယ် မီးမီးရယ်။

ရှေ့အပတ်ဆို ဦးဘိုနဲ့ မီးမီးလေး ခွဲရပြီ။

ဒီကိစ္စကို မီးမီးလေးမသိအောင်နေမှ မပြောဖြစ်အောင်နေမှ ဖြစ်မှာပါ။

"သားရေ ကလေးပြန်ပို့တော့လေ၊ တော်ကြာ သူ့အမေ လိုက်လာနေဦးမယ်၊ ဟော ပြောရင်းဆိုရင်းနဲ့ လာပြီ"

ဦးဘိုမေမေက စကားမတိတ်သေး။





မို့ကို အိမ်ပေါက်ဝမှာ တွေ့လိုက်ရပြီး မို မျက်နှာမကောင်းပါ။

"လာလေ သမီး၊ လာတော့၊ ဘွားဘွားနဲ့ ဦးဘိုကို နှုတ်ဆက်လိုက်"

"ဟာ မေမေကလဲ မီးမီးကဖြင့် အခုမှရောက်တဲ့ဥစ္စာ၊ ဆော့ဦးမယ် မလာသေးဘူး"

"လာပါ မီးမီးရယ်၊ မီးမီးဖေဖေလာတော့မယ်"

"လာလာပေါ့"

"မီးမီး၊ ခေါ်လို့မရဘူးလား"

"ဆော့ချင်တဲ့ဟာကို"

"အိမ်မှာလာဆော့"

"ဆော့ဘူး"

"မေမေခေါ်ရင်ရိုက်နော် မီးမီး"

"လိုက်မှမလိုက်ချင်တာ"

"မီးမီးတော့ အရိုက်ခံချင်ပြီ ထင်တယ်၊ မီးမီးနော် ဒီတစ်ခါ ခေါ်မရရင်တော့ မေမေရိုက်ပြီ"

ရိုက်မယ်ဆိုမှ မီးမီးက လန့်သွားသည်။

သို့သော် ဒါတောင်မှ အကြောက မာချင်သေးသည်။

အတင်းဘိုဘိုကို ဖက်တွယ်ထားပြီး ဘိုဘို့နားမှာ မခွာနိုင်ဘဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုနှင့် သမီး၏ သံယောဇဉ်ကိုတော့ ဘယ်လိုနည်းမျိုးနှင့်မှ ဖြတ်တောက်၍ မရနိုင်တော့မှန်း မှိ သိလိုက်သည်။

"ဘိုဘို ဖယ်ပေးလိုက်၊ သူ့အဖေ ပြန်လာလို့ မီးမီးကို မတွေ့ရင် ပြဿနာတက်တော့မယ်၊ မမ စိတ်ညစ်တယ် ဘိုဘိုရယ်"

"လာ မီးမီး၊ ဦးဘို ချီပြီး လိုက်ပို့ပေးမယ်၊ မေမေစိတ်ညစ်အောင် မီးမီး ဘာမှမလုပ်ရဘူးလေ"

"ဦးဘိုချီပို့ရင် မီးမီးပြန်မှာပေါ့"

မှိသည် သမီးတစ်မျက်နှာကို သနားစဖွယ်မျက်လုံးမျိုးဖြင့် လှမ်းကြည့်လိုက်သည်။

"အန်တီသီရိ၊ မှိ ပြန်ပါဦးမယ်"

"ကောင်းပြီ သမီး၊ မီးမီး စာတွေ အားလုံးပြီးနေပြီနော်၊ သား ဘိုဘိုသင်ပေးထားတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ အန်တီသီရိ"

"မမရှေ့ကသွားနှင့်၊ ကျွန်တော်တို့ နောက်ကလိုက်လာမယ်"

မှိ ရှေ့က သွားနှင့်ရသည်။

မီးမီးကို ဘိုဘိုက ချီပြီး မှိတို့အိမ်လိုက်ပို့တော့ မီးမီးက ဘိုဘို၏ လည်ပင်းကို သိုင်း၍ ဖက်ထားသည်။

ဒီကလေးလောက် ဘိုဘို့အပေါ်မှာ သံယောဇဉ်ကြီးတာမျိုး ရှာလို့တွေ့နိုင်တော့မည် မထင်။

ဘိုဘိုက အိမ်ပေါက်ဝရောက်သည်အထိ လိုက်ပို့ပေးသည်။





"ဆင်းတော့လေ မီးမီးရဲ့၊ အိမ်ထဲဝင်တော့နော်၊ ဦးဘိုလဲ ပြန်တော့မယ်"

"ဟုတ် မနက်ကျရင် မီးမီးလာခဲ့မယ်နော် ဦးဘို"

"လာစေဗျာ"

"မီးမီးအတွက် ဟမ်ဘာဂါဝယ်ထားမယ်ဆို"

"ဝယ်ထားမယ် မီးမီးရဲ့၊ လာယူနော်၊ ကျောင်းရောက်တော့ စား ဟုတ်လား"

"ဟုတ်၊ ဦးဘို တာ့တာ ... တာ့တာ"

"မီးမီး တာ့တာ ... တာ့တာ"

"လာပါ မီးမီးရယ်"

မှိသည် သမီးခန္ဓာကိုယ်ကြီးကို ဆတ်ခနဲ ပွေ့ချီလိုက်ပြီး အိမ်ထဲသို့ ခေါ်လာတော့၏။

ဘိုဘိုကတော့ မှိ့ကို ဘယ်လိုထင်မည်မသိပါ။

မှိ့သမီးဖြစ်နေသည့်အဖြစ်က တစ်ခါတစ်ရံတော့လည်း အလွန်သနားစရာကောင်းပြီး၊ တစ်ခါတလေကျတော့လည်း စိတ်ရှိလက်ရှိ ရိုက်နှက်ပစ်ချင်စိတ်ပေါက်မိသည်။ တကယ်တော့ မီးမီးတစ်ယောက် သူစိမ်းယောကျ်ားတစ်ယောက်ကို ငယ်ငယ်ရွယ်ရွယ်နှင့် သံယောဇဉ်ကြီးသွားလောက်ရသည့်အဖြစ်က ဦးထိုက်တန်ကြောင့် ဖြစ်သည်။

ဖခင်တစ်ယောက်၏ မေတ္တာဝတ်မွတ်ခဲ့သောသမီးဖြစ်သူ၏ ခံစားချက်ကို မှိနားလည်သဘောပေါက်သလောက် ဦးထိုက်တန်က သိသိကြီးဖြင့် ဥပေက္ခာပြုလိုက်သည်။ ထိုအဖြစ်အပျက်တွေ ထို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတွေကို မို အကြိမ်ကြိမ်တွေးမိတိုင်းလည်း ကြေကွဲဝမ်းနည်းခဲ့ရသည်မှာ ယခုချိန်ထိ ဖြစ်ခဲ့သည်။

မို့သမီးလေး နှစ်သက်မိုကို မို ဘယ်လိုမှ အပြစ်မမြင်နိုင်တော့ဘဲ သနားစရာကောင်းလွန်းလှသည်မို့ သမီးလေး၏ ပါးပြင်နှစ်ဖက်ကို အကြိမ်များစွာ နမ်းလိုက်မိသည်။

* * *





## အခန်း (၁၆)

"ဖေဖေ့စကားကို နားမထောင်ဘူးပေါ့၊ ဟုတ်လား နှစ်သက်မို"

ဦးထိုက်တန်သည် ညနေဘက် အိမ်သို့ ပြန်ရောက်ရောက်ချင်း သမီးလေးကို မကျေမနပ်စကားဖြင့် စ၍ ပြောလာသည်။

သမီးက ဖခင်ဖြစ်သူကို လုံးဝမချစ်သည့်အပြင် ဖခင်၏စကားကိုလည်း ဘယ်သောအခါမှ နားထောင်မည့်သမီး မဟုတ်ပါ။

သူတို့သားအဖကြားထဲမှာ မိုရှိနေပါလျက်နှင့် ဝင်မပြောဘဲ နားထောင်နေလိုက်သည်။

"ဖေဖေ မေးနေတယ် နှစ်သက်မို"

သမီးလေးက တစ်ခွန်းပြန်မဖြေပါ။

မုန့်စားနေသောကြောင့် မုန့်ကိုသာ အားပါးတရ ငုံ့စားနေပြီး မို့ဆီကို ပြေးလာကာ မို့ကို ဖြေခိုင်းလိုက်သည်။

"မေမေ ဖြေလိုက်နော်၊ မီးမီး မဖြေတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်သက်မှီ၊ ဖေဖေမေးတာ နှစ်သက်မှီကို၊ ဒေါ်မှီသန့်ဇင် မဟုတ်ဘူး"

"ဘာမှန်းလဲမသိဘူး မဖြေတတ်ပါဘူးဆို"

မီးမီးက သူ့အဖေကို မျက်စောင်းထိုးပြီး လှမ်းပြောသည်။

"ကဲပါ ဦးထိုက်တန်ရယ်၊ သမီးမဖြေချင်လဲ နေပါစေတော့၊ မှီပဲ ဖြေပါရစေ"

ဦးထိုက်တန်၏ စိမ်းလက်မာကျောနေသော မျက်ဝန်းတွေကို မှီ အံ့ဩစွာ ရင်ဆိုင်လိုက်ရသည်။

အခုချိန်မှ ဘာကြောင့် ဦးထိုက်တန်စိတ်တွေ ပြောင်းလဲလိုက်ရတာလဲ။

ဘိုဘိုတို့သားအမိနှင့် မှီတို့သားအမိရဲ့ သံယောဇဉ်ကို ဘာကြောင့် အခုမှ ခွဲပစ်ဖို့ ကြိုးစားနေရတာလဲ။

သံယောဇဉ် အချိန်တွေ အများကြီးကို ရောက်ခဲ့ပြီးမှ ဖြတ်တောက်ပစ်ဖို့ ကြိုးစားပစ်မယ်ဆိုရင် တရားခံက ဘယ်သူဖြစ်မလဲ။

ပြီးတော့ သမီးကရော သူသံယောဇဉ်ကြီးနေရတဲ့ ဦးဘိုကို မတွေ့ရ၊ မမြင်ရ၊ စကားမပြောရလို့ အမိန့်ပေးဆုံးဖြတ်လိုက်ရင် ဘယ်သူ့ကို ပိုပြီး မုန်းတီးနာကြည်းမလဲ ဦးထိုက်တန်ရယ်။

ရှင် တားမြစ်ဖို့အချိန်တွေက နောက်ကျကျန်ရစ်ခဲ့ပါပြီ။

အခုချိန်မှတော့ ရှင် ဘာမှ လုပ်လို့မရနိုင်တော့ပါဘူး။

"ကဲ ... ပြောလေ မှီသန့်ဇင်၊ ဘာလဲ"





"မီးမီးလေးက သူတို့သားအမိနှစ်ယောက်ကို အင်မတန်ခင်တွယ်နေလို့ သွားနေနေတာပါ ဦးထိုက်တန်"

"ကိုယ် လက်မခံနိုင်ဘူး မှီသန့်ဇင်"

"ရှင် ..."

မှီ တကယ်အံ့ဩထိတ်လန့်သွားရသည်။

"မှီသန့်ဇင်မွေးထားတာ သမီးနော်၊ သမီးက ရှေ့နှစ်နှစ်လောက်ဆို လူဖြစ်ပြီ၊ အခုတော့ ထားလိုက်ဦး၊ ကလေးမို့လို့ ဘာမှမသိဘူးပဲ၊ လူဖြစ်လာတဲ့သမီးအပျိုအရွယ်လေးနဲ့ သူစိမ်းယောကျ်ားတစ်ယောက်က အခုလို ဆက်နေဖို့ဆိုတာ သင့်တော် မသင့်တော်၊ လိုက်ဖက် မလိုက်ဖက် မှီသန့်ဇင် တွေးပါ၊ စဉ်းစားပါ၊ ဆုံးဖြတ်ပါ။ ကိုယ်က စကားနည်းတဲ့သူပါ။ မှီသန့်ဇင်လဲ သိသားပဲ၊ စကားတွေ သိပ်အများကြီးမပြောချင်ဘူးကွာ၊ ပြောလို့ရမလားလို့ လိုက်ပြောကြည့်တယ်၊ တတ်နိုင်သရွေ့ ကိုယ်ထိန်းမယ်၊ ဆုံးမမယ်၊ နားဝင်လက်ခံလာတဲ့အထိ ပြောဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုယ့်စကားတစ်ခွန်းတည်းနဲ့ အောင်မြင်မှုမရလို့ ကိုယ်စိတ်မရှည်တာနဲ့ သည်းမခံနိုင်တာရယ်ကြောင့်ပဲ ဖြစ်လိမ့်မယ်၊ အဲဒီတော့ မှီသန့်ဇင့်က နှစ်သက်မှီရဲ့ မိခင်အရင်းတစ်ယောက်ဖြစ်နေတဲ့အတွက် မှီသန့်ဇင်သမီးကို ကြပ်ကြပ်မတ်မတ်ထိန်းပါ၊ စောင့်ရှောက်ပါ။ လိုအပ်ရင်တော့ ကိုယ်ပါချင်ပါမယ်။ ဒါပေမယ့် အခုတော့ ကိုယ် မပါနိုင်တော့ဘူး၊ မှီသန့်ဇင်ရဲ့သမီးက ကလေးဖြစ်နေလို့လဲ သူ့မှာ ဘာမှ နားလည်သေးပုံမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



မို နားထောင်နေရသည်။

ဦးထိုက်တန်က ဆက်ပြောသည်။

"နားမလည်သေးတဲ့ ကလေးကို နားဝင်လက်ခံလာအောင် ပြောဆိုဆုံးမဖို့က သူ့အချစ်ဆုံးမိခင်တစ်ယောက်ပြောမှပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ မိုသန့်ဇင်သမီးရဲ့ ရှေ့ရေးအားလုံးအတွက် တာဝန်ယူပါ။ မဖြစ်သင့်တာ မဖြစ်ရအောင် မိုသန့်ဇင် ကြပ်ကြပ်မတ်မတ်နဲ့ စည်းကမ်းတကျ ထိန်းသိမ်းပါ၊ မီးမီး ဒီနား ခဏလာဦး"

"သွားလေ သမီး"

"ဟာ မုန့်စားနေတယ်"

"လာပါ နှစ်သက်မို၊ ခဏပါ၊ ဖေဖေ ဘာမှမဆူပါဘူး၊ နှစ်သက်မိုကို စကားတစ်ခွန်းပဲ ဖေဖေ မေးမှာပါ"

"လာ သမီး၊ မေမေချီခဲ့မယ်"

မို ချီပြီး ခေါ်လာမှ သမီးက ဦးထိုက်တန်နား ရောက်လာသည်။

"သမီးဖေဖေက ဘယ်သူလဲသမီး"

"ဒီမှာ"

သမီးက ဦးထိုက်တန်ရင်ဝရှေ့သို့ လက်ညှိုးထိုးပြီး ပြောသည်။

"ဟုတ်ပြီ၊ အဲ့ဒီဖေဖေကို နှစ်သက်မို ချစ်သလား"

"သမီးကို သမီးလို့ ခေါ်ပါလား ဦးထိုက်တန်ရယ်"

မို မနေနိုင်ဘဲ ဝင်ပြောတော့ ဦးထိုက်တန်က တစ်ခွန်းမှ ပြန်မပြော။





သမီးကိုသာ မေးခွန်းထပ်မေးသည်။

"ဖေဖေကို ချစ်လား နှစ်သက်မို"

သမီးက ခေါင်းခါပြသည်။

"သမီးကလဲ"

မိုက သမီးလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးပြောလိုက်သည်။

"မီးမီးအိပ်ချင်နေပြီ၊ ဒါပေမယ့် ဖေဖေမေးတာ မီးမီးပြောပါ့မယ်၊ ဖေဖေလဲ မီးမီးကို မချစ်ဘူး၊ မီးမီးလဲ မချစ်ဘူး၊ သွားပြီ"

သမီး၏စကားကြောင့် မိုရော ဦးထိုက်တန်ပါ အတွေးကိုယ်စီဖြင့် စိတ်ထိခိုက်စွာ ကျန်ရစ်ခဲ့သည်။

သမီးကတော့ အိပ်ရန်အတွက် အထဲသို့ ပြေးဝင်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဘိုဘို"

"အန်တီသီရိ"

"ဟော ...သမီး လာ ...လာ၊ လက်ထဲမှာလဲ စုံလို့ ဘာတွေလဲ သမီး"

"ဘိုဘိုအတွက်ပါ အန်တီ၊ ဘိုဘို မနက်ဖြန် မနက်အစောကြီးသွားမှာဆိုတော့ အခုကတည်းက ကြိုပြီးလာပေးတာပါ။ ဒါက ပုစွန်ခြောက်ကြော်၊ ဒါက လက်ဖက်တွေ၊ ဒါက/အခြောက်အခြမ်းတွေ အစုံပါတဲ့ အိပ်ပါ အန်တီသီရိ၊ ဒါကတော့ ငါးခြောက်ယောင်းကြော်၊ သမီးလုပ်ပေးတာပါ"

"မများလှဘူးလား သမီးရယ်၊ ဒါတွေ တစ်ယောက်တည်းလုပ်ရတော့ သမီးလေး ပင်ပန်းလှပြီပေါ့၊ ဘာလို့လုပ်တာတုန်း သမီးရယ်၊ ဒီမှာ ဒေါ်ကြီးမေလဲ လုပ်ပေးနေတာပါပဲ"





"ဘိုဘိုရော အန်တီ"

"မရှိဘူး သမီး၊ မနက်ဖြန် မနက်အစောကြီး ထွက်ရမှာဆိုတော့ ဒီနေ့တစ်နေ့လုံး သူမအားတော့ဘူး။ လုပ်စရာရှိတာတွေလျှောက်လုပ်နေပြီ၊ မနက်တော့ သေချာပြီ သမီး၊ လေယာဉ်လက်မှတ် စတာစ်သွားကပ်တယ်"

"ဟုတ်ကဲ့ အန်တီသီရိ၊ သေချာရင် ပြီးတာပါပဲလေ၊ သူ့ခမျာလဲ သွားရနိုး သွားရနိုးနဲ့ စောင့်နေရတာ ကြာလှပြီ"

"အန်တီသီရိကတော့ သားစိတ်နဲ့ အိပ်ရာထဲ လဲဦးမှာပဲ သမီးရယ် အဟင့် ...ဟင့် ...ဟင့်"

"ဟင်"

ပြောရင်း အန်တီသီရိက ရှိုက်ကြီးတငင် ငိုချလိုက်သည်။

ဘိုဘိုက သူ့ကို ခွဲသွားမှာကိုတော့လည်း မိခင်ဖြစ်နေခဲ့သည့်မို့က ကိုယ်ချင်းစာ နားလည်၍ ရပါသည်။

အန်တီသီရိကတော့ သားဖြစ်သူအတွက် အတော်လေးကြေကွဲနေပုံပေါက်ပါသည်။ မို့လက်ကို အားကိုးတကြီးဆုပ်ကိုင်ပြီး ငိုလို့မဆုံးနိုင်တော့ပါ။

ပြီးတော့ ငိုနေရင်းမှ ပြောသေးသည်။

"သမီးတို့ သားအမိကို ဘိုဘိုက သိပ်သံယောဇဉ်ကြီးတာသမီးရဲ့... သူ့ခမျာ ညကဆို သမီးတို့နဲ့ရော၊ အန်တီသီရိနဲ့ပါ မခွဲ ချင်ဘဲခွဲရတော့မယ်ဆိုပြီး ယောကျ်ားကြီးတန်မဲ့ ငိုရှာသေးတယ်"

"ဟင်...



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုငိုတယ်ဆိုတော့ မှီလည်း တကယ်ပင် စိတ်ထိခိုက်သွား ခဲ့ရသည်။

"အထူးသဖြင့် မီးမီးလေးပဲ သမီး ... မီးမီးလေးက သူ့ရဲ့ ဦးဘိုဘိုကို သိပ်ချစ်နေတာ၊ သူ့ခမျာသားကို မတွေ့ရင် ဘယ်လိုများ နေမယ် မသိဘူးနော်"

မှီမတွေးရဲပါ။

သမီး သိအောင်လည်း မှီပြောရဲမည်မထင်။

"ဘိုဘိုကိုပြောပေးပါ အန်တီသီရိရယ်၊ ဘိုဘိုသွားတာသမီး လေးကို မပြောပါနဲ့လို့၊ မပြောဘဲသွားပါလို့"

"စိတ်ချသမီး၊ အန်တီသီရိလဲ အဲဒီအတိုင်းပဲ ပြောပြီးသားပါ၊ ဘာလို့လဲဆိုတော့ မီးမီးလေးက နားလည်နေပြီ၊ စကားတွေလဲ ကောင်းကောင်းပြောတတ်နေပြီ"

"ဦးဘိုသွားမယ်လို့ သာပြောကြည့်၊ စာမကျက်ဘူး၊ မုန့်မစား ဘူး၊ မအိပ်ဘူးနဲ့ သမီးပဲဒုက္ခ လုံးလုံးရောက်တော့မယ်"

အန်တီသီရိပြောသလို တကယ်ဖြစ်လာတော့မည်ဆိုတာ မှီ ကြိုတင်ပြီး သိနေခဲ့သည်။

မှီဘာလုပ်ရမလဲ။

မှီ့သမီးလေး စိတ်ထိခိုက် စိတ်ဆင်းရဲမှာ မှီဘယ်လိုမှကြည့်ရက် မည် မထင်ပါ။ မတတ်နိုင်။

မှီ ဘာမှမတတ်နိုင်ပါ။





ဘိုဘိုသည် မှီနှင့် ဘယ်လိုနေရာမျိုးမှာမှ သွေးသားတော်စပ် သည့် ဆွေမျိုးရင်းချာတော်တာ မဟုတ်တော့လည်း မှီ့မှာ ပြောဆိုနိုင် ခွင့် မရှိပါ။

သူ့အလုပ်သူလုပ်ရပြီမို့ဖြစ်လာသမျှကို မှီကစ်ယောက်တည်း အဆင်ပြေအောင် ကြိုးစားရတော့မည်။

"မှီ ပြန်ပါဦးမယ် အန်တီသီရိ"

မှီစိတ်ညစ်ညစ်နဲ့ ထိုသို့ပြောပြီး မှီ ချာခနဲ လှည့်ထွက်လာခဲ့ သည်။ ဘိုဘိုနှင့်ပတ်သက်ပြီး သမီးနှင့် ရင်ဆိုင်ရမည့်အဖြစ်ကို တွေးတွေးပြီး သွေးလန့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ဘိုဘိုကတော့ သည်နေ့လောက်စိတ်ရော၊ လူရော၊ ပင်ပန်းတာမျိုးမရှိပါ။

မနက်ဖြန်မနက်အစောကြီး လေယာဉ်ဖြင့် ဘန်ကောက်သို့ ဘိုဘိုသွားရမည်။

ဘန်ကောက်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်တွင် ဂျပန်လေယာဉ်ဖြင့် သင်္ဘောတက်ရမည်။

တစ်နေ့လုံး လုပ်စရာရှိတာ စီစဉ်ဆောင်ရွက်စရာတွေလုပ်ပြီး မမတို့သမီးအတွက် လက်ဆောင်ပစ္စည်းတွေ အများကြီးဝယ်ခဲ့သည်။

ဘာလိုလိုနှင့် မနက်ဖြန်ဆို မမတို့ သားအမိနှင့် ဘိုဘိုတစ်နှစ်လောက်ခွဲရတော့မည်။

ထိုစိတ်ဖြင့် ဘိုဘိုဘယ်လိုမှ မပျော်နိုင်အောင်ဖြစ်သွားတော့သည်။





မီးမီးလေးသာသိရင် ဘယ်လောက်ခံစားရရှာမလဲ။

မီးမီးရယ်။

ဦးဘိုက ဦးဘိုဘဝအတွက် အလုပ်တွေလုပ်ပြီး ကြိုးစားရဦးမယ်။

မီးမီးလေးကိုရော၊ မမကိုပါ ဦးဘိုတကယ် မခွဲနိုင်ပါဘူး။

ဒါပေမဲ့လဲ ခွဲရဦးမှာပါပဲ မီးမီးရယ်။

ဘိုဘိုသည် မီးမီးအအတွက် ဘိုမရုပ်အကြီးကြီးသုံးရုပ်၊ ချောကလက်လေးပြား၊ ပေါင်မုန့်နှစ်ထုပ်၊ စတော်ဘယ်ရီဝေဖာနှစ်ထုပ်နှင့် ကွတ်ကီးသုံးထုပ်ဝယ်လာခဲ့သည်။

မမအတွက်ကျတော့ မမဆံပင်အရှည်ကြီးကို အမြဲလိုလိုစည်းနှောင်ထားသည့်အတွက် ခေါင်းညှပ်ကလစ်နှစ်ခု၊ ခေါင်းဆီးကြိုးသုံးခုပြီးတော့ မိကျောင်းပုံရင်ထိုးနှင့် အသည်းမှာမြှားစိုက်နေသည့် ရင်ထိုးနှစ်ခု ဝယ်လာခဲ့သည်။

ဘိုဘိုရဲ့ အမှတ်တရမေတ္တာလက်ဆောင်တွေပါ။

ဒါဟာလည်း ယောကျာ်းတစ်ယောက်သည် ဘယ်လောက်ပဲရုပ်ရည်ချောမောနေပါစေ၊ ပညာတွေဘယ်လောက်ပဲတတ်နေပါစေ ဘဝတွင် တစ်ကြိမ်တစ်ခါတော့ ရူးသွပ်မိုက်မဲဖူးချင်ကြသည်။

ထိုအချိန်ကတော့ မိမိရင်တွင်းသို့ ဝင်လာသည့်သူကို သံယောဇဉ်ဖြတ်လို့ မရနိုင်သည့်အချိန်ပဲ ဖြစ်သည်။

ဘိုဘို့ဘဝတစ်လျှောက်လုံးမှာ မိဘကလွဲလျှင် တစ်ခါမှ ထိုကဲ့သို့သော သံယောဇဉ် နက်နက်နဲနဲကို မည်သူ့အပေါ်မှာမှ

www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ဖူးပါ။

ဘာကြောင့် မမတို့ သားအမိကိုမှ ဘိုဘိုသံယောဇဉ်ဖြစ်ပြီး စွဲလမ်းခဲ့ရသည်မသိ။ သဘော်ပေါ်ရောက်လျှင်လည်း မမတို့သားအမိကို ဘယ်လောက်အထိ ဘိုဘို လွမ်းရဦးမည်မသိပါ။

တစ်လမ်းလုံး ဘိုဘိုတွေးလာခဲ့ပြီး ကြေကြေကွဲကွဲ ခံစားလာခဲ့သည်။

အိမ်က ကားကိုပင် ဘိုဘိုစိတ်ရှည်လက်ရှည်မောင်းလို့ မရသောကြောင့် ကားထားခဲ့ပြီး တက္ကစီနှင့် မြို့ထဲထွက်လာခဲ့ခြင်းဖြစ်သည်။

အပြန်ကျတော့ တက္ကစီနှင့် ဘိုဘိုပြန်ခဲ့သည်။

ဘိုဘိုဝယ်လာခဲ့သည့် ပစ္စည်းတွေက နည်းနည်းနောနော မဟုတ်တော့ အိမ်ပေါက်ဝရောက်သည်အထိ ပါလာသည့်ပစ္စည်းတွေကို မနိုင်မနင်း မနည်းချရသည်။

ဘိုဘို့ မေမေကတော့ ထိုပစ္စည်းတွေသည် မမတို့သားအမိအတွက်ဆိုတာသိပြီး သားဖြစ်သူ၏မျက်နှာကိုသာ စိတ်မကောင်းဖြစ်ရာစွာ ငေးကြည့်နေတော့သည်။

* * *





## အခန်း (၁၉)

"အို ... အားနာစရာကောင်းလိုက်တာ ဘိုဘိုရယ်၊ မဟုတ်ဘာ၊ ပစ္စည်းတွေလဲ စုံနေတာပဲ၊ မမ မယူပါဘူး၊ ဘိုဘို ပြန်ယူသွားနော်"

"ဟာ ... မမ ဘာလို့ ကျွန်တော်ပြန်ယူသွားရမှာလဲ၊ မမတို့သားအမိအတွက် ဝယ်လာတဲ့ဉစ္စာ၊ ကျွန်တော်ရဲ့ စေတနာ လက်ဆောင်တွေပါ မမရယ် ယူပါ၊ ဒါတွေက မီးမီးလေးအတွက်၊ မီးမီးလေး ကျောင်းကပြန်လာရင် မမပဲပေးလိုက်ပါနော်၊ ကျွန်တော် မလာတော့ဘူး"

"ဘိုဘိုမလာလဲ မီးမီးက လိုက်လာမှာ၊ ပြောလို့ရမှာမဟုတ်ဘူး"

"နေပါစေတော့ မမ၊ ကျွန်တော် အတွေ့မခံတော့ဘူး"

"ဟင် ... ဘာလို့"

"ကျွန်တော် မီးမီးကို သနား ... သနားလို့ပါ မမရယ်၊ ကျွန်တော်သာ မီးမီးကို ခွဲသွားမယ်မှန်းသိရင် မီးမီးခမျာ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... တော် ... တော်ပါတော့ ဘိုဘိုရယ်"

မှီဆက်ပြောနိုင်စွမ်း မရှိတော့သလို ဘိုဘို့မျက်နှာသည်လည်း သိသိသာသာကြီး ညှိုးငယ်ဖျော့တော့ နေတော့၏။

"ကျွန်တော် မမဆီ စာရေးမယ်နော်"

မှီ ပြန်မဖြေမိပါ။

"ဖုန်းလဲ ခဏခဏ ဆက်မယ်နော် မမ"

မှီ့ အသံက တိုးတိတ်လျက်သား။

"အနည်းဆုံး တစ်နှစ်လောက်တော့ ကျွန်တော်နေမှ ဖြစ်မယ်"

မှီက နှားထောင်ရုံသက်သက်။

"မမ ရှိနေလို့လဲ မေမေ့ကို ကျွန်တော် စိတ်ချလက်ချထားနိုင်သွားတာပါ၊ ကျွန်တော် မရှိတဲ့အခါ မေမေ့ကို ဂရုစိုက်ပေးပါ မမရယ်... အဓိကကတော့ မေမေ့ကျန်းမာရေးပါ၊ တစ်ခါတလေ မေမေဆေးခန်းပြရင် မမလိုက်သွားပေးလို့ ရမလားဟင်"

မှီက ကုသိုလ်သာရအောင် ယူတက်သူမို့ ဘိုဘို့ဆန္ဒကို ဖြည့်ဆည်းပေးရန် မှီဆုံးဖြတ်လိုက်၏။

"ရပါတယ် ဘိုဘိုရယ် ... အဲဒီ့အတွက်တော့ စိတ်ချနော် မမလိုက်သွားပေးပါ့မယ်"

"မမရယ် ... ဝမ်းသာလိုက်တာ၊ မမဆီက ဒီစကားတစ်ခွန်းတည်းနဲ့တင် ကျွန်တော် သွားရတာ၊ စိတ်ဖြောင့်လက်ဖြောင့် ဖြစ်သွားပြီ နောက်ကြောင်းကို စိတ်ချသွားပြီ မမ၊ မမလဲ ကျန်းမာရေးကို ဂရုစိုက်နော်၊ မမက ကျန်းမာရေးကောင်းပါတယ်၊ တစ်ခါမှ ဖျားနာ





တယ်လို့ မရှိဘူးနော်၊ ပြီးတော့ မမက မိန်းကလေးသိပ်ပီသတာ၊ ကျက်သရေသိပ်ရှိပြီး အေးငြိမ်းလွန်းတဲ့ မမပါ"

မှီ ပြုံးနေခဲ့ပါသည်။

ဘိုဘို့ကို မှီ မောင်လေးအရင်းကဲ့သို့ ခင်တွယ်သူမို့ မှီရင်ထဲမှာ ဘာမှမရှိပါ။

ဘာမှလည်း ဖြစ်လို့မရ။

"ကျွန်တော် စာရေးရင်လဲ မမက စာပြန်ရေးမှာလားဟင်"

ထိုမေးခွန်းကတော့ မှီဖြေစရာမလိုဘူးဟု ထင်ပါသည်။

ဘိုဘိုက နောက်တစ်ခါ ထပ်မေးဖို့ ကြိုးစားလိုက်သည့်အချိန်မှာပင် မမျှော်လင့်ဘဲ ဦးထိုက်တန် ပြန်ရောက်လာကာ အိမ်ထဲ တန်းဝင်လာသည်။

ကံဆိုးချင်တော့ ဘိုဘိုနှင့် မှီ့ကို လှမ်းတွေ့သွားသည်။

စားပွဲပေါ်မှာလဲ ဘိုဘိုပေးထားသည့် လက်ဆောင်ပစ္စည်းတွေက စုပုံပြန့်ကျဲနေသည်။ ဦးထိုက်တန်က အပေါက်ဝကနေ မှီတို့နေရာတည့်တည့်ကိုရောက်သွားပြီး စားပွဲကို ငုံ့ကြည့်သည်။

ပြီးတော့ ဘိုဘိုနှင့် မှီ့ကို တစ်လှည့်စီကြည့်လိုက်ပြီး အခန်းကနေ ချာခနဲ လှည့်ထွက်သွား၏။

မှီ ဘာလုပ်ရမည် မသိပါ။

ဦးထိုက်တန်သည် နေရာတကာမှာ သွေးအေးအေးနှင့် ဆုံးဖြတ်တတ်သူ ပီပီ ထိုကိစ္စအတွက်လည်း သူ၏ ဒေါသကို ဘယ်လောက်အထိ ချုပ်ထိန်းသွားရှာသည်မသိ။

ဘိုဘိုကလည်း တကယ်ဆို ထပြန်လိုက်ဖို့ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမပြန်သည့်အပြင် ဆက်၍ ထိုင်နေသောကြောင့် ဘိုဘို၏ ခွဲကောင်းစိတ်ရှည်မှုကို မိုအံ့မခန်းဖြစ်ရတော့သည်။

ဦးထိုက်တန် ဖြစ်သွားသည့်အဖြစ်က မို့နှလုံးသားကို တွန့်ခနဲ ဆောင့်ဆွဲလိုက်သလို ခံစားလိုက်ရ၏။

ဒါကြောင့်လည်း ဦးထိုက်တန်ကို မို့နှင့်ဘိုဘို ဘာမှ မဖြစ်သည့်အကြောင်း၊ ဦးထိုက်တန် သံသယမဝင်စေချင်သည့် အကြောင်းတွေကို ပြောပြချင်လာသည်။

"ဘိုဘို ပြန်တော့နော်၊ မမ သူနဲ့ သွားတွေ့လိုက်ဦးမယ်"

မို ပြောပြီး ထအရပ်မှာ ဘိုဘိုက ကလေးဆန်စွာ သူပြောချင်သည့်စကားကို ရအောင် လှမ်းပြောလိုက်သေးသည်။

"ကျွန်တော် စာရေးရင်တော့ စာပြန်ပါ မမရယ် ...' နော်၊ ကျွန်တော် စာမျှော်နေပါ့မယ်"

မို တစ်ချက်မှ လှည့်မပြောတော့ဘဲ ဦးထိုက်တန်ရှိရာသို့ မို ထွက်လာခဲ့လိုက်သည်။

ဦးထိုက်တန်၏ လုပ်ရပ်များသည် တစ်ခါတစ်ရံတွင် မို့ဘဝ၏ အစိတ်အပိုင်းတချို့ကို လွှမ်းမိုးထားပါသည်။

ဦးထိုက်တန်သည် မို့၏ ခင်ပွန်းဖြစ်နေခဲ့သည်ဟူသော အသိက မို့နှလုံးသားထဲမှာ စွဲထင်နေသည်။

ဦးထိုက်တန်၏ မျက်ဝန်းများသည် မို့ကို သံသယဖြစ်နေသည့် မျက်ဝန်း၊ မယုံကြည်သည့် မျက်ဝန်းများကို မို ရင်ဆိုင်တွေ့ရသည်။





မို အပေါ်ထပ်သို့ ရောက်သွားချိန်တွင် ဦးထိုက်တန်က ဝတ်အစားလဲပြီးသွား၏။

ညဝတ်အင်္ကျီနှင့် ဘောင်းဘီအပွကို လွတ်လပ်စွာ ဝတ်ဆင်ထား တည်းက ဦးထိုက်တန် ဘယ်ကိုမှ မသွားတော့ဘူးဟု မို ထင်သည်။

"ကိစ္စရှိသလား မိုသန့်စင် လာ ... လာ"

အခန်းပေါက်ဝတွင် ရပ်နေသည့် မို့ကို တွေ့သွားပုံရပါသည်။

ဦးထိုက်တန် လှမ်းခေါ်တော့ မို ဝင်လာခဲ့သည်။

ဦးထိုက်တန်သည် လုံးဝ အေးအေးဆေးဆေးပါပဲ။

မိုနှင့် ပတ်သတ်ပြီး သူ့စိတ်ထဲ ဘာတွေ မြင်နေသည်ဆိုတာ လုံးဝခန့်မှန်း၍ မရပါ။

မို ဘယ်က စပြောရမလဲ။

မိုက စကားသိပ်ပြောတတ်သူ မဟုတ်ပါ။

မိုက စပြောလို့ စကားမှားသွားမှာလည်း စိုးရိမ်လှသည်။

"သမီးကို ကျောင်းမကြိုဘူးလား မို၊ ဒီနေ့ ဘယ်သူကြိုမှာလဲ"

ကြည့်စမ်း ...

ထိုမေးခွန်းက ဘယ်လောက်အထိ မို့ရင်ဝကို ထိုးနှက်လိုက် လဲဆိုတာ။

'ဘယ်သူ' ဆိုတာ ဘိုဘို့ကို ရည်မှန်း၍ မေးမှန်း မိုသိလိုက် သည်။

"မိုကြိုမှာပါ၊ အချိန်လိုသေးတာနဲ့"

"ကိုယ့်ကို ဘာပြောချင်လို့လဲ မိုသန့်ဇင် ပြောနော်၊ အားမနာနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာ၊ ဖြစ်ချင်တာ၊ လုပ်ချင်တာအားလုံး မိုသန့်ဇင် တစ်ဦးတည်း ရဲ့ ဆန္ဒအပြည့်နဲ့ လုပ်သွားလို့ရတယ်။ ကိုယ် ဘာမှမပြောဘူး မတားမြစ်ဘူး၊ မဟန့်တားဘူး၊ အဲဒီအတွက် လုံးဝစိတ်ချ"

ဘုရား ... ဘုရား ...

ဦးထိုက်တန်၏ စကားအဓိပ္ပာယ်တွေက လေးနက်လှချည် လား။

"မို ... တစ်ခုပဲ ပြောပါရစေ"

ဦးထိုက်တန်၏ အသံကို မကြားရပါ။

ဦးထိုက်တန်သည် ကုလားထိုင်မှာ ထိုင်နေရာကရပ်ပြီး လက် နောက်သို့ပစ်ကာ ဟိုဘက် ဒီဘက် လျှောက်ရင်း မို့အသံကို နား နေသည်။

"မို ... မို့ကို ဘိုဘိုနဲ့ပတ်သက်ပြီး တစ်မျိုးမထင်ပါနဲ့နော် ဦးထိုက်တန်ရဲ့ စိတ်ထဲမှာ မို့ကို သံသယတို့ ဟို ... ဟို မယုံသင်္ကာဖြစ်တာတို့ ၊ ယုံကြည်မှုမရှိတာတို့၊ ဘာတို့ ... ညာ မရှိ ... မရှိစေချင်ပါဘူး ဦးထိုက်တန်ရယ်"

"မိုတို့ ဘာမှမဖြစ်ဘူးနော်၊ မိုတို့ ရိုးသားကြပါတယ် ရိုးသားစွာ ခင်မင်ကြတဲ့ အဆင့်မှာပဲ ရှိပါတယ်"

ဦးထိုက်တန်က အဓိပ္ပာယ်ရှိစွာ ပြုံးသည်။

လေးနက်စွာ တွေးရင်း ခေါင်းညိတ်သည်။

မို့ရင်တွေ ထိတ်သွားသည်။

"မိုသန့်ဇင် ကိုယ့်ကို ပေါင်းချင်စိတ်ရော ရှိသေးလား"





"ရှင် ... "

"ဘာပဲဖြစ်ဖြစ်လေ ကိုယ်တို့နှစ်ယောက်က တစ်အိမ်ထဲသာ သင့်မယားလို့ အသိအမှတ်ပြုပြီး အတူတူနေကြတာ၊ အတူတူမနေဖြစ် တာလဲ ဆယ်နှစ်ကျော်ပြီဆိုတော့ မိန်းမသားတစ်ယောက်အနေနဲ့ သွေးသားအန္တအရ သူ့ခံစားချက်နဲ့သူ ရှိမှာပေါ့၊ ပြီးတော့ ကိုယ်က မိုသန့်ဇင်တို့ သားအမိပေါ်မှာ နေတာလဲ အနေသိပ်စိမ်းတယ်၊ ကိုက်ဆံတစ်ခုအတွက်ပဲ ကိုယ့်ဘက်က တာဝန်ကျေသလို ဖြစ်နေတော့ မိုသန့်ဇင်လဲ တစ်ခါတလေ ကိုယ့်စိတ်ကြိုက် ဖန်တီးချင်တာတွေလဲ ဖြစ်လာမှာပေါ့၊ မဟုတ်ဘူးလား"

"ဟင့်အင်း ... ဟင့်အင်း ... မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး ဦးထိုက်တန်၊ မို့မှာ ဦးထိုက်တန်ပြောတဲ့ သွေးသားဆန္ဒအရဆိုတဲ့ အိစ္ဆက လုံးဝမဟုတ်ဘူး၊ အဲဒီစိတ်မျိုးတွေသာ မို့မှာ ရှိခဲ့ရင် မိုဒီမှာ မနေတော့ဘဲ ထွက်သွားတာကြာပါပြီ၊ မို့မှာ မရှိပါဘူး ဦးထိုက်တန် ရယ် မို့နဲ့ အတူတူမနေချင်လို့ အခန်းခွဲနေခဲ့တာတောင်မှ ဒီနေ့အထိ ဘာကြောင့်လဲလို့ မိုတစ်ခွန်းမေးခဲ့ဘူးလားဟင်၊ ဦးထိုက်တန် စိတ် ချမ်းသာသလို စိတ်ပျော်ရွှင်သလို နေလို့ရတာပဲ၊ မို ဘာမှ မပြောခဲ့ပါ ဘူး၊ ဘာကြောင့်လဲဆိုတော့ မို့မှာ ဦးထိုက်တန်နဲ့ရခဲ့တဲ့ မိုသိပ်ချစ်တဲ့ သမီးတစ်ယောက်ရှိနေလို့ပဲ။ မို့ဘဝအတွက် မို့သမီးလောက် ဘယ် သူကမှ အရေးမပါနိုင်ပါဘူး၊ မို့သမီးမှာ ဖခင်အရင်း မိခင်အရင်း ရှိနေပါလျက်နဲ့ တကွဲတပြားစီနေရတဲ့ ဘဝမျိုးရောက်အောင် မိုမလုပ် နိုင်ပါဘူး၊ ဦးထိုက်တန် မို့အပေါ်မှာ တစ်သက်လုံး ဒီလိုပဲ နေသွား မယ်ဆိုလဲ၊ ဦးထိုက်တန်ရဲ့သဘောပါ၊ မိုဘာမှ မပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဒါဖြင့် ကိုယ်တစ်ခုထပ်မေးမယ်၊ ကိုယ် တစ်လစာ ပေးတဲ့ ငွေတစ်သိန်းက မီသန့်ဇင်အတွက် မလောက်ဘူးလား"

"ရှင်"

"မလောက်လို့သာ သူများပေးသမျှပစ္စည်းကို ကျေကျေနပ်နပ် ပြုံးပြုံးရွှင်ရွှင်ကြီး လက်ခံယူနေတာပေါ့ မီသန့်ဇင်ရဲ့ မဟုတ်ဘူးလား"

"ဦးထိုက်တန်ရယ်"

ထိုစကားကို မီ ရှက်လွန်းသဖြင့် ရှေ့ဆက်ပြီး ဘာမှပင် ပြောလို့မထွက်တော့။

"ကိုယ်ရှိနေရက်နဲ့ကိုယ်ပေးနိုင်၊ ကျွေးနိုင်ပါရဲ့ သူများပစ္စည်း တွေကို လက်ခံယူတာတော့ သိပ်ရှက်ဖို့ကောင်းပါတယ်၊ ကိုယ်သိပ်ရှက် တယ် မီသန့်ဇင်၊ ပြီးတော့ ဒီကောင်လေးရဲ့ အဝင်အထွက်ကိုလဲ ကိုယ်သဘောမကျလို့ တားမြစ်ခဲ့ပြီးပြီ၊ မီသန့်ဇင်က ကိုယ့်စကား နားမထောင်ဘူး၊ သမီးကအစပါလေ၊ မီသန့်ဇင်တို့ သားအမိနှစ် ယောက်စလုံးပြောဆိုလို့ မရဘူးဖြစ်သွားပြီ"

"သူ မနက်ဖြန်မနက် သဘောင်္ဘောတက်တော့မှာမို့ မီ့ဆီ လာနှုတ် ဆက်တာပါ"

"ယောက်ျားတွေအကြောင်းကို ယောက်ျားချင်းကပဲ သိပြီး နားလည်ပါတယ်"

အထူးသဖြင့် မီသန့်ဇင်လို ရိုးရိုးအေးအေးနဲ့ တည်တည်ငြိမ်ငြိမ် နေတတ်တဲ့ မိန်းမမျိုးရဲ့ အညာကို တစ်ချက်ကိုင်လိုက်ရုံနဲ့သိတဲ့ ယောက်ျားတွေ ကမ္ဘာမှာ အများကြီးပါ"





"မီတို့က တကယ့် ... တကယ့်ကို ရိုးသားကြပါတယ်"

"ကောင်းပါပြီ၊ ခင်ဗျားပြောတဲ့ ရိုးသားမှု၊ ကျွန်တော်အချိန်ယူ ပြီး စောင့်ကြည့်လိုက်ဦးမယ် မီသန့်ဇင်၊ ဟုတ်ပြီလား"

"ဘုရားစူးပါ ဦးထိုက်တန်ရယ်၊ မီ့ကိုယုံပါ"

"ကျွန်တော် အရက်သောက်ချင်ပြီ မီသန့်ဇင်၊ အမြည်းသုံးခု လောက် စီစဉ်ပေးပါ"

"ဟုတ်ကဲ့"

"သွားလုပ်ပါ အောက်မှာပြင်ထားလိုက်ပါ၊ ကျွန်တော်ဆင်း လာခဲ့မယ်"

"သမီးကြိုဖို့များ နောက်ကျနေမလား ဦးထိုက်တန်၊ အချိန် ကပ်နေပြီ၊ မီအရင် သွားကြိုလိုက်မယ်နော်"

"သွားပါ မီသန့်ဇင်၊ ကျွန်တော့်အတွက် အမြည်းပဲ သွားလုပ်၊ ကျွန်တော့် သမီးကို ကျွန်တော်ပဲ သွားကြိုလိုက်ပါ့မယ်"

"ရှင်"

ထိုစကားလောက် အံ့ဩစရာကောင်းတဲ့ စကားမျိုး မီ့တစ် သက်မှာ ကြုံနိုင်တော့မည် မထင်ပါ။

သမီးလေးစ၍ ကျောင်းတက်ကတည်းက တစ်ခါမှ ကျောင်းပို့ ကျောင်းကြိုမလုပ်တဲ့လူက အခုတော့ သမီးကျောင်းကို သူကြိုမတဲ့။

ဘုရား ... ဘုရား ...

ဘာကြောင့် ဦးထိုက်တန်ရဲ့ စိတ်တွေ ပြောင်းလဲသွား ရတာပါလိမ့်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟင် ... ဖေဖေ ကျောင်းလာကြိုတယ်၊ မေမေရော၊ မေမေ ဘာဖြစ်လို့ လာမကြိုတာလဲ၊ ကားထဲမှာ မေမေပါသလား"

သမီးက ဦးထိုက်တန်ကို တွေ့တော့ တအံ့တဩ ဖြစ်နေပြီး မို့ကိုသာ တမေးတည်း မေးနေတော့သည်။

ဦးဘိုကို သမီးမမေးတာလည်း ဦးထိုက်တန် ဆူမှာစိုးရိမ်၍ မမေးဘဲ နေခြင်းဖြစ်ပါလိမ့်မည်။

"လာ သမီး ... သမီး မေမေ မအားလို့ ဖေဖေလာကြိုကာ"

"ရော့လေ၊ ဒါဖြင့် လွယ်အိတ်နဲ့ ဆွဲခြင်းယူ"

သမီးက သူ့ကျောပေါ်မှ ကျောပိုးအိတ်နှင့်၊ မုန့်နှင့်ရေဘူးထည့် ထားသည့် ပလတ်စတစ်အလှခြင်းကို လှမ်းပေးသည်။

ဦးထိုက်တန်က လှမ်းယူပြီး ပြုံးဖြစ်သည်။

တော်တော်လည်တဲ့ သမီး။





သူ့မေမေ လာမကြိုလို့ သူ့ကိုစိတ်ဆိုးပြီး ခိုင်းလိုက်တဲ့ ပုံစံမျိုး။

"ကျောင်းထိပ်မှာ မုန့်တွေအများကြီးရှိတယ်၊ သမီးဘာစားဦး မလဲ"

"ဘာမှမစားဘူး"

"ဟင် ... ဘာလို့"

"မစားချင်လို့"

"စားပါသမီးရယ် ... ဖေဖေဝယ်ကျွေးမှာပေါ့"

"မစားပါဘူးဆို မစားဘူး၊ အိမ်ပြန်မယ်၊ အိမ်ရောက်ရင် မေမေနဲ့ ရန်ဖြစ်မယ်"

"ဘာဖြစ်လို့လဲ သမီးရဲ့၊ သမီး မေမေ မလာလို့ ဖေဖေ လာကြိုတဲ့ ဥစ္စာ"

"ဖေဖေမှ လာမကြိုဖူးတာ၊ မကြိုနဲ့ပေါ့၊ မီးမီးကျောင်းကို လိုက်ပို့တဲ့လူဆိုလို့ နှစ်ယောက်ပဲ ရှိတယ်၊ သိရဲ့လား၊ မေမေရယ် ဦးဘိုရယ် ဒါပဲ၊ မေမေမလာရင် ဦးဘိုလာပေါ့၊ ဖေဖေက ဘာဆိုင်လို့ လာရတာလဲ"

သမီးဖြစ်သူ၏ စကားကြောင့် ဦးထိုက်တန်၏ ရင်ထဲမှာ အသိကအောက် အလွန်ခံဟားသွားရသည်။

သမီး ဒီလို ပြောရအောင်လည်း သူ့မှာ အပြစ်များစွာ ရှိသည် ဟု ခံယူလိုက်တော့ သူ့စိတ်က အနည်းငယ် ပေါ့သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီညတော့ သမီးနှင့် ဘိုဘို့ကို လုံးဝ ပေးမတွေ့နိုင်ပါ
မနက်ဖြန်မနက်ဆိုလျှင် ဘိုဘိုက သင်္ဘောတက်တော့မည်
သမီးသာ အိမ်မှာရှိလျှင် ရအောင်လာခေါ်ထုတ်သွားမှာ သေ
ချာ၏။

သမီးကလည်း မဖြစ်မနေသွားမှာပဲ။

အခုတောင် ဘိုဘို့နာမည်က ပါလာတော့ သူ့စိတ်ထဲ ဒေါသ
ကလည်း ထွက်ချင်၊ စိတ်မကောင်းကလည်းဖြစ်၊ စိတ်ထိခိုက်မိတာ
ကလည်း တစ်ကြောင်းမို့ ငြိမ်သက်နေလိုက်သည်။

ဒါကြောင့်လည်း သမီးကို အာရုံပြောင်းပြီး တစ်ခါမှ သမီး
မရောက်ဖူးသေးသည့် ဟိုတယ်သို့ ခေါ်လာခဲ့လိုက်သည်။

"ဟင် ... ဘယ်သွားနေတာလဲ၊ အိမ်ပြန်ပါ့မယ်ဆို"

သမီးက နပ်သည်။

သူကားမောင်းနေသည့် နေရာကို ကြည့်ပြီး မကျေမနပ်ဖြင့်
နှုတ်ခမ်းစူကာ ပြောသည်။

ပြီးတော့ သမီးက ချစ်ဖို့ကောင်းသလောက်လည်း အလွန်
စွာသည်။

သူ့ကိုလည်း ဖခင်တစ်ယောက်ရယ်လို့ သံယောဇဉ်မထားပါ
ခပ်စိမ်းစိမ်းပင် ပြောသည်။

"ခဏလေးသမီး၊ ဖေဖေ့အလုပ်ကိစ္စလေးတစ်ခု ပေါ်လာတာနဲ့"

"မီးမီးအိမ်အရင်ပြန်မှာပေါ့၊ ဖေဖေ့ကိစ္စနောက်မှလုပ်"

"ရောက်ပြီသမီးရဲ့၊ ရှေ့နားဆိုရောက်ပြီ"





"မသိဘူး၊ မလိုက်ဘူး"

"ခဏလေးပါ၊ သမီးရယ်"

"မေမေနဲ့တွေ့ချင်လှပြီ၊ မေမေဝယ်ပေးတဲ့ မုန့်တွေစားချင်
လှပြီ ဖေဖေနဲ့ ဘယ်မှလိုက်ချင်ဘူး၊ မလိုက်ချင်ဘူး"

မီးမီးက နားနှစ်ဖက်ကာမှိတ်ပြီး ကျိုးအော်ထည့်လိုက်တော့
သူတော်တော်လေး ရှက်ဖို့ကောင်းသွားတော့သည်။

သို့သော် သူ့ကို သမီး ပို၍မုန်းတီးအောင် သူလုပ်ချင်စိတ်မရှိ
သောကြောင့် သမီးနားလည်အောင် ချော့မော့ပြောဆိုချင်သည့် စိတ်ဖြင့်
သမီးကို ခေါ်လိုက်သည်။

"သမီး"

သမီးကမထူးပါ။

"သမီးအမေဆီကို ဖုန်းဆက်ပါလား ဖေဖေခေါ်ပေးမယ်လေ"

"ခေါ်ပေး၊ အခုခေါ်ပေး"

ဦးထိုက်တန်သည် သူ့ဟိုတယ် ရှေ့ရောက်သည်နှင့် ကားကို
ဟိုတယ်ဝင်းထဲသို့ ထိုးဆိုက်လိုက်သည်။

ပြီးတော့ မှီသန့်ဇင်ဆီသို့ ဖုန်းဆက်ပေးလိုက်သည်။

"အင်း မှီသန့်ဇင်၊ သမီးနဲ့ စကားပြောလိုက်ပါဦး"

"ရော့ သမီး"

နှစ်သက်မှိုက ဖေဖေ့လက်ထဲမှ ဖုန်းသေးသေးလေးကို ဒေါသ
ဖြင့် လှမ်းယူလိုက်တော့ ကားကူရှင်ရှေ့က ခြေနင်းကိုရောက်သွား
သည်။

"သမီးကကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထိုက်တန်ဆီက မကျေနပ်သံ ထွက်လာတော့ မီးမီးကပါ ပို၍ နှုတ်ခမ်းရှုပစ်လိုက်သည်။

"အခုမှဖေဖေ့ ဖုန်းကိုကိုင်ဖူးတာ၊ ဖေဖေတစ်ခေါက်မှ ပေးကိုင်တာမဟုတ်ဘူး"

"ကလေးပဲဟာ မကိုင်တတ်လို့ဖြစ်တာပေါ့၊ အခုပြန်ကောက်မယ်"

"မီးမီးက လွတ်ကျသွားသော ဖုန်းကိုပြန်ကောက်ပြီး ပေးလိုက်တော့ မေမေ့အသံကို ခတ်တိုးတိုးလေး ကြားလိုက်ရသည်။

"မေမေ မီးမီးအရမ်းစိတ်ဆိုးတယ် သိလား၊ မေမေ့ကိုလုံးဝမခေါ်ဘူး၊ မေမေက အိမ်မှာ ဘာလုပ်နေလို့ မီးမီးကို လာမကြိုရတာပဲ"

သမီး၏ ရန်တွေ့စကားကြောင့် မိုတကယ်ပင်စိတ်မကောင်းဖြစ်သွားမိသည်။

"သမီးဖေဖေက သူပဲသွားကြိုမယ်ဆိုလို့ပါသမီးရယ်၊ နောက်နေ့ကျတော့ မေမေလာကြိုမယ်နော်၊ မေမေ့ကိုစိတ်မဆိုးနဲ့နော်၊ တစ်ရက်တလေ သမီးဖေဖေကြိုပါစေ"

"မကြိုနဲ့ မကြိုရဘူး၊ ဖေဖေ့ကို မီးမီးမချစ်ဘူး၊ မေမေ့ကိုပဲချစ်တာ၊ မေမေမကြိုရင် ဦးဘိုလာကြိုပေါ့"

"သမီး ဖေဖေ့ရှေ့မှာ ဘာတွေပြောနေတာလဲ"

မေမေက ဟန့်လိုက်သော်လည်း မီးမီးက မမှုပါ။

ဖေဖေ ဘာဖြစ်ဖြစ် လုံးဝဂရုမစိုက်။





မီးမီး ပြောချင်ရာ ဆက်ပြောသည်။

ဦးထိုက်တန်ကလည်း 'ဦးဘိုကြိုပေါ့' ဟူသော စကားကို တော်တော်နာကျင်သွားပုံ၏။

သို့သော် သမီးကို သူ့လက်ဖြင့် နာကျင်အောင် မလုပ်ချင်သလို သူ့စကားဖြင့်လည်း သမီးကို စိတ်မထိခိုက်စေချင်ပါ။

သမီး၏ စိတ်ထဲမှာ ယခုချိန်ကတည်းက ဖခင်ကို နေရာတစ်နေရာတောင်မှမပေးဘဲ ဖခင်မဟုတ်သည့် တစိမ်းယောကျ်ားတစ်ယောက်ကို နေရာပေးနေခြင်းကတော့ သမီးသည် လုံးဝမိုက်မဲ လွန်းပါသည်။ ကလေးပီပီ နားမလည်ဘူးပဲထား။

ဒီလောက်အထိဖြစ်စရာမလိုဟု ဦးထိုက်တန်ထင်သည်။

ဒါကြောင့်လည်း ထိုညမှာပင် ဦးထိုက်တန်ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

သမီးနှင့် သူ ဒီဟိုတယ်မှာပဲ တစ်ညလုံးနေတော့မည်ဟုဖြစ်ချင်ရာဖြစ်၊ တစ်ညလောက်တော့ သူ့အမေနှင့်ရော၊ ဦးဘိုနှင့်ပါ ခွဲပစ်ဖို့ ကြိုးစားလိုက်သည်။

"ပေး သမီးတော်ပြီ"

သမီးလက်ထဲမှ ဖုန်းကို ဆတ်ခနဲ လှမ်းယူပြီး ဖုန်းပိတ်ချလိုက်သည်။

ပြီးတော့ ဖုန်းကိုသူ့ခါးကြားမှာ ထိုးတည့်လိုက်ပြီး ကားတံခါးဖွင့်၍ ကားပေါ်မှဆင်းကာ သမီးကိုခေါ်သည်။

"လာ သမီး အောက်ဆင်း"



www.burmeseclassic.com

www.burmeseclassic.com



"မဆင်းဘူး"

"ဆင်းပါသမီးရယ်"

"မဆင်းဘူး မဆင်းဘူး၊ အိမ်ပြန်မယ်"

"ဒါဖေဖေ့ ဟိုတယ်သမီးရဲ့၊ အထဲဝင်ကြည့်မယ်လေ၊ သမီးကို လိုက်ပြမယ်"

"မပြနဲ့၊ မကြည့်ဘူး"

"သမီးကလဲကွယ်"

"အိမ်ပြန်မယ်၊ မေမေနဲ့တွေ့မယ်၊ ဦးဘိုနဲ့လဲ သွားကစားမယ်"

ထိုစကားသည် ဦးထိုက်တန်၏ ရင်ဝကိုဓားဖြင့် အထိုးခံလိုက်ရသလို ခံစားလိုက်ရသည်။

သို့သော် ဦးထိုက်တန်သည် သမီးနှင့် ဒီနေ့ညတစ်ညလုံး ဟိုတယ်မှာ အတူတူနေခွင့်ရှိအောင်အတွက် ချော့မော့ပြောဆိုရမည်။

သမီး နားလည်လာအောင် စည်းရုံးသိမ်းသွင်းရမည်။

သမီးကို ဟိန်းဟောက်ဆူပူလို့မဖြစ်ပါ။

"သမီး မဆင်းရင်လဲ ဖေဖေကတော့ ရအောင်ချီရမှာပဲ၊ ကဲ ချီပြီဗျာ"

"မလိုက်ဘူး မလိုက်ဘူး"

ဦးထိုက်တန် မီးမီးကိုယ်ကြီးကို အတင်းပွေ့ချီပြီး အောက်သို့ ရအောင်ခေါ်သည်။ မီးမီးက လုံးဝမလိုက်ဘဲ အတင်းရုန်းကန် တွန်း





ထိုးပြီး ဆင်းသည်။

ဟိုတယ်ရှိ မန်နေဂျာနှင့်တကွ တာဝန်ရှိသူအားလုံး ညနေဘက်ကြီး ရောက်လာသော ဦးထိုက်တန်နှင့် သမီးကို အံ့သြစွာ ကြည့်နေကြသည်။

ဟိုတယ်ဝန်ထမ်းအားလုံးကလည်း ဦးထိုက်တန်မှာ အိမ်ထောင်နှင့် သမီးရှိမှန်းသိသော်လည်း သူတို့သည် ဦးထိုက်တန်၏ ဇနီးနှင့် သမီးကို တစ်ယောက်မှ မတွေ့ဖူးကြပါ။

ယခုတွေ့ရတော့လည်း ထိုကဲ့သို့ မရှုမလှဖြစ်နေသည့် မြင်ကွင်းကြောင့် အံ့အားသင့်နေကြသလို တစ်ယောက်မျက်နှာတစ်ယောက်လည်း ထူးဆန်းစွာ ကြည့်နေကြသည်။

"သမီး ဘာစားမလဲ၊ ဒီဟိုတယ်မှာ သမီးစားချင်တာ အကုန်ရတယ်"

"ဘာမှမစားဘူး"

"သမီးမစားရင် ဆာနေမှာပေါ့"

"ဆာဆာ"

"သိပ်ဂျစ်ကျတဲ့သမီးပဲ"

"ကလေးကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့"

"မလုပ်ပါဘူး သမီးရယ်"

"မလုပ်ရင် အိမ်ပြန်ပို့"

"နေဦးသမီးရဲ့၊ ဖေဖေ့မှာ အလုပ်ကိစ္စတွေ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဖုန်းပေး ဖုန်းခေါ်မယ်”

“ဘယ်သူ့ကို ဆက်မလို့လဲ သမီးရဲ့”

“မေမေ့ကို ဆက်ပြီး လာခေါ်ခိုင်းမှာပေါ့၊ မေမေမလာရင် ဦးဘိုဆီ ဆက်မယ်၊ ဦးဘိုရေ ဖေဖေ နှိပ်စက်နေလို့ အမြန်ဆုံး ဒီကို လာခေါ်ပါလို့ ပြောလိုက်မယ်”

ဒေါသဖြစ်ခဲ့သော ဦးထိုက်တန်သည် ထိုစကားအတွက်တော့ အလွန်ကို ဒေါသထွက်သွားခဲ့သည်။

သမီးရဲ့ သံယောဇဉ်ကို ဘယ်လိုမှ နားလည်လို့မရအောင် ပင် အံ့သြရတော့၏။

သမီးသည် သူ့မိခင်နှင့် ဘိုဘို့အပေါ်မှာတော့ တော်တော့်ကို သံယောဇဉ်ကြီးလွန်းသည်။

ဦးထိုက်တန်က ဖုန်းခေါ်မပေးဘဲ မသိချင်ယောင်ဆောင်နေ လိုက်တော့ သမီးက ထပ်မေး၏။

“ဖုန်းခေါ်မပေးဘူးလား၊ ရတယ်၊ ဟိုမှာ ဖုန်းတွေ့တယ် သွားဆက်မယ်”

“သမီး”

ဦးထိုက်တန်က သမီးကို လှမ်းဆွဲလိုက်တော့ သမီးက ဖုန်း ဆက်ခွင့်မရတော့ပါ။

အဲ့ဒီမှာ သမီးက ဦးထိုက်တန်ကို အရမ်းဒေါသထွက်ပြီး ဘာမှလုပ်ခွင့်မရတော့ ဟိုတယ်ရှေ့မှာတင် အကြီးအကျယ်အော်ဟစ် ပြီး ငိုလိုက်တော့သည်။





“အဟင့် ... အဟင့် ... ဟိုး ... ဟီး ... ဟီး ဖေဖေနှိပ်စက် တယ်၊ ဖေဖေ ဒုက္ခပေးတယ်၊ လာကယ်ကြပါ၊ မီးမီးကို လာကယ် ကြပါ”

မီးမီး၏ အော်ဟစ်ငိုယိုမှုကြောင့် ဦးထိုက်တန် တော်တော့် ကို အရှက်ရသွားစေသည်။

ဒါကြောင့်လည်း ဆက်ပြီး အရှက်ရမှာစိုးသောကြောင့် သမီး ကို ပွေ့ချီပြီး အခန်းလွတ်တစ်ခုဆီကို ခေါ်လာခဲ့သည်။

အခန်းလွတ်ထဲသို့ သမီးရော ဦးထိုက်တန်ပါ ဝင်ကာ တံခါး ပိတ်ချလိုက်တော့ သမီးက ပို၍ သည်းထန်စွာ ငိုတော့သည်။

“မေမေ့ဆီပြန်မယ်၊ မေမေနဲ့တွေ့မယ်၊ ဦးဘိုနဲ့ ကစားမယ်၊ မီးမီးကို လာခေါ်ကြပါ”

ထိုစကားတွေပြောလိုက်၊ မီးမီးလေးက ငိုလိုက်ဖြင့် လုပ်နေ သမျှကို ဦးထိုက်တန်က ကြည့်ကောင်းကောင်းဖြင့် ထိုင်ကြည့်နေ တော့၏။

ထိုအချိန်မှာ ဦးထိုက်တန် တစ်ခုသတိထားမိသွားတာကတော့ သမီး၏ ခွဲကောင်းမှုနှင့် သံယောဇဉ်ကြီးမှုပဲ ဖြစ်သည်။

အရွယ်နှင့်မမျှအောင် ခံစားနေရရှာသည့် သမီးဖြစ်သူ၏ အဆမတန် ငိုကြွေးမှုကို သနား ကရုဏာဖြစ်ရသော်လည်း ထိုကဲ့သို့ မှ သူမလုပ်လျှင် သမီးလေး အခြေအနေက ပိုမို၍ ဆိုးဝါးသွားနိုင် ပါသည်။ ငိုပါများပြီး ကြာလာတော့ သမီးလေးက မောလာဟန် ရှိသည်။ သို့သော် ခွဲကောင်းကောင်းဖြင့် ဆက်ငိုသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို လုံးဝမကြည့်ဘဲ ကျောပေးပြီး ထိုင်သည်။

ဘာကျွေးလို့မှလည်းမရ၊ ဘာစကားမှလည်း မပြောဘဲ၊ သမီးလေး၏ နှုတ်ကနေ 'မေမေရေ ... ဦးဘိုရေ၊ မေမေရေ ... ဦးဘိုရေ' ဟု အကြိမ်ပေါင်းများစွာ ခေါ်ရင်း အိပ်မောကျသွားတော့သည်။

* * *



## အခန်း (၂၁)

"ဘယ်လိုလုပ်ကြမလဲ မမ၊ ဖုန်းလဲခေါ်လို့မရဘူး၊ ခုထက်ထိလဲ ပြန်မလာကြသေးတော့"

"ဘိုဘို ... ဘိုဘိုရယ် ဘာမှမပြောပါနဲ့၊ မမ ဘယ်လိုမှ နေလို့မရတော့လို့ပါ။ ကျောင်းကြီးချိန်လွန်တာလဲ သုံးနာရီလောက် ရှိနေပြီ။ ဘယ်လိုက်ကြမလဲ၊ ဘိုဘို ကူညီပါဦးနော်။ မမဖြင့် ရင်တွေ တုန်လွန်းလို့ မတတ်တောင်ရပ်မရဘူး။ သမီးလေး ... သမီးလေး ဘာများဖြစ်နေပါလိမ့်၊ သူဘယ်များခေါ်သွားလဲ မသိဘူး"

"ခေါ်သွားလဲ အိမ်ရောက်သင့်တဲ့အချိန်ထက် လွန်နေပြီ မမ"

"ဘိုဘိုစိတ်ထဲ ဘယ်လိုထင်သလဲဟင်"

"တစ်နေရာခေါ်သွားလို့ပဲ ဖြစ်မှာပါ မမ"

"တစ်နေရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမ"

မို တွေးကြည့်သည်။

တွေးလို့မရလောက်အောင်ပင် ခေါင်းတစ်ခုလုံး ပူထူပြီး အုံခဲနေတော့၏။

သမီးကို တစ်နေရာရာခေါ်သွားလို့သာ ယခုအချိန်ထိ အိမ်ပြန်မရောက်သေးခြင်း ဖြစ်သည်ဟု တွေးလိုက်လျှင် ဖြေသာသော်လည်း တကယ် ဘမ်းတော့ တွေး၍မရခဲ့။

သူတို့သားအဖသည် တစ်ခါမှ ဘယ်ကိုမှ သွားလာဖူးခြင်း မရှိသောကြောင့် အတော့်ကို စဉ်းစားရကျပ်သွားခဲ့သည်။

"ရှစ်နာရီထိုးသွားပြီ ဘိုဘို၊ တကယ်ဆို အိမ်ပြန်ရောက်သင့်တဲ့ အချိန်လည်း ကျော်နေပြီ၊ မမ ဘာ ... ဘာလုပ်ရမလဲဟင် သမီးလေးသာ တစ်ခုခုဆိုရင် မမသေမှာ သေမှာ အဟင့်... အဟင့်"

မမက ပြောရင်း ငိုတော့သည်။

ဘိုဘိုလည်း မပြောတတ်လောက်အောင် ဖြစ်သွား၏။

ဘိုဘို အမျိုးမျိုး လှည့်ပတ်ပြီး စဉ်းစားသည်။

ဘာကြောင့် သမီးကို ဒီလိုနေ့မျိုးမှာမှ ထူးထူးဆန်းဆန်း ကျောင်းသွားကြိုပြီး အိမ်ပြန်မပို့ပေးရတာလဲ၊ ခေါ်သွားမယ်ဆိုတာ သိနေလို့များ သမီးနဲ့တွေ့မှာ စိုးလို့ ခွဲလိုက်ခြင်းလား...။

ဟုတ်တယ်။

ဖြစ်နိုင်တယ်။

ဒီအဖြေက အတိအကျပဲ။





ဘိုဘို သူ့စိတ်ထဲ အတော်ကလေး ထိခိုက်သွားကာ အားပါးတရ ရှိုက်ငိုနေသည့် မမအနားသို့ ဘိုဘို ရောက်လာခဲ့သည်။

"မမ"

"ဟင်"

"တိတ်ပါတော့ မမရယ်၊ မငိုနဲ့တော့နော်၊ မမ ပင်ပန်းလှပါပြီ"

"သမီးလေး မမသမီးလေး"

"ကျွန်တော် စဉ်းစားလို့ ရသွားပြီ မမ"

"ဘာလဲ"

"ကျွန်တော် မနက်ဖြန်မနက် သွားမယ်မှန်းသိလို့ ကျွန်တော်နဲ့ ဝေးအောင် တမင်လုပ်လိုက်တာပဲ မမ၊ သမီးကို တစ်နေရာရာ ခေါ်သွားတာပါ မမရယ်"

"မသိဘူး၊ မသိဘူး မမ မတွေးတတ်ဘူး၊ သမီးလေး အိမ်ပြန်မလာလို့ ငိုချင်တာပဲ သိတယ်"

"မမရယ်"

မမက လုံးဝ မတိတ်ဘဲ ဆက်၍သာ ရှိုက်ပြီး ငိုနေတော့သည်။

ထိုအချိန်မှာ ဘိုဘို့ခေါင်းထဲသို့ အတွေးတစ်ခုက ဆတ်ခနဲဝင်လာသည်။

"မမ သူ့ဟိုတယ် ... ဟိုတယ်များ ခေါ်သွားသလား"

"လိုက်သွားကြည့်မလား ဘိုဘိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာမှာလဲ မမ"

"တက္ကရိုပ်သာလမ်းမပေါ်က ရွှေရောင်ဟိုတယ်ဆိုတာ သူ့ဟိုတယ်ပဲ ဘိုဘို"

"ဟုတ်ကဲ့၊ ကျွန်တော် လိုက်သွားမယ် မမ၊ အိမ်က ကားက ဂိုဒေါင်ထဲသွင်းပြီးနေပြီ၊ ထုတ်ရခက်လို့ မမကားပဲ၊ ယူသွားလိုက်တော့မယ်"

"ယူသွား၊လေ၊ ကားသော့က ကားဒက်(ရှ်) ဘုတ်ထဲမှာ ဘိုဘို သိပါတယ်"

"ဟုတ်ကဲ့၊ ယူသွားလိုက်မယ် မမ၊ မမတစ်ယောက်တည်းဖြစ်ရဲ့လား၊ မငိုနဲ့တော့နော်"

"အင်းပါ၊ သမီးလေးကိုတွေ့ရင် မမဆီ ပြန်ပါအောင် ခေါ်ခဲ့နော် ဘိုဘို"

"စိတ်ချပါ မမရယ်၊ ကျွန်တော်လဲ မနက်ဖြန်မနက်သွားရတော့မှာဆိုတော့ မီးမီးနဲ့ သိပ်တွေ့ချင်ပါတယ်"

"ကဲ ... သွားတော့ ဘိုဘို၊ မြန်မြန်သွားနော်၊ သြော် ... နေဦး ဘိုဘို၊ မမ ဖုန်းယူသွား၊ လမ်းကနေ အကျိုးအကြောင်းဆက်လို့ရအောင်၊ ခဏနေဦး"

မီးက အိမ်ထဲသို့ ပြန်ပြေးဝင်လာခဲ့ပြီး မို့၏ ဟန်းဖုန်းကို ဘိုဘိုအား လှမ်းပေးသည်။

ဘိုဘိုသည် မို့ဆီမှ ဟန်းဖုန်းယူပြီးသည်နှင့် ကားမောင်းထွက်သွားတော့သည်။





မို့ကတော့ အိမ်မှာ ဘယ်လိုမှ နေ၍မရပါ။

ညှော်ခန်းထဲမှာ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ် လျှောက်နေရင်းက ဘုရားခန်းသို့ တက်လာခဲ့၍ သမီးအတွက် ဆုတောင်း၍မဆုံးနိုင်တော့။

အရှင်ဘုရား ...

ဘုရားတပည့်တော်သည် ယနေ့အချိန်အထိ မည်သူ့ကိုမှ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် မပြုလုပ်ခဲ့ပါဟု သစ္စာဆိုပါသည် ဘုရား။

ထိုမှန်ကန်သော သစ္စာစကားကြောင့် တပည့်တော်သမီးကလေး 'နှစ်သက်မီ' နှင့် ဤနေ့ညမှာပဲ ပြန်လည် တွေ့ဆုံခွင့်ရပါစေဘုရား။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ဟိုတယ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ဖြင့် ဘိုဘိုရောက်သွားချိန်တွင် ဟိုတယ်ဝင်းတွင်းထဲတွင် ရပ်ထားသည့် ဦးထိုက်တန်၏ ကားကို ဘိုဘို တွေ့လိုက်ရသည်။

"အား ... တွေ့ပြီ၊ ငါထင်တဲ့အတိုင်းပါပဲလား"

ဘိုဘို အလွန်ပျော်သွားကာ ကားကို ကမန်းကတန်းရပ်၍ ကားပေါ်မှ ဆင်းလိုက်သည်။

ဟိုတယ်ဝန်ထမ်းတစ်ဦးက ညဘက်ကြီးရောက်လာသည့် ဘိုဘို့ကို 'ကိစ္စရှိသလား အစ်ကို'ဟု လာမေး၏။

"ဦးထိုက်တန်နဲ့ တွေ့ချင်လို့ ညီလေး၊ သူဘယ်မှာရှိမလဲ"

"ဦးထိုက်တန်၊ အင်း ... အပေါ်ထပ်က (Room 305) မှာ ရှိမယ် အစ်ကို၊ အစ်ကို ဒီမှာနေလေ၊ ကျွန်တော် သွားပြောပေးပါ့မယ်။ အပေါ်ထပ်မှာတော့ ဧည့်သည်တွေ့ခွင့်မရှိလို့ပါ၊ စိတ်မရှိနဲ့အစ်ကို"





"ဪ ... ညီလေး ဟိုလေ ... ဦးထိုက်တန်နဲ့အတူ ကလေးလေးတစ်ယောက်များ ပါလာသေးလား"

"Boss ရဲ့သမီးကို ပြောတာမဟုတ်လား"

"ဟုတ်တယ်ညီလေး"

"ပါတယ်အစ်ကို၊ အဲဒီကလေး မငိုတာများ တက်မတတ် ချက်မတတ်ပဲ အစ်ကိုရာ၊ ဘာဖြစ်မှန်းမသိဘူး။ Boss လဲ သူ့ကလေး ငိုလွန်းလို့ စိတ်ညစ်သွားတယ်ထင်ပါရဲ့၊ အပေါ်ထပ်ခေါ်သွားတာ ခုထိ ဆင်းမလာတော့ဘူး"

"ဟင်"

သမီးငိုသည်ဟု သိလိုက်ရသည့်အချိန်မှာ ဘိုဘို ဘယ်လိုမှ မနေနိုင်တော့ပါ။ အခုနေမှာ ဒီဟိုတယ်ဝန်ထမ်း သူ့နာမည်ပြောလိုက်လျှင် ဦးထိုက်တန်ကို သွားပြောမှာ သေချာ၏။

ဦးထိုက်တန်ကလည်း ဘိုဘို့နာမည်ကြားသည်နှင့် လုံးဝဆင်းမတွေ့ဘဲ ပြဿနာရှာနိုင်သည်။

သမီးလေးနှင့်လည်း တွေ့ခွင့်ရမှာ မဟုတ်တော့။

ရှေ့ဆက် ဘယ်လိုဆက်လုပ်ရမည်ဆိုတာ ဘိုဘို ခေါင်းထဲသို့ အတွေးတွေ တန်းစီတွေးလိုက်ရသည်။

ဟုတ်ပြီ။

ဦးထိုက်တန်ဆီ ငါကိုယ်တိုင် သွားတွေ့မှဖြစ်မယ်။

"အစ်ကို ခဏစောင့်နော်၊ ကျွန်တော်သွားပြောပေးပါ့မယ်"

"နေ ညီလေး၊ အပေါ်ထပ်မှာ မဟုတ်လား၊ အစ်ကိုပဲ သွားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အစ်ကို မသွားနဲ့၊ သွားလို့မရဘူး၊ အစ်ကို ... အစ်ကို"

ဟိုတယ်ကောင်လေးစကားကို နားမထောင်နိုင်ဘဲ သူ့ရှေ့ကနေ ပြေးကာ အပေါ်ထပ်သို့ ဝရန်းသုန်းကား တက်လာခဲ့သည်။

ဟိုတယ်ကောင်လေးကလည်း သူ့နောက်ကနေ ထက်ကြပ်မကွာလိုက်လာသည်။

အပေါ်ထပ်တွင် အခန်းတွေက အများကြီး။ အခန်းပေါက်ဝတွင် ချိတ်ထားသော နံပါတ်တွေထဲမှာ (305) အခန်းကို လိုက်ရှာသည်။

တွေ့ပြီ။

(305)

အခန်းဝမှာ ရပ်ပြီး

"မီးမီး ... မီးမီး၊ ဦးဘိုလာပြီ၊ တံခါးဖွင့် ပေးပါဦး"

အခန်းအပြင်ဘက်ရှိ အသံကို ရုတ်တရက် ကြားလိုက်ပြီး အံ့ဩထိတ်လန့်သွားသူက ဦးထိုက်တန် ဖြစ်သည်။

မီးမီးနှစ်သက်မှီသည်လည်း ငိုရင်း ငိုရင်းမှ မေ့ခနဲ အိပ်ပျော်သွားခဲ့ရာ အိပ်မက်ထဲမှာ ဖေဖေက သေနတ်ပါတဲ့ အရုပ်ကြီးတစ်ရုပ် ဝယ်ပေးခဲ့သည်။

ဖေဖေ့ကို ထိုသေနတ်ဖြင့် မီးမီးက လိုက်ပစ်သည်တဲ့။

ဖေဖေ့ကို မထိဘဲ ဖေဖေ့အနားမှာ ရောက်နေသော ဦးဘိုကို ထိသွားသည်တဲ့။





ဦးဘိုက 'အား'ဟု အော်ကာ မီးမီးရှေ့မှာ လဲကျသွားသည်ဟု အိပ်မက် မက်နေခဲ့သည်။

ထိုအချိန်မှာ 'ဦးဘိုသေပြီ၊ ဦးဘိုသေပြီ'ဟု မီးမီးနှုတ်မှ ခဏခဏအော်ရင်း ယောင်ယမ်းပြီး အိပ်ရာထဲမှ လူးလဲ၍အထမှာ ဦးဘို၏အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

"မီးမီးရေ ... မီးမီး၊ ဦးဘိုလာပြီ ... ဦးဘိုလာပြီ၊ မီးမီးထွက်ခဲ့ပါဦး"

"ဟင် ... ဦးဘိုလာပြီ"

"ဝုန်း"

"သမီး"

မီးမီးက ဦးဘို၏အသံကို ကြားရုံဖြင့် စိတ်ဇောဖြင့် အခန်းပေါက်ဝသို့ ထအပြေးမှာ ခြေခေါက်ပြီး လဲကျသွားသည်။

ဖေဖေက သမီးခန္ဓာကိုယ်ကို ဆွဲယူ၍ မလိုက်သည်။

"ဖယ် ... ဖယ် ဦးဘိုလာနေပြီ၊ ဦးဘိုဆီသွားမယ်၊ ဦးဘိုရေ မီးမီးလာပြီ"

"သမီး ဖေဖေ ဖွင့်ပေးမယ်"

ဦးထိုက်တန်သည် သမီးဖြစ်သူ၏ လုပ်ရပ်ကြောင့် အတော့်ကို အံ့ဩတုန်လှုပ်ခဲ့ရတော့သည်။

သမီးသည် 'ဦးဘို'ဆိုသည့် လူ၏ အသံကိုကြားရုံနှင့် တစ်ကိုယ်လုံး တဖျတ်ဖျတ်ခါကာ တံခါးဆီသို့ ပြေးသည်။

တံခါးချက်ကို မမှီဘဲ ခြေဖျားထောက်၍ ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဦးထိုက်တန်က တံခါးကို ဖွင့်ပေးလိုက်ရသည်။

"မီးမီး"

"ဦးဘို"

"မီးမီးရယ် ... မီးမီးအိမ်ပြန်မလာလို့၊ မီးမီးမေမေရော ဦးဘိုပါ စိတ်ပူနေကြတာ၊ မီးမီး ဘာလို့ အိမ်ပြန်မလာဘဲ ဒီကို ရောက်နေတာလဲဟင်"

"အခုပြန်မယ်၊ အခုပြန်မယ်၊ ဦးဘိုချို၊ မေမေနဲ့ တွေ့ချင်လှပြီ။ ဒီနေရာကို သူခေါ်လာတာ၊ မီးမီးမလိုက်ချင်လို့ အရမ်းငိုထားတာ၊ ဒီမှာကြည့် မျက်လုံးကို"

"မီးမီးရယ်"

မီးမီးလေး၏ အပြောကြောင့် ဘိုဘို့ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိဘဲ သနားစဖွယ်ကောင်းလှသည့် မီးမီးလေးကို ဘိုဘိုက ဆတ်ခနဲ ပွေ့ချီလိုက်သည်။

"ဘိုဘို သမီးကို အောက်ချလိုက်"

ဦးထိုက်တန်ဆီမှ တင်းတင်းပြတ်ပြတ် စကားသံထွက်လာသည်။

"ဟင့်အင်း ... မချနဲ့ မချနဲ့၊ ဦးဘိုချို မီးမီး မဆင်းဘူး၊ မီးမီး ဒီမှာ မနေဘူး၊ မေမေ့ဆီ ပြန်မယ်၊ ဦးဘို လိုက်ပို့၊ ဦးဘိုလိုက်ပို့"

"လာ ... သမီး၊ ဘိုဘို မင့်ပြန်တော့"

"ဦးဘို"

"မီးမီး"





ဦးထိုက်တန်က ရုတ်တရက် သမီးကို ဘိုဘို့လက်ထဲမှ ဆောင့်ဆွဲပြီး ခေါ်လိုက်သောကြောင့် သမီးက မမျှော်လင့်ဘဲ ပါလာ၏။

ထိုအချိန်မှာ ဦးထိုက်တန်သည် သမီးကို အခန်းထဲသို့ ခေါ်သွားကာ ချက်ကို ပိတ်ချလိုက်သည်။

"ဦးထိုက်တန် မီးမီးကို ခေါ်မသွားနဲ့၊ ကလေး စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ အိမ်ပြန်ပို့ပေးလိုက်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ဦးဘို မီးမီးကို မထားခဲ့ပါနဲ့၊ မီးမီး ဒီမှာ မနေဘူး၊ မီးမီးကြောက်တယ်၊ သူနဲ့မနေဘူး၊ သူ့ကို မချစ်ဘူး"

"မီးမီး မကြောက်နဲ့၊ ဦးဘိုရှိတယ်၊ ဦးဘို ဘယ်မှမသွားဘူး"

သမီးနဲ့ ဘိုဘို၏ အပြန်အလှန်ပြောနေသော စကားများကြောင့် ဦးထိုက်တန် ဘာလုပ်ရမည်ဆိုတာ နားလည်သွားသည်။

သမီးကိုလည်း ဘာမှမပြောသလို ဘိုဘို့ကိုလည်း အရေးလုပ်၍ သူပြောစရာမရှိပါ။ ဦးထိုက်တန် သူလုပ်ရမှာက တစ်ခုတည်းဖြစ်သည်။

ဦးထိုက်တန်သည် ချက်ချင်းပင် သူ့ဟိုတယ်ရှိ အရေးပါဆုံးမန်နေဂျာတစ်ယောက်ကို ဖုန်းဆက်၍ ပြောလိုက်သည်။

"အောင်ကိုလား၊ ဆရာပါ၊ အခုရောက်နေတဲ့ Room (305) ရှေ့က လူကို အောင်ကိုတို့အုပ်စု လာခေါ်ထုတ်သွားပေးပါ။ အိုဘေ စိတ်ချမယ်"

ဦးထိုက်တန် ဖုန်းချပြီး သိပ်မကြာခင်မှာပင် အပြင်ဘက်မှာ ဆူဆူညံညံအသံတွေ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးထိုက်တန် ခင်ဗျားဘာလုပ်တာလဲ၊ ခင်ဗျားသမီးကို ခင်ဗျား မသနားဘူးလား"

"ဦးဘို ... ဦးဘို မီးမီးကို လာခေါ်ပါ"

မီးမီးအသံကို ကြားရလေ သူ့ရင်ဝကို ဓားချွန်ချွန်ဖြင့် အထိုး ခံလိုက်ရသလို ခံစားလိုက်ရသည်။

သို့သော် ... သူ့ဘက်မှ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့သော အခြေအနေကို မထင်မှတ်ဘဲ ရင်ဆိုင်လိုက်ရတော့၏။

"ဦးဘို မီးမီးကို လာခေါ်ပါ၊ မီးမီး ဒီမှာ မနေဘူး"

"မီးမီး ဦးဘိုရှိတယ်၊ မီးမီးမကြောက်ပါနဲ့"

"ဟော့ကောင်"

"လာစမ်းကွာ"

သူ့ကို လူသုံးယောက်က အတင်းချုပ်နှောင်ပြီး အပေါ်ထပ်ကနေ ဆွဲခေါ်လာခဲ့သည်။

သူ့ခန္ဓာကိုယ်က ပိန်ပိန်သွယ်သွယ်။

သူ့ကို ဝိုင်းချုပ်ထားသူတွေက နည်းနည်းနောနော ဗလတွေ မဟုတ်။

အားအင်ခြင်းက မမျှသလို ခုခံနိုင်စွမ်းလည်း သူ့မှာ မရှိတော့။

မီးမီးအသံကြောင့် သူ့တစ်ကိုယ်လုံး ချုံးချုံးကျနွမ်းလျသွားတော့သည်။

သူ့ကို သူကားရပ်ထားသည့် နေရာသို့ ခေါ်လာခဲ့ကြပြီး ကားပေါ်တက်ကာ မောင်းထွက်ခိုင်းသည်။





သူမှမမောင်းလျှင် 'ဝတ္တုရားနှောင့်ယှက်မှုဖြင့် ရဲစခန်းတိုင်မည်' ဟု ခြိမ်းခြောက်ကြ၏။

ဒီညသာ သူ ပြဿနာတစ်စုံတစ်ခုဖြစ်လျှင် သူမနက်ဖြန်မနက် ဘယ်လိုမှ သင်္ဘောတက်နိုင်မည် မထင်။ သင်္ဘောမတက်လို့လည်း မရပါ။

မေမေလိုချင်နေသည့် ယခုနေသောအိမ်ကို ဘိုဘို အပြီးတိုင် ဝယ်ပေးရန်အတွက် ငွေပေါင်းသိန်းရှစ်ဆယ်လောက် အထူးလိုအပ်နေသည်။

ယခု ဘိုဘိုတို့နေသော မမနှင့်ကပ်လျက် အိမ်ကြီးက နှစ်ချုပ်နှင့် ငှားထားသည့်အိမ်ဖြစ်သည်။

မေမေက အပြီးတိုင် ဝယ်ပြီး နေချင်သည့်စိတ် ရှိသည်။

ဒါကလည်း မမတို့သားအမိ၏ သံယောဇဉ်ကြောင့်ပဲ ဖြစ်၏။

သင်္ဘောဆိုတာကလည်း တက်ချင်တိုင်း တက်ခွင့်မရပါ။

အခြေအနေ၊ အချိန်အခါနှင့် ကုသိုလ်ကံတရားလည်း အများကြီး သက်ဆိုင်ပါသည်။

ဘိုဘို၏ မိခင်ကြီး စိတ်ချမ်းသာရေးအတွက် ဘိုဘို ကြိုးစားရမည်။

ဒါဆို သူတို့ခိုင်းစေချက်အတိုင်း ဘိုဘို ထွက်လာခဲ့လျှင် မိမိအတွက် ကိုယ်လွတ်ရုန်းရာမကျဘူးလား။

သမီးလေးတစ်ယောက်တည်း ဘာတွေဖြစ်၍ ကျန်ရစ်ခဲ့မလဲ။

ဘိုဘို မောင်းလာသည့် မမကားက ဟိုတယ်အပြင်ဝရော



www.burmeseclassic.com

www.burmeseclassic.com



မှ ထိုအတွေးက ဝင်လာခဲ့သည်။

မီးမီးရယ်။

ဦးဘိုကို ခွင့်လွှတ်ပါတော့။

ဒီနေ့ညပဲ မီးမီးလေးကို ဦးဘို နှုတ်ဆက်ခဲ့ပါတယ်။

သူ့စိတ်ထဲ တော်တော့်ကို ထိခိုက်နွမ်းနယ်ကာ ကားဆက်မောင်း၍ မရတော့ပါ။

ဟိုတယ်ရှေ့မှာ အကြာကြီး ရပ်ထားမိသည်။

ဟိုတယ်တံခါးတွေကိုတော့ အထပ်ထပ်ခပ်လိုက်ကြပြီ။

သူ ဘယ်လိုအင်အားမျိုးနှင့်မှ ဝင်လို့မရတော့ပါ။

သူမောင်းလာသည့်ကားသည် သူ့ကားမဟုတ်ဘဲ မမကားဖြစ်နေသည်ဆိုတာ ဦးထိုက်တန်က အပေါ်ထပ်အခန်း ပြတင်းဝကနေ လှမ်းတွေ့လိုက်ရသည်။

"တောက်"

ဒေါသဖြစ်ခဲ့လှသော သူသည် ယခုအခါမှာတော့ တကယ်ကို ဒေါသဖြစ်သွားခဲ့သည်။ ပြီးတော့ သူ့အနားမှာ အငိုမတိတ်နိုင်သောအောင် ဖြစ်နေသည့် သမီးဖြစ်သူ၏ ငိုကြွေးမှုကိုလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး နားနှစ်ဖက်ပိတ်ကာ လျစ်လျူရှု ဥပေက္ခာပြုလိုက်သည်။

ကဲ ... ငိုလိုက်စမ်း နှစ်သက်မှီ။

မင်း ဘယ်လောက်အထိ ငိုနိုင်မလဲ။

* * *





## အခန်း (၂၃)

"မမ ... မမကို လိုက်ပို့ပေးပါ ဘိုဘိုရယ်၊ မမ တောင်းပန်ပါတယ်။ ဒီအတိုင်းဆို သမီးလေး တစ်ခုခုဖြစ်တော့မယ်၊ မမသမီးလေး မမသမီးလေးကို ကယ်ပါ ဘိုဘိုရယ်"

"မမရယ် ဖြစ်နိုင်ရင် ကျွန်တော့်အသက်နဲ့လဲပြီး ကူညီချင်ပါတယ်။ အခုဟာက မမယောကျ်ားလုပ်ပုံက ကလေးအပေါ်မှာ အင်မတန်ရက်စက်ရာကျသွားပြီ၊ သူ့ကြောင့် ကလေးတစ်ခုခုဖြစ်သွားလိမ့်မယ်၊ မယုံရင် စောင့်ကြည့်"

"အို ... ဘိုဘိုကလဲ၊ ဖွ ... ဖွ ... မဟုတ်တာ၊ ကဲ ... လာ မမကို လိုက်ပို့"

"ဟိုတယ်တံခါးတွေ အားလုံးပိတ်လိုက်ပြီ မမ"

"ပိတ်ပါစေ၊ မမသွားရင်တော့ ဖွင့်ပေးမှာပါ ဘိုဘိုရယ်၊ ဘိုဘို လိုက်ပို့ပေးနော်၊ ဘိုဘို အပြင်မှာပဲ နေခဲ့လေ၊ ဒီညသာ မမသမီးလေးနဲ့ မမတွေ့ခွင့်မရရင် မမသေမှာ ဘိုဘို၊ သေမှာ၊ လာပါ ဘိုဘိုရယ် အခုသွားပါရစေ၊ မမအိမ်တံခါးတွေအားလုံး ပိတ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မမအစီအစဉ်ကို ဘိုဘိုလက်ခံပါသည်။

ဒါမှလည်း သမီးလေး စိတ်ချမ်းသာရာရနိုင်မည်။

ဘိုဘို့ကို လက်မခံလို့ အငင်မခံရင်လည်း နေပါစေတော့။

သမီး၏ စိတ်ချမ်းသာရေးအတွက် မိခင်ဖြစ်တဲ့ မမကလည်း ပါဝင်သင့်ပါသည်။

အိမ်တံခါးတွေအားလုံး ပိတ်ပြီးသည်နှင့် မမကို မီးမီးတို့သား အဖရှိနေသည့် ဟိုတယ်သို့ ဘိုဘို လိုက်ပို့ပေးလိုက်သည်။

ဘိုဘိုမောင်းလာသည့်ကားကို တွေ့သည်နှင့် အားလုံးက တံခါးဖွင့်ပေးဖို့ စိတ်မကူးကြပါ။

"ကျွန်မက ဦးထိုက်တန်ရဲ့ဇနီး မိုသန့်ဇင်ပါ၊ ဦးထိုက်တန်ကို သွားပြောပေးပါရှင်၊ သူမဝင်ပါဘူး၊ သူ့ကို အခုပဲ အိမ်ပြန်ခိုင်းလိုက်ပါ့မယ်၊ ကျွန်မတစ်ယောက်တည်းပဲ ဝင်မှာပါ၊ ဝင်ခွင့်ပြုကြပါရှင်၊ အနူးအညွတ် ကျွန်မ တောင်းပန်ပါတယ်"

"နေဦးအစ်မ၊ ဆရာ့ကို ကျွန်တော် သွားမေးပေးမယ်၊ ဒီလူတော့ ဝင်လို့မရဘူးနော်၊ သူ့ကို ဆရာက အခုလေးတင်ပဲ မောင်းထုတ်ခိုင်းထားတာ"

"ဟုတ်ပါတယ်ကွယ်၊ မမတစ်ယောက်တည်းပဲ ဝင်မှာပါ။ မြန်မြန်လေး သွားမေးပေးပါ"

"ခဏစောင့် အစ်မ"

တံခါးစောင့် ကောင်လေးက ပြေးထွက်သွားသည်။

ဘိုဘိုရော မမပါ ငါးမိနစ်ခန့် စောင့်နေရသည်။





ခဏနေတော့ ကောင်လေးက ခပ်သွက်သွက်ကလေး ပြေးာပြီး ...

"ဆရာက အစ်မတစ်ယောက်တည်းပဲ ဝင်ခိုင်းပါတယ်၊ လာပါ စ်မ"

"ဘိုဘို ... ဘိုဘိုပြန်တော့နော်၊ မမ ဒီမှာပဲ နေခဲ့တော့မယ်၊ ျေးဇူးတင်ပါတယ် မောင်လေးရယ်၊ မောင်လေး မနက်ဖြန်မနက် စောကြီး ခရီးထွက်ရမှာမဟုတ်လား၊ သွားတော့နော်၊ စိတ်ဖြောင့် က်ဖြောင့်သွားတော့ မောင်လေး၊ ဒီကားလဲ ဘိုဘိုတို့အိမ်မှာပဲ ားလိုက်တော့ မမသွားပြီ"

"မမ"

ဘိုဘိုက တစ်စုံတစ်ခုပြောရန်အတွက် မမကို အားအင်သုံး း လှမ်းခေါ်လိုက်သော်လည်း မမသည် သမီးဇောကြောင့် ဘိုဘို မ်းခေါ်တာကိုပင် မမေးနိုင်တော့ပါ။

တံခါးဖွင့်ပေးလိုက်သည်နှင့် အထဲကို ကမန်းကတန်း ပြေး င်ကာ ခုနက လာခေါ်သော ကောင်လေးနောက်သို့ လိုက်သွားသည်။

ဘာပဲဖြစ်ဖြစ် မီးမီးလေးရှေ့မှောက်သို့ မမကို အရောက်ပို့ခွင့် ာသည့်အတွက် မီးမီးအတွက် စိုးရိမ်စိတ် ပူစရာမလိုတော့ပါ။

သူစိတ်ချလက်ချဖြင့် ကားမောင်းထွက်လာခဲ့သော်လည်း သူ့ တ်တွေ အားလုံး မမတို့သားအမိဆီမှာသာ ကျန်ရစ်ခဲ့တော့၏။

မိုသည် အပေါ်ထပ်ရောက်သည်နှင့် 'သမီးရေ မေမေလာပြီ မေလာပြီ'ဟု တဆာဆာအသံပေးရင်း လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးထိုက်တန်က မို့အသံကြားသည်နှင့် တံခါးကို ချက်ချ
ဖွင့်အပေးမှာ ငိုရလွန်း၍ ဆက်၍ပင် မငိုနိုင်တော့ဘဲ အင်မတ
ချွေးတွေပျံပြီး မောနေရှာသည့် မီးမီးကို တွေ့လိုက်ရသည်။

"သမီးလေး"

"မေ ... မေ"

သမီးကို ဖိုး ပြေးအဖက်မှာ သမီးက မို့ရင်ခွင်ထဲသို့ ပြေး
လိုက်သည်။

ခဏနေတော့ သမီးကိုယ်ကလေးက မို့ရင်ခွင်ထဲမှာ လျော့
ဖြစ်ကာ ပျော့ခွေကျသွားတော့၏။

"သမီး"

မို့အသံသည် ဟိုးအနက်ရှိုင်းဆုံး ကမ္ဘာအထိ ကျယ်လော
သွားတော့၏။

* * *





# အပိုင်း(နှစ်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဘိုဘို မြန်မာပြည်မှာ မရှိတော့ဘူးဟု မို့သမီးလေး နှစ်သက်မှီ သိသွားသောအချိန်မှစပြီး သမီးသည် ငယ်ငယ်ရွယ်ရွယ်နှင့် တစ်ခါမှ မခံစားရဖူးသော ခံစားမှုမျိုးကို သည်းထန်စွာ ခံစားလိုက်ရရှာ၏။

ဦးဘိုကို ခေါ်ပေး။

ဦးဘိုမရှိရင် ကျောင်းမသွားဘူး၊ စာမသင်ဘူး။

ရေမချိုးဘူး၊ ထမင်းမစားဘူး။

ဦးဘိုဝယ်ပေးတဲ့ ရုပ်ရုပ်တွေနဲ့ ဆော့မယ်။

ဦးဘိုဝယ်ပေးတဲ့ အင်္ကျီတွေပဲ ဝတ်မယ်။

အနားကို ဘယ်သူမှ မလာနဲ့၊ မခေါ်ဘူး။

သွားကြ ... သွားကြ။

ဟု အချိန်ပေါင်းများစွာ အော်ဟစ်နေတော့သည်မှာ အင်မတန်သနားစဖွယ်ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မို့သမီးအဖြစ်ကို မို့ကြည့်ပြီး တစ်သက်လုံး မဖြေနိုင်လောက်အောင်ပင် ယူကျုံးမရဖြစ်ရတော့သည်။ ကျောင်းသွားခါနီးဆိုလည်း ဦးဘိုတို့အိမ်ကို ပြေးထွက်သွားတတ်ပြီး ဘိုဘို့မိခင်ဆီမှာ ဘိုဘို့ကို မေးကာ ငိုတော့သည်။

'ဘွားဘွားရယ် ဦးဘိုဘယ်သွားတာလဲဟင်၊ မီးမီးကို ဘာလို့ပြောမသွားတာလဲဟင်၊ ဦးဘိုက မီးမီးကို ဘာလို့ ပစ်သွားရတာလဲဟင်'ဟု တမေးတည်း မေးတော့သည်။

ဘွားဘွားဒေါ်သီရိသည် နှစ်သက်မိုလေးကို တကယ့်မြေးလေးတစ်ယောက်လို ချစ်သူမို့ အခုလိုလာပြောတိုင်း သူ့ခမျာ မျက်ရည်ကျ ဝမ်းနည်းခဲ့ရသည်။

"မြေးရဲ့ဦးဘိုက နိုင်ငံခြားမှာ အလုပ်သွားလုပ်တာမြေးရဲ့ ဒီကို ပြန်လာမှာပါ၊ ဦးဘိုက မြေးဆီဖုန်းဆက်မယ်တဲ့၊ စာတွေလဲ အများကြီးရေးမယ်တဲ့၊ မြေးလေး ကျောင်းသွားတော့နော်၊ စာတွေ အများကြီးကျက်ရမယ်နော်၊ မြေးလေးစာတွေတော်မှ ဦးဘိုက မြေးလေးကို ချစ်မှာ၊ ရုပ်ရုပ်တွေရော၊ အင်္ကျီလှလှလေးတွေရော ဝယ်ပေးမှာတဲ့ ဟုတ်လားမြေး"

"ဟင့်အင်း ... ကျောင်းမသွားချင်ဘူး"

"မြေးရယ် သွားပါကွယ်၊ လာ ... လာ ဘွားဘွားလိုက်ပို့ပေးမယ်၊ ဟော ... သမီးမေမေလိုက်လာပြီ"

"အန်တီသီရိရယ်၊ ဒီနေ့လဲ ကျောင်းမသွားဘူးဆိုပြီး ကျောင်းအဝတ်တောင်မှ လဲပေးလို့မရဘူး။ အခုလဲ ဒီဘက်ကို ပြေးလာလို့ လိုက်လာရပြန်ပြီ"





မို့အသံက စိတ်ထိခိုက်နေသည့်အသံ။

"မေမေ ဦးဘိုအိမ်ထဲမှာ ရှိတယ်မဟုတ်လားဟင်၊ မီးမီးကို တွေ့ချင်လို့ ပုန်းနေတာမဟုတ်လားဟင်"

"သမီးလေးရယ်"

မို့ရင်ထဲမှာ တော်တော့်ကို ထိခိုက်ကြေကွဲရသည်။

ဘာပြောလို့ ပြောရမှန်းပင် မသိတော့။

သမီးလေး၏ အရွယ်နှင့် မမျှတအောင် ခံစားစွဲလမ်းရသည့် စွဲလမ်းမှုအတွက်လည်း အံ့ဩထိတ်လန့်ရသည်။

"လာပါသမီးရယ်၊ ကျောင်းချိန်ကပ်နေပြီ"

"ဟင့်အင်း မလာဘူး၊ ဦးဘိုနဲ့ ဒီနားမှာ ဆော့နေကျ၊ ဦးဘို အထဲမှာ ရှိတယ်၊ မီးမီးသိတယ်၊ မီးမီးနဲ့ မဆော့ချင်လို့ ပုန်းနေတာ၊ ဦးဘိုရေ ... ဦးဘို လာ ... ထွက်ခဲ့၊ မီးမီးနဲ့ ဆော့မယ်"

"သမီး၊ မြေးကို ချော့မော့ပြီး ခေါ်သွားတော့ သမီး၊ ငါ့မြေးလေးကို သနားလိုက်တာကွယ်၊ သူ့ခမျာ ဦးဘိုကို သိပ်သံယောဇဉ်ရှိရှာတဲ့ကလေး"

"သမီးလေး လာ ... လာ"

မို့က သမီး၏ ခန္ဓာကိုယ်ဖိုင့်ဖိုင့်ကြီးကို အတင်းပွေ့ချီပြီး ခေါ်လာခဲ့ရသည်။

ဒါတောင် မီးမီးလေးက အတင်းရုန်းကန်တွန်းထိုးပြီး အောက်သို့ ခုန်ဆင်းသည်။

မို့က မရမက ဖက်တွယ်ပြီး မို့တို့အိမ်သို့ ဖွတ်ခေါ်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့လည်း မီးမီးကို ကျောင်းသွားရန် အဝတ်
အစားလဲပေးလို့မရပါ။

မီးမီးသည် တော်တော့်ကို ခွဲနပဲကြီးလွန်းသည့်အပြင် စိတ်
ကလည်း မာသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် တင်းမာခက်ထန်လွန်းသည်မှာ အံ့ဩ
စရာ။

"သမီး ကျောင်းချိန်နီးနေပြီ၊ လာ အင်္ကျီလဲမယ်"

"မလဲဘူး"

"လာပါကွယ်၊ သမီးလေးကလဲ"

"မလာဘူး"

"သမီးကျောင်းတက်မှ စာတွေ အများကြီးတတ်မှာပေါ့"

"မတတ်ချင်ဘူး၊ မသွားဘူး"

"အို ... သမီး"

ထိုကဲ့သို့သောစကားမျိုး သမီးထံမှ ထွက်လာလိမ့်မည်ဟု မို
မထင်ခဲ့ပါ။

သမီးသည် ဘိုဘိုမရှိတော့သောရက်တွေမှာ ထိုကဲ့သို့စိတ်မျိုး
ဖြစ်သွားပြီး ဘယ်သူပြောလို့မှလည်း နားဝင်မည့်သမီးမဟုတ်တော့ပါ။

သမီးသိပ်ချစ်သည့် မို့လို မိခင်မျိုးတောင်မှ သမီးက ပြတ်ပြတ်
သားသား ဆက်ဆံနေသည်မှာ ဩချစရာပင်။

ဒီတော့ မိုတစ်ခုခုလုပ်မှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

မို့သမီးကို ပုံစံတစ်မျိုးပြောင်းပြီး မို ဆက်ဆံရတော့မည်။





မို့သမီးလေးသည် အင်မတန် အချော့အမော့ကြိုက်သောသူ
ဖြစ်သည်။

ဘယ်နေရာမဆို ချော့မော့ပြောလျှင် အလွယ်တကူရနိုင်သည်။
ယခုတော့ ချော့မော့ပြောလည်းမရ။

ခြိမ်းခြောက်ဟိန်းဟောက်ပြီး ဆုပ်ကိုင်မောင်းမှ ရတော့သည်။

အဆိုးဆုံးကတော့ ဦးထိုက်တန်နှင့် သမီး၏ ဆက်ဆံရေးပင်
ဖြစ်၏။

အရင်ကတော့ သူတို့သားအဖက အနည်းအကျဉ်းစကားပြော
သေးသည်။

ယခုဆိုလျှင် သမီးက သူ့ကို ဦးထိုက်တန်၏ ဟိုတယ်မှာ
အတင်းအကျပ် တံခါးပိတ်ထားပြီး ဦးဘိုကို နှင်လွှတ်လိုက်သည့်
အချိန်မှစပြီး ဖခင်ဖြစ်သူကို ထိုအငြိုးဖြင့် အမုန်းကြီးမုန်းသွားကာ
လုံးဝ မျက်နှာချင်းမဆိုင်တော့။

ဦးထိုက်တန်က ခေါ်တာတောင်မှ လှည့်ကြည့်ဖော်မရလောက်
အောင် အသက်နှင့်မမျှတသည့် ဒေါသမာန်ကို အံ့ဩစွာ မို တွေ့ခဲ့ရ
သည်။

"သမီး ... လာစမ်း"

မိုက ချက်ချင်း သမီးကို ဆောင့်ဆွဲလိုက်ပြီး အဝတ်အစား
လဲပေးလိုက်သည်။

ထိုသို့အမူအရာမျိုး ဘယ်တုန်းကမှ မိုမလုပ်ခဲ့ဖူးသောကြောင့်
သမီးက ဝမ်းနည်းစွာ ကြောက်လန့်ပြီး အော်ငိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးဘိုရေ မေမေ နိုပ်စက်နေတယ်၊ မီးမီးကို လာကယ်ပါ၊ ဦးဘို မြန်မြန်လာပါ'ဟု အသားကုန် ကြုံးအော်တော့သည်။

သမီး ဘယ်လိုအော်အော်ပါ။

မှီကတော့ သမီးကျောင်းကို ဖြစ်သည့်နည်းဖြင့် ရောက်အောင် ပို့ပေးသည်။

အဆိုးဝါးဆုံးအချက်ကတော့ မှီ့သမီးသည် ကျောင်းတက်ချင်စိတ် လုံးဝမရှိတော့သည့်အပြင် ကျောင်းမှာလည်း ဘာစာမှ သင်ယူနားထောင်ခြင်း၊ မှတ်သားကျက်မှတ်ခြင်းတို့ မရှိတော့ပါ။

တစ်နေ့မှာ အတန်းပိုင်ဆရာမက မှီ့ကို ခေါ်တွေ့ရသည်အထိ ဖြစ်သွားသည်။

"မိခင်တစ်ယောက်အနေနဲ့တော့ ဆရာမ စကားကို ရိတ်ကောင်းဖြစ်မှာပါပဲ။ မတတ်နိုင်ဘူး ဒေါ်မှီသန့်ဇင်၊ ကျွန်မကလဲ အတန်းပိုင်ဆရာမဖြစ်နေတော့ ပြောရမှဖြစ်မှာပါ။ ဒေါ်မှီသန့်ဇင်ရဲ့ သမီးက စာထဲမှာ လုံးဝစိတ်မဝင်စားတော့ဘူး။ ကျောင်းစာလဲတစ်ခုမှ မလုပ်ဘူး။ တစ်နေကုန် ပေကပ်ပြီး ထိုင်နေတယ်။ သူငယ်ချင်းတွေနဲ့လဲ စကားမပြောဘူး။ မုန့်မစားဘူး၊ မဆော့ဘူး၊ စာမလုပ်ဘူး၊ ဒါတွေဟာ ဒီကလေးအတွက် တော်တော့်ကို ထူးဆန်းတဲ့အချက်တွေ ဖြစ်နေတယ်။ ဘာကြောင့် ကလေးမှာ အခုလိုဖြစ်သွားရတယ်ဆိုတာလဲ ကျွန်မတို့ နားမလည်နိုင်လောက်အောင် ဖြစ်နေရပြီ။ အဲဒီတော့ ဒေါ်မှီသန့်ဇင်ရဲ့ သမီးကို စိတ်ကုဆရာဝန်တစ်ယောက်ယောက်နဲ့တော့ ပြဖို့ လိုအပ်ပြီလို့ ကျွန်မ ထင်ပါတယ်။





"ရှင်..."

မှီသည် ဆရာမရှေ့မှာပင် နေရာတင် လဲပြိုကျမသွားအောင် မနည်းထိန်းလိုက်ရသည်။ မှီ့ရင်ခုန်နှုန်းတွေကလည်း မြန်ဆန်လာလွန်းသဖြင့် သွေးကြော ပြတ်ထွက်မတတ် ခံစားနေရသည်။

မှီ့သမီးအတွက် ဘယ်လိုနည်းမျိုးနှင့် အဖြေရှာရမည်ဆိုတာ ဦးထိုက်တန်နှင့် အမြန်ဆုံး ဆွေးနွေးမှ ဖြစ်တော့မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"သမီးအတွက် မိုတို့ ဘယ်လိုလုပ်ကြမလဲဟင်"

ဦးထိုက်တန်က မိုပြောသမျှကို အထူးနားစိုက်ပြီး သေချာနားထောင်သည်။

မို့မေးခွန်းကို ချက်ချင်း အဖြေမပေးနိုင်အောင်ပင် အချိန်ယူပြီး အကြာကြီး စဉ်းစားနေ၏။

မိုကိုယ်တိုင်ပင် ဘာလုပ်ရမှန်းမသိတော့။

အခု မိုတို့နှစ်ယောက် စကားပြောချိန်မှာလည်း သမီးလေးမရှိပါ။

ကျောင်းက ပြန်ရောက်ရောက်ချင်း 'ဦးဘိုနဲ့ သွားကစားဦးမယ်'ဆိုပြီး တစ်ဖက်ခြံကို တစ်ယောက်တည်း ပြေးသွားသည်။

ဦးဘိုဘိုမိခင်က မီးမီးကို အင်မတန်ချစ်ပြီး ဂရုစိုက်သူမို့ မိုစိတ်ချစွာ နေနိုင်သည်။





ပြီးတော့ ဒေါ်ကြီးကြွေကလည်း မီးမီးကို စိတ်ရှည်လက်ရှည် သိမ်းပေးသည်။

"မိုသန့်ဇင် ဘာလုပ်ချင်လဲ၊ လုပ်ချင်တာကို ပြောလေ"

"ဟင့်အင်း ... မို မပြောတတ်ဘူး"

"ကောင်းပြီ၊ ဒါဖြင့် ကိုယ် စီစဉ်တာ မိုသန့်ဇင် လက်ခံမလား"

"ဟုတ်"

"သမီးကို ဒီတစ်နှစ် ကျောင်းခဏထုတ်လိုက်ပါ"

"ရှင် ... သမီး ... သမီးကို"

"ဟုတ်တယ် မိုသန့်ဇင်၊ ဒီအတိုင်းဆို သမီးရဲ့စိတ်က ငယ်ငယ်လေးနဲ့ ပုံမှန်မဟုတ်တော့တဲ့ ရှုးသွပ်ခြင်းတစ်ခုကို မမျှော်လင့်ဘဲ ရသွားရှာတာ၊ သမီးကျောင်းတက်လဲ တက်ရှာက်ပဲ ရှိမပေါ့၊ စာမလုပ်ဘူး၊ စာမသင်ချင်ဘူး၊ သူငယ်ချင်းတွေနဲ့ မဆော့တော့ ဘယ်သူနဲ့မှလဲ စကားမပြောဘူးဆိုတော့ စာမေးပွဲဖြေလဲ အောင်မှာ မဟုတ်ဘူး၊ ကျုမှာသေချာတယ်။ အဲဒီတော့ ဆေးခွင့်တင်ပြီး တစ်နှစ်နောက်ဆုတ်လိုက်ပါ"

"သမီးလေးရယ်"

ဆက်၍ မိုမခံစားနိုင်တော့ဘဲ ငိုချလိုက်တော့သည်။

ဦးထိုက်တန်ပြောသလိုမှ မိုမလုပ်လျှင်လည်း ကျောင်းပို့ကျောင်းကြိုလုပ်ရတာပဲ အဖတ်တင်သည်။ ကျောင်းမှာလည်း သမီးနှင့် ပတ်သက်သမျှ သူငယ်ချင်းတွေ၊ ဆရာမတွေကအစ သမီးကို ကျိုး(မ)မာ



www.burmeseclassic.com

www.burmeseclassic.com



ရေးမကောင်းသောသူအဖြစ် ခံယူလိုက်ကြပြီ။

သမီးကွယ်ရာမှာတော့ သမီးကို 'အရူးမ'ဟု ခေါ်ကြမှာ သေချာပါသည်။

သမီးကို ကျောင်းမသွားရတော့ဘူးဟု မိုပြောလိုက်သည့်နေ့မှာ သမီးက ဝမ်းသာအားရ ထခုန်သည်။

'ဟေး ... ကျောင်းမတက်ရတော့ဘူးတဲ့ ပျော်တယ်၊ ပျော်တယ် မီးမီးပျော်တယ်၊ ဦးဘိုနဲ့ သွားဆော့မှာ၊ ဦးဘိုနဲ့ ရုပ်ရုပ်တွေ အများကြီး ထွက်ဝယ်မှာ'ဟု ပြောပြန်သည်။

နောက်ဆုံးတော့ သမီးကို တစ်နှစ်နောက်ဆုတ်ပြီး ကျောင်းထုတ်လိုက်ကာ စိတ်ကျန်းမာရေးဆေးရုံကြီးမှာ စိတ်ရောဂါအထူးကုသမားတော်ကြီးတစ်ယောက်နှင့် သမီး၏ ရောဂါဝေဒနာကို စမ်းသပ်စစ်ဆေးခဲ့ကြသည်။

ဆရာဝန်၏ ဆေးစစ်တမ်းကောက်ယူချက်အရတော့ ရောဂါကို အဖြေရှာ၍မရသော်လည်း 'ဘိုဘို'ကို မြန်မာပြည်သို့ အမြန်ဆုံး ပြန်ရောက်လာရန် ခေါ်ပေးဖို့သာ ပြောလိုက်သည်။

ဆရာဝန်နှင့် တွေ့ပြီးအပြန်ကျတော့ ကားပေါ်မှာ မို့ကို ဦးထိုက်တန်က တစ်ခွန်းတည်းသောစကားကို ပြောလာခဲ့သည်။

"သမီးရဲ့အဖြစ်တွေအတွက် ကိုယ် သိပ်ရှက်တယ် မိုသန့်ဇင် သမီးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်အထိ ဆိုးဆိုးဝါးဝါးဖြစ်မယ့် ခံစားမှုမျိုး ရှိမယ်လို့ မထင်ခဲ့မိဘူး။ အခုကြည့်စမ်း၊ ငါးတန်းကျောင်းသူဘဝလေးနဲ့ ကျောင်းထုတ်လိုက်ရတဲ့အဖြစ်၊ အဲဒီတော့ ဒီလိုဖြစ်





အောင် ဖန်တီးတဲ့ အဓိကတရားခံက ဘယ်သူလဲ မင်းသိလား"

မို ငြိမ်နေခဲ့ပါသည်။

"မင်းလုပ်တာ မိုသန့်ဇင်၊ မင်းကြောင့် မင်းသမီးမှာ အခုလို ရောဂါမျိုးစွဲကပ်ခဲ့ရတာ၊ ကိုယ် အတန်တန်တားခဲ့တဲ့ကြားက အခုလိုဖြစ်သွားတာ၊ ဒါကြောင့် ဒင်းကို မြန်မာပြည် ပြန်လာရအောင် မင်းမခေါ်မိအောင် ကြိုးစားပါ။ ဒင်းပြန်လာတဲ့နေ့ မင်းနဲ့ ပြန်ရှုပ်နေဦးမှာပဲ၊ အေး အဲဒီနေ့ကျရင်တော့ ကိုယ် မင်းကို ကွာပေးလိုက်ပါတော့မယ်။ မင်းတို့ချင်း ပေါင်းဖက်တဲ့တစ်နေ့ကျရင် မင်းသမီးရောဂါက ဆရာဝန်မလိုဘဲ ပျောက်သွားမှာပါ။

"ဦးထိုက်တန်ရယ်"

မို ရှက်လွန်း၍ နားမထောင်ရဲတော့ဘဲ မို့နားနှစ်ဖက်ကို စုံပိတ်လိုက်တော့သည်။

* * *

www.burmeseclassic.com

## အခန်း (၃)

"ဟဲလို"

"မမ မမလားဟင်၊ ဘိုဘိုပါ မမ"

ဘုရား ... ဘုရား။

ဘိုဘို့ဆီက ဖုန်းပဲ။

မိ ဖုန်းပြောနေသည့် မလှမ်းမကမ်းတွင် ဦးထိုက်တန်၏ စာရေးစားပွဲရှိသည်။ ဦးထိုက်တန်သည် ထိုစားပွဲပေါ်တွင် သူ့အလုပ်ကိစ္စနှင့် ပတ်သက်သည့် စာရွက်စာတမ်းတွေနှင့် အလုပ်ရှုပ်နေသည်။

သို့သော် မိပြောသမျှကို ကြားရလောက်အောင်ပင် နီးကပ်နေသည်။

"မမ ဘိုဘိုပါ၊ မကြားရလို့လား မမ၊ မမပြန်ထူးပါဦး၊ အခု ကျွန်တော် သင်္ဘောကပ်တုန်း မမတို့အိမ်ဆက်လိုက်တာ၊ မေမေ့ဆီလဲ အခုပဲ ဆက်ပြီးပြီ၊ မမ နေကောင်းတယ်နော်၊ မီးမီးလေး ကော မှန်"





မိပြန်မဖြေနိုင်လောက်အောင် ရင်ထဲမှာ တင်းကျပ်ဆို့နင့်လာသည်။

မိ့သမီးလေးအဖြစ်ကို ဘိုဘိုသိအောင် မိ ပြောခွင့်ရမည်ဆင်ပါ။

ဘာကြောင့်လဲဆိုတော့ မိ့နှုတ်က ပြောလို့မထွက်တာပါ။

သမီးလေးကလည်း မိနှင့် မလှမ်းမကမ်းမှာ ရှိနေသည်။

တစ်ယောက်တည်း မော်တော်ကားတွေဖြင့် ဟိုဘက် ဒီဘက် ပြေးကာ ဆော့နေသည်။

"မမ မမ ဘယ်လိုဖြစ်နေတာလဲ၊ မမ နေမကောင်းဘူးလား၊ ကျွန်တော်လဲ မီးမီးလေးနဲ့ စကားပြောလို့ရအောင် ကျောင်းပြန်မှ ဆက်မလို့ပဲ၊ အချိန်မရတော့လို့ မမ၊ အခုချက်ချင်း သင်္ဘောပြန်ထွက်မှာ မမဆီ စာရေးထားသေးတယ်၊ ရောက်ပြီလား မမ၊ မေမေနဲ့တော့ နေ့တိုင်းတွေ့ဖြစ်တယ်ဆို၊ မမဂရုစိုက်တာတွေ မေမေပြောပြတယ်။ ကျေးဇူးတင်တယ်နော် မမ၊ မေမေ့ကို ဂရုစိုက်ပေးပါဦးနော်။ ရေ့အပတ်ထဲမှာ လူကြုံရှိတာနဲ့ မမအတွက်ရော မီးမီးအတွက်ပါ လက်ဆောင်ပစ္စည်းတွေ ထည့်ပေးလိုက်မယ်၊ ကျွန်တော့်စာရရင် စာပြန်ရေးဦးနော်၊ မီးမီးလေးကိုလဲ စာရေးခိုင်းပေးပါ မမ။ မမတို့ ရေးတဲ့စာ ကျွန်တော် ဖတ်ချင်လို့ပါ"

"အင်း ... အင်းပါ"

မိ့အသံက လုံးဝခပ်တိုးတိုး။

"မမ စကားတစ်ခုခုတော့ ပြောပါဦး၊ မမဆီက ဘာစကားသံမှလဲ မကြားရဘူး၊ နေမကောင်းရဲ့လား မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်"

"မီးမီးလေးရော စာတွေ တော်တော်ရနေပြီလား"

ထိုစကားက မို့ရင်ဝကို ဗုံးကြဲစေလိုက်သလို ခံစားလိုက်ရ သည်။

"မမ ဖုန်းကတ်ကုန်တော့မယ်၊ တကယ်လို့ သင်္ဘောပြန်မထွက် ဖြစ်ရင် ညကျရင် တစ်ခေါက်ပြန်ဆက်မယ်နော်၊ မီးမီးလေး ကျောင်း ကပြန်လာရင် ပြောပေးပါ မမရယ်၊ ကျွန်တော့်အတွက် ဘာမှမ နဲ့ သိလား မမ၊ ဒီမှာ အားလုံးအဆင်ပြေတယ်၊ နေလဲကောင်းတယ် မေမေ့ကိုသာ မမ ဂရုစိုက်ပေးပါဦးနော်၊ မမရေ ဖုန်းကတ်ကုန်ပြီ ထပ်မဆက်တော့ဘူး၊ မမကို သတိရတယ်၊ စာရေးလိုက်ဦးမယ်"

"ကလစ်"

ဖုန်းကတ်ကုန်သွား၍ ဘိုဘိုပြောနေရင်းမှ ဖုန်းက ချက်ချင်း ပြတ်တောက်သွားတော့၏။

မို့သည် ဖုန်းခွက်ကို အသာချပြီး မျက်နှာကို တစ်ဖက်သို့ အလှည့်မှာ ဦးထိုက်တန်၏ လှမ်းခေါ်သံကို မမျှော်လင့်ဘဲ ကြား လိုက်ရသည်။

"မို့သန့်ဇင်"

မို့ကို လှမ်းခေါ်လိုက်သော ဦးထိုက်တန်၏အသံသည် စိတ် ရှုပ်ထွေးနေသောအသံမျိုး ဖြစ်သည်။

ဘုရားရေ။

မို့ကိုများ ဘယ်သူ့ဆီက ဖုန်းလဲလို့ မေးမလို့လား။





မို့အမှန်အတိုင်းဖြေရုံပါပဲ။

ဘိုဘို့အပေါ်မှာ မို့ဘက်က ခုထက်ထိ ရိုးသားဖြူစင်ဆဲဆို တာ ဘုရားမှာ သစ္စာဆို၍ ကျိန်တွယ်ဝံ့ပါသည်။ မို့က ရိုးသားသော မျက်နှာထားဖြင့် ဦးထိုက်တန်ဆီသို့ လျှောက်လာခဲ့သည်။

"မေမေ လာ၊ မီးမီးပျင်းလို့ မီးမီးနဲ့ဆော့မယ်"

"ခဏသမီး သမီးဖေဖေခေါ်နေလို့"

"မသွားနဲ့"

"သမီးကကွယ်"

"မသွားပါနဲ့ဆို၊ မီးမီးနဲ့လာဆော့"

"နေဦးသမီး၊ ပြီးရင် ဆော့မယ်နော်"

"မဆော့ရင် ထိုင်ငိုမှာ ကြည့်နေ"

"အင်းပါ သမီးရယ် ဆော့ပါမယ်ဆို"

"ညှပ်ခေါက်ဆွဲကို သကြားဖြူးပြီး ကျွေးမယ်ဆို၊ ခုထိလဲ မကျွေးသေးဘူး"

"အခုကျွေးမယ် သမီး၊ အားလုံးလုပ်ပြီးနေပါပြီ"

"မီးမီးဗိုက်ဆာပြီ"

"မို့သန့်ဇင် ကလေးကို အရင်သွားကျွေးလိုက်၊ ပြီးရင် သူ့ဟာသူ ဆော့ပါစေ။ မင်း ခဏလာဦး"

"ဟုတ်ကဲ့၊ လာ သမီး၊ မေမေကျွေးမယ်"

မို့က သမီးလက်ကို ဆွဲ၍ ထမင်းစားခန်းထဲသို့ ခေါ်သွားခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီး သိပ်ကြိုက်သည့် ညှပ်ခေါက်ဆွဲဖတ်နှင့် သကြားဖြူ ထားသော ပန်းကန်လေးကို သမီးလက်ထဲသို့ ထည့်ပေးလိုက်၏။

"ဖြည်းဖြည်းကိုင်စားနော် ကွဲမယ်"

"ဘွားဘွားနဲ့သွားစားမယ်"

"သမီးရယ်၊ ဒီအချိန် ဘွားဘွားအိပ်နေပြီ"

"အိပ်ပါဘူး၊ အိပ်လဲ မီးမီးနိုးလိုက်မယ်၊ သွားပြီ"

"သမီး ဖြည်းဖြည်း ... ဖြည်းဖြည်းကွယ်၊ ဒီသမီးကလဲ လိမ့် လက်ကျတော့မှာပဲ"

မီကြည့်နေစဉ်မှာပင် သမီးက ထမင်းစားခန်းကနေ မီးဖိုချောင်ကို ဖြတ်၍ နောက်ပေါက်ကနေ တစ်ဖက်ခြံသို့ မုန့်ပန်းကန်ကိုင်၍ ပြေးသွားသည်။

ဘိုဘိုတို့အိမ်တွင် ဒေါ်လေးကြွေနှင့် အန်တီသီရိက အမြဲတမ်းရှိသူမို့ မီ စိတ်ချရသည်။

သမီး တစ်ဖက်ခြံကူးသွားတော့မှ မီသည် ဦးထိုက်တန်ဆီသို့ လျှောက်လာခဲ့၏။

ဦးထိုက်တန်က မီလာသည်နှင့် သူ့အလုပ်တွေကို ချက်ချင်းရပ်ပစ်ကာ မီ့ဘက်သို့ လှည့်၍ မေးခွန်းတစ်ခု ဆတ်ခနဲ မေးလိုက်၏။

"ခုနကဖုန်းက"

စကားက အလယ်ခေါင်မှာ ရပ်သွား၏။

မီမညာချင်ပါ။

ရိုးသားဖြူစင်သည့် မိန်းမသားတစ်ယောက်၏ ဘဝမှာ အလိမ်အညာတွေ လုံးဝမလိုအပ်ဘူးဟု မီ ထင်ပါသည်။





မီ မှန်ရာကိုသာ ဝန်ခံလိုက်၏။

"ဘိုဘို့ဆီကဖုန်းပါ"

"ထင်ပါတယ်၊ ထင်ပါတယ်။ ဒါကြောင့်လဲ မင်းဆီက အသံထွက်မလာတာကိုး၊ ဘာလဲ မင်း ပြောတာ ကိုယ်ကြားမှာ စိုးလို့ ပြန်မပြောတာလား"

"ဟင့်အင်း ... မ ... မဟုတ်ပါဘူး"

"ပြောပါ ... ပြောပါ၊ နောက်ဆိုရင် ကိုယ်ရှိနေရက်နဲ့ ဖုန်းလာတာဆိုရင်လဲ ကိုယ့်ကို တစ်ချက်ပဲ မင်းလှည့်ကြည့်လိုက်ပါ။ အဲဒါ ဆို ကိုယ်သဘောပေါက်စွာနဲ့ မင်းနံဘေးက ထသွားပေးမယ်။ မင်းကြိုက်နှစ်သက်တဲ့စကားကို စိတ်လွတ်ကိုယ်လွတ်နဲ့ လွတ်လပ်စွာ ပြောဟုတ်ပြီလား"

"မဟုတ်တာရှင်၊ မီ ... မီ့ကို အဲလိုတော့ မပြောလိုက်ပါနဲ့ ဦးထိုက်တန်ရယ်"

"ဘယ်နှယ့်မဟုတ်ရမှာတုန်း မီသန့်ဇင်ရဲ့၊ သိပ်ဟုတ်တာပေါ့၊ သိပ်ဟုတ်လွန်းလို့လဲ ကိုယ်မွေးထားတဲ့သမီးကလေး နုနုနယ်နယ်နဲ့ ဖွဲ့လမ်းမှုတွေဖြစ်ပြီး စိတ်ရောဂါဖြစ်ခဲ့ရတာ မင်းလက်တွေ့လေ၊ မင်း ဘာပြင်းဦးမလဲ မီသန့်ဇင်"

"ဦး ... ဦးထိုက်တန်ရယ် မီ ... မီတောင်းပန်ပါတယ်၊ မီ့ကို သနားပါ၊ မီတို့ ဘာမှ မဖြစ်ကြပါဘူး၊ ဘိုဘို ဖုန်းဆက်တယ်ဆို တာကလဲ"

"ကိုယ်မတားဘူး မီသန့်ဇင် ဆက်ပါ ဆက်ကြပါ ... ပြောပေါ့၊ ကိုယ်ဘာမှမကန့်ကွက်ဘူး၊ မချုပ်ချယ်ဘူး၊ မတားမြစ်ဘူး၊ မီသန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com



သဘောလုပ်... ကြိုက်သလိုလုပ်လို့ရတယ်၊ ကိုယ်ပြောပြီးပြီပဲ ဒင်း ပြန်လာတဲ့တစ်နေ့ ကိုယ်မင်းကို ကွာရှင်းပေးပါမယ်လို့"

"တော်ပါတော့ ဦးထိုက်တန်ရယ်၊ မှီတောင်းပန်ပါတယ် တော်ပါတော့"

"ဘာပဲဖြစ်ဖြစ်ပေါ့ မှီသန့်ဇင်၊ ကိုယ်နဲ့မင်းရဲ့ အိမ်ထောင်ရေး ကလဲ တစ်မျိုးဆန်းပြားနေခဲ့တာကိုး၊ တစ်ယောက်နဲ့ တစ်ယောက်နဲ့ ချစ်ခင်မြတ်နိုးစုံမက်ပြီး လက်ထပ်ခွင့်ရခဲ့တဲ့ အိမ်ထောင်ရေးမျိုးမဟုတ် ဘူးလေ၊ မင်းလဲအရွယ်ရှိသေးတဲ့ မိန်းမသားတစ်ယောက်ဆိုတော့ သွေးသားဆန္ဒကို မင်းဘယ်လိုမှ မငြင်းဆန်နိုင်သေးပါဘူး၊ ပြီးတော့ ကိုယ်နဲ့ မင်းက ခုထက်ထိ တရားဝင်ဇနီးမောင်နှံလို့ အများက အသိအမှတ်ပြုထားကြပေမယ့်လဲ တကယ်တမ်း ကိုယ်တို့ပေါင်းသင်းနေ ကြတာမဟုတ်ဘူး၊ ကိုယ်ခွင့်ပြုပါတယ်လို့ ပြောပြီးပြီပဲ မှီသန့်ဇင်ရယ် အင်း ဒါပေမယ့် ကိုယ့်သမီးလေးကိုတော့ ကိုယ်အရမ်းသနားတာအမှန် ပဲ၊ သမီးလေးအခုလို ဝေဒနာဆိုးဆိုးဝါးဝါးဖြစ်ရတာလဲ မင်းကြောင့်လို့ ကိုယ်စွပ်စွဲပါရစေ"

မှီ့စိတ်ကို မှီဘယ်လိုမှ ထိန်းလို့မရသည့်အဆုံး ချုံးပွဲချ ငို လိုက်မိသည်။

* * *





၆

အခန်း (၄)

"မေမေ... "

"သမီး... "

"မေမေ့ဆံပင်တွေက တအားမွှေးတာပဲ၊ မွှေးလို့ကောင်းလိုက် တာ ဒီဖက်တိုးပေးပါဦး"

မှီက သမီးနားသို့ ပို၍တိုးကပ်ပေးလိုက်ရသည်။

သမီးလေးနှင့် မှီအိပ်ရာထဲမှာဖြစ်ပြီး မှီ့သမီးက မှီ့ကိုဖက်တွယ် ကာ ခေါင်းလျှော်၍ ဖြန့်ချထားသည့် မှီ့ဆံပင်တွေကို မွှေးကြူနေသည်။

"မီးမီးကြီးလာရင် မေမေ့လိုပဲ ဆံပင်အရှည်ကြီးထားမယ်နော်"

"အင်း... "

"မေမေ့ကို မီးမီးက အရမ်းချစ်တာ မေမေရဲ့"

"သမီးရယ်"

"ပြီးတော့၊ ဦးဘိုကိုလဲချစ်တယ်"

မှီ့နှုတ်ခမ်းတွေ ဟလျက်သားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘိုကလေ ဘာမှန်းလဲ မသိဘူးနော်၊ သူ့ကိုလဲ ဘယ်သူကမှ စိတ်မဆိုးကြပဲနဲ့ အဝေးကြီးကို ထွက်သွားရတယ်လို့၊ ဘွားဘွားပြောတော့ ဦးဘိုက အိမ်အကြီးကြီးဝယ်ချင်လို့ ပိုက်ဆံတွေ အများကြီးသွားရှာတာဆို၊ သိပ်အကြာကြီးလဲမနေပါဘူးဆို၊ ဦးဘိုဆီက ဒီနေ့ဖုန်းလာလို့ ဘွားဘွားက မှာလိုက်တယ်တဲ့၊ မြန်မြန်ပြန်လာပါလို့တဲ့၊ ဟုတ်လားဟင် မေမေ"

"ဟုတ်မှာပေါ့ သမီးရဲ့"

"မီးမီးက ဦးဘိုနဲ့စကားပြောချင်တဲ့ဥစ္စာ၊ ဘွားဘွားက ဦးဘိုဖုန်းလာတာပဲ၊ မီးမီးကိုလာခေါ်တာမဟုတ်ဘူး၊ အရမ်းစိတ်ဆိုးတာပဲသိလားမေမေ၊ ဘွားဘွားနဲ့ မခေါ်ဘူးလို့ ပြောလိုက်တယ်"

"သမီး ငရဲကြီးတတ်တယ်၊ လူကြီးကိုမပြောရဘူး"

"ဦးဘိုနဲ့မှ ဖုန်းမပြောရဘဲဟာ၊ စိတ်ဆိုးတာကိုး၊ ပြောမှာပေါ့"

မို ဘာမှမတတ်နိုင်လောက်အောင်ပင် လက်လျှော့ရမလိုဖြစ်သွားသည်။

"ဒါပေမယ့် ဘွားဘွားက အရမ်းသဘောကောင်းဘယ်မဟုတ်လား မေမေရဲ့၊ မီးမီးနဲ့ဦးဘို ဖုန်းမပြောရပေမယ့် ဦးဘိုရေးလိုက်တဲ့စာကို ပေးဖတ်တယ်။ မီးမီးလဲ ဘွားဘွား သိအောင် ဖတ်ပြခဲ့တယ်"

"ဟင်"

"စာထဲမှာ ဦးဘိုက မီးမီးအကြောင်းလဲ ပါတယ်၊ မေမေ့အကြောင်းလဲပါတယ်၊ မီးမီးတို့ကို သတိရလို့တဲ့၊ မီးမီးအတွက် အရုပ်တွေအများကြီးဝယ်ပေးလိုက်မယ်လို့ စာထဲမှာ ရေးထားတယ်





မေမေရဲ့ သိလား မီးမီးဖြင့် အရမ်းပျော်တာပဲ ဦးဘိုက မီးမီးတို့ကို အရမ်းချစ်တာပဲနော် မေမေ"

စကားသိပ်တတ်သည့် သမီးလေးကို မိုလိုက်၍ မမီခဲ့ပါ။

"သမီးဖေဖေကိုလဲ ချစ်ပါသမီးရယ်"

"ဟင့်အင်း ... ဟင့်အင်း"

ထိုစကားမျိုး မိုပြောတော့ သမီးက ခေါင်းတခါခါဖြင့် ငြင်းဆန်ခဲ့သည်။

'မီးမီးအိပ်ချင်ပြီ၊ မေမေ ပုတ်သိပ်၊ ကျောပုတ်ပေး'ဟု မို့သမီးက ပြောလာသည်။

ညတိုင်း မီးမီးလေးအိပ်အောင် ကျောပြင်ကို ခပ်ဖွဖွလေးပုတ်ပေးရသည်။

ပေါင်လေးတွေကို ပုတ်သိပ်ရသည်။

ဒါမှ မို့သမီးက နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့သည်။

သမီးလေးအိပ်ပျော်သွားတာတောင်မှ မို့မှာ အိပ်လို့မရနိုင်လောက်အောင် အတွေးနက်နက်တွေက ကြီးစိုးနေခဲ့သည်။

မို့အတွေးထဲမှာ ဦးထိုက်တန်နှင့် ဘိုဘိုက တစ်လှည့်စီနေရာယူလျက်ရှိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဦးထိုက်တန်သည် အလုပ်ကိစ္စနှင့် စင်ကာပူသို့ ခေတ္တထွက်သွားသည့်နေ့တွင် အုံ့ဩစရာကောင်းလောက်အောင် ဘိုဘို့စာနှင့် ဖုန်းကလပ်တူရောက်လာခဲ့သည်။

"ဟဲလို"

"မမ ဘိုဘိုပါ"

"ဟင် ... ဘိုဘို၊ မမ အခုပဲ ဘိုဘို့စာကို ထိုင်ဖတ်နေတာ၊ တိုက်ဆိုင်လိုက်တာကွယ်။ ဘိုဘိုရော နေကောင်းရဲ့လား"

"ကောင်းတယ် မမ၊ မမတို့သားအမိရော၊ မီးမီးလေးရော၊ မမ ဒီနေ့ Sunday ဆိုတော့ မီးမီးလေးအိမ်မှာ ရှိမှာပေါ့"

"ရှိတယ် ဘိုဘို ဆော့နေတယ်၊ မမ ခေါ်ပေးမယ်"

ဦးထိုက်တန်ရှိနေလျှင်တော့ သမီးလေးကို ဖုန်းပြောရန် ခေါ်ပေးဖို့ အင်မတန် ဝန်လေးလှသည်။ စိတ်မောလှသည်။





အခုတော့ မို့သမီးလေးကို စိတ်ပျော်ရွှင်စေသည့် ဆန္ဒနှင့် သမီးလေး၏ ဘိုဘို့အပေါ်မှာ ထားသည့် တန်ဖိုးဖြတ်၍ မရနိုင်သော သံယောဇဉ်ကို မဖြတ်တောက်စေလိုသည့်ဆန္ဒနှစ်ခုကြောင့် မို့ခေါ်ပေးလိုက်သည်။

"သမီးရေ လာလာ... ဦးဘိုဖုန်း၊ ဦးဘိုနဲ့ စကားလာပြောချည်"

"ဟင် ... ဦးဘို ... ဦးဘို"

"သမီး ဖြည်းဖြည်း... ဖြည်းဖြည်း "

မို့သမီးက ကစားနေရာမှ မို့ခေါ်၍ ပြေးထအလာမှာ ကြမ်းပြင်ပေါ် မှောက်ခုံလဲကျသွားတော့သည်။

မို့က ဖုန်းကိုချပြီး သမီးကို ပြေးအထူမှာ သမီးက ရပ်လျက်သားနှင့် ဖုန်းဆီပြေးသည်။

"မေမေ ... ဖယ်၊ ဦးဘိုနဲ့ ဖုန်းပြောချင်လှပြီ"

မီးမီးက ဖုန်းခွက်ကို ကမန်းကတန်းပြေးကိုင်ပြီး ပြောလိုက်သည်။

"ဟဲလို ဦးဘို... ဦးဘိုလား၊ မီးမီးဆီကို ဘာလို့ ပြန်မလာတော့တာလဲ ဦးဘိုရယ်၊ အခု ပြန်လာခဲ့၊ မီးမီးနဲ့ ဆော့မယ်၊ ဦးဘိုနဲ့ ရုပ်ရုပ်တွေ သွားဝယ်မယ်၊ မုန့်တွေ သွားစားမယ်၊ ဦးဘို လာခဲ့... လာခဲ့"

"မီးမီးလေး ဦးဘို ပြန်လာခဲ့မှာပါကွယ်၊ ဦးဘို ပြန်လာတဲ့နေ့ကျရင်လေ မီးမီးလေး စားချင်တာတွေလဲ အကုန်ဝယ်ကျွေးမယ်၊ မီးမီးလိုချင်တဲ့ ရုပ်ရုပ်တွေလဲ အများကြီးဝယ်လာမယ်၊ မီးမီးနဲ့ ဦးဘို မုန့်တွေ လျှောက်စားကြမယ်၊ ဟုတ်လား မီးမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး... မသိဘူး၊ အခုချက်ချင်း ဦးဘို ပြန်လာခဲ့ရမယ်၊ ဦးဘိုမရှိကတည်းက မီးမီး ကျောင်းလဲ မတက်တော့ဘူး၊ စာတွေလဲ မကျက်ဘူး၊ သူငယ်ချင်းတွေနဲ့ မဆော့ဘူး၊ အိမ်မှာပဲ နေတော့တယ် ဦးဘိုရဲ့"

"ဟင်... မီးမီး ကျောင်းမတက်တော့ဘူး၊ ဘာလို့လဲ၊ ဘာဖြစ်လို့ မတက်ရတာလဲ မီးမီးရယ်"

"စာမသင်ချင်လို့ပေါ့"

"ဟာ... မဟုတ်တာပဲ၊ မီးမီးမေမေကို ဖုန်းပေးလိုက်၊ ဦးဘိုနဲ့ စကားပြောမယ်၊ ဦးဘို မေးကြည့်မယ်"

"ပြောနဲ့ ခေါ်မပေးဘူး၊ ဦးဘို အခုပြန်လာမယ်ဆိုရင် ခေါ် ပေးမယ်"

"သမီးရယ်၊ ဦးဘိုက နိုင်ငံခြားမှာ ရောက်နေတာ၊ ဘယ်လို လုပ်ပြန်လာလို့ ရမှာလဲ"

"မသိဘူး၊ ပြန်လာခဲ့၊ ဦးဘို ပြန်မလာဘူးဆိုရင် မီးမီး ထိုင် ငိုမှာပဲ၊ ကြည့်နေ အဟီး... အဟီး... အဟီး၊ ဦးဘို ပြန်မလာဘူးတဲ့ အဟီး... အဟီး... အဟင့်... အဟင့်"

"သမီး တော်ပြီ... တော်ပြီ၊ ဖုန်းပေး မေမေ့ကို"

"ပေးဘူး၊ ဦးဘိုနဲ့ မီးမီးပြောဦးမှာ"

"ပေးပါ သမီးရယ်၊ ဟိုက အဝေးကြီးကနေ ဆက်ရတာ၊ တော်ကြာ ဖုန်းပြတ်သွားမှဖြင့်၊ ပေးဆို"





"မပေးဘူး... မပေးဘူး၊ မေမေနဲ့ ဦးဘို မပြောနဲ့၊ မီးမီးပဲ ပြောမယ်၊ ဦးဘို မီးမီး ငိုနေတာ၊ အဟင့်... အဟင့် ကြားလား... ကြားလား၊ ဟင် ဘာမှာလဲ မကြားရတော့ဘူး၊ ဦးဘို... ဦးဘို၊ ဦးဘို ပြန်မလာတော့ဘူးလား၊ အဟင့် ... အဟင့် ... အဟင့် ရော့ ... ဖုန်း၊ ဦးဘို မရှိတော့ဘူး"

မို့သမီးလေးက ဘိုဘို့အသံကို မကြားရတော့မှ မို့ထံသို့ ဖုန်း ပေးလိုက်သည်။

မို့ နားထောင်ကြည့်တော့ ဖုန်းက ပြတ်တောက်သွားပြီ။

မို့သမီးက အငိုမစဲတော့ပါ။ ဘယ်လိုမှလည်း ချော့၍မရ။

"ဦးဘို ... ဦးဘို မီးမီးဆီကို ပြန်လာခဲ့ပါ"ဟုသာ အကြိမ် ပေါင်းများစွာ အော်ဟစ်ရင်း သတိလစ်မေ့မြောသွားမတတ် ရှိုက်ငို နေတော့သည်။ ထိုမြင်ကွင်းကို မို့ ဘယ်လိုမှ မကြည့်ရက်နိုင်တော့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ဦးထိုက်တန် စင်ကာပူမှ ပြန်လာသောနေ့တွင် မို့ကို ထူးထူးခြားခြား လေဆိပ်ကနေ ဖုန်းလှမ်းဆက်သည်။

သမီးလေးကို ခေါ်လာခဲ့ရန်လည်း မို့ကို ပြောသည်။

ခက်တာက သမီးကို ဘယ်လိုမှ ခေါ်၍မခဲ့ပါ။

သမီးသည် ဘိုဘိုမြန်မာပြည်မှာ မရှိတော့သောအချိန်ကစပြီး သမီး၏ စိတ်တွေက သိသိသာသာကြီး ပြောင်းလဲသွားကာ ဦးထိုက်တန်အပေါ်မှာ ဖခင်အရင်းရယ်လို့တောင်မှ အသိအမှတ်မပြုတော့ပါ။

လေဆိပ်သွားကြိုတာတောင်မှ ခေါ်၍မရသောကြောင့် အတင်းမရမက အော်ဟစ်ကြိမ်းမောင်းပြီး ရအောင် ခေါ်ခဲ့ရသည်။

လေဆိပ်အထဲရောက်တော့လည်း တစ်ချက်မှ အငြိမ်မနေ။

ရှိသမျှမုန့်တွေ အတင်းဝယ်ခိုင်းလို့ဝယ်ခိုင်း၊ စားပြန်တော့လည်း ကုန်အောင်မစားဘဲ၊ စက္ကူတွေ ဟိုပစ် ဒီပစ်။ ပြီးတော့ ကုလားထိုင်မှာ ထိုင်စောင့်ခိုင်းလို့မရဘဲ ရှေ့နောက်ပြေးကား တစ်ယောက်တည်း ဆော့နေသည်။





မို့ ဆွဲလို့လည်းမလိုက်။

မို့လာပါဟု ခေါ်လည်း လူကြားထဲမှာ အရှက်သာရသည်။

သမီးက မလိုက်ပါ။

သမီးစိတ်ကို မို့ ဘယ်လိုမှ လက်ခံနားလည်လို့ မရတော့ပါ။

သမီးလေးသည် အရင်ကလိုပုံစံမျိုးမဟုတ်သောကြောင့်လည်း မို့မှာ တွေးမိတိုင်း အဆမတန် ခံစားရသည်။

လေဆိပ်ဝင်းထဲမှာ ခရီးသည် လူအုပ်တွေက တဖွဲဖွဲမို့ မို့ သမီးကို ဘာမှမပြောရဲတော့ဘဲ ငြိမ်၍သာ လက်ပိုက်ကြည့်နေခဲ့ရသည်။

ဦးထိုက်တန်ပါလာသည့် လေယာဉ်က မိတို့ရောက်ပြီး နာရီဝက်ခန့်ကျော်မှ ဆိုက်ရောက်လာသည်။

ဦးထိုက်တန်သည် မို့ကို တွေ့တော့ လက်ပြ၍ နှုတ်ဆက်သည်။

သမီးလေးကို လှမ်းမေးသည်။

မို့က သမီးရှိရာကို လက်ညှိုးထိုးပြလိုက်သည်။ ဦးထိုက်တန်သည် အထဲတွင် လုပ်စရာရှိသည့်ကိစ္စတွေ ပြီးပြတ်အောင် လုပ်ခဲ့ပြီး အပြင်သို့ ထွက်လာခဲ့သည်။

"ပေး ဦးထိုက်တန်၊ မို့ဆွဲခဲ့မယ်"

"ရတယ် နေ၊ သမီးသာဆွဲ..."

မို့က ဦးထိုက်တန်လက်ထဲမှ အတာက်ချီကေ့(စ်)နှင့် မုန့်တွေ စုပေါင်းထည့်ထားသော အိတ်ကို လှမ်းတောင်းသည်။

ဦးထိုက်တန်က မပေးပါ။

မို့သမီးလက်ကိုသာ မို့ဆွဲပြီး ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး နေကောင်းတယ်နော်၊ သမီးအတွက် မုန့်တွေရော ရုပ်ရုပ်ရော အများကြီး ဖေဖေ ဝယ်ခဲ့တယ်"

"တစ်ခုမှ မယူဘူး"

"သမီး"

သမီး၏ အမူအရာနှင့် အပြောဆိုက အင်မတန် ရိုင်းသလို ဖြစ်သွားသောကြောင့် မို့ အော်၍ ဟန့်လိုက်၏။

"အိမ်ကျမှပဲ ပြောတော့နော်၊ တော်ကြာ သမီး ထအော်နေ ရင် လူကြားထဲမှာ ရှက်စရာကြီး ဦးထိုက်တန်ရယ်"

မို့အပြောကို ဦးထိုက်တန်က သဘောပေါက်ပုံရသည်။

တစ်ခွန်းမှ ဆက်မပြောပါ။

ဦးထိုက်တန်၏ စိတ်ထဲမတော့ သူ့အပေါ်မှာထားသည့် သမီး၏စိတ်သဘောထားကို ကောင်းစွာနားလည်သွားခဲ့ပြီ။

သူ ဘာလုပ်ရမည် မသိတော့။

ဒီကမ္ဘာမှာ သူ့ရဲ့သွေးသားအရင်းအချာ သားသမီးရယ်ဆိုလို့ 'နှစ်သက်မို့'ဆိုတဲ့ ချစ်စဖွယ်ကောင်းတဲ့ ကလေးလေးတစ်ယောက် တည်း ရှိတာပါ။

ခုတော့ ဒီသမီးလေးက သူ့ကို လုံးဝ ကြင်နာခြင်းမရှိသည့် အပြင် မေတ္တာဓာတ်ကိုပါ မပေးတော့ သူ့လောက် မကောင်းသော ဖခင်မျိုး ဒီကမ္ဘာမှာလည်းရှိသည် မထင်တော့ပါ။

သူ တစ်လမ်းလုံး ပင်ပန်းလာခဲ့သမျှ စိတ်တွေကပါ သမီး ကြောင့် ချုံးချုံးကျ၍ ညှိုးနွမ်းသွားတော့သည်။





ကားလည်း သူမမောင်းနိုင်။

မို့မောင်းသည်။

သမီးက နောက်မှာ တစ်ယောက်တည်း အိပ်ပြီးလိုက်လာသည်။

တစ်လမ်းလုံး ဘယ်သူနှင့်မှ စကားမပြောသလို မို့ရော ဦးထိုက် တန်ပါ အတွေးကိုယ်စီဖြင့် အိမ်ပြန်လာခဲ့ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

တစ်နေ့ညနေဘက်တွင် ဦးထိုက်တန်သည် အိမ်ရှေ့မှာ ... ယောက်တည်း သီးသီးသန့်သန့် ကစားနေသည့် သမီးကို ဆတ်... မွှေ့ချီလိုက်တာ မှီအလုပ်လုပ်ရင်း လှမ်းတွေ့လိုက်သည်။

"ဖယ် ... ဖယ်၊ မချီနဲ့ ... မလိုက်ဘူး၊ မခေါ်နဲ့ ... မ... မေမေရေ လုပ်ပါဦး၊ မီးမီးကို ကယ်ပါ"

မှီလက်ထဲမှ လုပ်လက်စအလုပ်ကို ရပ်ပြီး ချက်ချင်းပြေး... လိုက်ရသည်။

"သမီး ဘာဖြစ်လို့လဲ ဦးထိုက်တန်"

"မေမေ ... မေမေလာချီ ... လာချီ၊ သူ့ပေါ်မှာ မနေ... သူ့ကို မချစ်ဘူး၊ မီးမီးကို မေမေချီ"

"ပေး ဦးထိုက်တန်၊ သမီးငိုနေလို့"

ဦးထိုက်တန်က မှီ့ကို လှမ်းမပေးဘဲ သမီးကို အတင်း... ကျပ်စွာ ချီထားရင်းက သမီးဆော့နေတာကို လှမ်းပြသည်။





"ဟိုမှာကြည့်ဦး မင်းသမီးဆော့တာ၊ ခြံထဲက သဲတွေ သယ်ပြီး တစ်အိမ်လုံး လိုက်ဖြူးထားတာ"

"အို ... ဟုတ်ပါရဲ့"

မှီတွေ့တော့ အံ့ဩသွားရသည်။

ဒါမျိုး သမီးက တစ်ခါမှ ဆော့ဖူးတာမဟုတ်။

ပြီးတော့ မှီက မီးဖိုခန်းထဲမှာ ဟင်းချက်နေသောကြောင့် မှီ့သမီးကစားနေတယ် ထင်ပြီး မှီ ထွက်မကြည့်မိခဲ့ပါ။

သမီး၏ ကစားနည်းက အံ့ဩစရာတော့ ကောင်းနေသည်။

သဲတွေတစ်ပုံကြီးကို ကြမ်းပြင်တစ်ခုလုံး ဖြူးထားပြီး အရုပ်နှစ်ခုကို ထိုသဲပုံပေါ်မှာ တင်ထားသည်။ ထိုအရုပ်နှစ်ရုပ်စလုံးသည် ဘိုဘိုပေးခဲ့သော သမီးအတွက် ဝယ်ခဲ့ပေးခဲ့သော အရုပ်ဖြစ်သည်။

"ဖယ် ... ဖယ်၊ ဆင်းမယ် ... ဆင်းမယ်၊ ချပေး ... မချပေးဘူးလား"

"ရတာပေါ့၊ ဒီရုပ်ရုပ်နှစ်ခုကို လမ်းလျှောက်ခိုင်းမလို့ တစ်ရုပ်က ဦးဘို၊ တစ်ရုပ်က မီးမီး၊ ဖယ်ဟာ ဆင်းပါမယ်ဆို"

ဦးထိုက်တန်က လုံးဝချွာမပေးပါ။

သမီး၏စကားကြောင့် ဦးထိုက်တန်က မျက်စိမျက်နှာပျက်ပြီး စိတ်လှုပ်ရှားသွားသလို မှီကိုယ်တိုင်ပင် သမီးကို ပြန်ပြောစရာစကားမရှိအောင် ကြောက်ခွဲစွာ ခံစားလိုက်ရသည်။

"ဖယ် ဆင်းမလို့၊ ပေးမဆင်းဘူးလား၊ လုပ်ပစ်မယ် ကဲ"

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

သမီးသည် ဦးထိုက်တန်၏ မျက်နှာနှစ်ဖက်စလုံးကို သဲတွေဖြင့် ပေကျံညစ်ပတ်နေသောလက်ကြီးဖြင့် ကုတ်ဖဲ့ပစ်လိုက်သည်။

ထိုအချိန်မှာ ဦးထိုက်တန်က သမီးကို စိတ်လိုက်မာန်ပါဖြင့် ဆောင့်ချလိုက်မည်ဟု မှီ ထင်သော်လည်း မှီ့အထင်က လုံး၀ တက်တက်စင်အောင် မှားသွားခဲ့သည်။

သမီးကို အောက်သို့ အသာအယာ ချပေးလိုက်၏။

ပြီးတော့ တစ်ခွန်းမှ စကားပြန်မပြောတော့ဘဲ မှီနှင့် သမီးရှေ့ကနေ ဆတ်ခနဲ လှည့်ထွက်သွားသည်။

"သမီးရယ် ... နင် ... နင် ... ဘာဖြစ်လို့ ဖအေကို မိုက်မိုက်ရိုင်းရိုင်း လုပ်ရတာလဲဟင်၊ နင် ဘာဖြစ်နေလဲ"

"မသိဘူး၊ သူများဆော့တာ ဘာလို့လာလုပ်လဲ၊ ဆော့မှာပဲ"

မှီ့သမီးက ခြေဆောင့်ပြီး မှီ့အနားက ထွက်သွားစဉ် ဦးထိုက်တန်ကပါ အိမ်ထဲမှ အဝတ်အစားလဲပြီး ထွက်လာတာ မှီတွေ့ရသည်။

ဦးထိုက်တန်၏ မျက်နှာကို ကြည့်တော့ သမီးလက်အစုံဖြင့် ကုတ်ထားသည့်အရှိန်ကြောင့် ရဲခနဲ ဖြစ်နေသော်လည်း အရာတော့ ထင်မနေပါ။

ဒီတော့ ဦးထိုက်တန်သည် သမီး၏ လုပ်ရပ်ကို တော်တော်ကလေး နာကြည်းသွားပုံရ၏။

ဦးထိုက်တန်၏ နှုတ်မှ ဖွင့်မပြောနိုင်လောက်အောင် ဖြစ်နေသည်မှာ မျက်နှာကို ကြည့်ရုံဖြင့် မှီသိလိုက်သည်။





"ဘယ်လဲ ဦးထိုက်တန်"ဟု မှီပြေး၍ မေးလိုက်သည်။

ဦးထိုက်တန်က တစ်ခွန်းမှ လှည့်မဖြေပါ။

ခြေလှမ်းခပ်သွက်သွက် လျှောက်ပြီး ကားဆီသို့ သွားသည်။

ခဏနေတော့ ကားစက်နှိုးသံနှင့်အတူ ကားမောင်းထွက်သွားသည့်အသံကို မှီ ကြားလိုက်ရတော့ မှီ သက်ပြင်းတွေ အကြိမ်ကြိမ်ချ၍ စိတ်မောလူမောဖြစ်ကာ ကျန်ခဲ့ရသည်။

သမီးဆီကို မှီပြေးလာခဲ့လိုက်သည်။

"ဒါက ဦးဘို၊ ဒါက မီးမီး ဟုတ်ပြီ၊ ဦးဘိုနဲ့ မီးမီးက ဒီလိုလက်တွဲပြီး လမ်းလျှောက်မယ်၊ ရုပ်ရှင်သွားကြည့်ကြမှာပေါ့ ဟုတ်လား၊ ရုပ်ရှင်ဆိုရင် ဘာကားကြည့်ရမလဲ၊ ဟုတ်ပြီ အခုရုံတင်တဲ့ကားသွားကြည့်မယ်။ ဦးဘိုလိုက်ခဲ့ရမယ်နော်၊ မကြည့်ဘူးလို့ မငြင်းရဘူး၊ ဒါပဲ ... ဒါပဲ"

မှီ့သမီး၏ ကစားနေသော အသံတွေကို ကြားလိုက်ရတော့ မှီ့မှာ မပြောရက်နိုင်ဘဲ ဖြစ်ရပြန်သည်။

သမီးလေးမှာ စိတ်စွဲလမ်းမှု ရောဂါတစ်ခု စွဲကပ်နေပြီဆိုတာ သေချာသွားခဲ့ပါပြီ။

ထိုစွဲလမ်းမှုဝေဒနာကြောင့်လည်း မှီပြောရင် ပြောရုံသာ၊ မှီဆုံးမရင် ဆုံးမရုံသာ ရှိသည်။

ဘယ်လိုမှ နားဝင်လက်ခံမည် မဟုတ်ပါ။

"ဖြစ်ရလေ သမီးလေးရယ်"ဟု သမီးကို ကြည့်ကြည့်ပြီး မှီ့တကယ့်ကို ကြေကွဲထိခိုက်ခဲ့ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဘွားဘွားကြီး"

"ရှင်"

"ဦးဘိုရေးလိုက်တဲ့စာ ပြမယ်ဆို"

"ဟိုစားပွဲပေါ်မှာမြေးရဲ့"

"မီးမီး ယူလိုက်မယ်နော်"

"သွား၊ယူလေ"

မီးမီးက ခုန်ပေါက်မြူးတူးပြီး ဘိုဘိုက သူ့မိခင်ဆီသို့ ရေးလိုက်သည့်စာကို ပြေးယူသည်။

စာကောင်းစွာ ဖတ်တတ်သော မီးမီးက စာကို ကိုင်၍ အကျယ်ကြီး အော်ဖတ်သည်။





မေမေ့ကို အရမ်းသတိရပါတယ်။ နေ့တိုင်း၊ ညတိုင်းလည်း မေမေ့ကို ရှိခိုးပြီးမှ သားအိပ်ပါတယ်။

သားအတွက် စိတ်မပူပါနဲ့ မေမေ၊ သားနေကောင်းတယ်။ ကျန်းမာတယ်။ မေမေသာ နေထိုင်ကောင်းအောင် နေပါနော်။ ကျန်းမာရေးကိုလဲ ဂရုစိုက်ပါနော်။

ဟိုတစ်ခေါက် သားပို့လိုက်တဲ့ ပိုက်ဆံတွေ မေမေ စုထားပေးဦးနော်၊ ဒါမှ သားတို့ နေချင်တဲ့ ဒီအိမ်လေးကို ရမှာပါ။ မမနဲ့ မီးမီးလေးရော မေမေ့ဆီလာရဲ့လား။ မမတို့သားအမိလဲ နေကောင်းတယ်ဆိုတာ သားသိပါတယ်။

သူတို့ဆီ သားဖုန်းဆက်တာ လေးခေါက်ရှိပါပြီ မေမေ၊ မေမေ့ဆီလဲ လာတယ်ဆို၊ အရင်လိုပဲ ဝင်ထွက်သွားလာတာ သိတော့ သား အရမ်းဝမ်းသာတယ် မေမေ။

သားစိတ်ချမ်းသာတော့ အလုပ်လုပ်ရတာ စိတ်ဖြောင့်တာပေါ့ မေမေရယ်။

သားအခုကမ်းကပ်တုန်း စာကို ကမန်းကတန်းရေးလိုက်တာ၊ နောက်မှပဲ စာရှည်ရှည်ရေးတော့မယ် မေမေ၊ ဒီစာနဲ့အတူ မမအတွက်လဲ စာတစ်စောင်ထည့်လိုက်ပါသေးတယ်။ မေမေ့ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ မေမေ ကျန်းမာအောင် သား အမြဲတမ်း ဆုမွန်ကောင်းတောင်းပေးပါတယ် မေမေ၊ ဒီစာနဲ့အတူ မေမေ့ကို သားကန်တော့လိုက်ပါတယ်။

မေမေအချစ်ဆုံးသား

ဘိုဘို

www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီ ဘွားဘွား၊ မီးမီး ဖတ်တာဟုတ်တယ်နော်"

"ဟုတ်ပါ့ကွယ်၊ ဘွားဘွားမြေးလေးက တော်လိုက်တာ"

"ဦးဘိုက မီးမီးတို့ဆီကို စာရေးထားတယ်တဲ့၊ ကြည့် ဘွားဘွ ခုထိလဲ မရောက်ဘူး"

"ရောက်မှာပေါ့ မီးမီးရယ်"

"ဦးဘိုဆီက စာလာရင် မီးမီးစာပြန်ရေးဦးမှာ၊ မီးမီးရေးတဲ တွေလဲ ဦးဘိုဆီ ရောက်မှာနော်၊ မေမေထည့်ပေးတယ်လို့ ပြောတာ

"ရောက်မှာပေါ့ သမီးရဲ့၊ သမီးက ဘာတွေများ ရေးတာတု

"မီးမီးဆီ မြန်မြန်ပြန်လာခဲ့ပါလို့၊ မီးမီးက ဦးဘိုကို သတိရလ ပြီလို့၊ ဒါပဲ ရေးတတ်တာကိုး ဘွားဘွားရဲ့"

"ကြည့်စမ်း ချစ်ဖို့ကောင်းတဲ့မြေး"

"ဘွားဘွားကို ပြောရဦးမယ်၊ သိလား ဘွားဘွား"

"ဘာတုန်း"

"မနေ့ကလေ ဖေဖေ့ပါးကြီးကို မီးမီးကုတ်ဖဲ့ပစ်လိုက်တာ ဟဲ … ဟဲ ရယ်ရတယ်"

"ဟင် … သမီး ဘာလို့အဲဒီလိုတွေ လုပ်ရတာလဲ"

"ဖေဖေပေါ့၊ မီးမီးကို ဦးဘိုနဲ့ မီးမီးအရုပ်လုပ်ပြီး ရုပ် သွားတမ်းဆော့နေတဲ့ဟာ၊ အတင်းလာချီလို့ လုပ်ပစ်လိုက်တာ ရော"

"မလုပ်ရဘူး မီးမီး၊ ဖအေကို လုပ်တာ ငရဲကြီးတာ

"ကြီးပါဘူး"





"မီးမီးမေမေက မဆူဘူးလား၊ မရိုက်ဘူးလား"

"ဟင့်အင်း ဘာမှ မလုပ်ဘူး၊ မီးမီးကို မရိုက်ရက်လို့နေမှာပေါ့"

"မီးမီးရယ် နောက် ဒါမျိုးမလုပ်ရဘူးနော်၊ သူတို့က မိဘတွေဆို တော့ မီးမီးကို သနားပြီး မပြောရက်တာ ဖြစ်ကြမှာပေါ့ကွယ်။ ဘွားဘွားပြောတဲ့စကားကို မီးမီးနားထောင်ရမယ်နော်"

"ဟုတ် ဦးဘိုစကားလဲ မီးမီး နားထောင်မယ်၊ မီးမီးက ဦးဘိုကို အရမ်းချစ်တာ ဘွားဘွားရဲ့၊ ဦးဘိုမြန်မြန်ပြန်လာအောင် ဘွားဘွား ဆုတောင်းပေးပါနော် … နော်ဘွားဘွား"

"မြေးရယ်"ဟု ဘွားဘွားက မီးမီးကိုယ်ကြီးကို အတင်းကျပ်အောင် ပွေ့ဖက်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အချိန်တွေက နှောင်းခဲ့ပြီ။

ဒီနေ့ဆို ဘာလိုလိုနှင့် ဘိုဘို နိုင်ငံခြားသို့ ထွက်သွားခဲ့တာ တစ်နှစ်ခွဲနီးပါးရှိခဲ့ပြီ။

ဘိုဘို ပြန်မလာနိုင်သေးပါ။

ယခု ဘိုဘိုတို့ နေနေသောခြံနှင့် တစ်ထပ်တိုက်လုံးခြင်းတိုက်က အနည်းဆုံး သိန်းတစ်ရာ့ငါးဆယ်နီးပါးရှိသည်။

ဒါတောင်မှ မြေက အလွန်ကျဉ်း၍ ထိုဈေးမျိုးနှင့် ရခြင်းဖြစ်၏။

ထိုတိုက်နှင့် ခြံကို မိမိပိုင်အမည်ဖြင့် ဝယ်ယူနိုင်ရန်အတွက် ဘိုဘိုတစ်ယောက်နိုင်ငံခြားသို့ ထွက်သွားခြင်း ဖြစ်သည်။

မို့ဆီသို့ စာတွေ တဖွဲဖွဲရောက်လာ၏။

အနည်းဆုံး တစ်လကို သုံးစောင်ခန့် ရောက်သည်။





ဘိုဘိုသွားတာ တစ်နှစ်ခွဲအတွင်းမှာ စာပေါင်းအစောင်ခြောက်ဆယ်နီးပါးခန့် ရှိသည်။

မို့ဘက်က ထူးထူးခြားခြား တစ်စောင်မှ စာပြန်ခဲ့ခြင်းမရှိပါ။

ထိုကိစ္စအတွက်တော့ ဘိုဘိုသည် အတော့်ကို စိတ်မကောင်းဖြစ်ဟန်ရှိပါသည်။

မို့ဆီသို့ ဖုန်းဆက်တိုင်း စာရေးရန် ပြောသည်။ ထိုကိစ္စကတော့ လုံးဝ မဖြစ်နိုင်ပါ။

မို့သည် သမီးတစ်ယောက်မိခင်၊ အိမ်ထောင်သည်မိန်းမတစ်ယောက်ဖြစ်သောကြောင့် ထိုကိစ္စမျိုးကို ဘယ်လိုအကြောင်းမျိုးနှင့်ဖြစ်စေ မို့ဘက်မှ လုံးဝ မလုပ်သင့်ပါ။

မိုက ရိုးသားသူ၊ ဖြူစင်သူ၊ ပြီးတော့ တကယ့်ကို ပကတိအဖြူရောင်သက်သက် မိန်းမတစ်ယောက်။

မိမိလက်ထပ်ယူထားခဲ့မိသည့် ခင်ပွန်းသည်အပေါ်မှာ မို့မေတ္တာမထားနိုင်လျှင်တောင်မှ မို သစ္စာမဖောက်သင့်ဟု မို ခံယူထားသည်။

မို့ဘဝမှာ မို့သမီးလေး ရှိသောအခါမှ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ မို့စိတ်နှင့်တောင်မှ ပြစ်မှားမိမှာ ဟုတ်ပါ။

ဘိုဘိုမရှိတော့ကတည်းက အန်တီသီရိအပေါ်မှာ ထားသည့် မို့မေတ္တာကပဲ ဖြူစင်ခဲ့သည်။ အန်တီသီရိစားရန်အတွက်လည်း ခုချိန်ထိ ဟင်းတွေ ချက်ပေးဆဲ ဖြစ်သလို ဘိုဘို၏ ကားဓာတ်ဆီထည့်ရက်ဆိုလျှင်လည်း မိုပဲ သွားထည့်ပေးသည်။

www.burmeseclassic.com



နောက်ဆုံး ခေတ်ဆီထုတ်တာကအစ မှီတတ်နိုင်သည် လု... ပေး၏။

သမီးလေးကတော့ ဘိုဘို့မိခင်ကြီးကို သူ၏ အဘွားအရင်း ပမာ ချစ်ခင်တွယ်တာသူဖြစ်သောကြောင့် အိမ်မှာ အနေမများဘဲ အနှံ့တီသီရိနှင့်သာ သွားနေတော့၏။

တစ်နေကုန် တစ်နေခန်း အဲဒီအိမ်မှာပဲ သွားနေနေတော့ ဦးထိုက်တန်က တစ်ရက်မှာ မို့ကို မကျေမနပ် ပြောလာသည်။

ဦးထိုက်တန်ဆီမှ ဒေါသသံနှင့် ပြောသောစကားမျိုးကို မို ဘယ်တုန်းကမှ မကြားခဲ့ဖူးပါ။ ယခုစကားသည်လည်း ဒေါသမပါ သော စကားမျိုး ဖြစ်သည်။

သို့သော် မကျေနပ်သံကတော့ သိသိသာသာကြီး ထွက်လာ၏။

"ကိုယ်တစ်ခုပြောမယ်မို၊ ကိုယ် တစ်နေ့လုံး အလုပ်ထဲမှာ ပင်ပန်းပြီး အိမ်ပြန်လာတဲ့အခါ ကိုယ့်သမီးက ကိုယ့်ကို ခေါ်သည် ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ၊ လုံးဝအရေးမလုပ်ဘဲနေသည်ဖြစ်စေ ကိုယ့်သမီးလေးရဲ့ မျက်နှာတော့ ကိုယ်တွေ့ပါရစေ၊ ကိုယ့်နေရာမှာ ကိုယ်မဟုတ်တဲ့ တခြားဖခင်တစ်ယောက်ဆိုရင် ကိုယ့်သမီးကို ဘယ် လိုဆုံးမမယ်၊ အပြစ်ပေးမယ်၊ ဒဏ်ခတ်မယ်ဆိုတာ မို နည်းနည်းမှ တွေးမကြည့်မိဘူးလား"

ဦးထိုက်တန်၏ ပညာရှိပီသလှသောစကားများသည် မို့ရင် ကို ပြင်းပြင်းထန်ထန် ထိမှန်စေပါသည်။



"ကိုယ့်ဘဝမှာ ကိုယ့်ရဲ့သွေးဆိုလို့ 'နှစ်သက်မို' ဆိုတဲ့ သမီး လေးတစ်ယောက်ပဲ ရှိခဲ့ပါတယ်။ ကိုယ့်သမီး အခု ဘာတွေ ဖြစ် သွားသလဲ၊ မိုသန့်ဇင်တွေ့ပါတယ်။ ဒီလိုအဖြစ်ဆိုးမျိုးကို ဘယ်လို ဖခင်မျိုးကမှ လျစ်လျူရှုပြီး မကြည့်ရက်နိုင်ဘူး၊ ဒါပေမယ့်လဲ သိသိ ကြီးနဲ့ မပြောရက်၊ မဆိုရက်၊ မထိရက်၊ မကိုင်ရက်ဘဲ ကြည့်နေရတယ်။ ကိုယ် အိမ်ထောင်သည်၊ အိမ်ဦးနတ်၊ ဖခင်တစ်ယောက်ပါ။ ကိုယ့်သမီး ကို ဒီနေ့အထိ စိတ်လိုက်မာန်ပါနဲ့ ဆဲဆိုပြီး မဆုံးမခဲ့ဘူး။ လက်ဝါး နဲ့တောင်မှ ဖြန်းခနဲ တစ်ချက်မရိုက်ဖူးခဲ့ဘူး။ အခု သမီးလုပ်နေ သမျှအားလုံးကို ဖြစ်တဲ့နည်းနဲ့ ကိုယ် တားမြစ်လို့ရတယ်၊ မင်းသမီး အိမ်မှာမနေတော့ဘဲ ဟိုဘက်အိမ်ကိုချည်းပဲ နေ့စဉ်အချိန်ပြည့်သွားနေ တဲ့ကိစ္စ"

ဦးထိုက်တန်၏ စကားများသည် အားလုံး အမှန်စကားတွေ သာ ဖြစ်သည်မို့ မိုသည် အပြစ်ရှိသော ကလေးတစ်ယောက်လို ငြိမ် သက်စွာ နားထောင်နေခဲ့သည်။

"အခုချက်ချင်း ကိုယ်လိုက်ပြီး တားလို့ရတယ်။ ကိုယ့်သမီး ကို ရတဲ့နည်းနဲ့ အတင်းအကျပ်ကိုယ်ခေါ်လို့ရသလို ဒေါ်သီရိကိုလဲ ပြတ်ပြတ်သားသား ကိုယ်သွားပြောလို့ရတယ်။ ကိုယ့်သမီး အဲဒီအိမ် ကို လုံးဝမလာဖို့နဲ့၊ သမီးကိုလဲ အဲဒီအိမ်မသွားဖို့ကိစ္စ၊ ကိုယ်မလုပ် ချင်ဘူး မိုသန့်ဇင်၊ ကိုယ် အဲဒီလို အပြင်းအထန်လုပ်လိုက်ရင် သမီး ရောဂါက ပိုပြီး ဆိုးဝါးသွားမယ့်အပြင် အသက်ပါ ဆုံးရှုံးသွားဖို့ မယ်။ ထားတော့ ဒါကြောင့် ကိုယ်မလုပ်ရက်လို့ မတားမြစ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ဘူး၊ ဒါပေမယ့် မှိုသန့်ဇင် ကိုယ့်သမီးကိုတော့ မှိုသန့်ဇင်ရဲ့ မျက်စိအောက်ကနေ အပျောက်မခံဘဲ လိုက်ထိန်းပေးပါ။ သမီးနားဝင်အောင် ချော့မော့ဖျောင်းဖျပြီး ပြောဆိုဆုံးမပေးပါ၊ ကိုယ့်သမီးလေး ပညာဆက်သင်နိုင်ခွင့်ရအောင် မှိုသန့်ဇင် ကြိုးစားပါ"

"မှို ဘယ် ... ဘယ်လိုနည်းတွေနဲ့ လုပ်ပေးရမှာလဲ ဦးထိုက်တန်ရယ်"

မှို့အသံက ဝမ်းနည်းထိခိုက်သံ။

အချစ်ရဆုံးမှို့သမီးအတွက် မှို တကယ်ကြေကွဲရပါသည်၊ ယူကျုံးမရ ဖြစ်ရသည်။

မှို့ကို ကြည့်ပြီး ဦးထိုက်တန်က မျက်နှာကို တစ်ဖက်သို့ လွှဲ...စ်လိုက်ပြီး

"ကိုယ် မပြောတတ်တော့ဘူး မှိုသန့်ဇင်၊ ကိုယ့်သမီးကို ကိုယ့်လိုဖခင်တစ်ယောက်အနေနဲ့ ဘာတစ်ခုမှ ပြောဆိုလို့လဲမရ၊ စည်းရုံးသိမ်းသွင်းလို့လဲမရ၊ ကိုယ့်စကားလဲ နားမထောင်၊ ကိုယ့်ကိုလဲ ဖခင်ရယ်လို့ အသိအမှတ်မပြုတော့တဲ့ကလေးတစ်ယောက်ကို ဒီနေ့ကစပြီး ကိုယ်လျစ်လျူရှုလိုက်ပြီ မှိုသန့်ဇင်"

"ရှင် ..."

"ကိုယ့်ဘဝမှာ 'နှစ်သက်မှို'ဆိုတဲ့ သမီးတစ်ယောက် သေဆုံးသွားပြီလို့ ကိုယ် ခံယူလိုက်ပြီ"

"ဘုရား ... ဘုရား"

* * *





## အခန်း (၁၀)

ဦးထိုက်တန်နှင့် မှိုသည် တစ်အိမ်တည်းနေပြီး သမီးနှင့်ပတ်သက်သည့်ကိစ္စကြောင့် အလိုလို စိမ်းကားသွားခဲ့သည်။

ဦးထိုက်တန်သည် မိုးလင်း အိပ်ရာမှ နိုးသည်နှင့် ရေချိုး၊ အဝတ်အစားလဲပြီး ထွက်သွားလိုက်တာ မိုးချုပ်မှ ပြန်လာခဲ့၏။

အိမ်ရောက်တော့လည်း ခါတိုင်းလိုပင် သောက်စရာရှိတာသောက်ပြီး အိပ်တာမျိုးမဟုတ်ဘဲ လုံးဝအရှင်းမသောက်တော့ကာ အိပ်ရာထဲ တန်းဝင်၍ ထိုးအိပ်တော့သည်။

ဦးထိုက်တန်ကို မှိုကစပြီး စကားမပြောရဲလို့သာ ငြိမ်ပြီးနေခဲ့ပေမယ့် ဦးထိုက်တန်လှုပ်ရှားမှုကိုတော့ မှို လိုက်ကြည့်ခဲ့မိသည်။

ဦးထိုက်တန် အိမ်ရောက်ချိန်တွင် သမီးက အိပ်နေပြီး ဦးထိုက်တန်အိမ်မှ စထွက်သော နံနက်တွင် သမီးက အိပ်ရာမှ မနိုးသေးပါ။

ဒါကြောင့် သားအဖနှစ်ယောက်၏ တွေ့ဆုံမှုအချိန်က အလိုလို နည်းပါးသွားခဲ့ပြီး သံယောဇဉ်တွေပါ ပြီးပြီးပြတ်ပြတ် ဖြတ်ကုန်ကြသည်မှာ အံ့သြထူးဆန်းစရာ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာ ဖြစ်ချင်တော့ ဦးထိုက်တန်အိမ်သို့အရောက်မှာ မို ဆီသို့ ဘိုဘို့ဆီက ဖုန်းလာ၍ မို့ရော သမီးပါ ဘိုဘိုနှင့် စကားလုပြောနေချိန်ဖြစ်သည်။

ထိုအချိန်မျိုး ဦးထိုက်တန် ပြန်မလာတတ်သော်လည်း ဒီနေ့မှ ဘာကြောင့် စောစောပြန်လာရသည်ဆိုတာ မို တွေး၍မရခဲ့ပါ။ မို့ကိုယ်တိုင်ကလည်း ယခုချိန်ထိ ဦးထိုက်တန်၏ စိတ်သဘောထားကို နားလည်၍ မရနိုင်သေးတာ မို့၏ညံ့ဖျင်းမှုပဲ ဖြစ်သည်။

မို့သမီးကဆိုလျှင် ဘိုဘိုနှင့် ဖုန်းပြောရ၍ အတင်းကခုန်မြူးထူးပြီး ရယ်မောနေသည်။

"ဦးဘို မီးမီးအတွက် ရုပ်ရုပ်တွေ အများကြီးဝယ်ပေးထားတယ်၊ အင်္ကျီတွေလဲ ဝယ်ပေးထားတယ်၊ ဟေး ... မီးမီးပျော်လိုက်တာ၊ ဦးဘိုကလဲ ဖုန်းမဆက်တာ ကြာလှပြီ၊ မီးမီးဆီ နေ့တိုင်း ဖုန်းဆက်ပါလား၊ မီးမီးက ဦးဘိုဖုန်းကို နေ့တိုင်းမျှော်နေဟာ ဦးဘိုရဲ့"

သမီး၏အသံက အင်မတန် ကျယ်လောင်လှသည်မို့ စကားတွေကို ဦးထိုက်တန် မကြားဘဲ နေပါ့မလား။

ဦးထိုက်တန်ရယ်။

မို့ကို ခွင့်လွှတ်ပါနော်။

မို့ဘက်ကလည်း သမီးလေးကို အခုလိုမှ စိတ်လွတ်လပ်ခွင့်မပေးရင် သမီးလေး အခြေအနေက ပိုပြီး ဆိုးဝါးသွားမှာ စိုးလို့ပါ။

ဒီနေ့ဆို မို့သမီးလေးက 'ဦးဘိုနဲ့ စကားပြောချင်တယ် ဦးဘိုကို ခေါ်ပေး ထမင်းမစားဘူး၊ ရေမချိုးဘူး' ဆိုပြီး အော်အော်ငိုနေတာ





ထိုက်တန် မတွေ့ရလို့ပါ။ မို ဘယ်လိုချော့ချော့ တစ်နေ့လုံး ဦးဘိုပဲ သတိတရနဲ့ တမ်းတနေရှာတယ်။ အဲဒီအချိန်မှာ ဘိုဘို့ဆီက ရောက်လာတော့ သမီးလေးက အရမ်းပျော်ရွှင်သွားတာများ မို ကြည့်ရက်လောက်အောင်ပါပဲ။

"ဦးဘို ဘယ်နေ့ ပြန်လာမှာလဲဟင်၊ မရဘူး ... မရဘူး၊ ပြန်လာခဲ့၊ ဦးဘိုပြန်လာရင် လေဆိပ်မှာ မီးမီးလာကြိုမယ်နော်၊ ဆီကို ဖုန်းဆက်နော် ... ဟင် ... ဦးဘို ... ဦးဘို ဟာ ... ဖုန်း သွားပြီ၊ တောက် ဒီဖုန်းကို ကိုင်ပေါက်ပစ်မယ်"

မို့သမီးရဲ့ စိတ်တွေက အခုလိုအရွယ်နှင့် မမျှအောင် ယောက် ခတ်လှုပ်ရှားနေတော့သည်မှာ မိခင်ဖြစ်သူပင် မကြည့်ရက်နိုင် အောင် ဖြစ်ရသည်။

ဦးထိုက်တန်သည် မို့တို့သားအမိနံဘေးကနေ တစ်ခွန်းမှ မပြော အသံတိတ် အိမ်ထဲသို့ လှမ်းဝင်သွားသည်။

မိုဘာလုပ်ရမလဲ။

ဦးထိုက်ဟန်ကို မိုလှမ်းခေါ်ပြီး တောင်းပန်ရကောင်းမလား။

မိုမှားသွားပြီလား ဦးထိုက်တန်ရယ်။

မို့သမီးလေး စိတ်ချမ်းသာ ပျော်ရွှင်ဖို့အတွက် မို့ဘဝနဲ့ ရင်း ဆိုရင်တောင်မှ ရင်းရဲတဲ့အထိ မိုရဲ့မိခင်မေတ္တာက ကြီးမားလွန်း ယ်။

"မေမေ ဦးဘိုဆီက ဖုန်းမလာတော့ဘူးလား ဟင်၊ မလာတော့ လား၊ မေမေ ဆက်ပေးလို့ရော မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရ ... မရပါဘူး သမီးရယ်၊ တော်တော့နော်၊ သမီး ဘာ
မပြောရတော့ဘူး၊ အိပ်ရာဝင်ရတော့မယ်"

မို ချော့ပြီး ပြောလိုက်ရသည်။

မို့အတွေးတွေလည်း ဘယ်ရောက်ကုန်မှန်းမသိ။

"မအိပ်ဘူး၊ ဦးဘိုဆီက ဖုန်းပြန်လာဦးမယ်၊ ထိုင်စောင့်
မယ်"

"သမီး လာ အိပ်ရမယ်"

"ဟာ ... မအိပ်ပါဘူးဆို မေမေနော်၊ ဒီဆေးလိပ်ခွက်ကြီး
တီဗွီကို ပေါက်ထည့်လိုက်မယ်"

"သမီး"

မို့သမီး၏ စိတ်က ရုတ်တရက်ကြီး ပြင်းထန်စွာ ပေါက်
လာတော့ မို လန့်ပြီး လက်လျှော့လိုက်ရတော့သည်။

ဖြစ်ရလေ သမီးရယ်။

မို့ရင်ထဲမှ ခံစားမှုကို မိုပဲ သိပါသည်။

သမီးသည် ဘိုဘို့အပေါ်မှာ ဘယ်လောက်အထိ စွဲလမ်းရသ
ဆိုလျှင် ဘိုဘို့ဆီက ဖုန်းထပ်လာဦးမည်ထင်ပြီး ဖုန်းအနားမှာ
တုတ်ထိုင်စောင့်ခဲ့သည်။

မိုပါ သမီးနှင့်အတူ သမီးစိတ်ချမ်းသာရန်အတွက် ထိုင်စော
ပေးခဲ့ရသည်။

"ဦးဘို ဖုန်းလာပါစေ၊ ဖုန်းလာပါစေ၊ မီးမီးဆီ ဖုန်းဆက်
မီးမီးဆီကို ပြန်ဆက်ပါ ဦးဘိုရေ"





သမီးက နှုတ်ကလည်း တဖွဖွပြောရင်း ထိုင်စောင့်ခဲ့ရာ မှိုး
စုံးစုံးချုပ်ခဲ့ပြီ။

ကြာတော့ မပဟန်နိုင်ဘဲ 'ဦးဘို ... ဦးဘို'ဟု နှုတ်က တဖွဖွ
ရေရွတ်ရင်း ငုတ်တုတ်အိပ်မောကျသွားတော့၏။

ထိုအချိန်ကျမှ မိုသည် သမီးလေးကို အိပ်ရာထဲသို့ ပွေ့ချီ
ကာ ခေါ်လာခဲ့သည်။

သမီးလေးသာ အိပ်ပျော်သွားခဲ့သည်။ မို့မှာတော့ အတွေး
ပင်လယ်နက်နက်ထဲမှာ နစ်မျောနေမိတာနှင့်ပင် ဘယ်လိုမှ အိပ်၍
မရခဲ့ပါ။ ဦးထိုက်တန်ရှိရာအခန်းသို့ မိုလိုက်သွားရင် ကောင်းမလား။

ဦးထိုက်တန် နားလည်အောင် မိုဘက်က ရှင်းပြပေးသင့်
သလား။

သမီးလေးအပေါ်မှာ ဦးထိုက်တန် ခွင့်လွှတ်နားလည်ပေးအောင်
မိုပြောဖို့ ကြိုးစားရမလား။ ထိုအတွေးတွေက မို့ဦးနှောက်တစ်ခုလုံး
ထဲမှာ မွှေနှောက်ကြီးစိုးနေတော့သည်။

နောက်ဆုံးတော့ မိုတစ်ခုမှ မပေးဖြစ်တော့ဘဲ သက်ပြင်းတွေ
အကြိမ်ကြိမ်ချပြီး လက်လျှော့လိုက်ရသည်။

ညသန်းခေါင်ကျော်သည်အထိ မို အိပ်လို့မရသောကြောင့်
အိပ်ဆေးတစ်လုံး ယူပြီး မိုသောက်လိုက်သည်။

ခဏနေတော့ အိပ်ဆေးအရှိန်ဖြင့် အတွေးတွေအားလုံး လွင့်
ပျယ်ကာ မို နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

မို့သမီးလေးက မို့ရင်ဝကို ထိမှန်လှုပ်ရှားစေခဲ့သလို နေ့ရှိသရွေ့ အချိန်ပြည့် သမီး၏ အလုပ်တွေနှင့်သာ မို ပြည့်နှက်နေခဲ့သည်။

တစ်နေ့မှာ ဖြစ်ချင်တော့ ဦးထိုက်တန် ဟိုတယ်မှပြန်အရောက် မိုးမိပြီး အပြင်းဖျားတော့သည်။

ဦးထိုက်တန် မိုးမိပြီး ဖျားတဲ့နေ့မှာပဲ ဒေါ်သီရိကလည်း ရေချိုးခန်းထဲမှာ ခြေချော်၍ ချော်လဲကာ လုံးဝမထနိုင်တော့ပါ။

ဦးထိုက်တန်အိမ်သို့ ပြန်မရောက်မီ ဒေါ်သီရိက အရင်ဖြစ်တော့ ဒေါ်လေးကြွေလာခေါ်တာနှင့်ပင် မိုက တစ်ဖက်ခြံသို့ ရောက်နေခဲ့သည်။

"ဖြစ်ရလေ အန်တီသီရိရယ်၊ မိုစိတ်မကောင်းလိုက်တာ၊ ဘယ်လိုဘယ်လိုဖြစ်ပြီး ဒီလောက်အထိ ဖြစ်သွားရတာလဲ၊ ဒီအတိုင်းဆို အန်တီသီရိကို ဆေးခန်းပို့မှ ဖြစ်မှာပေါ့၊ ဒေါ်လေးကြွေ အန်တီသီရိကို ဆေးခန်းပို့မယ်၊ မြန်မြန်လုပ်"





"ဟင့်အင်း မီးမီးလဲ လိုက်မယ်၊ ဘွားဘွားနဲ့ မီးမီးလိုက်မယ်၊ အိမ်မှာမနေဘူး မီးမီးလိုက်မယ်"

"သမီး နေခဲ့ဆို၊ ကလေးနဲ့ ဆေးခန်း ဘာမှ မဆိုင်ဘူးနေခဲ့"

"မနေဘူး လိုက်မယ်"

"ဒေါ်လေးကြွေရယ်၊ ဒီကောင်မလေးက ပြောရသိပ်ခက်တာ၊ သူမလိုက်ရရင် အော်ငိုဦးမယ်၊ အန်တီသီရိခမျာ မထနိုင်ရတဲ့အထဲ ကလေးငိုသံကြားရင် ပိုပြီး ဝေဒနာတိုးလိမ့်မယ်"

"နေပါစေ ခေါ်ခဲ့တော့"

"ဟေး မီးမီးလိုက်လို့ရပြီ"

အန်တီသီရိခမျာ ခြေထောက်နာလို့ မျက်စိမျက်နှာပျက်ပြီး လမ်းမလျှောက်နိုင်ရတဲ့အထဲ သမီးက အလိုက်မသိစွာ ထအော်တော့ မိုဒေါသဖြစ်သွားရသည်။

သို့သော် မို့သမီးက ဝေဒနာသည်မို့ မို တစ်ခွန်းမှ မပြောရက်တော့ပေ။ ခဏနေတော့ အန်တီသီရိကို ဒေါ်ကြီးဒေါ်ကြွေရော မိုပါ ဝိုင်းမကြပြီး အန်တီသီရိတို့ကားကို မိုမောင်းကာ နီးစပ်ရာ ဆေးခန်းသို့ ရောက်ခဲ့သည်။

သမီးက မိုနှင့်အတူ ထက်ကြပ်မကွာ လိုက်လာသည်။

ဒီကြားထဲ ဆေးခန်းရောက်တော့ ဆရာဝန်ကိုလည်း တွေ့ရော 'ဦးဘို ... ဦးဘို'ဟု ပြေးခေါ်တော့သည်။

"သမီး မ ... မဟုတ်ဘူး၊ လာ ဒေါ်ကြီးကြွေရယ်၊ သမီးကို အပြင်ခေါ်ထုတ်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူး ... မလိုက်ဘူး၊ ဦးဘိုဆီသွားမယ်၊ ဦးဘိုကို ပြန်တွေ့ပြီ၊ ဦးဘိုက ဒီမှာ ဆရာဝန်ကြီး လုပ်နေတာ"

သမီး၏ အော်သံကြောင့် မို တော်တော်လေး အရှက်ရခဲ့သည်။

သမီးသည် လူကြားသူကြားထဲမှာ ဘယ်လောက်အထိ အတင့်ရဲပြီး သတ္တိရှိသလဲဆိုလျှင် ကားထဲမှာ သမီးကို ထားခဲ့တာတောင်မှ ကားပေါ်က အတင်းဆင်း၊ ဆေးခန်းထဲအထိ ဝင်လိုက်လာတော့ ဆရာဝန်ကို တွေ့ပြီး ပြောတော့သည်။

ဒေါ်ကြီးကြွေက အတင်းပွေ့ချီပြီး ခေါ်သွားတော့မှ သမီး၏ အသံကို မိုမကြားရတော့တာဖြစ်သည်။

အရိုးအထူးကုဆရာဝန်ကို ပြကြည့်တော့ အရိုးအဆစ်လွဲသွားသည်ဟု ပြောသည်။

ဓာတ်မှန်ရိုက်ရမည်ဟု ပြော၍ ထိုဆေးခန်းမှာ ဓာတ်မှန်ရိုက်လိုက်ရ၏။

ဒါကြောင့်လည်း ဆေးခန်းမှာ နာရီဝက်ကျော်ကျော် ကြာသွားခဲ့သည်။ မို့ကိုသာ အန်တီသီရိက အားကိုးနေသူမဟုတ်လား။

သူ့ခမျာ ခြေထောက်နာလွန်း၍ မို့လက်တွေကို အကင်းဆုပ်ကိုင်ထားရှာသည်။

"သမီးလေးမိုရယ် ကျေးဇူးတင်လိုက်တာ"

မို ကိုယ်ချင်းစာပြီး သနား၍ မဆုံးတော့။

အန်တီသီရိအတွက်လည်း အလွန့်ကို စိတ်မကောင်းဖြစ်ရသည်။



ဆေးခန်းမှာ ကြာနေတာကြောင့် မို့စိတ်က အိမ်ပြန်ချင်စိတ်တော့ ဖြစ်မိသည်။

ဘာကြောင့်လဲဆိုတော့ မိုတို့သားအမိ အိမ်မှာမရှိသည့်အချိန်တွင် ရုတ်တရက် ဦးထိုက်တန် ပြန်လာပါက အိမ်ထဲကို ဘယ်လို လုပ်ဝင်မလဲ။

သော့က မိုဆီမှာသာ ရှိသည်။

မို့စိတ်က အိမ်ပြန်ချင်စိတ်များနေသောကြောင့် မျက်စိမျက်နှာပျက်နေတာကို အန်တီသီရိကလည်း သူ့ဝေဒနာနှင့်သူမို့ သတိထားမိပုံမရပါ။

ဆေးခန်းမှာ အတော်ကလေးကြာပြီးတော့မှ အိမ်သို့ပြန်ရောက်ခဲ့သည်။

ဖြစ်ချင်တော့ မိုပြန်ရောက်ချိန်တွင် ဦးထိုက်တန်ကားက ခြံရှေ့မှာ ရပ်လျက်သား တွေ့လိုက်ရသည်။

ဦးထိုက်တန်သည် ကားကူရှင်နောက်ကို မှီ၍ ကျောချကာ လှဲနေသည်။

"ဟင် ... ဦးထိုက်တန်၊ ဘာ ... ဘာဖြစ်လို့လဲဟင်၊ နေမကောင်းလို့လား မိုတို့..."

ဦးထိုက်တန်က လက်ကာပြသည်။

'မိုတို့'ဟူသော စကားကို မို့ရှေ့ဆက်ရန် မလိုတော့ပါ။

မို စိတ်မကောင်းလိုက်တာ။

ဦးထိုက်တန် တစ်ခုခုဖြစ်ပြီဆိုတာ မို သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးထိုက်တန်ရယ်၊ ဖုန်းရှိရက်နဲ့ ဆက်လိုက်ရောပေါ့၊ နေ-နေဦးနော်၊ မီ ခြံတံခါးဖွင့်လိုက်ဦးမယ်၊ မီ အထဲကို မောင်းပေးမယ်နော်၊ ဦးထိုက်တန် ဘေးမှာထိုင်နေလိုက်ပါ၊ ထိုင်နိုင်ရဲ့လားဟင်"

သမီးက ကားထဲမဝင်ပါ။

မီ့ဘေးမှာ ရပ်လျက် ဦးထိုက်တန်ကို သူစိမ်းဆန်စွာ ကြည့်နေသည်။

"လာလေ သမီး ဝင်"

မီက ဆိုမှ သမီးက ဝင်ထိုင်သည်။

ဦးထိုက်တန်၏ သက်ပြင်းမောကို မီ ကြားလိုက်ရတော့ တကယ်ပင် စိတ်မကောင်းဖြစ်သွားရသည်။

ဦးထိုက်တန်၏ကားကို မီမောင်းလာခဲ့ပြီး အိမ်ထဲသို့ အရောက်မှာ ဦးထိုက်တန်က ကားပေါ်ကတောင်မှ မဆင်းနိုင်တော့ဘဲ တော်တော့်ကို မူးနေဟန်ရှိသည်။

"သမီး လာ ... လာ ဖေဖေ့ကို ကူတွဲ၊ ဟိုဘက်လက်က ကိုင်"

သမီးက မီ့စကားကို လုံးဝနားမထောင်ဘဲ အိမ်ထဲသို့ လှ ခနဲ ပြေးဝင်သွားတော့သည်။

ဒါကြောင့် မီ ဘာမှပြောမနေတော့ဘဲ ဦးထိုက်တန်ကို မနိုင်မနင်း အိမ်ထဲသို့ ဆွဲခေါ်လာခဲ့သည်။

အိမ်ထဲရောက်သည်နှင့် ဦးထိုက်တန်က မီ့လက်ထဲကနေ ဝုန်းခနဲ လဲပြိုပြီး ကျသွားတော့သည်။





"ဟင် ... ဦးထိုက်တန် ... ဦးထိုက်တန်"

မီ ပျာယာခတ်သွားပြီ။

ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် အင်မတန် လန့်ဖျပ်သွားပြီး ဘာလုပ်ရမှန်းပင် မသိတော့။

တစ်ခုခုတော့ဖြစ်တာ သေချာသည်။

မီသည် ချက်ချင်းပင် ဦးထိုက်တန်၏ သူငယ်ချင်းဖြစ် သူ ဒေါက်တာကျော်ဇေ၏ ဆေးခန်းသို့ ဖုန်းဆက်လိုက်သည်။

တော်ပါသေးရဲ့။

ဒေါက်တာကျော်ဇေနှင့် တန်းတိုးလို့။

မီ့အိမ်သို့ အမြန်လာရန် ပြောပြီး မီ ဖုန်းချကာ ဦးထိုက်တန် အနားသို့ လာခဲ့လိုက်သည်။

ဦးထိုက်တန်က လုံးဝ မလှုပ်နိုင်လောက်အောင် ချွေးစေးတွေ ပျံနေသဖြင့် မီမျက်လုံးတွေ ပြူးကျယ်နေခဲ့သည်။

မီ့နှုတ်မှလည်း 'ဦးထိုက်တန် မီအနားမှာရှိတယ်နော်၊ ဒေါက်တာကျော်ဇေကို မီဖုန်းဆက်ပြီး ခေါ်ပြီးပြီ၊ အခုချက်ချင်းလာခဲ့မယ်တဲ့"

မီက တတွတ်တွတ်နှင့် ပြောနေပြီး ဦးထိုက်တန်က မလှုပ်နိုင်။

သမီးကို မီ မတွေ့တော့။

ဘယ်သွားနေမှန်းလည်းမသိ။

အရေးထဲမှာ သမီးကတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



မိခေါ်လိုက်ပြန်လျှင်လည်း ရောဂါက ပိုဆိုးဦးမည်။

ခဏနေတော့ ဒေါက်တာကျော်ဖေရောက်လာပြီး ဦးထိုက်တန်ကို စစ်ဆေးကြည့်ရှုလိုက်သည်။

ဆရာဝန်က 'သွေးတိုးသည့်အရှိန်ကြောင့် မူးလဲကျသွားတာ' ဟု ပြောသည်။

ဆရာဝန်ပြန်သွားပြီးကတည်းက အိပ်ရာပေါ်မှာ ဦးထိုက်တန်လဲသွားခဲ့တာ တစ်ပတ်ခန့်ကြာခဲ့သည်။ ထိုရက်တွေမှာ ဦးထိုက်တန်က မို့ကို သူ့အနားလာနေရန် တစ်ခွန်းမခေါ်သော်လည်း မိုက ဇနီးတစ်ယောက်အနေနှင့် တာဝန်ကျေခဲ့ပါသည်။

တစ်နေ့လုံး ဦးထိုက်တန်အနားမှာ မို ရှိနေခဲ့သည်။

ဦးထိုက်တန်အတွက် ဆေးချိန်မှာဆေး၊ အစားချိန်မှာ အစား၊ ရေချိုးချိန်မှာ ရေချိုး၊ အိပ်ချိန်မှာ အိပ်အောင် မို တတ်နိုင်သရွေ့ ပြုစုစွမ်းကုန်လုပ်ပေးခဲ့တော့ ဦးထိုက်တန်က ပြောရှာသည်။

"ကျေးဇူးတင်ပါတယ် မိုသန့်ဇင်"တဲ့။

ထိုရက်တွေက ဦးထိုက်တန် ဟိုတယ်သို့ မသွားနိုင်ဘဲ အိမ်မှာ အနားယူခဲ့ရသည်။

ဦးထိုက်တန်၏ အခန်းထဲမှာ မိုတစ်နေ့လုံး ရှိနေတော့ သမီးက မို့ကို မကျေနပ်ဘဲ စိတ်ဆိုးပြလိုက်၊ ဆူအောင့်လိုက်၊ ရေချိုးပေးလို့မရလိုက်၊ ထမင်းကျွေးလို့မရလိုက်နှင့် မို အတော့်ကို စိတ်ဆင်းရဲရသည်။

ဒီကြားထဲ အန်တီသီရိကပါ ခြေထောက်ဒဏ်ရာနှင့် အိပ်ရာထဲ လဲသွားတော့ မို့မှာ ဦးထိုက်တန် အိပ်ချိန်ရောက်သည်နှင့် အန်တီ





သီရိဆီ အပြေးအလွှားသွားပြီး လိုအပ်တာလုပ်ပေးရသည်။ ထိုအတွက်ကြောင့်လည်း အန်တီသီရိက မို့ကို ကျေးဇူးတင်၍မဆုံးနိုင်အောင်ဖြစ်ရ၏။ တစ်ရက်မှာ မိုက ဦးထိုက်တန် အိပ်ပျော်သွားပြီဟု ထင်ပြီး သမီးကို လက်ဆွဲကာ အန်တီသီရိအိမ်သို့ အကူးမှာ ဦးထိုက်တန်က အိပ်ရာထဲကနေ မို့ကို ခေါ်နေခဲ့သည်။

"မို ... သန့် ... ဇင်၊ မို ... သန့် ... ဇင်"

မို့ထံမှ ထူးသံမကြားရပါ။

သမီးရော။

သူ့သမီးလေးရော။

သူခေါ်ရန် နှုတ်က ဖွင့်ဟလိုက်သော်လည်း တကယ်တမ်းတော့ သူမခေါ်ဖြစ်ခဲ့ပါ။

သမီးအသံလည်း မကြားရတော့ အိမ်မှာ ရှိမည်မထင်။

ရှိလျှင်လည်း သမီးက ဖခင်တစ်ယောက်လုံး နေမကောင်းဖြစ်တာတောင်မှ အိပ်ခန်းထဲ လာမကြည့်တဲ့သမီး။

သူ့အဖြစ်လောက် ဆိုးတာရှိပါဦးမလား။

အခုလည်း သူအိပ်ပြီထင်ပြီး သားအမိနှစ်ယောက်စလုံး တစ်ဖက်ခြံကို သွားနေတာ သေချာသည်။

မိုသန့်ဇင်ရယ်။

ကိုယ့်ဝေဒနာကို ကိုယ်သာ အသိဆုံးပါ။

ကိုယ့်မှာ နဂိုကတည်းက နှလုံးသွေးကြောကျဉ်းတဲ့ရောဂါ ရှိနေခဲ့တယ်။ အဲဒါ မိုသန့်ဇင် မသိသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မှီသန့်ဇင်သီအောင်လည်း ကိုယ် တစ်ခါမှ မပြောပြခဲ့ဖူးဘူး။

"တီ ... တီ ... တီ"

သူ့ခေါင်းရင်းစားပွဲမှာ တင်ထားသော ဟန်းဖုန်းက ရုတ်တရက် မြည်လာသည်။

သူလှမ်းကိုင်ပြီး နံပါတ်ကို ကြည့်လိုက်တော့ အလွန်အံ့သြသွားရသည်။

ဘောဘီဆီက ဖုန်းပါ။

"ဟဲလို ... အန်ကယ်ထိုက်ပါလား"

"ဟုတ်တယ်ကွယ့်၊ သားမိုးယံလား"

"ဟာ ... အန်ကယ် သိပ်တော်တာပဲ၊ ကျွန်တော့်အသံမှတ်မိနေတယ်၊ ကျေးဇူးပဲ အန်ကယ်(လ်)၊ ခဏနော် မာမီဖုန်းပြောမလို့တဲ့"

"အေးကွာ"

"ဟဲလို ... ထိုက်၊ ဘောဘီ စင်ကာပူလေဆိပ်ကနေ ဆက်တာ၊ ဒီနေ့ မြန်မာပြည်ကို ခဏလာမလို့၊ တစ်ပတ်လောက်တော့ အချိန်ရတယ်၊ မြန်မာပြန်ရောက်မှ ဆက်နေရင် ထိုက် စိတ်ဆိုးမှာစိုးလို့ ထိုက် လေဆိပ်လာကြိုပါလားဟင်၊ ဒီတစ်ခါလဲ သားမပါသေးဘူး၊ ဘောဘီတစ်ယောက်တည်း လာခဲ့ရမှာ"

"ဆောရီးဘောဘီ၊ ကိုယ်နေမကောင်းလို့ အိမ်မှာ အနားယူနေရတယ်"

"ဟင် ... ဘာဖြစ်တာလဲ ထိုက်၊ ကြာပြီလား၊ ဘယ်နေ့က စဖြစ်တာလဲ၊ ဒါဆို ဘောဘီဆီ လုံးဝမလာနဲ့တော့ ဘောဘီလေဆိပ်





က ဆင်းဆင်းချင်း ထိုက်ဆီ တန်းလာခဲ့မယ်နော်၊ ထိုက် အိမ်မှာပဲ ရှိမယ်မို့လား"

"ရှိတယ် ဘောဘီ၊ လာလေ ထိုက် စောင့်နေမှာပေါ့၊ သားမိုးယံကို ဘာဖြစ်လို့ ခေါ်မလာတာလဲ ဘောဘီ၊ ကိုယ်ရောက်တော့လည်း တွေ့ချိန်က ခဏလေး၊ စကားလည်း သေသေချာချာပြောရတယ် မရှိဘူး ၊ သူ့ခမျာ တစ်နေကုန် သူ့ကျောင်းစာနဲ့တင် ပြီးနေရော။ သိပ်စာတော်တဲ့ကလေး ကိုယ်ဖြင့် မြန်မာပြည်ပြန်ရောက်ကတည်းက သားမိုးယံ လိမ္မာတာတွေ တွေ့ပြီး သဘောကျကျေနပ်နေခဲ့တာ"

"အံမယ် နေမကောင်းတဲ့သူကလဲ ပြောလိုက်တဲ့စကားတွေ တော်တော့ အနားယူ ဘောဘီ၊ ဒီည ထိုက်ဆီရောက်ပြီ၊ ရှစ်နာရီလောက်မှ ထွက်ခဲ့မယ် ထိုက်ရယ် နော်၊ အိုကေ ... ဆီးယူ"

"ဘိုင်ဘိုင့် ... ဆီးယူ"

ဦးထိုက်တန် ဖုန်းပိတ်လိုက်ပြီး စိတ်ထဲမှာ အနည်းငယ်တော့ ပျော်ရွှင် စိတ်ချမ်းသာသလို ခံစားသွားရသည်။

အခုလိုအချိန်မျိုးမှာ ဘောဘီရောက်လာရင်တော့ ဦးထိုက်တန်၏ ရောဂါက သိသိသာသာကြီးကို ပျောက်ကင်းသွားမှာ သေချာသည်။

ဘောဘီမှာက ရုပ်ရည်နှင့် လိုက်ဖက်သည့် အပြုအမူ အယုအယမျိုးတွေ ရှိသည်။

မှီကတော့ ဘောဘီရောက်လာသည်နှင့် စိတ်ကောင်းမှာမဟုတ်ပဲ သိသိသာသာကြီး ရှောင်ထွက်သွားပေးရှာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဦးထိုက်တန် နိုးနေပြီ၊ နိုးနေတာ ကြာပြီလားဟင်၊ မဟိ အန်တီသီရိဆီ ခဏသွားနေလို့ပါ၊ မှို့ကို ခွင့်လွှတ်ပါနော်"

ဦးထိုက်တန် ဘာမှ ပြန်မပြောပါ၊ တစ်ခွန်းပဲ ပြော၏။

"ကိုယ်ဆေးသောက်ချိန်ရောက်ပြီ"

"ဟုတ်ကဲ့၊ မှို တိုက်ပါ့မယ်"

သမီး အသံမကြားသဖြင့် သူပေးချင်သော်လည်း မပေးဘဲ သက်ပြင်းချ၍သာ အိပ်နေမိသည်။ အဖြစ်ဆိုးလိုက်တဲ့သူ့ဘဝ။

မှိုက သူ့အခန်းအပြင်သို့ ဟိုကြည့်ဒီကြည့် လှမ်းကြည့်တာကို တွေ့တော့ ချက်ချင်းပင် သဘောပေါက်စွာ ဖြေလိုက်၏။

"သမီးလေး ဟိုဘက်မှာ နေခဲ့တယ် ဦးထိုက်တန်၊ ဒေါ်လေးကြွေကို ကုန်းပိုးစီးချင်လို့တဲ့လေ"

"ကောင်းပါတယ်"

ထိုမျှသာ သူပြန်ပြောလိုက်ပြီး ဆေးသောက်ထား၍ တစ်ဖက်လှည့်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်သည်။

စိတ်ထဲမှာတော့ ဒီနေ့အချိန်မြန်မြန်ကုန်ပြီး ညကို အမြန်ဆုံးရောက်ပါစေဟု ကလေးဆန်စွာ ဆုတောင်းလိုက်သည်။

* * *





## အခန်း (၁၂)

"ဖြစ်ရလေ ထိုက်ရယ်၊ ဘေဘီစိတ်မကောင်းလိုက်တာ၊ ထိုက် ဘာတွေများ သွားစားလိုက်လို့လဲ၊ အသက်ကလေးရလာတော့ အစားအသောက်ကို ဆင်ခြင်ပေါ့ကွယ်၊ ထိုက်နဲ့ မတည့်တာတွေ မစားနဲ့လေ"

"အင်း ... ကိုယ်လဲ အမှတ်တမဲ့မို့ သတိမထားလိုက်မိဘူး ဘေဘီ၊ ကိုယ့်ဟိုတယ်ကို ဒီနေ့ပဲ ကိုယ့်ဧည့်သည်တွေ ထိုင်ဝမ်က ရောက်လာတယ်။ သူတို့ကို Sea food လိုက်ကျွေးရင်း ကိုယ်စားလိုက်မိတာ၊ ရုတ်တရက် ဘာဖြစ်သွားမှန်းမသိဘူး"

"ထိုက်ရယ်၊ တစ်ခုခုဆို ဒုက္ခ၊ ထိုက်ဇနီးကရော ထိုက်ကို ဂရုစိုက်ရဲ့လား"

"မဆိုးပါဘူး"

"ဘယ်လို မဆိုးတာလဲ"

"တော်ရုံကို ပြောတာပါ"

"ထိုက်ရော သဘောကျရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဝဲ"

"လုပ်ပြီ"

"ကိုယ် မညာတတ်ဘူး"

"နောက်ဆို ဘောဘီ့ကို ချက်ချင်းဖုန်းဆက်ကွာ သိလား"

"ဘောဘီက ချက်ချင်းလာလို့မှမရတာ"

"အမြန်ဆုံးရောက်အောင်တော့ ကြိုးစားမှာပေါ့ ထိုက်ရယ်"

"ကျေးဇူးပေါ့ ဘောဘီရယ်"

"ထိုက်နဲ့ ဘောဘီနဲ့ကြားမှာ ကျေးဇူးတွေဘာတွေ မလိုအပ်ပါဘူး ထိုက်ရယ်"

"ကျေးဇူးတင်ထိုက်တဲ့သူကိုတော့ ကျေးဇူးတင်ရမှာပေါ့၊ ဘောဘီ ဘာစားမလဲ၊ ဘာစားချင်လဲ ပြောနော်၊ ရောက်တုန်း ကိုယ်ကျွေးပါ့မယ်"

"အံမယ် သူကဖြင့် အိပ်ရာထဲကနေ မထဘဲနဲ့"

"ကိုယ့် ဟိုတယ်မှာ အကုန်ရတာပဲ ဘောဘီ၊ ကိုယ်ဖုန်းဆက်ပြီး မှာမှာပေါ့"

"ဟုတ်သားပဲ၊ ဆောရီးထိုက် မေ့လို့၊ ဒါဆို ဘောဘီဘာစားရမလဲ၊ ထိုက်ရော ခေါက်ဆွဲလောက်တော့ စားလို့ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်၊ ကိုယ်သက်သာနေပြီပဲ၊ ဒါပေမယ့် ဒီညတော့ ငါးနဲ့ဆန်ပြုတ်ပဲ ကိုယ်သောက်ထားတယ်"

"ဝယ်တာလားထိုက်"

"မိုသန့်ဇင် လုပ်ပေးတယ်"





"မနက်ဖြန် ဘောဘီ ဒီမှာ လာလုပ်ပေးမယ်၊ ထိုက်စားဖို့လေ ...လား"

"ဖြစ်တာပေါ့"

"အိုကေ၊ ဘောဘီအိပ်ရာက နိုးတာနဲ့ လာခဲ့မယ်"

"ကျေးဇူး ... ကျေးဇူး၊ ဘောဘီအခု ဘာစားမလဲ"

"ဟင့်အင်း၊ နေပါစေတော့ ထိုက်မှ မစားတာ ဘောဘီလဲ ...စားတော့ဘူး"

"ဘောဘီဆာနေမှာပေါ့"

"နိုး မဆာဘူး၊ ညဘက်လဲ သိပ်မစားတာကောင်းပါတယ်၊ ...တယ်ပြန်ရောက်မှပဲ အသီးတစ်ခုခုနဲ့ Juice သောက်ပြီး အိပ်...တော့မယ်။ သြော် ... ထိုက်မေ့လို့၊ ထိုက်နဲ့သမီးအတွက် ဘောဘီ ...က်ဆောင်တွေ ဝယ်လာတယ်"

"လုပ်ပြီ ဘောဘီကတော့"

"ထိုက်အတွက်တော့ ရွှေရောင်နာရီလေးဝယ်ခဲ့တယ်၊ ထိုက် ...မီးအတွက်က ဂါဝန်သုံးထည်၊ ဖိနပ်နှစ်ရံ၊ ပြီးတော့ ရွှေခါးပတ် ...လေးတစ်ခု ဒါက ချောကလက်၊ ထိုက်ကြည့်ဦး ဒီနာရီလေး ...ဘောကျဘူးလား၊ ဈေးလဲမနည်းဘူးထိုက်၊ ရယ်နော်၊ တကယ့်ရယ် ...ရီ၊ ထိုက်အတွက်ဆိုတော့ ဘောဘီရဲ့ ရယ် present ပေါ့"

"အားနာစရာ ဘောဘီရယ်၊ သမီးအတွက်လဲ နည်းတာ ...တ်ဘူး"

"သြော် ...ထိုက်သမီးဆို ဘောဘီ့သမီးပေါ့၊ သမီးရှိတယ်မဟုတ် ...၊ ဘောဘီသွားခေါ်လိုက်မယ်၊ ဒါတွေ ပေးချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘေဘီယူသွား၊ သမီးက ဒီကို လာမှာမဟုတ်ဘူး"

"ဟင် ... ဘာလို့"

"ကိုယ့်ကိုကြောက်လို့"

သူပြောလိုက်သည့်စကားကို ဘေဘီက ရယ်သည်။

အဲဒီလိုမှ သူမပြောလျှင် ဘေဘီ့ရှေ့မှာ အရှက်ရမှာ သေချာသည်။

သမီးသည် သူ့အခန်းထဲသို့ သုံးလပြည့်လျှင်တောင် တစ်ကြိမ်ဝင်သူမဟုတ်ပါ။

ထိုမျှအထိ သားအဖနှစ်ယောက်က အလွန်စိမ်းကြသည်။

ဘေဘီသည် သမီးအတွက် ပါလာသည့် လက်ဆောင်အိတ်ကိုကိုင်၍ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့၏။

အပေါက်ဝနံဘေးတွင် မီသန့်ဇင်နှင့် တန်းတိုးသည်။

တကယ်တော့ သည်ဦးထိုက်တန်ဆီသို့ ဘေဘီရောက်လာခဲ့တာကို အလွန်အံ့သြနေခဲ့ပြီး ဘေဘီနှင့် ဦးထိုက်တန် ဘယ်လိုအခြေအနေအထိ ရောက်နေသလဲဆိုတာ အလွန်သိချင်သွားခဲ့၏။ ဒါကြောင့်လည်း သူတို့နှစ်ယောက် စကားပြောခဲ့တာကို တိတ်တဆိတ် မီ နားထောင်နေခဲ့ခြင်း ဖြစ်သည်။ 'ဦးထိုက်တန်ရယ်'ဟု မို့ရင်ထဲမှာ တီးတိုးပြောရင်း ရင်တစ်ပြင်လုံး ပွင့်ထွက်သွားသလို ခံစားလိုက်ရသည့်အချိန်မှာပင် ဘေဘီထွက်လာတာနှင့် တန်းတိုးသွားသည်။

"ဆော်ရီး မီသန့်ဇင်၊ ကိုယ် ဒီအခန်းထဲအထိ ဝင်လိုက်မိတယ်။ ကိုယ်တို့က မိတ်ဆွေအရင်းတွေနော်၊ ဘော်ဒါတွေဆိုပါ





တော့၊ ဘာမှမရှိဘူး၊ ဘာမှမဖြစ်ဘူး၊ စိုးရိမ်စရာမလိုဘူး။ ကိုယ်တို့ရဲ့ ရိုးသားဖြူစင်မှုအတွက် ဒီက စိတ်ထဲမှာ ဘာမှထည့်မထားပါနဲ့နော် please"

ဘေဘီကစ၍ ပြောလိုက်သည်။

မီ့ထံမှ စကားမဟနိုင်ခဲ့ပါ။

"ဒီမှာလေ၊ မီသန့်ဇင်ရဲ့ သမီးအတွက် ကိုယ်ဝယ်လာခဲ့တာ သမီးရော"

"အောက်ထပ်မှာပါ"

"ကိုယ်သွားလိုက်ဦးမယ်၊ ပေးချင်လို့"

ဘေဘီက ကလေးတစ်ယောက်ပမာ မို့ရှေ့က လှစ်ခနဲ ထွက်သွားသည်။

ထိုပစ္စည်းတွေကို သမီး ဘယ်လိုမှ မယူမှန်း မီသိတာပေါ့။

မီအောက်ထပ်သို့ မဆင်းခင် အခန်းထဲသို့ လှမ်းကြည့်လိုက်တော့ ဦးထိုက်တန်က လှမ်းအကြည့်နှင့် တန်းတိုးသည်။

မို့ကို လှမ်းမခေါ်သော်လည်း မီက ဝတ္တရားကျေသောဇနီးတစ်ယောက်ဖြစ်စေချင်၍ တာဝန်သိစွာ မေးလိုက်သည်။

"မီ ဘာလုပ်ပေးရဦးမလဲ ဦးထိုက်တန်"

လက်ကာပြသည်။

မီ့မလိုဘူးပေါ့။

ကောင်းပါတယ် ဦးထိုက်တန်ရယ်။

မီ သဘောပေါက်ပါပြီ။

ဘေဘီက အိမ်ရှေ့ဧည့်ခန်းထဲမှာ အရုပ်တွေဖြင့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘည်း ဆောနေသည့်သမီးနှစ်သက်မှီအနားသို့ ရောက်လာခဲ့သည်။

"သမီး"

သမီးက လှည့်ပင်မကြည့်သည့်အပြင် လုံးဝ မထူးပါ။

"သမီး နှစ်သက်မှီ၊ အန်တီဘေဘီခေါ်နေတယ်"

"ဘာလုပ်ဖို့လဲ"

ထိုအဖြေက ယဉ်ကျေးသိမ်မွေ့သော ကလေးတွေ၏ အဖြေ မဟုတ်ပါ။

"ဒါ သမီးအတွက် အန်တီရဲ့လက်ဆောင်"

"မလိုချင်ဘူး"

"ဘာဖြစ်လို့လဲကွယ်"

"ဦးဘိုပေးတဲ့ ပစ္စည်းပဲယူမှာ၊ သူများပေးတာ မလိုချင်ဘူး"

"ဦးဘို"

ထိုနာမည်ကို ဘေဘီကြားဖူးသလို ထိုလူ့ကို ဒီအိမ်မှာ တစ်ခါမြင်ဖူး၍လည်း ဘေဘီ မှတ်မိသွားသည်။

သို့သော် ဘေဘီက ကလေးနှင့် အပြိုင် စကားမပြောချင်ပါ။

"အန်တီဘေဘီက သမီးဖေဖေရဲ့ အရင်းနှီးဆုံးသမီးရဲ့၊ အဲဒီတော့ အန်တီပေးတာကို သမီးယူနော်"

"မယူဘူး"

"ယူပါကွယ်"

"မယူပါဘူးဆို"

ထိုက်သမီး အဲဒီလောက်ဆိုးပြီး ရိုင်းစိုင်းမှန်း ဘေဘီမသိခဲ့ပါ။ ကြာရင် ဘေဘီအရှက်ကွဲတော့မည်။





"ယူနော် အန်တီထားခဲ့မယ်၊ ဟုတ်လား"

"သွား မယူဘူး"

ဘေဘီက သမီးရှေ့သို့ အိတ်ကြီးကို လှမ်းအထားမှာ သမီးသည် ကောက်ယူပြီး လွှင့်ပစ်လိုက်သည်။

"ဟင်..."

ဘေဘီ အရှက်ရသွားကာ စိတ်ထဲလည်း အလွန်ထိခိုက်သွားမိသည်။

တော်ပြီ နောက်ဆို ကလေးအတွက် ဘာမှဝယ်မလာတော့ဘူး။

ချက်ချင်း ဘေဘီထထွက်လာခဲ့သည်။

ထိုအဖြစ်ကို ကောင်းစွာ မြင်လိုက်ရသူက မှီဖြစ်သည်။

သမီးလေး၏ ရိုင်းပျသော အပြုအမူကြောင့် မှီ သွားလိုက်လျှင် အရှက်ရမှာစိုး၍ ငြိမ်နေလိုက်ရသည်။

ခဏနေတော့ ဘေဘီဆိုသည့် အမျိုးသမီးက ဦးထိုက်တန်ရှိရာ အပေါ်ထပ်သို့ တက်သွားသည်။ အပေါ်ထပ်တွင် နာရီဝက်ခန့်ကြာသည်အထိ နေသွားသည်။

ပြီးမှ အောက်ထပ်ဆင်းလာတာကို မှီတွေ့၏။

"သွားပြီ မှီသန့်ဇင်၊ မနက်ကျမှ ကိုယ်လာတော့မယ်၊ Bye... Bye good night"

"ဟုတ်ကဲ့"

ဘေဘီက အေးဆေးစွာပင် မှီ့ကို နှုတ်ဆက်သွား၏။ မှီက ဘေဘီ့လှုပ်ရှားမှုကို လိုက်ကြည့်ခဲ့သည်။ မှီ ပိုပြီး အံ့ဩသွားတာက



www.burmeseclassic.com

www.burmeseclassic.com



သော့ ဦးထိုက်တန်၏ ပရာဒိုကားကြီးကို ခပ်တည်တည်မောင်းပြီး ဆိမ်ရှေ့ ပေါ်တီကိုအောက်ကနေ ထွက်သွားတာကိုပါပဲ။

ဒါကလည်း ဦးထိုက်တန်ရဲ့ သဘောတူကြည်ဖြူမှုကြောင့်ပဲ ဖြစ်မှာပေါ့။

ဘုရား ... ဘုရား။

မို့ရင်ဝတည့်တည့်မှာ အလွန်ပြင်းထန်သော အရာတစ်ခုက ဆောင့်ပြီး ထိုးထည့်လိုက်သလို မို ခံစားလိုက်ရတော့သည်။

* * *



## အခန်း (၁၃)

ဒီနေ့က ဘိုဘို နိုင်ငံခြားမှ မြန်မာပြည်သို့ ပြန်ရောက်ခဲ့သော နေ့ဖြစ်သည်။

ထိုနေ့မှာ ဘိုဘို့မိခင်ကြီးက ခြေထောက်အရိုးကျိုးပြီး ကောင်းစွာ လမ်းမလျှောက်နိုင်သောကြောင့် ဘိုဘိုကို လေဆိပ်သို့ သွားမကြိုနိုင်ခဲ့ပါ။

မို့နှင့် ညမီးကတော့ ဘိုဘိုကလည်း ဖုန်းကြိုပြီး ဆက်ထားတာ ကတစ်ကြောင်း၊ အန်တီသီရိကိုယ်တိုင်ကပါ ဘိုဘို့ကို သွားကြိုပေးပါရန် တောင်းတောင်းပန်ပန် ပြောခဲ့တာကတစ်ကြောင်းမို့ လေဆိပ်သို့ ရောက်အောင် လာခဲ့လိုက်သည်။

မို့ရင်ထဲတော့ တကယ့်ကို တစ်မျိုးကြီး ဖြစ်နေခဲ့သည်။

ဘာကြောင့်လဲဆိုတော့ ဘိုဘိုနိုင်ငံခြားမှ ဒီနေ့ ပြန်လာမှာကို ဦးထိုက်တန်ကို မို မပြောပြဖြစ်တာရယ်၊ ဘိုဘို့ကို လေဆိပ်မှာ သွားကြိုရန် ဦးထိုက်တန်ဆီမှ ခွင့်ပြုချက်မတောင်းမိတာရယ်ကြောင့် ဖြစ်၏။

ဘုရား ... ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဦးထိုက်တန်သာ ဒီဟိစ္စကို သိရင် ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး။

ဦးထိုက်တန်ရယ်။

မို့ရင်ထဲမှာ ရိုးသားဖြူစင်မှုတွေပဲ ရှိပါတယ်။

ဘယ်သူ့အတွက်မှ မိုအရောင်မဆိုးထားခဲ့ပါဘူး။

ထိုစကားဟာ မို့အတွက် သစ္စာစကားပါရှင်။

"မေမေ ... မေမေ၊ ဟိုးမှာ ဦးဘို ... ဦးဘိုလာပြီ၊ ဟေး ...ဦးဘို ပြန်လာပြီ"

သမီးက ရုတ်တရက်ခုန်ပေါက်ပြီး ထအော်လိုက်တော့မှ မို့ အတွေးက ပျက်သွား၏။

ဟုတ်ပါရဲ့။

သမီးပြောတဲ့ ဦးဘို။

ကြည့်စမ်း။

ဘိုဘိုတစ်ယောက် အသားတွေညိုပြီး ပိန်သွားလိုက်တာ။

ပင်လယ်လေကြောင့်ရယ်၊ စိတ်ပင်ပန်း၊ လူပင်ပန်းမှုရယ်ကြောင့် ဖြစ်လာလိမ့်မယ်။

"မမ ... သမီး ... သမီး ... လာဦး၊ ဦးဘိုဆီကို ကြည့်စမ်း ကွာ၊ ဦးဘိုသမီးက ပိန်သွားလိုက်တာ၊ အရင်လိုလဲ မဝတော့ဘူး လား၊ အရပ်ကြီးလဲ ရှည်လာပြီ၊ မမ သမီးက တော်တော့်ကို ပိန် သွားတာပဲ၊ ဘာဖြစ်လို့လဲ မမ၊ ကလေး နေကောင်းရဲ့လား"

"မီးမီး ဘာမှမဖြစ်တော့ဘူး၊ ဦးဘိုပြန်လာလို့၊ မေမေ ဒီနေ့ တစ်နေ့လုံး ဦးဘိုအိမ်မှာ သွားနေမယ်နော်၊ ဦးဘို မီးမီးအတွက် ဘာတွေဝယ်လာလဲဟင်၊ ဦးဘိုက အရမ်းရက်စက်တာပဲ၊ မီးမီးကို အကြာကြီး ပစ်သွားဂယ်၊ မီးမီးက ဦးဘိုမရှိတော့ ထမင်းလဲမစား ဘူး၊ စာလဲမသင်ဘူး၊ ကျောင်းလဲမသွားဘူး၊ ဒါကြောင့် ပိန်သွားတာ"





"ဟုတ်လား၊ ဘာလို့ ကျောင်းမသွားရတာလဲ၊ ဒီကလေး စကားတော့ ယုံလို့ မဖြစ်သေးပါဘူး"

"ယုံပါ ဦးဘိုရယ်၊ မီးမီးက ညာမပြောပါဘူး"

"ဘိုဘို လုပ်စရာရှိတာတွေ လုပ်ပြီးတာနဲ့ မမတို့ ပြန်ကြရ အောင်"

"ပြီးပြီ မမ၊ ဟိုပစ္စည်းတွေ အပြင်သယ်ပြီးရင် ပြီးပြီ၊ ကား ပါတယ်နော်"

"ပါပါတယ်၊ မင်းပစ္စည်းတွေက မနည်းပါလားကွယ်"

"မမတို့သားအမိအတွက်ကတင် နည်းတာမဟုတ်ဘူး"

"ကဲ ... ကဲ ... ပြီးတာနဲ့ ပြန်ကြပါစို့"

"မမကလဲ လောလိုက်တာ၊ ပစ္စည်းတွေ ခဏစစ်ဦးမယ်၊ တော်ကြာ များတော့ ကျန်ရစ်ခဲ့မှာစိုးလို့၊ ခဏလေးပါ မမရယ်၊ မကြာပါဘူး၊ မမ အခုလို လာကြိုပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

ဘိုဘိုက မမ၏ စိတ်မရှည်သည့် အမူအရာကြောင့် အခုလို စကားမျိုး ပြောလိုက်သည်။ ဘိုဘိုနှင့် ပတ်သက်ပြီး မမမှာ တစ်စုံ တစ်ခုတော့ ရှိနေသည်။

မမမျက်ဝန်းတွေက တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့နေသည့် ဟန်မျိုး။

ဦးထိုက်တန်နှင့် မမတို့ အဆင်မပြေကြရဲ့လား။

ထိုကိစ္စတွေကို ဘိုဘိုမတွေးနိုင်သေးဘဲ ဘိုဘိုလာသည့်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ပြည့်မပြည့် စုံမစုံ ပြန်စစ်ဆေးခဲ့ရသည်။

သမီးက ဘိုဘိုကို ခဏတွေ့ကတည်းက လက်ကို ဆွဲထားတာ လုံးဝလွှတ်မပေးတော့။

မသိလျှင်တော့ မိသားစုသုံးယောက်ဟု ထင်ရသည်။

"အားလုံး စုံပြီ မမ၊ ပြန်ဖို့ပဲ လိုတော့တယ်၊ ကားရော ခေါ်လား မမ"

"သိပ်မဝေးပါဘူး၊ ဟိုနားတင်"

"ညီလေး၊ ဒါတွေအားလုံး ကားပေါ်အရောက်ပို့ပေးပါ"

"ဟုတ်ကဲ့အစ်ကို"

အလုပ်သမားတစ်ယောက်က မို့ကားထဲသို့ ဘိုဘို့ပစ္စည်းတွေ အားလုံး သယ်ပေးသည်။

သမီးက ဘိုဘို့လက်ကို ဆွဲ၊ မို့ကားထဲသို့ ဘိုဘို့ပစ္စည်းတွေ အားလုံး သယ်ပေးသည်။

သမီးက ဘိုဘို့လက်ကို ဆွဲ၊ မို့က ဘိုဘို့နံဘေးမှာ ကပ်၍ လာခဲ့ရာ ဖြစ်ချင်တော့ မိုတို့သုံးယောက် လေဆိပ်ထဲက အထွက်မှာ တိုက်တိုက်ဆိုင်ဆိုင် ဦးထိုက်တန်နှင့် နိုင်ငံခြားသားညော့်သည် နှစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟင် ... ဦး ... ထိုက် ... တန်"

မို့ အံ့ဩလန့်ဖျပ်သွားကာ အသံထွက်၍ပင် ခေါ်လိုက်ရသည်။

ဦးထိုက်တန်လည်း မိုတို့သုံးယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ အလွန်အမင်း အံ့ဩသွားဟန် ရှိပါသည်။

စကားပင် မပြောနိုင်တော့ဘဲ သမီးဖြစ်သူကို တစ်လှည့်၊ ဘိုဘိုနှင့် မို့ကို တစ်လှည့်စီ ကြည့်လိုက်သည်။





ထိုအချိန်မှာ ဘိုဘိုကစ၍ ပြောလိုက်သည်။

"ကျွန်တော် ဒီနေ့ပဲ ပြန်ရောက်ပါတယ်၊ မမေမေနေမကောင်းလို့ လာမကြိုနိုင်တာနဲ့ မမတို့သားအမိက လာကြိုပေးတာပါ"

ဦးထိုက်တန် တစ်ခွန်းမှ မပြောဘဲ ထိုနေရာကနေ ချာခနဲ လှည့်ထွက်သွားတော့ မို့သည် ဦးထိုက်တန်နောက်သို့ ပြေးလိုက်ကာ ခေါ်လိုက်သည်။

"ဦးထိုက်တန် ... မို့ ... မို့ ..."

ဦးထိုက်တန်က မို့ခေါ်သံကြောင့် ဆတ်ခနဲ ရပ်ပြီး လှည့်ကြည့်လိုက်သည်။

"ဒီမှာ မိုသန့်ဇင် ကိုယ့်ညော့်သည်တွေရှေ့မှာ ကိုယ့်ကို အရှက်မခွဲပါနဲ့၊ ကိုယ်လာတာ အလုပ်ကိစ္စနဲ့လာတာ၊ မင်း၊ အိမ်ပြန်ပါ"

ထိုစကားပြော၍ ဦးထိုက်တန် လှည့်ထွက်သွားတော့သည်။

ကားပေါ်ရောက်သည်အထိ မို့ စကားတစ်ခွန်းမှ မပြောနိုင်။ ကားလည်း မောင်း၍မရနိုင်လောက်အောင် မို့စိတ်တွေက ပြင်းထန်လှုပ်ရှားနေခဲ့သည်။

ဘိုဘိုက ထိုအဖြစ်ကို ကောင်းစွာ ရိပ်မိပုံရသွားပြီး ...

"ကားသော့ပေး မမ၊ ကျွန်တော်မောင်းလိုက်ပါ့မယ်"

"ဦးဘိုနဲ့ ရှေ့မှာထိုင်မယ်နော်၊ မီးမီး ကားမောင်းချင်တယ်၊ ဦးဘိုပေါ်မှာ မီးမီးထိုင်မယ်"

"သမီး"

"မသိဘူး၊ ကားမောင်းချင်ပါတယ်ဆိုမှ၊ ဦးဘိုပေါ်မှာ ထိုင်မှာပဲ"

"ထိုင်ပါစေ မမရယ်၊ ကလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလိုမလိုက်ပါနဲ့ ဘိုဘို၊ ဒီအရွယ်မှာ ကလေးမဟုတ်တော့ဘူး၊ လူမြင်လို့မကောင်းဘူး၊ ကားတွေက ဒီလောက်ရှုပ်တဲ့ဥစ္စာ တိုက်ကုန်မှာပေါ့"

"မီးမီးလေးက လိမ္မာတယ်နော်၊ မေမေပြောတာ ကြားလား၊ နောက်တော့ ဦးဘိုခြံထဲမှာ မီးမီးကို ဦးဘိုပေါ်မှာတင်ပြီး ကားပတ်မောင်းပေးမယ် ဟုတ်လား"

"ဟုတ် မီးမီး နားထောင်မယ်၊ ဦးဘို ကတိ"

"ကတိ"

ကြည့်စမ်း။

သမီးရဲ့အဖြစ်က ဘယ်လောက်အထိ အံ့သြဆန်းပြားစရာကောင်းသလဲဆိုတာ။

ဘိုဘိုတစ်ခွန်းပြောရုံနှင့် ရသွားသည်။

ဘိုဘိုက တစ်လမ်းလုံး ဘာစကားမှ မပြောဘဲ ကားမောင်းလာခဲ့သလို မို့စိတ်ထဲမှာတော့ တိုက်တိုက်ဆိုင်ဆိုင် ဦးထိုက်တန်နှင့်မှ ပက်ပင်းလာတိုးရသည့်အဖြစ်ကြောင့် သွေးခုန်နှုန်းတွေ မြန်ဆန်ဆူပွက်နေတော့သည်။

မို့ အိမ်ရောက်ရင် ဦးထိုက်တန် ဘယ်လိုရင်ဆိုင်ရမလဲ။

မို့ကို သူ ဘယ်လို အပြစ်မျိုးတွေများ ပေးလိုက်မလဲ။

အဲဒါတွေအားလုံးရဲ့ တရားခံက ဘယ်သူများဖြစ်မလဲ။

မို့သမီးအတွက် တရားခံဟာ မိုသန့်ဇင်တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်။

* * *





## အခန်း (၁၄)

ဘိုဘိုပြန်ရောက်လာသည့်နေ့မှစပြီး သမီးက မို့အိမ်မှာ မနေတော့ပါ။

တစ်နေကုန်တစ်နေခန်း ဘိုဘိုနှင့် သွားနေပြီး ဘိုဘိုလုပ်ပေးသမျှကိုသာ သဘောကျနှစ်ခြိုက်သူ ဖြစ်သွား၏။ ထမင်းကျွေးလည်း ဘိုဘိုမှ၊ မုန့်ကျွေးလည်း ဘိုဘိုမှ၊ ကစားလည်း ဘိုဘိုနဲ့မှဆိုတော့ မို့ တော်တော့်ကို စိတ်ညစ်လာသည်။

အန်တီသိရီခြေထောက်က အနည်းငယ်သက်သာလာသော်သည်း ဆီးချိုရှိနေသည့်အရှိန်ကြောင့် တော်ရုံနှင့် မပျောက်တော့ပါ။

သမီးကို အန်တီသိရီရော၊ ဘိုဘိုပါ အင်မတန် သံယောဇဉ်အားပြီး ခင်တွယ်သူတွေ ဖြစ်နေသောကြောင့် မို့ တော်တော့်ကို အခက်တွေ့လှသည်။

ဘာပြောရမှန်းလဲမသိ။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို ညအိပ်ခါနီးတောင်မှ ဘိုဘို့အိမ်ကနေ မနည်းချော့မော့ခေါ်နေရသည်။

ကဲ ... မို့ဒုက္ခက မသေးဘူးလား။

"လာပါ သမီးရယ်၊ ဆယ်နာရီထိုးနေပြီ၊ သမီးအိပ်ရတော့မယ်"

"အိပ်သေးဘူး၊ ဦးဘိုနဲ့ ဆော့ဦးမှာ"

"ဒါ ဆော့ချိန်မဟုတ်တော့ဘူး သမီး"

မို ဒေါသသံထွက်သွားသည်။

"ဆော့မှာပဲ"

"သမီး"

"မမရယ် ကလေးအိပ်တော့ ကျွန်တော်ကိုယ်တိုင် ချီပြီး လာပို့ပေးပါ့မယ်။ သူ့ခမျာ ဒီမှာ ပျော်နေရှာတာ၊ တစ်နေ့လုံး ဆော့တာတောင် ဆော့လို့မဝသေးဘူးနဲ့တူတယ်၊ မီးမီးတို့ကတော့ပျော့ စံပဲ"

"ဦးဘိုနဲ့ ဆော့ချင်လို့"

"ဆော့ပါကွာ ဆော့ပါ၊ အခု မီးမီးက ဘယ်လိုဆော့ချင်တာလဲ"

"ဦးဘိုက မြင်းကြီးလုပ်"

"လုပ်မယ်ဗျာ"

"အကြာကြီးလုပ်ရမယ်နော်"

"ဟုတ်ကဲ့ဗျာ"

မို့ ဘာပြောရမည်မသိတော့ပါ။

မိခင်စကားတောင်မှ တစ်ချက်နားမဝင်တော့တဲ့ကလေး။

လွန်အားကြီးပြီ။ ရိုက်နှက်ဆုံးမဖို့ပဲ ကောင်းနေပြီ။





"မေမေ ပြန်တော့၊ မီးမီး နေဦးမှာ"

"တော်ပြီ ရပ်စမ်းသမီး၊ အခုလာခဲ့"

"ဟာ ... မလာဘူး ... မလာဘူး၊ ဦးဘို လုပ်ပါဦး၊ မေမေ ... မေမေ အတင်းခေါ်နေပြီ"

မိုက သမီးလက်ကို အတင်းဆောင့်ဆွဲပြီး ခေါ်လိုက်တော့ သမီးက ဘိုဘို့ကို အားကိုးတကြီး လှမ်းခေါ်လိုက်သည်။

"မမရယ် မီးမီးလက်နာသွားပါ့မယ်၊ အရမ်းမလုပ်ပါနဲ့"

"ဟုတ်တယ် မေမေ အရမ်းလုပ်တယ်၊ မီးမီးလက်နာသွားပြီ"

ဘိုဘိုက ဆတ်ခနဲ သမီးကို ပွေ့ချီပြီး ပြောလိုက်သောကြောင့် မို တော်တော်အံ့အားသင့်သွားရသည်။

သမီးနှင့် ဘိုဘို၏ စိတ်တွေကို မို ခန့်မှန်း၍ မရနိုင်တော့။ သမီးကို မို အတင်းအကျပ်ခေါ်လျှင် ဘယ်လိုမှ မလိုက်နိုင်မှန်းသိသောကြောင့် နည်းတစ်မျိုးဖြင့် ချော့ပြီးခေါ်ရန် ကြိုးစားလိုက်သည်။

"ဦးဘိုလိုက်ပို့ရင် သမီးအိမ်ပြန်မယ်မဟုတ်လား"

"ဟုတ်"

ကြည့်စမ်း။

ဒီကလေး ဘယ်လောက်အထိ ဘိုဘို့အပေါ်မှာ သံယောဇဉ်ကြီးရသလဲဆိုတာ။

"ကဲပါ ဘိုဘိုရယ်၊ ဒီအတိုင်းသာ ချီပြီး လိုက်ပို့လိုက်ပါတော့၊ အိမ်ရောက်တာနဲ့ သမီးအိပ်ရတော့မယ်နော်"

"ဦးဘိုလိုက်ပို့ရင် အိမ်မှာ အများကြီးအိပ်မှာ"

မို တော်တော့်ကို စိတ်ညစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုက သမီးကို ပွေ့ချီ၍ အိမ်ထဲက ထွက်လာ၏။

မှီက သူတို့နှစ်ယောက်၏ နောက်က လိုက်ခဲ့သည်။ ဟိုဘက် ခြံနှင့် ဒီဘက်ခြံမို့သွားရမြန်သော်လည်း မှီ့ခြေလှမ်းတွေကတော့ စိတ်၏ကျဉ်းကျပ်မှုကြောင့် တုံ့နှေးနေခဲ့သည်။

မှီ့ကို မှီတို့ပြန်လာသည့် နေရာတည့်တည့်ကို ကားမီးလုံးကြီး ဖြင့် ထိုးစိုက်ချလိုက်သူကတော့ ဦးထိုက်တန်ဖြစ်၏။

"ဟင်"

မှီတုန်လှုပ်သွားကာ ဦးထိုက်တန်ကို လှမ်းခေါ်ဖို့ လုပ်လိုက် သော်လည်း ဦးထိုက်တန်က ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ စေ့ထားသည့် ခြံတံခါးကို တွန်းဖွင့်သည်။

မှီပြေး၍ ခြံတံခါးဖွင့်ပေးပါသေးသည်။

သို့သော် ဦးထိုက်တန်က မှီ့ထက်အရင် စောသွား၍ မှီနောက် ကျသွား၏။

ခြံတံခါးဖွင့်သွားသည့် ဦးထိုက်တန်က ကားပေါ်ပြန်တက် ကာ ကားမောင်း၍ ခြံထဲသို့ ဝင်သွားသည်။

"ကျွန်တော်သွားတယ် မမ၊ ဦးထိုက်တောင်မှ ပြန်လာနေပြီ"

"ဟင့်အင်း ... ဦးဘိုမပြန်နဲ့ မပြန်နဲ့၊ အိမ်ထဲအထိလိုက်လို့ လိုက်ပို့"

"သမီး ဖေဖေပြန်ရောက်နေပြီ၊ လိမ္မာတယ်နော်၊သမီး မငိုရ ဘူး"

"ဦးဘို ... ဦးဘို ပြန်လာခဲ့၊ ဦးဘိုမရှိရင် မီးမီး မအိပ်ဘူး၊ မအိပ်ဘူး"





ဘိုဘိုလှည့်ထွက်သွားသည်နှင့် မီးမီးက တက်မတတ် ချက် တတ် အသံကုန်ဟစ်ကာ အော်ငိုတော့သည်။

မှီလည်း ဘယ်လိုမှ ချီ၍မရပါ။ အတင်း ရုန်းကန်တွန်းထိုးပြီး အောက်ကို ခုန်ဆင်းကာ ခုန်ပေါက်ရင်း ငိုတော့သည်။

"ဦးဘို ... ဦးဘို ... မီးမီးဆီ ပြန်လာခဲ့"

မှီက ခြံတံခါးကို သော့ခတ်၍ ပိတ်လိုက်တော့ သမီးက ပို၍ ငိုတော့သည်။

သမီးငိုနေတာကို ဦးထိုက်တန်က ကားရပ်ရင်း လှမ်းတွေ့ သွား၏။

မှီဘာလုပ်ရမည် မသိတော့ပါ။

သမီးကိုလည်း ဆွဲ၍မရ။

ဦးထိုက်တန်ကတော့ သမီးငိုနေတာကို တစ်ချက်လှည့်ကြည့် ပြီး အိမ်ပေါ် တက်သွားတော့သည်။

မှီ့မှာတော့ သမီးအငိုတိတ်ရန်နှင့် သမီးအမြန်ဆုံးအိပ်ရန် အတွက်ကို ဘယ်လိုနည်းမျိုးဖြင့် ကြိုးစားရမည်ဆိုတာ စဉ်းစားနေ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဒီနေ့ မီးမီးကို ဦးဘိုပြောစရာရှိတယ်"

"ပြောပါရှင်"

"မီးမီးက လိမ္မာလား"

"လိမ္မာတာပေါ့၊ မီးမီးမဆိုးဘူးနော် ဘွားဘွား"

"မဆိုးပါဘူးတော်၊ ဘွားဘွားမြေးက သိပ်လိမ္မာတာပေ"

"ကြားလား ဦးဘို၊ ဘွားဘွားပြောတာ"

"အင်း၊ လိမ္မာတယ်ဆိုရင် ဦးဘိုစကား နားထောင်ရမယ်"

"ဟုတ်"

"မီးမီးကို ဦးဘိုက စာတွေ အများကြီးတတ်တဲ့ ဆရာကြီးအဖြစ်နဲ့ တွေ့ချင်တယ်"

"ဆရာဝန်"

"လူနာတွေကို ဆေးထိုးပေးတဲ့သူကို ပြောတာ မီးမီးရဲ့"





"အံမာ မီးမီးသိပါတယ်နော်၊ အဲဒါဆို စာတွေ အများကြီး ကျက်ရမှာပေါ့"

"အင်းပေါ့ မီးမီးရဲ့၊ ကျက်ရမှာပေါ့"

"မီးမီးမှ ကျောင်းမတက်တဲ့ဥစ္စာ"

"မနက်ဖြန်ကစပြီး ပြန်တက်ရမယ်၊ ကျောင်းတွေ ပြန်ဖွင့်ပြီ မီးမီးရဲ့၊ မီးမီးက လိမ္မာတယ်ဆို ကျောင်းပြန်တက်၊ စာတွေ အများကြီးကျက်၊ ဆရာဝန်မကြီးလုပ် ဟုတ်ပြီလား"

"ဦးဘိုကျောင်းလိုက်ပို့မှာလား"

"ပို့မယ်"

"ကျောင်းကြိုရင်ရော"

"ဦးဘိုပဲ လာကြိုမယ်၊ ကဲ ... မီးမီးကျောင်းပြန်တက်မယ်နော်၊ ဦးဘိုကို ကတိပေး"

"ကတိပေးပါတယ်ဆို"

"ဒါမှ မီးမီးကွ"

ဘိုဘိုက မီးမီးကို ပွေ့ချီပြီး မြှောက်ချလိုက်စဉ် မိုက သမီး ထမင်းကျွေးရန်အတွက် ရောက်လာသည်။

"ထိုင် မမ၊ အခုပဲ မီးမီးကို ကျောင်းပြန်တက်ဖို့ကိစ္စ ပြောနေတာ"

"ဘာတဲ့လဲ၊ မမက ဘိုဘို့စကားကို ယုံပြီး ကျောင်းတောင် အပ်ပြီးနေပြီ၊ မတက်ရင်တော့ အရှက်ကွဲဦးမယ်"

"သမီး မေမေ့ကို ကြားချင်ဝဲ့စကား ပြောလိုက်"

"မေမေ မနက်ဖြန် မီးမီးကျောင်းတက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

မီ မအံ့သြဘဲ မနေနိုင်တော့ပါ။

မီ့သမီးကို မီတောင်မှ ပြောလို့မရတဲ့စကား၊ ဘိုဘိုပြောတာမှ ရတယ်ဆိုတော့, မီ သိက္ခာလည်းမရှိနိုင်တော့ပါ။

ဘာပဲဖြစ်ဖြစ်ပါ၊ သမီးကျောင်းတက်ဖို့က အဓိကမို့ ဘိုဘို့ကို မီ ကျေးဇူးတင်သွားသည်။

"ကျေးဇူးပဲ ဘိုဘို၊ သူ့အဖေသာ သိသွားရင် သိပ်ဝမ်းသာရှာမှာ"

မီ ဝမ်းသားအားရဖြင့် အိမ်ရောက်ရောက်ချင်း ဦးထိုက်တန်၏ ဟန်းဖုန်းကို ဆက်၍ပြောလိုက်၏။

"ဦးထိုက်တန်လားဟင် မီပါ၊ သမီးလေး မနက်ဖြန်ကစပြီး ကျောင်းပြန်တက်တော့မယ်တဲ့၊ အဲဒါ ဦးထိုက်တန် ဝမ်းသာရအောင်လို့ မီ ဖုန်းဆက်ပြောလိုက်တာ"

"ကိုယ် အစည်းအဝေးလုပ်နေလို့ အိမ်ကျမှ ပြောပါ"

ဦးထိုက်တန်ဘက်မှ ဖုန်းချသွားတော့ မီသည် ဖုန်းကိုင်ရင်း အတန်ကြာသည်အထိ ငိုင်တွေနေခဲ့ပါသည်။

သမီးလေး ကျောင်းပြန်တက်မည့်ကိစ္စကို ဦးထိုက်တန်ဘက်မှ ဝမ်းသာပျော်ရွှင်မှုတွေ မဖြစ်တော့ဘူးတဲ့လား ဦးထိုက်တန်ရယ်။

မီတို့သားအမိကို မရက်စက်လိုက်ပါနဲ့နော်။

* * *





## အခန်း (၁၆)

ဘိုဘိုကြောင့် သမီးလေး ကျောင်းပြန်တက်ရခဲ့တာလော်က် မီပျော်ခွင့်တောင်မရှိတော့ပါ။

သမီး ကျောင်းကို ဘိုဘိုပဲ ပို့ရသည်။ ကျောင်းပြန်ကြိုတော့လည်း ဘိုဘိုပဲကြိုရသည်။

ဘိုဘိုပြန်ရောက်လာမှ အရင်လိုပုံမှန်ပြန်ဖြစ်သွား၍ မီစိတ်ချမ်းသာခွင့်ရသွားသော်လည်း သမီးက မီ ဘာပြောလို့မှမရသည့်အဖြစ်မျိုးကို ရောက်သွားတော့သည်။

ထိုကိစ္စကြောင့်လည်း မီပြင်းပြင်းထန်ထန် ခံစားရပါသည်။

သို့သော် သမီးက စာအလွန်ကြိုးစားရသောကြောင့် မီစိတ်ဆင်းရဲရကျိုးတော့ နပ်ပါသည်။

တစ်နေ့မှာ ဘိုဘိုက သမီးနှင့်ပတ်သတ်ပြီး မီ့ကို ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးမီးက စာတွေ အရမ်းကြိုးစားလာတယ်မမ... လုံးဝမထင်စရာတွေပဲ မမရာ... ကျွန်တော်အထင်ပြောရရင်တော့ ဒီနှစ် သမီးစာမေးပွဲမှာ ဂုဏ်ထူးတွေပါလာမှာ သေချာတယ်။ ဒီနေ့ ကျွန်တော်ကျောင်းပို့တော့ မီးမီးက ဘာပြောတယ်ထင်လဲ မမ"

"မမသိပါဘူးကွယ်"

"မီးမီးက ဦးဘိုဖြစ်ချင်တဲ့ ဆရာဝန်မကြီး ဖြစ်အောင်လုပ်မှာတဲ့"

"ဟုတ်တယ်... ဖြစ်ပါစေ၊ သမီးလေးသာ ဆရာဝန်မကြီးဖြစ်ရင် သေပျော်ပါပြီ ဘိုဘိုရယ်၊ တကယ်ပြောတာပါ"

"ဒီအတိုင်းသာ နေ့တိုင်းစာကြိုးစားသွားမယ်ဆိုရင် မဖြစ်ဘဲမနေပါဘူး မမရယ်"

"သမီးကို ကျောင်းကြိုရင်း မီးမီးရဲ့ အတန်းပိုင်ဆရာမနဲ့ ကျွန်တော် သွားတွေ့လိုက်သေးတယ်"

"သမီးကိစ္စလား"

"ဟုတ်တယ်မမ... အတန်းထဲမှာ သမီးရဲ့အဆင့်ဘယ်လောက်ရှိနေပြီလဲဆိုတာ သိချင်လို့ပါ"

"ဘယ်လောက်တဲ့လဲ ဘိုဘို"

"ဆရာမတောင် အံ့သြနေတာ မမရဲ့၊ ပြီးခဲ့တဲ့နှစ်က ကျောင်းတစ်နှစ်ထွက်သွားအပြီးမှာ အခု အတန်းထဲမှာ စာအရမ်းတော်နေလို့တဲ့ မမရယ်"

"ဘိုဘို့ကျေးဇူးတွေပါကွယ်"

"ဒါကြောင်လဲ ကျွန်တော် တစ်ခုဆုံးဖြတ်ချက်ချလိုက်တယ် မမ"





"ဘာလဲ ဘိုဘို"

"မီးမီးရဲ့ဘဝ တစ်လျှောက်လုံး တိုးတက်မြင့်မားဖို့နဲ့ အထွတ်အထိပ်ရောက်ဖို့က မီးမီးအနားမှာ ကျွန်တော်ရှိနေမှဖြစ်တော့မယ် ဟုတ်လား"

"ပြောပါဦး"

"ကျွန်တော်ဒီမှာပဲ အလုပ်တစ်ခုခုလုပ်တော့မယ် မမရယ်၊ သင်္ဘောမလိုက်တော့ဘူး"

"ဟင်"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

ဒီနေ့တော့ ဦးထိုက်တန်၏ ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဘာကြောင့်လဲဆိုတော့ ဒီလိုမှ မလုပ်လျှင် မဖြစ်တော့သည့် အခြေအနေတွေကို နေ့ရှိသရွေ့ ရင်ဆိုင်နေရသည်။

မိုတို့သားအမိကြောင့် သူ့ဂုဏ်သိက္ခာ၊ သူရဲ့အသိုင်းအဝိုင်း သူရဲ့လုပ်ငန်းရှင်တွေ ကြားမှာလည်း သူမျက်နှာပျက်ခဲ့ရ၊ အရှက်ကွဲခဲ့ ရတာများပြီ။

အထူးသဖြင့် သူ့သမီးနှင့် ဘိုဘိုတို့၏ သွားလာနေထိုင်ဆက် ဆံမှုတွေပဲဖြစ်သည်။

သမီးကလည်း နေ့ရှိသရွေ့ အဲဒီအိမ်မှာ အနေများပြီး ဘိုဘိုနှင့် ကျောင်းသွားသည်။ ကျောင်းပြန်သည်။

မုန့်ထွက်စားကြသည်။ ခြံထဲမှာ ကစားကြသည်။

အဲဒါတွေဟာ ဘာတွေလဲ။





ဘာသဘောတွေလဲ။

ဘာ့ကြောင့် ဘိုဘိုဆိုတဲ့ယောကျ်ားတစ်ယောက်က သူ့သမီး နဲ့ ခနီးကိုမှ သံယောဇဉ်လာတွယ်နေရတာလဲ။

သူ့စိတ်ကို သူနိုင်၍ပိုင်၍လည်း သမီးနှင့် ပတ်သက်သမျှ ဥပက္ခာပြုလိုက်ပြီဟု သူပြောခဲ့သော်လည်း တကယ်တမ်းတော့ ဦးထိုက် တန်ဟာ ဖခင်အရင်းတစ်ယောက်ပါ။

ဘယ်လိုလုပ်ပြီး လျစ်လျူရှုဥပက္ခာပြုနိုင်ပါမလဲ။

ဒါကြောင့်လည်း သူရဲ့ဆုံးဖြတ်ချက်အတိုင်း ဘိုဘိုနှင့် သမီးကို ထိပ်တိုက်ရင်ဆိုင်တွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

ထိုကိစ္စကို မိုသိအောင်လည်း သူဖွင့်မပြောဖြစ်ခဲ့။

မိုကိုလည်း သူလုံးဝမကျေနပ်ခဲ့တာ၊ အစာမကြေဖြစ်ခဲ့တာ ကြာပြီ။

မိုအပေါ်မှာလည်း သမီးမွေးပြီး တစိမ်းယောကျ်ားတစ်ယောက် နှင့် ယခုလို လက်လွှတ်စပယ်ထားသည့်ကိစ္စ၊ သွားလာစားသောက် နေကြသည့်ကိစ္စ၊ မိုစကားမှန်သမျှ လုံးဝမအောင်မြင်တော့သည့် ကိစ္စကို သူ ဘယ်လိုမှ မကျေနပ်နိုင်တော့။

သမီးသည် ကမ္ဘာပေါ်မှာ သူ့အတွက် အကောင်းဆုံးသူဟာ ဘိုဘိုတစ်ယောက်ပဲ ဖြစ်သည်ဟု ခံယူထားလိုက်ပုံရပါသည်။

တစ်နေ့ညနေမှာတော့ သမီးကျောင်းကြိုချိန်ကို ဘိုဘိုထက်စော အောင် ကျောင်းမှာ သွားစောင့်နေလိုက်သည်။

သူထင်သည့်အတိုင်းပါပဲ။

ဘိုဘိုက သူရောက်ပြီး ဆယ်မိနစ်ခန့်မှာ ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကလည်းကြည့်ပါဦး။

သူ့လိုယောကျ်ားတစ်ယောက်မို့သာ ဒီလောက်အထိ သည်းခံပြီးနေခဲ့ရတာ။ တော်ရုံယောကျ်ားဆိုရင် မိန်းမကိုရော ဒီလူကိုပါ စိစိညက်ညက်ကျေအောင်လုပ်ပြီးသား ဖြစ်သွားလိမ့်မည်။

ဦးထိုက်တန်ကားရောက်နေတာကို ဘိုဘို့က လုံးဝတွေ့ပုံမရပါ။ ကျောင်းလာကြိုတာကလည်း ဘိုဘိုကားမဟုတ်ဘဲ သူဝယ်ပေးထားသည့် မိုသန့်ဇင်၏ကားဖြစ်နေတော့ သူ ရက်ပေါင်းများစွာ သိမ်းဆည်းငုံ့လျှိုးထားသော ဒေါသတွေက ဝုန်းခနဲပေါက်ထွက်လာသလို ခံစားလိုက်ရသည်။

သို့သော် သူ့စိတ်ကို သူ့သိက္ခာအရ အတတ်နိုင်ဆုံး ထိန်းချုပ်ရမည်။

ဒီနေ့ကတော့ သူ ဆုံးဖြတ်ချက်ကိုမပြော၍မဖြစ်ပါ။ သမီးကျောင်းဆင်းချိန် ဘိုဘို့ကားပေါ်မှာ သမီးပါမသွားခင် သွားတွေ့ရမည်။

သိပ်မကြာပါ။

ကျောင်းဆင်းခေါင်းလောင်းတီးသည်နှင့် ကျောင်းသား၊ကျောင်းသူတွေ ကျောင်းထဲမှ အပြေးအလွှား အလှိုင်အလှိုင်ပြေးထွက်လာကြသည်။ ထိုအထဲတွင် သူ့သမီးက ရှေ့ဆုံးကပါလာပြီး ကျောင်းပေါက်ဝမှာ စောင့်နေသည့် ဘိုဘိုဆီသို့ အပြေးသွားသည်။

ဘိုဘိုက သမီးကို ပြေး၍ပွေ့ချီလိုက်သည်။

ထိုမြင်ကွင်းက သူ့အသက်ကို ရုတ်တရက်ကြီး ဆွဲယူနုတ်လိုက်သလို ဖြစ်သွားစေသည့် မြင်ကွင်းသာ ဖြစ်သည်။





ဦးထိုက်တန်သည် ချက်ချင်း ကားပေါ်မှ ဆင်းလိုက်သည်။

ပြီးတော့ ဘိုဘို့ကားနားရှိရာသို့ ကမန်းကတန်းလျှောက်သွားလိုက်ပြီး သူတို့နှစ်ယောက်လျှောက်အလာကို စောင့်နေစဉ် သူတို့နှင့်တန်းတိုးတော့သည်။

“ဟင် ... ဦးထိုက်တန်”

ဘိုဘိုထံမှ အံ့အားသင့်တုန်လှုပ်ဟန်

“ဦးဘို မီးမီးကို ချီထား အောက်မချနဲ့ မီးမီးကြောက်တယ် မီးမီးတို့ အိမ်ပြန်တော့မယ်”

“ခဏလေးသမီး မကြာပါဘူး၊ ဖေဖေသမီးတို့နဲ့စကားပြောချင်ညီ”

ဦးထိုက်တန် သွေးအေးစွာပြောတော့ ဘိုဘိုအံ့အားသင့်နေသည်။ သမီး၏ မျက်လုံးတွေကတော့ ဦးထိုက်တန်ကို တွေ့ရ၍ အားလွန်ကြောက်ရွံ့နေသော မျက်လုံးမျိုး။

“ကျွန်တော်တို့ ဘယ်သွားကြမလဲ ဦးထိုက်တန်”

“ရှေ့နားတင်ပါ၊ ဒီမှာပြောရင် မသင့်တော်လို့”

“ဟုတ်ကဲ့ ကျွန်တော်လာခဲ့ပါမယ်၊ နေရာက”

“ဟောလီးဝုဒ်”

“သိတယ်ဦးထိုက်တန်၊ အခုချက်ချင်းကျွန်တော်လာခဲ့ပါမယ်”

ဘိုဘိုက သမီးကိုပွေ့ချီ၍ ကားပေါ်တင်ကာ ဦးထိုက်တန်ပြောခဲ့သည့်နေရာသို့ သတ္တိရှိ ရဲရင့်စွာပင် မောင်းခဲ့သည်။

ဦးထိုက်တန် ဘယ်လိုစကားမျိုးတွေ ပြောမည်လဲဆိုသော ဘိုဘိုကြိုတင်တွေးစရာမလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘိုဘိုယောကျ်ားတစ်ယောက်မို့ စကားတည်ရမည်၊ သတ္တိရှိရမည်၊ ဇွဲရှိရမည်။ ဘာမဆို ရင်ဆိုင်နိုင်သည့် အင်အားမျိုး ရှိရမည်။

"ဦးဘို ဖေဖေက ဘာလာလုပ်တာလဲဟင်၊ အခုရော ဘယ် သွားမလို့လဲ၊ ဖေဖေခေါ်ရင် မီးမီးမလိုက်ဘူးနော်၊ ဦးဘိုနဲ့ပဲနေခဲ့မှာ"

ဘိုဘိုစိတ်ညစ်ညူးရသည့်အထဲမှာ မီးမီး၏စကားကြောင့် ပြုံး ရသေးသည်။

မီးမီးကို ပြန်မဖြေနိုင်ဘဲ ဦးထိုက်တန်ပြောသည့် ဟော်လီးဒေး စားသောက်ဆိုင်သို့ ဘိုဘိုတို့ ရောက်လာခဲ့သည်။

ဘိုဘိုရောက်သွားချိန်မှာ ဦးထိုက်တန် ကြိုပြီး ရောက်နှင့်နေ သည်။

ဘိုဘိုသည် သမီးကို ပွေ့ချီလျက် ဦးထိုက်တန်ထိုင်နေသည့် အနားသို့ ရောက်လာခဲ့လိုက်၏။

"ထိုင် ဘိုဘို၊ သမီးရော ထိုင်လေ"

သမီးက သူ့ကိုမကြည့်ရဲ၍ မျက်နှာလွဲကာ ခေါင်းကြီးငုံ့၍ ထိုင်နေသည်။

ဆိုးလိုက်တဲ့အဖြစ်၊ သားအဖရင်းဖြစ်နေတာတောင်မှ ရန်သူလို ဆက်ဆံနေထိုင်ရတဲ့အဖြစ်။

"ကဲ ... မောင်ရင်၊ ကိုယ်က ဒီနေရာကို စချိန်းတာဆိုတော့ ကိုယ်ကပဲ စကားစလိုက်တော့မယ်"





"ဟုတ်ကဲ့"

ဘိုဘို အထက်ကလူကြီးလူကောင်းတစ်ယောက်ကို ရိုသေပျူငှာစွာ ဆက်ဆံဖို့ ဘိုဘို ဆုံးဖြတ်လိုက်သည်။

မမတို့သားအမိ၏ သံယောဇဉ်ကြောင့် အစစအရာရာမှာ ငြိမ်ခံ၊ သည်းခံခွင့်လွှတ်နားလည်ဖို့ ဘိုဘိုသဘောပေါက်ရမည်။

သို့သော် တစ်ဖတ်သက်ဆန်လာရင်တော့ ဘိုဘိုလက်မခံနိုင် ပါ။

"မင်းကိုတစ်ခေါက်လဲ အတန်တန်သတိပေးခဲ့ပြီးပြီ၊ ဟုတ် လား"

"ဟုတ်ပါတယ်"

ထိုစကားကို ဘိုဘိုမရက်မရွံ့ဘဲ ကြည့်ဖြေလိုက်ရတာဖြစ်သည်။

"ကောင်းပြီ၊ အတန်တန်သတိပေးထားလျက်နဲ့ မင်းရှေ့ဆက် တိုးဖို့များ ကြိုးစားနေသလား"

"ကြိုးစားတာထက် မီးမီးအပေါ်မှာထားတဲ့ သံယောဇဉ်ကြောင့် ပါ ဦးထိုက်တန်"

"အိုကေ ကိုယ်သဘောကျတယ်၊ အခုလိုပွင့်ပွင့်လင်းလင်း ပြောတာကို ကိုယ် အရင်လက်ခံတယ်၊ ယုံကြည်တယ်၊ ကျေနပ်တယ်၊ ဒါဆိုရင် ရှေ့ဆက်ပြီး လုပ်စရာတစ်ခုပဲ ကျန်တော့တာပေါ့"

"ဟင် ဘာလဲ ဦးထိုက်တန်"

"ကိုယ် ပွင့်ပွင့်လင်းလင်းပဲ မေးမယ်၊ မင်းဖြေ၊ မရက်နဲ့ ဟုတ်ပြီလား"

ဘိုဘို ရင်ခုန်နှုန်းတွေက အဆမတန် မြည်ဟည်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝမှာ ဇနီးလဲတစ်ယောက်ပဲ ရှိခဲ့ဖူးသလို သမီးလဲ တစ်ယောက်ပဲရှိခဲ့ဖူးတယ်။ ကိုယ့်သမီးနဲ့ ဇနီးကို ကိုယ်ဘက်က မေတ္တာထားတာ မထားတာ၊ ဂရုစိုက်ခြင်း မစိုက်ခြင်း၊ တွေ့ရှိတာ မရှိတာ၊ တခြားယောကျ်ားတစ်ယောက်နဲ့ ဘာမှမအပ်စပ်၊ မသ… ဆိုင်သလို တက်နိုင်ရွေ့ လျစ်လျူရှုထားသင့်တဲ့ ကိစ္စအများကြီး … တယ်၊ ဒါပေမယ့် မင်းမှာ လုံးဝမရှိဘူး၊ ငါ့ညီ ရိုက်၊ ဟုတ်တယ်နော်"

ဘိုဘိုထံမှ စကားသံ လုံးဝမထွက်လာနိုင်တော့ပါ။

သူတို့ပေါ်မှာထားသည့် ဘိုဘို၏ဖြူစင်နွေးထွေးသည့် မေတ္တာ… ဘယ်လိုအရာမျိုးနဲ့မှ ထိန်းသိမ်းချုပ်နှောင်လို့ မဖြစ်နိုင်တော့ဘူးလေ

"ကိုယ်အပြတ်သားဆုံးနဲ့ အရှင်းလင်းဆုံးစကားကို ဒီနေ့… မင်းကို ပြောခဲ့မယ်။ နောက် မင်းနဲ့ကိုယ် ပြန်ဆုံချင်မှလဲ ဆုံတော့… မယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ရဲ့ ဆုံးဖြတ်ချက်တစ်ခုကတော့… မင်း မသိမဖြစ် သိမှဖြစ်မယ့်ကိစ္စဆိုတော့ ကိုယ်ပြောရတော့မှာပေါ့"

ဦးထိုက်တန်သည် ပြောနေရင်းမှ စီးကရက်တစ်လိပ်ကို ဟ… ပါပါဖြင့် မီးညှိ၍ ရှိုက်ဖွာလိုက်သည်။

"မင်းနဲ့ မကြာခင်မှာ သူတို့သားအမိ တစ်သက်လုံး … တော့မယ်"

"ဗျာ"

ဘိုဘို့နှလုံးခုန်သံတွေ ရုတ်တရက် ရပ်တန့်သွားသလို ခံစား လိုက်ရသည်။

တစ်သက်လုံး …

တစ်သက်လုံး …





ဟာ … မဖြစ်နိုင်ဘူး။

လုံးဝမဖြစ်နိုင်ဘူး။

မီးမီးနဲ့ မမကို ဘယ်တော့မှ ငါမခွဲဘူး။

မီးမီးလေးရယ်၊ ဦးဘိုနဲ့ မီးမီး ဒီတစ်သက် ဘယ်တော့မှ မခွဲကြဘူးနော်၊ မခွဲကြဘူးနော်။

ဘိုဘို့စိတ်က ပြောရင်း မီးမီးလေးကို ပေါင်ပေါ်တင်ထားရာမှာ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ ရင်ထဲ တီးတိုးပြောလိုက်သည်။

"ကဲ … သွားတော့ ဘိုဘို၊ ကိုယ်တစ်ခါတည်း ဒီနေရာမှာပဲ မင်းကို နှုတ်ဆက်ခဲ့ပြီ၊ သမီးကို ပေး"

"ဟာ … မလုပ်ပါနဲ့ဗျာ"

ဘိုဘိုက ချက်ချင်း ဆတ်ခနဲ ကောက်အထမှာ မီးမီးကိုပါ ပွေ့ချီပြီး ဖြစ်သွားသည်။

ဆိုင်တွင်းပတ်ဝန်းကျင်ရှိ လူများကြောင့် ဦးထိုက်တန် အရှက် မရစေလိုပါ။

"ထိုင် ဘိုဘို၊ please ပြန်ထိုင်လိုက်ပါ၊ မထပါနဲ့၊ ကိုယ့်စကားက မင်းရင်ကို တော်တော်ကလေး ပြင်းပြင်းထန်ထန် လှုပ်ရှားသွားပြီထင်တယ်၊ ဘာလဲ၊ မင်းက ကိုယ့်ဆုံးဖြတ်ချက်ကို လက်မခံဘဲ ရှေ့ဆက်တိုးမယ်ဆိုတဲ့ သဘောလားကွာ၊ ဟင် ပြောပါဦး"

"ကျွန်တော် မီးမီးလေးကို ကိုယ့်ရဲ့တူမအရင်းအချာ ဆွေမျိုးသားချင်းတစ်ယောက်လို ချစ်တာဗျ၊ သံယောဇဉ်ရှိတာဗျ၊ ကျွန်တော်ကို သနားပါ၊ ကျွန်တော်တို့ရဲ့ သံယောဇဉ်တွေကို ဘယ်လိုနည်းမျိုးနဲ့မှ မဖြတ်တောက်လိုက်ပါနဲ့နော်၊ ကျွန်တော် တောင်းပန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘော်ထွက်တုန်းက ဖြစ်သွားတဲ့ မီးမီးလေးရဲ့ အခြေအနေကို ဦးထိုက်တန် သဘောပေါက်တယ်ဆိုရင် အခုလိုမျိုးစကား လုံးဝမပြောသင့်ဘူးလို့ ကျွန်တော်ထင်တယ်"

"ဟော့ကောင် ကိုယ်က အဖေကွ၊ ဖခင်အရင်းကွ၊ ကိုယ်ပြောချင်တဲ့စကားကို ပြောမယ်၊ သုံးမယ်၊ မင်းရင်ကို ထိမှန်အောင် ကိုယ်လုပ်ပစ်လို့ရတယ်ကွ၊ နားလည်ရဲ့လား၊ ကိုယ် ဒေါသမဖြစ်ချင်လို့ နှစ်ရှည်လများ ခွင့်လွှတ်သည်းခံပြီး ငြိမ်နေခဲ့တာ၊ ကိုယ့်နေရာမှာ မင်းနေကြည့်၊ ခံစားကြည့်၊ မင်းသာဆို ပက်ပက်စက်စက်ရှူးမှာ သေမှာ။ ကိုယ် ဒီလိုဘဝမျိုးမှာ ရှူးမတတ် ခံစားပြီးနေခဲ့ရတာကိုလဲ ငဲ့ညှာကြည့်ပါဦး၊ ပြီးတော့ မင်းဆီက ဆုံးဖြတ်ချက်တစ်ခုကို ကိုယ်ကြားပြီးပြီ၊ မင်း ဒီတစ်သက် ဘယ်တော့မှ သဘော်ပြန်မလိုက်တော့ဘူးဆို"

"ဟုတ်ပါတယ် ဦးထိုက်တန်၊ ကျွန်တော်ယောကျ်ားတစ်ယောက်ပါ။ ကျွန်တော် မီးမီးလေးကို ခွဲပြီး ထားခဲ့တာနဲ့၊ ကလေးရဲ့ အခြေအနေက ဒီထက်မက ဆိုးဝါးသွားနိုင်လို့ပါ၊ ဒါကြောင့် အခုလို ကျွန်တော် ဆုံးဖြတ်ခဲ့ရတာပါ"

"အေးပေါ့ကွာ၊ လူတိုင်းက အကြံတွေ၊ ဉာဏ်တွေတော့ အမျိုးမျိုး ထုတ်နုတ်သုံးစွဲတတ်ကြတာကြီးပဲပေါ့။ မင်းမှာ ဘာကြောင့် အခုလို ဆုံးဖြတ်ရတဲ့ ရည်ရွယ်ချက်တွေ ရှိသလဲဆိုတာလဲ မင်းကိုယ်တိုင်ပဲ ပိုသိမယ်၊ ဟုတ်လား၊ မင်းထက် ဘယ်သူက ပိုသိမလဲကွာ၊ ဒါကြောင့် မင်းဘက်က တိုက်ပ်ကို ကိုယ် မသိချင်တော့ဘူး။ ခံစားမပေးနိုင်ဘူး၊ ကိုယ့်ဘက်က ကိုယ့်ရဲ့ ပြက်သားပွင့်လင်းတဲ့ ဆုံးဖြတ်





ချက်က အဲဒါပဲ၊ မင်းသွားပါ၊ ရှေ့ဆက်ပြီး မင်းဘဝအတွက် အကောင်းဆုံးဖြစ်တဲ့ လမ်းကို ရွေးချယ်ပြီး ဒီနေရာက ထွက်သွားပါ။ င်းနဲ့ ကိုယ်နဲ့ တရားဝင် သက်ဆိုင်နေသေးတဲ့သူနှစ်ယောက်ဟာ ီနေ့မှာပဲ ပြတ်ပြတ်သားသား လမ်းခွဲသွားပြီလို့ သဘောထားလိုက် ်တော့၊ ထားခဲ့၊ ကိုယ့်သမီးကို ထားပြီး မင်းပြန်တော့"

မဖြစ်နိုင်ဘူး ...

လုံးဝမဖြစ်နိုင်ဘူး။

မီးမီးလေးကို ဒီတစ်သက် ဘယ်တော့မှ ငါမခွဲဘူး။

"ဦးဘိုနဲ့ပဲနေမယ်၊ ဦးဘိုနဲ့ပဲလိုက်မယ်၊ ဖေဖေနဲ့ မနေဘူး၊ လိုက်ဘူး၊ ဖေဖေ့ကို မချစ်ဘူး"

"မီးမီးရယ်"

"သမီး"

ရုတ်တရက် ထွက်လာသည့် သမီး၏ အသံကြောင့် သူတို့နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသွားသည်။

ထိုအချိန်မှာ ဘိုဘိုက သမီးကို ဆတ်ခနဲ ပွေ့ချီ၍ ထလိုက်

"ဒီမှာ ဦးထိုက်တန်၊ ကိုယ့်သမီးအခြေအနေကို ကိုယ်သိရင် ကားတွေ ရုပ်သိမ်းပစ်ဖို့ ကျွန်တော် တောင်းဆိုပါရစေ"

"ဟော့ကောင်၊ တစ်သက်လုံး မရုပ်သိမ်းဘူး၊ အခု ငါ့သမီး အောက်ချလိုက်"

"မချဘူးဗျာ"

"ဟာ ... ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဖြစ်သွားသည့် လျှပ်တပြက်အဖြစ်က အံ့ဩစ
သွေးပျက်စရာ အလွန်ကောင်းသွားတော့သည်။

ဘိုဘိုသည် သမီးကို ပွေ့ချီပြီး ဆိုင်ထဲကနေ ပြေးထွက်သွ
ကာ သူ့ကားပေါ်တက်ပြီး တချိုးတည်း မောင်းပြေးတော့၏။

သူကတော့ ရောဂါအခြေအနေအရ အသက်အရွယ်အ
ဘိုဘို့လို မလျင်မြန်၊ မသွက်လက်နိုင်ဘဲ အသည်းနှလုံးတစ်ခု
ပွင့်ထွက်ကြေကွဲမတတ် ခံစားခဲ့ရပြီး ကျန်ရစ်ခဲ့သည်။

သူပြေးလိုက်စဉ်မှာ ကားက မောင်းထွက်သွားပြီ။

ဘုရား ... ဘုရား။

ဒီတစ်ခါတော့ ငါ့သမီးလေးကို ဘယ်တော့မှ ပြန်မပေးတော့
ဘူးထင်တယ်။

ဒါပေမယ့် ဒီကောင် ငါ့သမီးကို တစ်သက်လုံး မပိုင်ဆိုင်
ရဘူး၊ ဒီတစ်သက် ဘယ်တော့မှ မရစေရဘူး။

ဖြစ်တဲ့နည်းနဲ့ ငါရအောင် ခွဲပစ်ရမယ်။

ဦးထိုက်တန် ကားဆီသို့ ကပျာကယာ လျှောက်လာ
ကားစက်နှိုး၍ အမြန်ဆုံး မောင်းထွက်ခဲ့တော့သည်။

* * *





## အခန်း (၁၈)

"စိတ်မရှိပါနဲ့အန်တီ၊ ဒီလိုမှ ကျွန်တော် မလုပ်ရင် ကျွန်တော့် သမီးကို ကျွန်တော် ပြန်ရဖို့ လုံးဝမလွယ်လို့ပါ။ အန်တီ့ကို ကျွန်တော် ဘာမှမလုပ်ဘူးနော်၊ ကျွန်တော့်ကြောင့် အန်တီစိတ်အနှောင့်အယှက် ဖြစ်သွားရတယ်ဆိုလဲ ခွင့်လွှတ်ပါ အန်တီ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ဒါမှလဲ ကျွန်တော့်သမီးကို ကျွန်တော် ပြန်ရဖို့ အခွင့်အရေးက ရာနှုန်းပြည့် သေချာမှာမို့လို့ပါ။ မီးသန့်ဇင် အန်တီ့ကို ဒီမှာပဲ ခေါ်ထားလိုက်ပါ။ အန်တီ့တာဝန်အားလုံး အခုချိန်ကစပြီး မီးသန့်ဇင် ယူလိုက်ပါ၊ ကိုယ်အပြင်ကနေ သော့ခတ်ခဲ့မယ်"

ဘုရား ... ဘုရား။

ဦးထိုက်တန်တစ်ယောက် ဘာတွေ လျှောက်လုပ်နေပါလိမ့်။

သမီးကို ဘိုဘို့လက်ထဲကနေ ပြန်ရအောင်အတွက် ဘိုဘို့မိခင်ကြီးကို အိမ်မှာခေါ်ပြီး သော့ခတ်သိမ်းထားရတယ်လို့။ အခုမှာ ဘယ်မရှိလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာတွေဖြစ်ကုန်ကြပြီလဲ။

ဦးထိုက်တန်ဆီမှာ အခုလို အစီအစဉ်မျိုးတွေကို ဘောင်ကျကျ အကွက်ကျကျ စီစဉ်ထားလိမ့်မယ်လို့ မှီ လုံးဝ ကြိုတင် မတွေးခဲ့မိပါ”

ဘာကြောင့် အခုလို သူလုပ်ခဲ့ရတာလဲ။

သမီးလေးကို ဘယ်နေရာအထိ ဘိုဘိုခေါ်သွားမှာလဲ။

“သမီး သမီးလေးမှီ”

“ရှင် အန်တီ”

“ဘာတွေဖြစ်နေကြတာလဲ သမီးရယ်၊ အန်တီလဲ ဘာမှမသိရပါလား၊ အန်တီ့ကို ဘာဖြစ်လို့ သော့ခတ်ပြီး ထားခဲ့ရတာလဲ၊ အဲဒီလိုမျိုးတွေ့တော့ မလုပ်ပါနဲ့ကွယ်၊ အန်တီက အသက်လဲကြီးပါပြီ၊ ပြီးတော့ ရောဂါသည်တစ်ယောက်ပါ။ ခုထက်ထိတောင်မှ ခြေထောက်ကောင်းကောင်းမထောက်နိုင်သေးပါဘူး။ သမီးတို့အိမ်မှာ သားလေးလိမ့်ကျလို့ဆိုပြီး ဦးထိုက်တန်လာခေါ်လို့ အန်တီလိုက်လာတာပါ။ ဒီရောက်မှ အညာခံ အလိမ်ခံရမှန်းသိတော့တယ်။ အန်တီ့ကို တံခါးဖွင့်ပေးပါ သမီးရယ်၊ အန်တီ အသက်ရှူရ ကျပ်လို့ပါ”

“အန်တီ ခဏလေး၊ ခဏလေးပါနော်၊ သမီးတောင်းပန်ပါတယ်၊ သမီးလဲ အခုလို သူလုပ်မယ်မှန်း လုံးဝကြိုတင်မသိခဲ့တာ အမှန်ပါ။ သူ့အစီအစဉ်နဲ့သူ ရှိနေပါလိမ့်မယ်။ ဒါကြောင့်လဲ သူ အခုလို စီစဉ်သွားနိုင်တာပေါ့။ သမီးလေးကို ဘိုဘို ဘယ်အထိများ ခေါ်သွားမလဲ မသိဘူးနော် အန်တီ”

“မသိပါဘူးသမီးရယ်၊ ဘုရားစူး သေရချည်ရဲ့၊ အန်တီ တကယ်မသိတာပါ”





“အန်တီ့သားလေးကိုတော့ ဘာမှမလုပ်ကြပါနဲ့နော်၊ သားလေး ဘိုဘို သားကြောင့် အမေ့မှာ သူများအိမ်ထဲ အကျဉ်းချခံနေရပြီ သားလေး၊ ရောက်တဲ့နေရာက အမြန်ဆုံး ပြန်လာခဲ့ပါတော့၊ သားလေး အမြန်ဆုံး ရောက်လာပါစေ”

အန်တီသိရီမျက်လုံးအစုံမှိတ်၍ ဆုတောင်းနေစဉ် မှီ့ရင်ထဲမှာတော့ မုန်တိုင်းဆယ်စီး ဝင်မွှေသလို ပိုးစိုးပက်စက် ခံစားနေရတော့သည်။

သမီးလေး ဘယ်မှာရောက်နေပြီလဲ။

ဘယ်နေရာအထိများ ဘိုဘိုခေါ်သွားနေပြီလဲ။

ဘုရား ... ဘုရား။

သမီးလေး ဘာမှမဖြစ်ပါစေနဲ့။

သမီးရေ...

မေမေ့ဆီ ပြန်လာခဲ့နော်။

မေမေနဲ့ သမီး ဒီတစ်သက် ဘယ်တော့မှ မခွဲဘူးနော်။

မှီ့ရင်ထဲမှာ ကြေကွဲစွာဖြင့် တီးတိုးပြောရင်း အန်တီသိရီနံဘေးနားမှာ စိတ်ညစ်ညူးနွမ်းလျစွာ ထိုင်ချလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

မီးမီး ကျောင်းချိန်ပြီးသည်မှာ တစ်နာရီခန့် ကြာသွားပြီ။

မီးမီးအတွက် မမ ဘယ်လောက်စိတ်ဒုက္ခရောက်နေရှာမလဲ။

ဖုန်းဆက်ပြောလိုက်ရကောင်းမလား။

ဘိုဘိုတို့အခြေအနေကို မမများ သိသွားပြီလား။

ဘိုဘိုသည် ဦးထိုက်တန်ဆီကနေ သမီးကို ခေါ်ပြီး စိတ်လိုက်မာန်ပါဖြင့် ပြေးထွက်လာခဲ့မိသည်။

ဘိုဘိုကြောင့် သမီးလေး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်မှာကို ဘိုဘို အင်မတန် သနားမိတာကြောင့်လည်း ယခုလို ဖြစ်ခဲ့ရတာဖြစ်သည်။

သို့သော် မမကိုတော့ ဘိုဘို အကြောင်းကြားမှဖြစ်မည်။

နို့မဟုတ်ရင် မမအပေါ်မှာ ဘိုဘို ကောင်းလာခဲ့သမျှ ယခုမှ ပြဿနာတစ်ခုကြောင့် တစ်ဘဝစာ နှုတ်ဆက်ရလျှင် မကောင်းပါ။





ဘိုဘိုတို့ရောက်နေတာက မြောက်ဥက္ကလာဘက်က ဘိုဘို့သူငယ်ချင်း အောင်ကို၏ အိမ်မှာဖြစ်သည်။

ဘိုဘိုတွင် ဟန်းဖုန်းမရှိပါ။

မီးမီးကတော့ အောင်ကို့သမီးတွေနှင့် ကလေးပီပီ ထိုင်ဆော့နေသည်မှာ ဘာအပူအပင်မှမရှိ။

တစ်လုံးလမ်းလည်း 'ဦးဘိုနဲ့ပဲနေမယ်'ဟု အကြိမ်ပေါင်းရေတွက်နိုင်အောင် ပြောလာခဲ့သည်မှာ အင်မတန် သနားစဖွယ်ကောင်းတဲ့ ကလေးလေး။ သည်လောက်ချစ်စရာကောင်းလွန်းလှသည့် ဒီကလေးလေးကို ဘယ်လိုနည်းမျိုးနှင့်မှ ဘိုဘို သံယောဇဉ်ဖြတ်လို့မရပါ။

ဘယ်ဘဝကရေစက်ကြောင့် ယခုဘဝမှာ ယခုလို သံယောဇဉ်တွေနှင့် လာကြုံရမှန်းလည်း ဘိုဘိုမသိပါ။

မီးမီးလေးရယ်။

မီးမီးလေးနဲ့ ဦးဘို ဘယ်တော့မှ မခွဲပါဘူးကွယ်။

မီးမီးလေးအနားမှာ ဦးဘို အမြဲတမ်း ရှိနေပါ့မယ်။

ထိုသို့ ဘိုဘိုပြောရင်း မမ ဟန်းဖုန်းကို ထိုအိမ်မှ လှမ်းဆက်လိုက်သည်။

"ဟဲလို"

ဖုန်းလာကိုင်သူက မမမဟုတ်ဘဲ ဦးထိုက်တန်ဖြစ်နေ၍ ဘိုဘိုဘာပြောရမှန်း မသိဖြစ်သွား၏။

ဖုန်းချလိုက်ရကောင်းမလား။

မမကို မေးလိုက်ရင် သင့်တော်မလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ၊ ဘာလုပ်ဖို့ ဖုန်းကိုင်ထားတာလဲ၊ ပြောပါ"

ဦးထိုက်တန်၏ ခပ်ဆတ်ဆတ်မေးခွန်းကြောင့် ဘိုဘိုက ချက်ချင်းဖုန်းချပစ်လိုက်သည်။

ဦးထိုက်တန်ကတော့ မည်သူ့ဆီက ဖုန်းလဲဆိုတာ ချက်ချင်း နပ်သွား၏။

ဟန်းဖုန်း၏ မှန်ခွက်လေးထဲတွင် ပေါ်လာသည့် ဖုန်းနံပါတ်ကို ချက်ချင်း မှတ်လိုက်သည်။

ဖုန်းချပြီးမှ ဖုန်းခလုတ်ပြန်ဖွင့်ပြီး နံပါတ်ကို မှတ်မိအောင် ကြည့်လိုက်သည်။

မှို့ဆီသို့လာသော ဖုန်းများသည် ဘိုဘိုဆီကသာ များသည်မို့ ထိုဖုန်းနံပါတ်တွင် ဘိုဘိုနှင့် သမီးရှိနေမည်ဆိုတာ သူ အတတ်သိသွားပြီ။

ထိုဖုန်းနံပါတ်ပိုင်ရှင်က ဘယ်နေရာနားလောက်မှာ နေသည်ဆိုတာ ချက်ချင်း ဖုန်းစာအုပ်ဖွင့်၍ ရှာလိုက်သည်။

မှိုကတော့ သူ့ဖုန်းကို အိမ်ရှေ့က စားပွဲပေါ်မှာ တင်ထားခဲ့၍ ဖုန်းမကိုင်နိုင်ဘဲ ဖြစ်သွား၏။

ဟော ... တွေ့ပြီ။

ဦးစိုးသိန်း

နွယ်သာကီ (၃) လမ်း၊ အိမ်အမှတ်( )

မြောက်ဥက္ကလာ။

သူချက်ချင်းလိုက်သွားဖို့ ဆုံးဖြတ်လိုက်သော်လည်း သူသွားလျှင် သမီးနှင့် ပက်ပင်းတိုးပြီး ပြဿနာဖြစ်ဦးမည်။



ဒါကြောင့် သူ့လူယုံတပည့်မောင်ထူးနှင့် မောင်နိုင်ဆီသို့ ဖုန်းဆက်အကြောင်းကြားလိုက်သည်။

သူတို့က စိတ်ရင်းသဘောထားကောင်းကြသော်လည်း ရုပ်ရည်တွေက ကြမ်း၏။ မသိလျှင် ရုပ်ရှင်ထဲက လူကြမ်းတွေနှင့် နင်လား၊ ငါလား မှားလောက်သည့်ရုပ်မျိုး။ သမီးကို တွေ့သည်နှင့် ဖြစ်သည့်နည်းဖြင့် အပါခေါ်လာရန် ဦးထိုက်တန် ဖုန်းဆက်ပြောလိုက်သည်။

ဖုန်းကို အသံအုပ်၍ ခပ်တိုးတိုးပြောလိုက်သည်။

အခန်းထဲတွင် မှိုရှိနေ၍ သူပြောသောစကားကို ကြားသွားမှာစိုးသည်။

မှိုနှင့် ဒေါ်သီရိက အခန်းထဲမှာ ရှိနေသည်။

စကားသံပင် မကြားရ။

တိတ်ဆိတ်ငြိမ်သက်နေသည်ဟု သူထင်နေမိတုန်း အခန်းထဲမှ အော်ခေါ်သံနှင့် တံခါးခေါက်သံကို ကြားလိုက်ရသည်။

ဒုန်း ... ဒုန်း ... ဒုန်း"

"ဦးထိုက်တန် ... ဦးထိုက်တန် ... ဦးထိုက်တန်၊ မှိုတို့ကို တံခါးဖွင့်ပေးပါ။ အန်တီသီရိက ကျန်းမာရေးကောင်းတဲ့သူမဟုတ်ပါဘူး။ သူ့ခမျာ အထဲမှာ မွန်းကျပ်ပြီး နေလို့မရဘူး ဖြစ်နေတယ်။ တံခါးဖွင့်ပေးလိုက်ပါ ဦးထိုက်တန်ရယ်၊ မှို တောင်းပန်ပါတယ်၊ မှိုလဲ မှို့သမီးလေး ကျောင်းပြန်မလာသေးလို့ အရမ်းစိတ်ပူနေပြီ၊ မှို့ကို သနားပါ၊ သမီးကို မှိုလိုက်ရှာခွင့်ပေးပါ"

ဦးထိုက်တန်က လုံးဝ အသံမပေးပါ။

အပြင်ဘက်တွင် သူမရှိသည့် ပုံစံမျိုးနေပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မစိုးရိမ်ပါနဲ့ မှီသန့်ဇင်။

မကြာခင်မှာ မင်းရဲ့သမီးလေး ဒီအိမ်ကို ပြန်ရောက်လာမှာပါ။

ထိုစကားသာ ဦးထိုက်တန် တီးတိုးပြောရင်း အိမ်ရှေ့ညှော်ခန်းရှိ ဆက်တီပေါ်မှာ ခြေမြန်လက်မြန်ထိုင်ကာ တပည့်နှစ်ယောက်နှင့် အတူပါလာမည့် သမီးလေးကို မျှော်နေခဲ့သည်။

ဖေဖေ့သမီးလေးရယ်။

ဖေဖေ့ဘဝမှာ ဖေဖေ့ရဲ့ သွေးသားရင်းချာဆိုလို့ သမီးလေးတစ်ယောက်ပဲ ရှိခဲ့ပါတယ်။

သမီးလေးကို ဖေဖေ မချစ်ဘူးလို့ သမီးလေးက တွေးထင်နေပုံရတယ်။

သူစိမ်းတစ်ယောက်ကတောင်မှ ဒီလောက်အထိ သဲသဲလှုပ်ဖြစ်နေရင် ဖေဖေက သမီးကို ပိုပြီး မချစ်ရဘူးတဲ့လားကွယ်။

ဖေဖေ့သမီးလေးကို ဒင်းလက်ထဲကနေ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ယူပြမယ်။

တောက်...။

ဒေါသနည်းလွန်းသော ဦးထိုက်တန်သည် ယခုအခါမှာတော့ အလွန့်ကို ဒေါသတွေ ထွက်နေခဲ့မိတာ အံ့သြစရာကောင်းနေတော့သည်။

* * *





## အခန်း (၂၀)

"ဘိုဘိုဆိုတာခင်ဗျားလား"

"ဟုတ်တယ်"

"နှစ်သက်မှီဘယ်မှာလဲ"

"ဘာလုပ်ဖို့လဲ"

"ကျုပ်မေးတာဖြေ ဘယ်မလဲ ကလေး"

"ပြဿနာမရှာနဲ့၊ အေးအေးဆေးဆေးပြန်"

"ကလေးခေါ်ဖို့လာတာ၊ ပြန်ဖို့မဟုတ်ဘူး"

"ကလေးတော့ မရဘူး၊ ဒါပဲရမယ်၊ ရော့"

"ဟာ ... ဟော့ကောင်"

"ခွပ်"

"အား"

"ဝုန်း"

"ဒုန်း"

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"
"ခွပ်"

မထင်မှတ်ဘဲ နှစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ထိုးကြိတ်ရသည့်အခြေအနေကို ရောက်သွားခဲ့သည်။

အိမ်က ပျဉ်ထောင်အိမ် ခပ်သေးသေးမို့ အိမ်ပေါ်မှာမဖြစ်ဘဲ အိမ်အောက်ကို ဆင်းပြီး ထိုးကြတော့ ပတ်ဝန်းကျင်လူတွေပါ ရောက်လာပြီး ဆွဲကြတော့သည်။

"ဟေ့ကောင်တွေ၊ တော်တော့ ... တော်တော့ ရပ်ကြ"

"ဟေ့ကောင် ရပ်စမ်း"

"တော်ကြတော့"

အောင်ကိုမိသားစုက ဘိုဘို့ကို ဝိုင်းဆွဲထားသလို အိမ်ရှေ့မှာ ...နေသည့် သမီးကလည်း ဘိုဘို့ဆီသို့ ငိုပြီး ပြေးလာကာ အ...ဖက်တွယ်ထားတော့သည်။

"ဦးဘို ... ဦးဘိုကို ဘာမှ မလုပ်ကြပါနဲ့၊ မီးမီးကို ဝိုင်းရိုက်ကြပါ၊ မီးမီးတောင်းပန်ပါတယ်၊ ဦးဘိုကို သနားကြပါ၊ အဟင့် ... အဟင့်"

မီးမီးက ငိုပြီးပြောတော့ ဘိုဘိုက မီးမီးလေး၏ ပခုံးအား ပုတ်သတ်ချော့မော့လိုက်သည်။

"မီးမီးလေး တိတ်တိတ်၊ မငိုနဲ့တော့ ဦးဘို ဘာမှမဖြစ်ဘူး"

"ဘယ်လိုလုပ်မှာလဲ ဘိုဘို၊ ငါတို့ဆရာက ကလေးကို သူ့ဆီ အပါခေါ်ခိုင်းထားတယ်၊ မင်းလိုက်ဖို့ မလိုဘူး၊ ကလေးကို ငါတို့နဲ့ ထည့်ပေးလိုက်၊ မယုံရင် ဆရာ့ဆီ မင်းကိုယ်တိုင် ဖုန်းဆက်ကြည့်"



သူသဘောပေါက်သွားသည်။

ခုနက သူဆက်လိုက်သည့် ဖုန်းနံပါတ်ကို မှတ်ပြီး ဦးထိုက်တန်ရဲ့ လူယုံတော်နှစ်ယောက်ကို ကလေးခေါ်ရန် လွှတ်လိုက်ခြင်းဖြစ်၏။

ဒါဆို အခြေအနေက တစ်စထက်တစ်စ တင်းမာလာရုံသာ ရှိတော့သည်။

သူဘာလုပ်သင့်သလဲ။

မမ ဘယ်ရောက်နေပြီလဲ။

မမကို တစ်နေရာရာများ ပို့လိုက်သလား။

"ပြောလေကွာ၊ ဘာလို့ မင်းအချိန်ဆွဲနေတာလဲ၊ မယုံ ဖုန်းဆက်ကြည့်လို့ ပြောတယ်မဟုတ်လား"

"မဆက်တော့ဘူး"

ဘိုဘို့ခေါင်းထဲသို့ အတွေးတွေက လှစ်ခနဲ ပြေးဝင်လိုက်သည်။

ဒီနေရာမှာ နောက်ထပ် ထိုးကြကြိတ်ကြ ထပ်ဖြစ်လို့တော့ လုံးဝမကောင်း။

သူများရပ်ကွက်မှာမို့ ပြဿနာထပ်ဖြစ်လျှင် ရဲစခန်းနှင့်နီးမည်။

အခြေအနေကလည်း ဘာမှန်းညာမှန်းမသိ။

ငါယောက်ျားပဲ ငါသတ္တိရှိရမယ်။

ငါစွန့်စားရဲရမယ်။

ပြဿနာတစ်ခုကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းတာက ပိုပြီး အကျိုးရှိမယ်။

"မီးမီးလေး၊ ဦးဘိုတို့ လိုက်သွားကြမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ ဦးဘိုနဲ့ မီးမီးနေမှာနော်၊ ဦးဘို ဘယ်မှမသွားရဘူး မီးမီးကို မထားခဲ့ရဘူး"

"စိတ်ချပါ မီးမီးရယ်၊ ဒီမယ် ကျုပ်တို့ ရှေ့က သွားမယ် ခင်ဗျားတို့ကား နောက်ကလိုက်ခဲ့"

"ခင်ဗျားကတိတည်ပါစေ"

"ဟော့လူ ကျုပ်ယောကျ်ား၊ မိန်းမ မဟုတ်ဘူး"

"ပြီးရော၊ ရှတ်ရှတ်ရှတ်ရှတ် လုပ်လို့ကတော့ ဒီထက်ပိုနာမယ်"

"သွားသေလိုက်"

ဘိုဘိုပြောပြီး သမီးကို လက်ဆွဲကာ ကားဆီသို့ လာခဲ့လိုက်၏။

ကားပေါ်သို့ သမီးကို တင်ပေးပြီး ဘိုဘို တက်လိုက်သည်။

ကားစက်နှိုး၍ မောင်းအထွက်မှာ နောက်မှ ကပ်လိုက်လာသည့် ကားကို မှန်ထဲတွင် တွေ့လိုက်ရသည်။

ဘိုဘို ဦးတည်မောင်းနေသောနေရာကတော့ ဦးထိုက်တန်ဆီ သို့ဖြစ်သည်။

ဒီအချိန်မှာတော့ ဘိုဘို့ကို ဦးထိုက်တန် ဘယ်လိုနည်းနှင့် ကြိုဆိုမလဲ။

* * *





## အခန်း (၂၁)

"မို သမီးလေး"

"ရှင် အန်တီ"

"အန်တီတို့ကို တံခါးဖွင့်မပေးတော့ဘူးလားဟင်"

"ဖွင့်ပေးမှာပါ အန်တီရယ်၊ သူ့စိတ်က နူးညံ့တဲ့သူပါ။ သူ ဒီလိုမျိုး ဘယ်သူ့ကိုမှ မလုပ်ခဲ့ဖူးပါဘူး"

"အန်တီ အထဲမှာ နေရတာ မွန်းကျပ်လှပါပြီကွယ်၊ အန်တီ့သား လေး၊ သားလေး ဘိုဘိုကို သူ တစ်ခုခုများ လုပ်လိုက်မလား၊ ဘုရား၊ ဘုရား၊ သားလေးကို သူဘာမှမလုပ်ပါစေနဲ့၊ ဘုရားသိကြား တွေ နတ်ကောင်းနတ်မြတ်တွေ မစကြပါ၊ သားလေး ဘာမှမဖြစ် ပါစေနဲ့၊ ထိခိုက်ဒဏ်ရာမရပါစေနဲ့၊ မိမွေးတဲ့အတိုင်း အကောင်း ပကတိအဖြစ်နဲ့ မြင်ရပါစေဘုရား"

"အန်တီရယ် မိုလဲ မို့သမီးအတွက် ရင်ထဲမှာ မီးဟုန်းဟုန်း တောက်နေပါပြီ ဒီတံခါးကြီးပိတ်ထားတော့ မိုတို့ ဘယ်လိုလုပ် ထွက်လို့ရမှာလဲ နေဦး အန်တီ မိုထပ်ခေါ်ကြည့်ဦးမယ်၊ ဦးထိုက်



www.burmeseclassic.com

www.burmeseclassic.com



တန် ... ဦးထိုက်တန် ... ဦးထိုက်တန် မှီတို့ကို တံခါးဖွင့်ပေးပါ ဦးထိုက်တန်"

မှီ ဘယ်လိုခေါ်ခေါ် ဦးထိုက်တန် မကြားနိုင်ပါ။

ဦးထိုက်တန်သည်၊ မှီတို့ကို တံခါးသော့ခတ်ပိတ်ခဲ့ပြီး ခြံထိပ်မှာ သမီးတို့အလာကို ထွက်စောင့်နေခဲ့သည်။

ကြာလိုက်တာ။

ဒီကောင်တွေ သွားတာ တစ်နာရီကျော်နေပြီ။

ရိုက်ပွဲတွေများ ဖြစ်နေကြပြီလား။

ဘုရားသိကြားမလို့ ငါ့သမီးလေး ဘာမှမဖြစ်ပါစေနဲ့။

သမီးကြောင့် သူ့နှလုံးခုန်သံတွေက ပေါက်ကွဲထွက်တော့မလား ကျယ်လောင်လာတော့သည်။

ခန္ဓာကိုယ်ရှိ သွေးတွေကပါ ပွက်ပွက်ဆူလာ၏။

ထိုအချိန်မှာပင် ကားနှစ်စီးက ရှေ့နောက်ပြိုင်တူရောက်လာကြသည်။

ရှေ့ဆုံးကကားသည် ဘိုဘိုနှင့် သမီးပါလာသောကား။

ဒုတိယကားသည် သူ့တပည့်နှစ်ယောက်အား သူပေးလိုက်သည့်ကား။

"သမီး"

သူ့သမီးကို သူတွေ့လိုက်ရသည်နှင့် ခြံထဲကနေ အပြေးအလွှားထွက်ပြီး ဘိုဘို့ကားနားသို့ လာခဲ့လိုက်သည်။

"မလိုက်ဘူး၊ မလိုက်ဘူး၊ ဖေဖေနဲ့ မလိုက်ဘူး၊ လာမခေါ်နဲ့ သွား ... သွား"





"ဦးထိုက်တန် ကျေးဇူးပြုပြီး တစ်ခုတော့ ကျွန်တော်ပြောပါရစေ"

"ကိုယ့်သမီးကို အခုလို အိမ်တိုင်ရာရောက် ပို့ပေးတဲ့အတွက် ကျေးဇူးသိပ်တင်တယ် ဘိုဘို၊ ကိုယ့်မှာ မင်းကို ပြောစရာစကား နောက်ထပ်မရှိတော့ဘူး၊ လာ ... သမီး ... သမီးမလိုက်လဲ ဒီတစ်ခါတော့ ဖေဖေ မရရတဲ့နည်းနဲ့ ခေါ်ရမှာပဲ"

"လုံးဝမလိုက်ဘူး၊ လုံးဝမလိုက်ဘူး ... သွား"

သူ့တပည့်နှစ်ယောက်ကို သမီးအား အိမ်ထဲသို့ ဆွဲခေါ်သွားရန် မျက်စပစ်လိုက်သည်။ ဘိုဘိုကိုတော့ သူရအောင် ထိန်းထားလိုက်၏။

"မီးမီး"

"ဦးဘို ... ဦးဘို"

"မီးမီး"

"ဦးဘိုရေ မီးမီးကို ကယ်ပါ၊ ကယ်ပါ မီးမီး မလိုက်ဘူး"

"ဦးထိုက်တန် အဲဒါ ခင်ဗျားသမီးအရင်းပါ၊ ခင်ဗျားသမီးရဲ့စိတ်ကို ခင်ဗျားသိရက်နဲ့ ကလေးစိတ်ကို ဒီလောက်အထိ ဒုက္ခမပေးသင့်ဘူး။ ကလေးတစ်ခုခုဖြစ်သွားမှာ ခင်ဗျား မစိုးရိမ်ဘူးလား၊ မကြောက်ဘူးလား၊ တောက် ... ခင်ဗျားဗျာ၊ ဖခင်အရင်းတစ်ယောက်ဖြစ်ပြီး ဒီလောက်ပဲ စိတ်ဓာတ်ယုတ်ညံ့ရသလား"

"ဟေ့ကောင်၊ စိတ်ဓာတ်ယုတ်ညံ့တာ ငါမဟုတ်ဘူး၊ မင်း ... မင်း ... မင်းမဟုတ်လား၊ သူများသားသားသမီးကို အခုအရွယ်ကတည်းက ပုံစံသွင်းပြီး အပိုင်ချိုးဖို့ပြီးခေါ်တာ၊ ကျွေးတာနဲ့၊ မင်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



မှ ယုတ်ညံ့ကာ၊ အောက်တန်းကျတာ၊ အဆင့်မရှိတာ၊ ငါမဟုတ်ဘူး၊ မင်းကို အခုချိန်မှာ ငါပြတ်သားဆုံးစကားတစ်ခွန်းကို ပြောလိုက်မယ်။ တစ်သက်လုံး ငါတို့အိမ်နဲ့ မဆက်ဆံနဲ့၊ အဆက်အသွယ်မလုပ်နဲ့၊ မလာနဲ့၊ မတွေ့နဲ့၊ နောက်ဆုံး ဖုန်းဆက်စရာတောင် မလိုဘူး၊ နားလည်လား"

သူ့တစ်ကိုယ်လုံးပေါ်မှာ ကမ္ဘာ့အကြီးဆုံးကျောက်တုံးကြီး ပြုတ်ကျလာသလို အပြင်းထန်ဆုံး ခံစားလိုက်ရသည်။

"မဖြစ်နိုင်ဘူး ဦးထိုက်တန်။

ခင်ဗျားဟာခင်ဗျား ဘယ်လိုနည်းနဲ့ပဲ တားတား၊ ခင်ဗျားရဲ့ သမီး မီးမီးကိုတော့ အသည်းပေါက်မတတ် ချစ်ရတဲ့အတွက် ဖြစ်တဲ့နည်းနဲ့ ရအောင်တွေ့မယ်၊ ဆုံမယ်"

"ကိုယ်တစ်ခုတော့ တောင်းပန်ပါရစေ၊ မင်းအမေ ကိုယ့်အိမ်ထဲမှာ ရောက်နေတယ်၊ မင်းလာလို့ သမီးပြန်မပါလာဘူးဆိုရင်တော့ ကိုယ်က မင်းအမေကြီးကို ဒီမှာပဲ ကိုယ့်မိန်းမနဲ့အတူ ပေးအိပ်မလို့၊ ကဲ အခုတော့ မင်းရော သမီးပါ ကောင်းမွန်စွာ ပြန်ရောက်လာပြီဆိုတော့ မင်းအမေကြီးကို မင်းခေါ်သွားလို့ ရပါပြီ။ အိမ်ထဲဝင်ပါ ဘိုဘို"

"တောက် ... ခင်ဗျားဗျာ၊ မလုပ်အပ်တာတွေ ဘာလျှောက်လုပ်နေတာလဲ၊ ဒီကိစ္စမှာ ကျုပ်အမေနဲ့ ဘာမှမပတ်သက်ဘူး၊ အမေနဲ့ မဆိုင်ဘူး။ ကျုပ်အမေ ခင်ဗျားလုပ်လို့ တစ်ခုခုဖြစ်လို့ကတော့ ခင်ဗျားနဲ့ကျုပ် တွေ့ပြီမှတ်၊ ဘယ်မလဲ ကျုပ်အမေ"

"အထဲမှာ၊ ဟိုးထောင့်ကအခန်း"





သူ အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် သမီး၏ အော်သံကို တောင် တစ်နေရာက ကြားလိုက်ရသည်။

"ဦးဘို ... ဦးဘို၊ မီးမီးကို လာကယ်ပါ၊ မီးမီး ဒီမှာမနေ ဘူး၊ ဦးဘိုနဲ့ပဲ နေမှာ"

"မီးမီး"

သူလိုက်ရှာသည်။

အသံသာ ကြားရ၏။

ဘယ်နားမှာမှန်းမသိ။

"Please မင်းအမေခေါ်ပြီး မင်းပြန်ပါ ဘိုဘို၊ ဘာမှ နောက်ဆံမတင်းပါနဲ့ နှစ်သက်မိုက ထိုက်တန်ရဲ့သမီးအရင်းခေါက်ခေါက်ပါ။ မင်းနဲ့ ဘာမှမပတ်သက်ဘူး၊ မသက်ဆိုင်ဘူး၊ နေသာသလိုနေလိုက်ပါ"

သူသည် ဦးထိုက်တန်ကို တစ်ခုခုပြန်ပြောဖို့ အားထုတ်လိုက်သော်လည်း သူ့လည်ချောင်းထဲမှ ဘာစကားသံမှ ထွက်မလာတော့ပါ။

သူရင်ဘတ်တစ်ခုလုံး ဆို့နင့်နေသလို သူ့စိတ်တစ်ခုလုံးပါ ချုံးချုံးကျနွမ်းကျသွားတော့သည်။

"မေမေ ... မေမေ သားလာပြီ"

ဦးထိုက်တန်က သူ့ရှေ့မှာ ရပ်ပြီး တံခါးမောင်းအတံလေးကို ဆောက်ခနဲ ဆွဲမလိုက်သည်။

"ဟင် ... ဘိုဘို"

တံခါးနားသို့ ပြေးကပ်လာသူက မိုဖြစ်သည်။

"မမ ... မေမေ ... မေမေရော"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ဘိုဘိုရယ်၊ အခုမှလာရသလား၊ အန်တီအခုလေး တင်ပဲ သူ့သားကို တမ်းတရင်း ... တမ်းတရင်း မောသွားပုံရတယ်"

"မေမေ ... မေမေ ဘာဖြစ်လို့လဲ ဟင်၊ မေမေ အသက်မရှူ တော့ဘူး"

"အန်တီ ဆုံးပြီ ဘိုဘိုရယ်၊ အဟင့် ... အဟင့် ... အဟင့်"

"ဟာ ... မေမေ မရှိတော့ဘူး၊ မရှိတော့ဘူး၊ ဒါ ဦးထိုက်တန်လုပ်တာ၊ ကျွန်တော့်အမေ သက်ကြီးရွယ်အိုကြီးကို သက်သက်မဲ့ ညှဉ်းဆဲပြီး အခန်းတံခါးပိတ်ထားတာ၊ ငါ့ကြောင့် အမေဆုံးရတာ၊ ဦးထိုက်တန် ကျုပ်အမေဆုံးပြီ၊ ခင်ဗျားကြောင့် ... ခင်ဗျားကြောင့်၊ ခင်ဗျားကို ကျုပ် လက်နဲ့ သတ်မယ်"

"ဦးဘို မီးမီးလာပြီ ... မီးမီးကို လာကယ်ပါ"

ထိုအချိန်မှာ အပေါ်ထပ် လှေကားထိပ်တွင် သမီးကို လူနှစ်ယောက် ချုပ်ထားသည့် မြင်ကွင်းကို တွေ့လိုက်ရတော့ ဘိုဘို့စိတ်တွေက ပို၍ ရှုန်းကြွ ရိုင်းစိုင်းသွားတော့သည်။

"ဟေ့ကောင်တွေ ကလေးကို အခုလွှတ်ပေးလိုက်၊ ငါမခေါ်ဘူး၊ ကတိပေးတယ်၊ လွှတ်ပေးလိုက်၊ ဦးထိုက်တန် ကျုပ်အမေဆုံးပြီ၊ အဲဒါ ခင်ဗျားကြောင့် ... ခင်ဗျားကြောင့် ကျုပ်အမေဆုံးရတာ၊ ခင်ဗျားကို ဒီတစ်သက်မကျေဘူး။ ကျုပ်အမေအတွက် လျော်ကြေးဘာပေးမလဲဆိုတာ ခင်ဗျား စဉ်းစား"

"အဲဒီအတွက်တော့ ကိုယ်မတတ်နိုင်ဘူး၊ ကိုယ် ဘာမှမလုပ်ဘူး၊ ကိုယ့်မိန်းမနဲ့ အတူတူ အခန်းထဲမှာ ထည့်ထားတာပဲရှိတယ်။ သူတစ်ယောက်တည်းထားလို့ ဖြစ်သွားတာဆိုရင် ကိုယ့်မှာ တာဝန်ရှိသလို အပြစ်လဲကြီးတယ်။ အခုဟာက သူ့ဟာသူ..."





"ခင်ဗျားမပြောနဲ့"

"ခွပ်"

"အ"

"ခင်ဗျားကို သတ်မယ်၊ ကျုပ်သတ်မယ်"

"ဘိုဘိုမလုပ်နဲ့၊ မလုပ်ပါနဲ့ ဘိုဘိုရယ်၊ မမတောင်းပန်ပါတယ်။ မလုပ်ပါနဲ့"

ဘိုဘိုက ဦးထိုက်တန်ကို လက်သီးချက်ပေါင်းများစွာ ပြေးအထိုးမှာ ဦးထိုက်တန်၏ တပည့်နှစ်ယောက်က ပြေးလာပြီး ဘိုဘိုကို ဝိုင်းဆွဲလိုက်သည်။

သမီးက မှီနားသို့ ပြေးကပ်ကာ ကြောက်လန့်တကြား ဖက်တွယ်ထားလိုက်သည်။

"ဖယ်လိုက်၊ မဆွဲနဲ့ ထိုးပါစေ၊ ငါ့ညီ၊ မင်းကြိုက်သလောက်လုပ်ကွာ၊ ကိုယ် ဘာမှပြန်မလုပ်ဘူး၊ ကိုယ်ငုံ့ခံပါ့မယ်။ ကဲ ... ထိုးစမ်း၊ ထိုး"

ဦးထိုက်တန် ထိုသို့ပြောလိုက်တော့ ဘိုဘို့လက်သားတွေက လျော့ကျသွားခဲ့သည်။

"ထိုးပါကွာ၊ ဘာလို့မထိုးရတာလဲ၊ မင်းမှာ မင်းအမေတစ်ယောက်လုံး ဆုံးရှုံးခဲ့ရတာ ကိုယ့်ကြောင့်ဆိုတော့ ကိုယ်ခံရမှာပေါ့။

ဒီကိစ္စရဲ့ တရားခံအစစ်က ဖခင်စိတ် မပြည့်မီတဲ့သူတစ်ယောက်ရဲ့ဇောကြောင့်ပါ။ ကိုယ့်သမီးကို တကယ်တမ်းကျတော့ လျစ်လျူရှုဖို့၊ ဥပေက္ခာပြုဖို့၊ သံယောဇဉ်ဖြတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အကြောင်းတရားတွေပါ။ ဒီအကြောင်းတရားတွေကြောင့်လဲ မထင်မှတ်တဲ့ ကံကြမ္မာတွေက ဖန်တီးလာခဲ့ပြီး ကိုယ့်ကို ထိုးမသင့်ပါတယ် ဘိုဘို၊ လုပ်ပါ မင်းကြိုက်သလောက် ထိုးစမ်းကွာ၊ အေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သေအောင်တော့ မင်းမလုပ်မိစေနဲ့ပေါ့"

"တောကဲ"

ဘိုဘိုသည် သူ့ကို ဘာမှဆက်မလုပ်တော့ဘဲ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး အမေရှိနေသည့် အခန်းထဲသို့ ပြေးဝင်ကာ အသက်မရှိတော့သည့် အမေ့ကို ဆတ်ခနဲ ပွေ့ချီလိုက်သည်။

ပြီးတော့ အမေ့ကို ပွေ့ချီပြီး အခန်းထဲမှ ထွက်လာရင်းက အမေနှင့်အတူ အသက်ပါသွားမတတ် ယောကျ်ားတစ်ယောက်ဖြစ်ပါလျက် စိတ်မထိန်းနိုင်ဘဲ ရှိုက်ကြီးတငင် အော်ငိုပစ်လိုက်သည်။

"အမေ ... အမေ၊ သားနဲ့ အမေနဲ့ ခွဲရပြီ၊ အမေနဲ့သားကို ခွဲပစ်တာ ဒီလူ ... ဒီလူကို သားတစ်သက် ဘယ်တော့မှ မကျေဘူး။ အမေ့အတွက် လျော်ကြေးကို ဒီလူ့ဆီက သားရအောင် တောင်းပြမယ်၊ ဦးထိုက်တန် ခင်ဗျားဆီမှာ ကျုပ်တောင်းမယ်၊ လျော်ကြေးကို ခင်ဗျားပေးဖို့သာ စဉ်းစားထား၊ မမ ဒီနေရာမှာပဲ ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်"

"ဘိုဘို"

"ဦးဘို ... ဦးဘို မသွားနဲ့၊ ဦးဘို ဘယ်မှမသွားပါနဲ့"

ဘယ်သူတွေ ဘယ်လောက်ပဲ ဘိုဘိုနာမည်ကို တမ်းတစွာ ခေါ်နေပါစေ၊ ဘိုဘိုကတော့ မိခင်ဖြစ်သူ ဆုံးရှုံးခဲ့ရသည့်အတွက် တစ်သက်လုံး ယူကျုံးမရဖြစ်စွာ ထိုအိမ်ကြီးနှင့် တကွ အိမ်ပေါ်မှ မိသားစုအားလုံးကိုပါ ထိုနေ့မှာပင် ထာဝရ စွန့်လွှတ်ခဲ့လိုက်ပါပြီ။

* * *





# အပိုင်း(၃)

(ဇာတ်သိမ်း)

(မင်္ဂလာပါ ... အချစ်)



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဒီနေ့သည် ဦးထိုက်တန်နှင့် ဒေါ်မှီသန့်ဇင်တို့၏ တစ်ဦးတည်းသောသမီးလေး နှစ်သက်မှီ၏ ဆယ့်ရှစ်နှစ်ပြည့်သော မွေးနေ့ဖြစ်သည်။

ထိုမွေးနေ့ပွဲကို ဦးထိုက်တန်၏ 'မှီကမ္ဘာ'ဟု ဆိုင်းဘုတ်ဆွဲထားသည့်ခြံကျယ်ကြီးထဲတွင် လှလှပပ၊ သားသားနားနား၊ ခံ့ခံ့ညားညား ကျင်းပခဲ့ခြင်းဖြစ်သည်။

လှကုံထံပေါင်းများစွာက တစ်ခြံလုံး ပြည့်နှက်အောင် နေရာအပြည့်ယူထားခဲ့၏။

ပြီးတော့ မွေးနေ့ပွဲသို့ ကြွရောက်လာကြသော ဂုဏ်သရေရှိဧည့်ပရိသတ်အားလုံးသည် မွေးနေ့ရှင်ဖြစ်သည့် 'နှစ်သက်မှီ'ကလေးကို ကြည့်ပြီး သနား၊ ကရုဏာဖြစ်နေကြသည်မှာ အားလုံးလိုလိုပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ အပျိုစင်သမီးလေး နှစ်သက်မှီသည် အပျိုတစ်ယောက်ဟုပင် ထင်စရာမရှိအောင် ခန္ဓာကိုယ်ကလည်း အင်မတန် သေးသွယ်ပြီး ပိန်လှသည်။ မျက်နှာကလေးကလည်း မွတ်စင်းနေအောင် ချောသလောက် မျက်နှာပေါ်မှာ အပြုံးရိပ်တောင်မှ ဘယ်သူမှ မတွေ့ရ။

ဆံပင်တွေဆိုလည်း သောက်ရသည့်ဆေးတွေကြောင့် ပါးလျပ်ပြီး ပျော့အိကျနေသည်။

အရင်က ချစ်စဖွယ် ဝဝကစ်ကစ်မျက်နှာကလေးသည် ယခုတော့ လုံးဝ ပိန်ပိန်သွယ်သွယ်ကလေး။

နှစ်သက်မှီတစ်ကိုယ်လုံးမှာ အသားဟူ၍ ရှာမရပါ။

အဲဒီလောက်အထိ သေးသွယ်ပြီး ပိန်လှသည်မို့ လေတိုက်လျှင်တောင် လဲကျမှာစိုးရသည်။

ဒေါ်မှီသန့်ဇင်သည် သမီးကလေး၏ လက်ကို ဆွဲ၍ ဧည့်သည်တွေအားလုံးကို လိုက်လံနှုတ်ဆက်၏။ သမီးလေး၏ မွေးနေ့ပွဲကို ယခုလိုပင် ခမ်းနားထည်ဝါစွာ နှစ်စဉ်ကျင်းပခဲ့သော်လည်း သမီးဖြစ်သူထံမှ မည်သည့်အပြုံးမျိုးကိုမှ မတွေ့ခဲ့ရပါ။

ဦးထိုက်တန်က သမီးနှင့် ဇနီးကို လှည့်ကြည့်လိုက်၊ ဧည့်သည်တွေကို လိုက်လံနှုတ်ဆက်လိုက်နှင့် တစ်ယောက်တည်း မအားရအောင် အလုပ်ရှုပ်နေသည်။

ထိုအချိန်မှာ ဧည့်သည်တွေထဲတွင် နောက်ကျပြီးရောက်လာသည့်သူကတော့ ဒေါ်ဘေဘီထွန်းနှင့် သူ၏သားလေး မိုးယံထွန်းတို့ပဲဖြစ်သည်။





မိုးယံထွန်းသည် ယခုမှ မြန်မာပြည်သို့ ရောက်ခဲ့ပြီး မိခင်နှင့်အတူ နှစ်သက်မှီ၏ မွေးနေ့ပွဲကို တက်ရောက်ခဲ့ခြင်း ဖြစ်၏။

"အန်ကယ့်(လ်)သမီးအတွက် present ပါ အန်ကယ်(လ်)"

"Thank youသားမိုးယံ လာ၊ အန်ကယ့်(လ်)သမီးနဲ့ မိတ်ဆက်ပေးမယ်"

"မာမီ please"

"သွားလေ ထိုက်၊ ဘေဘီလိုက်ခဲ့ရဦးမလား"

"လိုက်လေ၊ သမီးလေး အပေါ်ထပ်တက်သွားတယ် ထင်တယ်၊ တွေ့တော့ဘူး၊ ဒါပေမယ့် သားမိုးယံနဲ့ မတွေ့မဖြစ် တွေ့ပေးရမှာလေ၊ ဘာဖြစ်လို့ဆိုတော့ အန်ကယ်(လ်)သမီးကို အခုမှ သားတွေ့ဖူးမှာမဟုတ်လား၊ အန်ကယ်(လ်)သားကတော့ တကယ့်မင်းသားရုပ်ပဲ ဘယ်၊ ဘေဘီနဲ့တူလို့ ချောတာဖြစ်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား ဘေဘီ"

"ထိုက်ကတော့ လုပ်ပြီ၊ သားရှေ့မှာ"

"Never mind မာမီ၊ အန်ကယ်(လ်)သမီးနဲ့ ကျွန်တော် တွေ့ပါရစေ"

"လာ သား၊ အပေါ်ထပ် ခဏတက်ရအောင်"

ဦးထိုက်တန်က သမီးနှင့် မိုးယံတို့သားအမိတွေ့ရန်အတွက် အိမ်အပေါ်ထပ်သို့ ခေါ်လာခဲ့သည်။

သမီးက ထုံးစံအတိုင်း နှလုံးရောဂါဝေဒနာရှင်မို့ လူအုပ်အများကြီးထဲမှာ ကြာကြာနေလို့မရ၍ မောလာဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ မှီသန့်ဇင်က ဆေးတိုက်ပြီး အနားယူထားခိုင်းပုံရသည်။ ဦးထိုက်တန်နှင့် မိုးယံတို့သားအမိက အခန်းထဲသို့ ဝင်လာခဲ့သည်။

"ဦးထိုက်တန်၊ သမီးလေး မောလာလို့ မှီခဏ ခေါ်လာခဲ့တယ်"

"ရတယ် ... ရတယ်၊ သားမိုးယံနဲ့ သမီးကို ပေးတွေ့ရုံသာ သက်ပဲ၊ သမီး သက်သာသလိုနေပါစေ၊ ဒါဆို ဒီအတိုင်းပဲ အနားယူပါစေတော့၊ အောက်ကို ခေါ်မလာနဲ့တော့၊ သမီး နေကောင်းအောင်နေနော်၊ ဒီမှာ သမီးအတွက် သူငယ်ချင်းတစ်ယောက် ဖေဖေခေါ်လာခဲ့တယ်။ သူက အန်တီဘေဘီသားလေ မိုးယံထွဋ်တဲ့၊ သမီးမှတ်ထားပေါ့ ဟုတ်လား"

နှစ်သက်မှီက မျက်လုံးကလေး အသာဖွင့်ကြည့်သည်။

နှလုံးခုန်နှုန်းတွေက ဒီနေ့မှ ဘာကြောင့် အဆမတန် မြန်ပြီး မောနေရတယ်မသိပါ။

ဖေဖေ့စကားတွေကို နှစ်သက်မှီ ကြားနေရသော်လည်း စကားပြန်ပြောချင်စိတ်မရှိပါ။

ဘာကြောင့်လဲဆိုတော့ ဖေဖေနှင့် ပတ်သက်သမျှအရာအားလုံးကို ယခုချိန်အထိ အသိအမှတ်ပြုလို့မရခဲ့တာလေ။

ယခုလည်း ဖေဖေ့မိတ်ဆွေ အန်တီဘေဘီရဲ့သားဆိုတော့ ကျွန်မ ရှင့်ကို ဘာလုပ်ရမှာလဲ။





ရှင့်ကို အချိန်ပေးပြီး ကျွန်မစကားမပြောနိုင်သလို ကျွန်မရဲ့ မျက်ဝန်းတစ်စုံနဲ့လည်း ရှင့်ကို စက္ကန့်လောက်ပဲ ကြည့်နိုင်လိမ့်မယ်။

ကျွန်မအနားကို ဘယ်သူမှ မလာကြပါနဲ့။

အားလုံး ထွက်သွားကြပါ။

ဟိုးအဝေးကြီးကို ထွက်သွားကြပါ။

ကျွန်မရဲ့ ဘဝ၊ ကျွန်မရဲ့အသက်၊ ကျွန်မရဲ့ကမ္ဘာ၊ ကျွန်မရဲ့ အနှစ်သာရတွေအားလုံးဟာ တစ်ဦးတစ်ယောက်ဆီမှာပဲ ရှိနေပါတယ်။

အဲဒီသူကို ကျွန်မ ဒီနေ့အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့အထိ မျှော်လင့်စောင့်စားခဲ့ရတယ်။

ရက်ပေါင်း၊ အချိန်ပေါင်း၊ နာရီပေါင်းများစွာ တမ်းတရင်းက ကြေကွဲလွမ်းဆွတ်ခဲ့ရတယ်။

သူ့ကို ကျွန်မ မျှော်လင့် တမ်းတခဲ့ရတာ ယနေ့ချိန်အထိပါပဲ။

ကမ္ဘာပေါ်မှာ ရှိသမျှယောကျ်ားတွေအားလုံးထဲမှာ ကျွန်မ တမ်းတခဲ့တာ ကျွန်မရဲ့ ဦးဘို။

ကျွန်မမျှော်လင့်ခဲ့တာ ကျွန်မရဲ့ ဦးဘို။

ကျွန်မ စောင့်စားခဲ့တာ ကျွန်မရဲ့ ဦးဘို။

ဦးဘိုရယ်...

မီးမီးဆီကို ဘယ်တော့မှ ပြန်လာခဲ့မှာလဲဟင်။

အခု မီးမီးရှေ့မှာ ရောက်နေတဲ့သူဟာ ဦးဘိုသာဖြစ်လိုက်ရင် မီးမီးဘဝလေးက မင်္ဂလာသိပ်ရှိသွားမှာပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးရင်ထဲမှာ ဦးဘိုကို ချစ်ခဲ့ရတဲ့ အချစ်တွေအားလုံးဟာ မင်္ဂလာရှိသော အချစ်တွေ ဖြစ်သွားမှာပဲနော်။

"မေမေရယ် ဦးဘိုနဲ့ပဲ မီးမီးတွေ့ချင်တယ်၊ ဦးဘိုကို ခေါ်ပေးပါလားဟင်"

ထိုစကားကို မေမေ့လက်ကလေးအား ဆုပ်ကိုင်၍ မီးမီးပြောလိုက်သည်။

ဦးထိုက်တန်သည် သမီးဖြစ်သူအတွက် အင်မတန် ယူကျုံးမရ ဖြစ်သွားပုံရပါ၏။

မိုးယံတို့သားအမိရှေ့မှာ ထိုစကားကို ပြောလိုက်၍လည်း ဦးထိုက်တန် ရှက်သွားသည်။

ချက်ချင်းပင် ဒေါ်ဘေဘီထွင့်ရှုတို့သားအမိကို အခန်းအပြင်သို့ ခေါ်လာရန် ကြိုးစားလိုက်၏။

"သမီးလေး နေမကောင်းဖြစ်တာကြာပြီ ဘေဘီ၊ ဆယ်နှစ်ကျော်ပြီဆိုတော့ ကိုယ့်သမီးအတွက် ကိုယ် ဘယ်လိုမှ ဖြေမရဘူး ဖြစ်နေတယ်"

"ထိုက် စိတ်မဆိုးနဲ့နော်၊ အပြင်ရောက်တော့ ဘေဘီပြောမယ်၊ လာ ... လာ"

ဒေါ်ဘေဘီက သားမိုးယံ၏ လက်ကိုဆွဲ၍ အခန်းပြင်သို့ ခေါ်လာခဲ့သည်။

အခန်းပြင်ရောက်သည်နှင့် ဦးထိုက်တန်နားသို့ အသာကပ်၍ တီးတိုးပြောလိုက်သည်။





"စိတ်မဆိုးရဘူးနော် ထိုက်၊ ဘေဘီ့ကို ထိုက်ပြောထားတဲ့ စကား၊ ဘေဘီ အခုပဲ အဖြေပေးလိုက်ပါ့မယ်"

ဖြစ်နိုင်လျှင် ဦးထိုက်တန်၏ နားနှစ်ဖက်စလုံး ရှတ်တရက်ကြီး ကန်းသွားချင်ပါသည်။

ဘာကြောင့်လဲဆိုတော့ ဘေဘီ့သားနှင့် သမီးလေးနှစ်သက်မှီကို လက်ထပ်ပေးစားရန်အတွက် ဦးထိုက်တန်က ဘေဘီဆီမှာ တောင်းခံခဲ့ရသည်မဟုတ်လား။

ယခုတော့ ဘေဘီပြောတော့မည်။

ဘေဘီ့စကားက အငြင်းစကားပဲ ဖြစ်မှာပါ။

"ထိုက်သမီးနဲ့ ဘေဘီ့သားကို ဘေဘီသဘောမတူဘူး ထိုက်ရယ်၊ စိတ်မရှိနဲ့နော်"

ဦးထိုက်တန် ရှက်လွန်း၍ ဘေဘီတို့သားအမိရှေ့ကနေ အောက်ထပ်သို့ ကမန်းကတန်း ပြေးအဆင်းမှာ ခြေချော်၍ မမျှော်လင့်ဘဲ တလိမ့်ခေါက်ကွေးကျသွားတော့သည်။

"အား..."

"ထိုက်..."

"အန်ကယ်(လ်)..."

အော်သံတွေ စုံသွားသည့်အသံကို ဦးထိုက်တန်၏ နားထဲမှာ ကြားတစ်ချက် မကြားတစ်ချက်။ ထိုနေ့မှာပဲ ချက်ချင်း ဦးထိုက်တန်ကို ဆေးရုံပို့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ ဆရာဝန်၏ စစ်ဆေးတွေ့ရှိချက်အရ ဦးထိုက်တန်၏ ညာဘက်ခြေထောက်အရိုးကျိုးသွား၍ ဆေးရုံမှာ တစ်လခန့်နေရမည်တဲ့။

ဦးထိုက်တန် ဆေးရုံစတက်သောနေ့တွင် ဦးထိုက်တန်၏ ဆေးရုံသို့ ပထမဆုံးရောက်လာသည့် ဧည့်သည်တစ်ဦးကို ဦးထိုက်တန် သဲလှိုက်ရင်ဖို တွေ့လိုက်ရ၏။

ထိုသူသည် ဆယ်နှစ်နီးပါး ပျောက်ချင်းမလှ ပျောက်သွားခဲ့သော ဘိုဘိုဖြစ်သည်။

ကဲ ... ဦးထိုက်တန်နှင့် ဘိုဘိုတို့ရဲ့ တွေ့ဆုံကြေကွဲပုံလေးတွေကို ကြည့်ကြတော့။



## အခန်း (၂)

"ဦးထိုက်တန်"

သူ့မျက်လုံးတွေကို အသာမှိတ်၍ ငြိမ်သက်စွာ လှဲနေစဉ် ခေါ်သံတစ်ခုက နားထဲသို့ ဖျတ်ခနဲ စီးဝင်လာခဲ့၏။

ထိုအသံပိုင်ရှင်ကို သူမှတ်မိနေသလိုလို။ ကြားဖူးသလိုလို။

ဒါကြောင့်လည်း သူ့မျက်လုံးတွေကို အသာအယာ ဖွင့်၍ မော့ကြည့်လိုက်သည်။

"ဟင်..."

သူ့အိပ်ရာထဲကနေ ဆတ်ခနဲ ကုန်းအထမှာ ဘိုဘိုက လက်နစ်ဖက်ကို ကာလိုက်ပြီး–

"မထပါနဲ့ ဦးထိုက်တန်၊ လှဲနေပါ၊ ကျွန်တော့်ကို မှတ်မိပါတယ်နော်"

"မင်း ... မင်း ဘယ်တွေရောက်နေတာလဲ ဘိုဘို၊ အခု မင်းရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်တော်ရောက်ဖို့ အချိန်တန်ပြီ ထင်လို့ ရောက်လာခဲ့တာပါ။ ဦးထိုက်တန် ဆေးရုံက မဆင်းခင် ဦးထိုက်တန် ဆီမှာ ကျွန်တော် အရင်ဆုံးလာပြီး ခွင့်တောင်းတာပါ၊ စိတ်မရှိနဲ့ နော် ဦးထိုက်တန်၊ ကျွန်တော် သိပ်ချစ်တဲ့ ကျွန်တော့်ရဲ့အမေ ဆုံးရှုံးသွားတဲ့အတွက် ဦးထိုက်တန်ဆီမှာ တစ်နေ့လျော်ကြေးတောင်းမယ်လို့ ကျွန်တော် ပြောခဲ့တာ မှတ်မိလား"

ဘုရား .. ဘုရား။

ယခုအချိန်မှာ ဦးထိုက်တန်မျက်လုံးအစုံ မှိတ်၍ ဘုရားတရုံ ရှိပါတော့တယ်။

သူ့အမေအတွက် လျော်ကြေးတဲ့။

ဒီလိုအချိန်မျိုးမှာ တောင်းတဲ့လျော်ကြေးဟာ သူ့တစ်သက်တာ အတွက် ဘယ်တော့မှ မမေ့နိုင်မယ့်၊ တသသဖြစ်စေမယ့် လျော်ကြေး မျိုးပဲ ဖြစ်ပါလိမ့်မယ်။

"ကျွန်တော် မြန်မာပြည်ကို ပြန်ရောက်နေခဲ့တာ ကြာပါပြီ။ ဒါပေမယ့် လာချိန်မတန်သေးလို့ ကျွန်တော် ရောက်မလာခဲ့တာပါ။ ကျွန်တော့်အမေဆုံးပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော် ခြံကို ရောင်းပြီး အင်္ဂလန်က ကျွန်တော့်ညီဝမ်းကွဲဆီမှာ ရှစ်နှစ်ခွဲတိတိ သွားနေပြီး အလုပ်လုပ်ခဲ့တယ်။ အခု ကျွန်တော် ပြန်လာတာ မြန်မာပြည်မှာ အပြီးနေဖို့ပါ။ ပြီးတော့ ကျွန်တော် အိမ်ထောင်ပြုဖို့ ရောက်လာခဲ့တာ ဦးထိုက်တန်"

"ဟင်..."





သူ့ကိုယ်ထဲမှာ လှည့်ပတ်စီးဝင်နေသော သွေးကြောတွေ ရုတ်တရက် ပြတ်တောက်သွားသလို ခံစားလိုက်ရသည်။

အိမ်ထောင်ပြုဖို့တဲ့။

ဘုရား ... ဘုရား ... ဘယ်သူ့ကိုသူယူမှာလဲ။

"ကျွန်တော့်အမေရဲ့ လျော်ကြေးအဖြစ် ဦးထိုက်တန်ရဲ့သမီးကို လက်ထပ်ယူဖို့ တောင်းဆိုပါတယ်။

ဘယ့်နှယ့်လဲ ဦးထိုက်တန်"

သူမပြောနိုင်။ ပြောလို့လည်း လည်ချောင်းထဲကနေတော့ လုံးဝမထွက်။

ရင်ဘတ်တစ်ခုလုံး ဆို့နင့်နေသလို အာရုံကြောတွေပါ ရုတ်တရက် ပြတ်ထွက်သွားသလို ခံစားနေရသည်။

"ဘယ်လိုလဲ ဦးထိုက်တန်၊ မပြောနိုင်တော့ဘူးလား၊ ကောင်းပြီလေ၊ ပြောမထွက်လဲ နေပါ။ ဦးထိုက်တန်မလဲ ဒဏ်ရာကြီးနဲ့ ပြီးတော့ ဆေးရုံမှာ အားနာဖို့ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီကို ရောက်အောင်လာကတည်းက ကျွန်တော့်အတွက် ဘယ်လောက် အထိ အရေးကြီးနေတယ်ဆိုတာ ဦးထိုက်တန် နားလည်ပေးလိုက် ပါတော့ ကျွန်တော်နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထိုစကားပြောပြီးသည်နှင့် ဦးထိုက်တန်ရှေ့ကနေ ဘိုဘို လှစ်ခနဲ ကပျာကယာ ထွက်လာခဲ့လိုက်သည်။

ဘိုဘို ဒီနေရာကနေ ထွက်ပြီး အမြန်ဆုံးသွားရမည့် နေရာသည် တစ်နေရာပဲ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုအလာကို နေ့ပေါင်း၊ ရက်ပေါင်း၊ နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားနေရှာသည့် ဘိုဘိုရဲ့ မိးမီးလေးဆီကိုပဲ ဖြစ်သည်။

မီးမီးရေ...

ဦးဘိုလာခဲ့ပြီနော်၊ မီးမီးလေး ကြိုနေပါတော့။

* * *



## အခန်း (၃)

သမီးလေး၏ လှုပ်ရှားမှုပုံရိပ်တွေအားလုံးကို မိုသန့်ဇင်သည် နေ့ညမပြတ် လိုက်ကြည့်နေရသည်။ သမီးလေး အိပ်ချိန်မှလွဲ၍ ကျန်သည့်အချိန်အားလုံး မို့သမီးအနားမှာ မို အမြဲတမ်း ရှိနေခဲ့သည်။ မို့သမီးလေးသည် ဘိုဘိုက သူ့ခြံကြီးကိုရောင်းပြီး နိုင်ငံခြားသို့ထွက်သွားသည့်နောက်က စပြီး စိတ်ထောင်းကိုယ်ကြေဖြစ်သွားခဲ့ရတာ ယနေ့အချိန်အထိဖြစ်သည်။

ယခုဆိုလျှင် သမီးလေးအသက်က ဆယ့်ရှစ်နှစ်ပြည့်ပြီးခဲ့ပြီ။

ဘိုဘို မြန်မာပြည်မှ ထွက်သွားတာ နှစ်ပေါင်းရှစ်နှစ်နီးပါး ရှိသွားပြီ။

သူ့မိခင်ဆုံးသွားသည့်အချိန်ကစပြီး ဘိုဘို့ကို မတွေ့ခဲ့ရတာလည်း ယခုအချိန်ထိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးသည် ငယ်ငယ်ရွယ်ရွယ်နှင့် ဘိုဘိုကို နေရင်းထိုင်က သံယောဇဉ်ဖြစ် ရာမှ ဇွဲလမ်းတမ်းတသည့်စိတ်ရောဂါကို စွဲကပ်သွားခဲ့ရာ စိတ်ဝေဒနာသည်တစ်ယောက် ဖြစ်သွားသည်။

ခန္ဓာကိုယ်ကလည်း ငယ်ငယ်တုန်းကလို ပြည့်ပြည့်ဖြိုးဖြိုးနှင့် ချစ်စဖွယ်ဝဝကစ်ကစ်ကလေးမဟုတ်ပါ။ အင်မတန်သေးသွယ်ပြီး ပိန်လှီကာ ပြားကပ်ကပ်ကလေး ဖြစ်နေ၏။

အရင်က မျက်နှာဖောင်းဖောင်းကလေးသည် မျက်တွင်းဟောက်ပက်နှင့် ပါးရိုးနားရိုးကျကာ သွယ်လျလျမျက်နှာလေး ဖြစ်သွားသည်။ ခန္ဓာကိုယ်၏ သေးသွယ်မှုဒဏ်ကြောင့် အသားအရေကပါ ခန်းခြောက်ကာ မသိလျှင် အဘွားကြီးတစ်ယောက်လိုပုံစံမျိုးပေါက်နေသည်။

ပြီးတော့ မို့သမီး၏ ဇွဲလမ်းတမ်းတမှုက ဘယ်လောက်အထိ ကြီးမားသလဲဆိုရင် နေ့နေ့ညညသာ အချိန်ပြည့် မျှော်လင့်ပြီး စောင့်စားနေခဲ့သည်။

မနက်မိုးလင်း အိပ်ရာက နိုးလာသည်နှင့် 'ဦးဘို ပြန်လာပြီလား မေမေ'ဟု မို့ကို မေးခဲ့တာ နှစ်ပေါင်းများစွာ။ ကျောင်းစာလည်း ကောင်းမွန်စွာသင်၍မရသောကြောင့် ခြောက်တန်းနှင့်ပင် ကျောင်းထွက်ခဲ့ရသည်။

မို့ခင်ပွန်းဦးထိုက်တန်က သမီး၏အဖြစ်ကို ကြည့်ပြီး ယူကျုံးမရဖြစ်သည့်စိတ်ဖြင့် မို့ကို ပြောရှာသည်။



"သမီးလေး စိတ်ချမ်းသာအောင် ထားပါ မို့သန့်ဇင်၊ သူဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘယ်မှာပဲနေနေ မျက်ခြည်မပြတ်ကြည့်ပါ။ ဂရုစိုက်ပါ။ သမီးရဲ့ဇွဲလမ်းစိတ်က ဘယ်အရာနဲ့မှ ယှဉ်လို့မရအောင် ကြီးမားလွန်းတယ်၊ သနားစရာသိပ်ကောင်းတဲ့ သမီး၊ ကိုယ် ဘာလုပ်ပေးရမှန်း မသိတော့ဘူး"

ဦးထိုက်တန်က သမီးကို ကရုဏာဖြစ်ရသည့်စိတ်၊ သနားကြင်နာစိတ်ကြောင့် ယုယုယယနှင့် ဂရုတစိုက်နေသော်လည်း သမီးမှာ ဦးထိုက်တန်ကို ဘယ်လိုမှန်းမှန်းမသိပါ။

ဦးထိုက်တန်သမီးအနားသို့ သွားတိုင်း အစောင်းနှင်လွှတ်တော့သည်။

"သွား မလာနဲ့၊ ဖေဖေက မိမိနဲ့ ဦးကိုခွဲတာ၊ ဖေဖေကြောင့်၊ ဦးဘိုနဲ့ မိမိ ကွဲရတာ၊ ဦးဘိုမီးကို ပစ်သွားတာ၊ ဖေဖေကြောင့်၊ ဖေဖေ့ကို မုန်းတယ်၊ အရမ်းမုန်းတယ်။ ဖေဖေမလာနဲ့'ဟု သမီးက အကြောက်အကန်အော်ပြောသည်။ အခုလည်း မို့သမီးလေး အခန်းထဲမှာ တစ်ယောက်တည်း နှုတ်ခမ်းနီတွေ လက်ထဲမှာ အပြည့်ကိုင်ပြီး နံရံတွေမှာရော၊ စီရီပေါ်ရှိ မှန်တွေမှာပါ ထိုနှုတ်ခမ်းနီတွေဖြင့် "ဦးဘို... ဦးဘို"ဟုလျှောက်ရေးနေပြန်သည်။

မို့က အခန်းပြင်မှာ ရပ်လျက် ပြတင်းပေါက်မှာ အကြာကြီးသွားရပ်ပြီး 'ဦးဘိုဘိုရေ မီးမီးဆီ အမြန်ဆုံးပြန်လာခဲ့ပါတော့'ဟု အော်နေပြန်သည်။

ကြည့်စမ်းပါဦး။



www.burmeseclassic.com

www.burmeseclassic.com



မို့သမီးလေးအဖြစ်က ဘယ်လောက်အထိ ကြေကွဲဖွယ်ကောင်းသလဲဆိုတာ။

ထိုအဖြစ်မျိုး၊ ထိုမြင်ကွင်းကို မိုတွေ့ခဲ့ရသည်မှာ ယခုမှမဟုတ်ပါ။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။

မို့သမီးအတွက် မို ဘာလုပ်ပေးပိုင်ခွင့်မှမရှိသောကြောင့် မို့ကိုယ်မို ထုရိုက်သတ်ပစ်ချင်စိတ်တောင် ပေါက်မိသည်။ ဒါကလည်းမိခင်၏မေတ္တာကြောင့်ပဲ မဟုတ်လား။

မိုခဏနေရင် ဦးထိုက်တာန်ရှိသည့် ဆေးရုံသို့ သွားရဦးမည်။

ဆေးရုံသွားတိုင်း သမီးလေးကို အိမ်မှာ တစ်ယောက်တည်းထားခဲ့ရသည့်အတွက် မို ဘယ်လိုမှ စိတ်မအေးနိုင်။ သမီးကိုလည်းလုံးဝခေါ်လို့မရသည့်အတွက် မို့သမီးကို မိုစိတ်ချသည်။

သမီးသည် ဘယ်ကိုမှ မသွားတတ်သည့်အတွက် ဒီနေ့လည်းသမီးကို မိုထားခဲ့ရဦးမည်။

ဦးထိုက်တာန်အတွက် ဆေးရုံ ထမင်းပို့ရန် ရှိနေသောကြောင့် သမီးကို ထားခဲ့ပြီး မိုအိမ်မှ ထွက်ခဲ့သည်။ အိမ်မှ မို သွားခါနီးတော့ သမီးကို သတိပေး စကားပြောခဲ့သည်။

"သမီးလေးမေမေ စိတ်ချမယ်နော်၊ သမီး ဘယ်မှမသွားဘူးနော်၊ အိမ်ထဲမှာပဲနေ၊ သိလား၊ မေမေမကြာဘူး၊ ထမင်းချိုင့်ပို့ပြီး ပြန်လာမယ်"

"ဟုတ်"





သမီးက ထိုစကားသာ ပြန်ပြောပြီး မို အိမ်မှ ထွက်သွားတော့ အိမ်တံခါး၊ ခြံတံခါးကို အပေါ်ထပ်ကနေ ဆင်းပိတ်ခဲ့သည်။

ဒါကြောင့်ပင် မို စိတ်ချလက်ချဖြစ်ကာ ဦးထိုက်တာန်ဆီသို့ ကားမောင်း၍ ထွက်လာခဲ့လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဒီနေ့မှ နှစ်သက်မှီစိတ်တွေ အလိုလို လန်းဆန်းနေခဲ့သည်။

ဘာကြောင့်မှန်းလည်း နှစ်သက်မှီ မသိပါ။ မတွေးတတ်ပါ။

နံနက်စောစောက အိပ်ရာခေါင်းရင်းရှိ ပြတင်းပေါက်မှာ ငှက်ကလေးတွေ အော်သံကို သာယာနာပျော်ဖွယ်ကောင်းအောင် ကြားလိုက်ရသည်။

ငှက်ကလေးတွေ သီချင်းလာဆိုသလား ထင်ရသည်အထိ အသံတွေက သာယာနေသည်။

ဒါကြောင့်လည်း နှစ်သက်မှီ၏ စိတ်တွေ သာယာကြည်နူးနေတာလားမသိပါ။

"အင်း မေမေမရှိတုန်း ငါတစ်ယောက်တည်း အပြင်ထွက်ချင်လိုက်တာ၊ ပျင်းတယ်၊ ငါ့စိတ်တွေ လန်းနေတုန်း၊ ခဏလေးတော့ ထွက်မှ"





နှစ်သက်မှီ တွေးပြီး အိမ်နေ အဝတ်အစားတောင်မှ မလဲနိုင်တော့ဘဲ ကလေးဆန်စွာ အိမ်ထဲမှ ထွက်လာခဲ့သည်။

ခြံတံခါးသော့ခတ်ပြီး ခြံထိပ်ရောက်တော့လည်း ဘယ်သွားလို့ သွားရမှန်းမသိပါ။

ခြံထိပ်မှာ အကြာကြီး တွေဝေစွာ ရပ်နေမိစဉ် ကားတစ်စီးက မိမိရှေ့သို့ ကျွီခနဲထိုးစိုက်လာခဲ့သည်။ ထိုကားက တစ်ကားလုံး မှန်အမည်းတွေ ကပ်ထားသောကြောင့် ကားထဲမှာ မည်သူမည်ဝါပါလာသည်ကို မိမိ မသိနိုင်ပါ။

သို့သော် မိမိရှေ့ ထိုကားက ရောက်သည်နှင့် ကားရှေ့ခန်းမှန်သည် ကျွီခနဲပွင့်လာ၍ မိမိလှမ်းအကြည့်မှာ...

"ဟင် ... ဦးဘို ... ဦးဘို ... ဦးဘိုလာပြီ၊ ဦးဘိုရောက်လာပြီ"

"မိမိ ဦးဘိုကို မှတ်မိတယ်နော်၊ ကဲ ... လာ ဦးဘိုဘေးမှာ လာထိုင်၊ ဦးဘိုတို့ တစ်နေရာသွားပြီး စကားပြောကြမယ်"

"ဦးဘို မိမိဆီကို ပြန်လာတယ်၊ မိမိနဲ့တွေ့ဖို့လာတာလားဟင်၊ ဦးဘိုရဲ့ ပြန်လာမယ့်နေ့ကို မိမိစောင့်ခဲ့ရတာ၊ နှစ်ပေါင်းရှစ်နှစ်ရှိခဲ့ပြီ၊ သိရဲ့လား"

"ချာတိတ်မလေး စကားမများနဲ့တော့၊ ဦးဘိုနဲ့ လိုက်ခဲ့မယ်မဟုတ်လား"

"လိုက်မှာပေါ့"

"မိမိက တအားပိန်သွားတာပဲကွာ၊ အရင်က မိမိနဲ့ ဘာမှမဆိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဦးဘိုလုပ်တာ"

"ဘုရားရေ ဦးဘိုလုပ်တာ"

"ဟုတ်တယ်၊ မီးမီးကို နှစ်တွေအများကြီး ပစ်သွားတာကိုး၊ အခုရော အရင်လို ဖြစ်ပြီး ပြေးဦးမှာလား"

"တစ်သက်လုံး မပစ်တော့ပါဘူး မီးမီးရယ်"

"တကယ်"

"အခါ တစ်သိန်းကယ် ကဲ၊ ... ယုံပြီလား"

"ဦးဘိုနဲ့ပဲ မီးမီးက ပျော်တတ်တဲ့ဟာ၊ ဦးဘိုလဲ သိရက်သားနဲ့၊ ဦးဘို မီးမီးအနားမှာ မရှိတော့ကတည်းက မီးမီးပုံစံက အခုလို ဘဝ ပြောင်းသွားတာ သိရဲ့လား"

"အချွဲမလေး၊ တွေ့တာနဲ့ချွဲပြီ"

"ဦးဘိုမောင်းနေတာ ဘယ်ကိုလဲ"

"တစ်နေရာပေါ့"

"တစ်နေရာ..."

"အင်း ... အဲဒီတစ်နေရာက အခုရောက်တော့မှာဗျ၊ မီးမီးလေးသိရင် သိပ်ပျော်သွားမှာ၊ လာ ဦးဘိုအနားတိုး"

"တိုးပြီး ဘာလုပ်ရမှာလဲ"

"ဦးဘိုကို တစ်ခုခုပြော"

"တစ်ခုခု"

"အင်း ... ဘာပြောရမလဲဆိုတော့ ဦးဘို မီးမီးကို နှစ်တွေအကြာကြီးပစ်သွားတဲ့အတွက် လုံးဝမကျေနပ်ဘူး၊ အရမ်းစိတ်ဆိုး



တယ်၊ စိတ်လဲ အရမ်းထိခိုက်တယ်၊ ငိုလဲငိုခဲ့ရတာရက်တွေ မနည်းဘူး။ ပြီးတော့ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်ပြီး လွမ်းရမှန်းမသိတဲ့အလွမ်းတွေက တစ်ပုံကြီး စုဝေးနေခဲ့တယ်။ အဲဒီအချိန်မှာ မီးမီးနားကို ဦးဘိုရောက်လာတော့ မီးမီး တကယ်မယုံဘူး ဖြစ်နေတယ်။ အိပ်မက်လားလို့ မီးမီးထင်နေမိတယ်။ တကယ်တမ်းကျတော့ အိပ်မက်မဟုတ်ပါဘူး ဦးဘိုရယ်၊ မီးမီးမျှော်နေတဲ့ ဦးဘိုက မီးမီးအနားကို အမှန်တကယ်ပဲ ရောက်လာခဲ့တာပါ၊ မီးမီးကို ဘယ်တော့မှ ပစ်မသွားပါနဲ့တော့နော်"

"မီးမီးရယ်"

ဘိုဘို့ရင်ထဲမှာ ထိခိုက်သွားလိုက်တာ ဘယ်အရာနှင့်မှ ယှဉ်၍မရနိုင်တော့။

မီးမီးလေး၏ ယခုပုံစံကို သူ ယခုမှ တွေ့ဖူးတာမှ မဟုတ်ဘဲ။ မီးမီးကို တွေ့ချင်မြင်ချင်စိတ်ကြောင့် မီးမီး အိမ်နားသို့ ဘိုဘို နေ့စဉ်ရောက်ခဲ့သည်။ မီးမီး၏ လှုပ်ရှားမှုနှင့်တကွ မီးမီး၏ဖခင်၊ မိခင်တို့၏ အခြေအနေ အသွင်အပြင်ကိုပါ ဘိုဘို သိအောင် စုံစမ်းလေ့လာခဲ့လိုက်သည်။ မီးမီး အသက်ဆယ့်ရှစ်နှစ်မွေးနေ့မတိုင်ခင်ကတည်းက မြန်မာပြည်သို့ ဘိုဘို ပြန်လည်ရောက်ရှိနေခဲ့သည်။

မီးမီး၏ မွေးနေ့ပွဲကိုလည်း ဘယ်သူမှမသိအောင် ရုပ်ဖျက်၍ မီးမီးကိုကြည့်ရန်အတွက် ဘိုဘို ရောက်လာခဲ့သည်။

ထိုရက်တွေကတည်းက ဘိုဘိုသည် တစ်ရက်မှာ မီးမီးဆီကို ရောက်အောင်သွားရန် ဆုံးဖြတ်ချက်ချလိုက်၏။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဘိုဘို ရောက်လာခဲ့ပြီ။

မီးမီးလေးပုံစံ၊ အသွင်အပြင်နှင့် ခန္ဓာကိုယ်က အစ အရင်က မီးမီးနှင့် ဘယ်လိုမှ ထင်ရက်စရာမရှိအောင် ကွဲပြားခြားနားနေတော့၏။ တကယ်တော့ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကလည်း ဘိုဘို့ကြောင့် ဖြစ်မှန်း ဘိုဘို သိသည်။ သို့သော် ဘိုဘို့မီးမီးလေးကို ဘိုဘို သိပ်ချစ်သည်။

သနားကရုဏာသက်စရာကောင်းလွန်းလှသည့် ဘိုဘိုရဲ့ မီးမီးလေးကို ဘိုဘိုဖြစ်သည့်နည်းဖြင့် ရအောင် လက်ထပ်ယူဖို့ ဆုံးဖြတ်ချက်ချထားပြီးပါပြီ။

ထိုဆုံးဖြတ်ချက်အတိုင်း ယခုလည်း ဘိုဘိုသည် မီးမီးလေးကို ခေါ်ပြီး ဦးတည်ရာနေရာသို့ ထွက်လာခဲ့လိုက်သည်။

* * *



## အခန်း (၅)

ဒီနေ့လောက် ထူးခြားဆန်းပြားသည့်အဖြစ်မျိုး မီးမီးဘဝမှာ နောက်ထပ် ဘယ်တော့မှ ဆုံရမည်မထင်။ ဘယ်လောက်ထူးဆန်းသလဲ ဆိုလျှင် ဦးဘိုက မီးမီးကို ဒီနေ့ပဲ တရားရုံးမှာ တရားဝင်လက်ထပ်မည်ဟု တောင်းဆိုလာသောကြောင့် မီးမီးသည် ထိုနေရာမှာပင် အသက်ရှူတွေ ရပ်တန့်သွားသလား ထင်ရသည်အထိ ဝမ်းသာလုံးတွေ ဆို့တက်ကာ စကားပင် ပြန်မပြောနိုင်တော့။

အချိန်ကလည်း သိပ်မရှိသောကြောင့် ခြံတံခါးပြန်ဖွင့်ပြီး မီးမီး၏ မှတ်ပုံတင်ကို ပြေးယူရသည်။ မေမေ ပြန်ရောက်မလာခင် ခြံတံခါးသော့ကို ပြန်ခတ်ပြီး ဦးဘိုခေါ်လာသည့် တရားရုံးသို့ မမျှော်လင့်ဘဲ ရောက်ခဲ့၏။ အံ့သြစရာကောင်းစွာ တရားရုံးရောက်တော့ စာချုပ် မှာ ဦးဘိုနှင့် မီးမီး လက်မှတ်ထိုးလိုက်ကြ၏။

ကဲ ... ကြည့်စမ်း။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက်အဖြစ်က ဘယ်လောက်အထိ အံ့သြထူးဆန်းစရာကောင်းသွားသလဲဆိုတာ။

ဒီအဖြစ်မျိုးကို ဖေဖေနှင့် မေမေလည်း ကြုံခဲ့ဖူးမှာမဟုတ်သလို မိုကိုယ်တိုင်လည်း မို့ဘဝအတွက် အပြောင်းအလဲတစ်ခုကို မမျှော်လင့်ဘွာ မထင်မှတ်ဘဲ ကြုံခဲ့ရခြင်း ဖြစ်သည်။ အချိန်တိုတိုလေးအတွင်းမှာ ဘာတွေဖြစ်ကုန်မှန်းပင် မသိပါ။

မီးမီးလေးသည် စိတ်ထဲတွင် ပျော်ရွှင်ဝမ်းသာစိတ်၊ ရင်ထဲတွင် အတိုင်းအဆမရှိ ကြည်နူးလှိုက်မောစိတ်တွေကြောင့် အလိုလိုမောလာကာ ရင်ခုန်နှုန်းတွေကပါ အဆမတန် မြန်နေတော့သည်။

ဘာပဲဖြစ်ဖြစ် ဦးဘိုက မီးမီးကို သိပ်ချစ်လို့ လက်ထပ်ယူခဲ့တဲ့အတွက် မီးမီးလောက် ပျော်ရွှင်စရာကောင်းတဲ့ မိန်းကလေးမျိုး ဒီကမ္ဘာမှာ ရှိမှာ မဟုတ်တော့ဘူးနော်။

ဦးဘိုရယ်။

ခုချိန်ထိ မီးမီးကို ချစ်တယ်လို့တောင်မှ တစ်ခွန်းမပြောခဲ့ဘူးနော်။

ဒါပေမယ့် ... ဦးဘို မီးမီးကို လက်ထပ်ယူခဲ့တယ်။

အခုဆို မီးမီးနဲ့ ဦးဘိုဟာ တရားဝင်ဇနီးမောင်နှံတွေ ဖြစ်သွားကြပြီလေ။

မီးမီးကို ချစ်တယ်လို့ ဦးဘိုနှုတ်ဖျားလေးကနေ တစ်ခွန်းလောက်ဖြစ်ဖြစ် ပြောပါလား ဦးဘိုရယ်။





မီးမီးရင်ထဲမှာ ထိုသို့တွေးမိတိုင်း ရင်ထဲမှာ တစ်မျိုးကြီးခံစားနေခဲ့ရသည်။

ပြီးတော့ ဦးဘိုထံမှ မည်သည့်စကားမျိုးမှ မကြားရဘဲ ရေငုံပိတ်၍ ရေခဲတုံးတစ်တုံးလို အေးစက်နေတာကိုလည်း မီးမီးမကြိုက်။

တကယ်ဆို မီးမီးကို နှစ်ပေါင်းများစွာ အကြာကြီး ခွဲထားခဲ့တာပဲနော်။ ပြောစရာစကားတွေ အများကြီးရှိမှာပေါ့။

ဦးဘို ဘာတွေ တွေးနေပါလိမ့်။

ဦးဘို၏ ကားပေါ်မှာ မီးမီးကို တင်ပြီး ကားမောင်းရုံသက်သက်ပါ။

ဘယ်သွားလို့သွားနေမှန်းလည်း မီးမီးမသိ။ မီးမီးကိုလည်း တစ်ခွန်းမှမပြော။

"ဦးဘို ဘယ်သွားနေတာလဲဟင်"

မီးမီးက အသံခပ်တိုးတိုးဖြင့် ဦးဘို၏ လက်မောင်းကလေးကို အသာအယာ ဆုပ်ကိုင်၍ မေးလိုက်၏။

"မီးမီးသွားချင်တဲ့နေရာပြောလေ"

"တကယ် ... ဒါဆို အင်းလျားကန်စောင်းနားမှာ သွားထိုင်ပြီး ဦးဘိုနဲ့ စကားတွေ အများကြီးပြောမယ်၊ ဦးဘိုရော သွားချင်လားဟင်"

"မီးမီးသွားချင်သွားလေ၊ ဦးဘိုလိုက်ပို့ပေးမှာပေါ့"

"ချစ်ဖို့ကောင်းလိုက်တာ ဦးဘိုရယ်"

အင်းလျားကန်စောင်းသို့ မီးမီးရော၊ ဦးဘိုပါ ရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မီးမီးကို ပြောစရာစကားလုံးတွေ ဦးဘိုဆီမှာ မရှိတော့သလို ဦးဘိုရင်တစ်ပြင်လုံး ပြည့်နှက်နေခဲ့ပြီ။

သူ ဘာကြောင့် မီးမီးကိုမှ ရွေးပြီး လက်ထပ်ခဲ့ရတာလဲ။

တကယ်တော့ မီးမီးကို လက်ထပ်ခဲ့ရသည့် ရည်ရွယ်ချက်က ဦးထိုက်တန်ကို ချိုးချင်၍၊ ပညာပေးချင်၍၊ တစ်သက်လုံး နောင်တရသွားစေချင်းသည့်စိတ်ကြောင့် သူ့သမီး ကရုဏာရှင်ကို အမေ့ရဲ့လှော်ကြေးအဖြစ် ကြေကြေကွဲကွဲ လက်ထပ်ခဲ့ရခြင်း ဖြစ်သည်။

ဒီကိစ္စကိုတော့ မီးမီးသိလို့ မဖြစ်ဘူးထင်ပါရဲ့။

တကယ်တော့ သူ့ဘဝက ယခုလို လုပ်ခဲ့ရသည့်အတွက် တစ်သက်လုံး နောင်တတရားတွေဖြင့် ယူကျုံးမရ ဖြစ်စွာ တသသ ခံစားသွားရမှာ သေချာသွားပါပြီ။

အမေ့ကြောင့်၊ အမေ့အတွက် အမေ့ရဲ့ အသက်အတွက် လျော်ကြေးအဖြစ် ဦးထိုက်တန်ဆီမှာ သူ့အရယူလိုက်ခြင်းဖြစ်သည်။

ဘိုဘိုမှားသွားပြီလား မမရယ်။

မမကတော့ ဒီဘဝမှာ တစ်သက်လုံး မမရဲ့ ခင်ပွန်း ဦးထိုက်တန်အနားမှာ ပြုစုယုယရင်း နေရစ်ခဲ့တော့။ ဘိုဘိုကတော့ မမသမီးကို လက်ထပ်ယူပြီး ထွက်လာခဲ့ပါပြီ။

"ဦးဘို"

"မီးမီး"

"ဒီနေရာလေးက သိပ်အေးတာပဲနော်၊ ထိုင်လို့ကောင်းလိုက်တာ ဦးဘိုရယ်၊ မီးမီးတစ်ကိုယ်လုံးလဲ စိမ့်နေတာပဲ၊ ချမ်းတောင်ချမ်းလာပြီ"





"ဦးဘို ဖက်ထားမယ်လေ"

ဘိုဘိုက သနားစဖွယ်ကောင်းလှတဲ့ မျက်နှာအလှပိုင်ရှင်လေး မီးမီးကို အမှန်တကယ်ပင် သနားကရုဏာဖြစ်စွာ ပခုံးနှစ်ဖက်အား ဆုပ်ကိုင်၍ ဖက်ထားလိုက်သည်။

"မီးမီးကော့လေ သိပ်ပျော်တာပဲ၊ ဦးဘိုရော မီးမီးလိုပဲ ပျော်လားဟင်"

ဦးဘိုက မီးမီးကျေနပ်အောင် ခေါင်းညိတ်ပြသည်။

"ဟင့်အင်း ... ဒီနှုတ်ခမ်းလေးကပြော"

"ဟုတ်၊ ပျော်ပါတယ်ခင်ဗျာ"

"မီးမီးအပျော်ကိုတော့ ဦးဘို လုံးဝမီဘူးသိလား"

"ဟုတ်လား၊ ဦးဘိုကို ချစ်တယ်ပေါ့၊ သိပ်ချစ်တာပဲလား ကလေးရယ် ... ဟင်"

"ဒီမယ်ကြည့်၊ မီးမီးရေးပြမယ်"

မီးမီးသည် ချက်ချင်းပင် မီးမီးရှေ့မှာ ရှိနေသော ရေခဲချောင်းတံလေးကို ဆတ်ခနဲ ယူကာ သဲပေါ်မှာ အမှိုက်သရိုက်ပွေ ဖယ်၍ စာတန်းကလေးတစ်ခု ရေးပြလိုက်သည်။

"မင်္ဂလာရှိသောအချစ်" တဲ့။

ကြည့်စမ်း မီးမီးက ပြောတတ်လိုက်တာ။

"နော် ... ဦးဘို၊ မီးမီးနဲ့ ဦးဘိုတို့နှစ်ယောက်အတွက် ဒီနေ့က မင်္ဂလာရှိသောနေ့၊ ပြီးတော့ မင်္ဂလာစာချုပ်နဲ့အတူ မင်္ဂလာရှိတဲ့ အချစ်တွေနဲ့ တစ်သက်လုံး မခွဲမခွာဘဲ ချစ်ပြမယ်နော် ဦးဘို"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုသည် မီးမီးနှုတ်ခမ်းလေးကို လက်ဖြင့် ခပ်ဖိဖိအုပ်ကွယ်ထားလိုက်ပြီး မီးမီးကို ခပ်ရှုံ့ရှုံ့စိုက်ကြည့်နေရုံက လွဲပြီး ဘာစကားမှ ထပ်မပြောဖြစ်တော့ပါ။

အခုနေမှာ ဦးဘိုပြောလိုက်လျှင်လည်း ပြောလိုက်မည့်စကားက ရုတ်တရက် မီးမီး၏ မေမေ မမအကြောင်းသာပါသွားခဲ့လျှင်၊ မီးမီးလေးခမျာ အင်မတန် စိတ်ထိခိုက်သွားရှာလိမ့်မည်။

ဒီစကားတွေကို ဦးဘိုတစ်သက် ဘယ်တော့မှ ပြောဖြစ်တော့မှာ မဟုတ်ပါဘူး မီးမီးရယ်။

"ဦးဘို"

"ဟင်"

"မီးမီးကို ဘာလို့နှစ်တွေ အကြာကြီး ပစ်သွားရတာလဲဟင်"

"အခုပြန်ရောက်လာတာပဲမဟုတ်လားကွယ်"

"ဟင့်အင်း၊ မီးမီးမေးတာဖြေ"

"မီးမီးကို လက်ထပ်ဖို့အတွက် ပိုက်ဆံတွေ အများကြီးရအောင် နိုင်ငံခြားမှာ အလုပ်သွားလုပ်တာကလေးရဲ့၊ သိပြီလား"

"ဟယ် ... ပျော်လိုက်တာ၊ မင်္ဂလာရှိလိုက်တဲ့စကားလေး ဦးဘိုကလေ အခုမှ ချစ်ဖို့ကောင်းတာ မဟုတ်ဘူးနော်၊ ဟိုတုန်းကတည်းက ချစ်ဖို့ကောင်းတာ၊ ပြီးတော့ ဦးဘိုက ရုပ်လဲတအား ချောတာ၊ သဘောလဲကောင်းတယ်၊ မနောလဲဖြူတယ်၊ မီးမီးကတော့လေ ဦးဘိုကို လွမ်းရတဲ့စိတ်၊ တမ်းတရတဲ့စိတ်တွေနဲ့ ဘာမှလုပ်လို့မရတာ နှစ်တွေကို အကြာကြီးပဲ။ ရုပ်ကလဲ ဘာရုပ်ပေါက်သွား





မှန်း မသိဘူးနော်၊ မေမေက ပြောဖူးတယ် ဦးဘိုရဲ့၊ ယောကျ်ားဆိုတာတဲ့၊ သူတို့လက်ထပ်ယူထားတဲ့ မိန်းမတွေမှာ အပြစ်အနာကင်းမှ ရှိစေချင်တာ ယောကျ်ားတိုင်းပဲ၊ မီးမီးမှာတော့ ပြောမယ်ဆိုရင် ပြောစရာတွေ အများကြီးနော်၊ အပြစ်တွေကလဲ တစ်ပုံကြီးပဲ၊ ဦးဘိုတစ်နေ့နေ့ တစ်ချိန်ချိန် ဦးဘို မီးမီးကို အဲဒီအပြစ်အနာအဆာတွေ ခွင့်မလွှတ်နိုင်ဘဲ ပစ်ပြေးသွားမှာလားဟင်"

"ကလေးမလေးနော် စကားသိပ်များတာပဲ၊ ဘာလဲ စကားတွေ လျှောက်ပြောနေကာ၊ မင်္ဂလာရှိတဲ့ အချစ်ဆိုတာ မင်္ဂလာရှိအောင်နေမှပေါ့"

"တကယ်နော်၊ ဦးဘိုသာ မီးမီးကို တစ်သက်လုံး ပစ်မပြေးပါဘူး၊ အမြဲတမ်း မီးမီးအနားမှာ ထာဝရအချစ်မျိုးနဲ့ တစ်သက်လုံး ချစ်သွားမယ်ဆိုရင် မီးမီး သေပျော်ပါပြီ ဦးဘိုရယ်"

"မီးမီးရယ်"

ဦးဘိုရင်ထဲမှာ ထိုသို့ ရေရွတ်ရင်း မီးမီး၏ သနားစဖွယ် ကရုဏာမျက်နှာပိုင်ရှင်လေးကို ငေး၍ ကြည့်နေခဲ့သည်။

"ဦးဘိုကို မီးမီးက သိပ်ချစ်တာ၊ ဘာဖြစ်လို့ ချစ်မှန်းလဲ မီးမီးမပြောတတ်ပါဘူး။ ဦးဘိုပါးလေးကို မီးမီးနမ်းချင်တယ်၊ ဦးဘို မျက်လုံးလေးမှိတ်ထားနော်၊ မီးမီးရှက်လို့"

ဘုရား ... ဘုရား။

မီးမီးလေး နှစ်သက်မှိမှ ဟုတ်ရဲ့လား။

ဘာကြောင့် ထိုစကားမျိုးကို သူ့ဆီမှာ တောင်းဆိုခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုဟာ မီးမီးရဲ့ တရားဝင်ခင်ပွန်းဖြစ်သွားလို့ပဲလား။

ဒါမှမဟုတ် ဦးဘိုကို သိပ်ချစ်လို့ နမ်းတဲ့အနမ်းမျိုးလား မီးမီးရယ်။

ဦးဘိုတွေးနေမိစဉ်မှာပင် မီးမီးက ဦးဘို၏ ညာဘက်ပခုံး စွန်းလေးကို လက်နှစ်ဖက်ဖြင့် ဖိကိုင်လိုက်သည်။

ပြီးတော့ မီးမီး၏ နှာသီးဖျားကနေ လေငွေ့တစ်ခုကို သိသာစွာ ရလိုက်ပြီးသည့်နောက်မှာ မီးမီး၏ နှုတ်ခမ်းလေးက ဘိုဘို၏ ပါးပြင်ဆီသို့ ညင်သာဖြည်းညင်းစွာ ကျရောက်လာခဲ့သည်။

ဘုရားရေ။

သူဘယ်လိုမှ မခံစားရပါလား။

ရင်ထဲမှာ ဘယ်လိုမှ ဖြစ်မသွားခဲ့။

ဒါဟာ ဘာကြောင့်လဲ။

မီးမီးကို သူမချစ်လို့လား၊ ချစ်လို့မရတာလား။

ဒါဖြင့် ဘာကြောင့် သူလက်ထပ်ခဲ့သလဲ။

ငါမှားသွားပြီလား။

ဟာ ... မမှားဘူး၊ လုံးဝမမှားဘူး။

ငါ မီးမီးကို သနားတာ၊ ယုယချင်တာ၊ ကြင်နာချင်တာ၊ ဒီစိတ်တွေနဲ့ ငါ လက်ထပ်ယူခဲ့တာ ငါမမှားဘူး။

ဦးဘို၏ ပါးပြင်ပေါ်သို့ မီးမီး၏ စိုစွတ်သော နှုတ်ခမ်းသား လေး ကျရောက်သွားစဉ်မှာ မီးမီး၏ တစ်ကိုယ်လုံးရှိ အသွေးအသား တွေအားလုံး ရုတ်တရက် အရည်ပျော်ကျသွားသလို လှိုက်စားလောင် မြိုက်သွားတော့သည်။





မီးမီးပျော်သွားတာပါ ဦးဘိုရယ်။

မီးမီးရင်ထဲမှာလေ၊ တစ်သက်လုံး အခုလို အပျော်မျိုး ဒီတစ်ကြိမ်ပဲ ခံစားသွားရလို့ပါ။

ဦးဘိုဟာ မီးမီးရဲ့ချစ်သူ။

မီးမီးရဲ့ခင်ပွန်း။

ပြီးတော့ မီးမီးတစ်ဘဝလုံးအတွက် တစ်သက်လုံး ပိုင်ဆိုင် ယုယခွင့်ရတော့မယ့်သူ။

အဲဒီသူလေးကို မီးမီး သိပ်ချစ်တာ အပြစ်မရှိပါဘူးနော်။

မင်္ဂလာရှိလိုက်တာ ဦးဘိုရယ်။

မီးမီးအတွက် ဒီနေ့ကစပြီး နောက်ထပ်ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာတိုင်းမှာ မင်္ဂလာရှိတဲ့နေ့တွေနှင့်အတူ မင်္ဂလာရှိသော အချစ်တွေကို ဦးဘိုနှင့်အတူ ခံစားမျှဝေနိုင်ပါစေလို့ မီးမီး ဆုတောင်း လိုက်ပါတယ်။

ဦးဘိုပါးပြင်လေးနှင့် မီးမီး၏ နှုတ်ခမ်းလေးက ယခုထိတိုင် ထိကပ်တွယ်ငြိနေဆဲပါ။

"ဦးဘိုကို သိပ်ချစ်တာပဲကွယ်"ဟု မီးမီးရင်ထဲမှာ အကြိမ် ပေါင်းများစွာ ရေရွတ်နေရင်းက မီးမီးအသံတွေက ပျောက်ကွယ် သွားခဲ့ပြီ။

မီးမီး၏ ဝမ်းသာရွှင်ပြုံးရသည့် စိတ်တွေက ရင်ဘတ်တစ်ခုလုံး ပြည့်နှက်ဆို့နင့်နေသောကြောင့် စကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်မှာ မီးမီးသည် တစ်စုံတစ်ခုကို တွေးမိပြီး ဦးဘိုလွတ်ထွက်သွားမည်စိုးသောကြောင့် မီးမီး၏လက်အစုံတွေဖြင့် တင်းကျပ်အောင် ဖက်ထားလိုက်သည်။

"မီးမီး"

ဦးဘိုခေါ်သံ နွေးနွေးထွေးထွေးကို နောက်ဆုံးအကြိမ်မှ မီးမီးကြားလိုက်ရသည်။

ရုတ်တရက် နလုံးဆီသို့ ဒိုင်းခနဲ ဆောင့်တက်လာသော သွေးခုန်နှုန်းက အဆမတန် မြန်ဆန်သွားပုံရပါသည်။

မီးမီးဘာမှမသိလိုက်တော့ပါ။

မီးမီးသိလိုက်တာတစ်ခုပဲ ရှိသည်။

ဦးဘိုကို အတင်းအကျပ်ဖက်တွယ်ပြီး ဦးဘို၏ ပါးပြင်နွေးနွေးကို အချိန်အကြာကြီး ဖိကပ်စွာ နမ်းလိုက်သည်ဆိုတာပါပဲ။

မင်္ဂလာရှိလိုက်တာ ဦးဘိုရယ်။

မီးမီးချစ်လိုက်တာ ဦးဘိုရယ်။

ချို့နွယ် (ရှုပဗေဒ)



www.burmeseclassic.com